ရ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
MEN'S AND LADIES' WEARS

အတွဲ(၉)၊ အမှတ်(၂၉) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက် ၊ ကြာသပတေး၊ (အောက်တိုဘာ ၇ ၊ ၂၀၁၀)

# မဲဆန္ဒနယ်တစ်ခုတွင် ယောက္ခမနှင့်သမက် ထိပ်တိုက်တွေ့ဆုံ

အောင်သူရ

ရန်ကုန်၊ စက်တင်ဘာ - ၃၀

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတား မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင် ယောက္ခမနှင့်သမက်တို့ မတူညီသော ပါတီနှစ်ခုမှ ရွေးကောက်ပွဲဝင်ယှဉ်ပြိုင်ကြမည်ဟုသမက်တော်စပ်သူ ကိုယ်စားလှယ်လောင်းကပြောသည်။ စာ(၄၅)သို့






နေပြည်တော်ရှိဗဟိုစာတိုက်ကြီးတွင် ကျပ်ငါးသိန်းတန် စီဒီအမ်အေ၄၅၀မဂ္ဂါဟတ်ဖုန်းများ ထုတ်ယူရန် တန်းစီစောင့်ဆိုင်းနေသူများကို စက်တင်ဘာလနောက်ဆုံးပတ်က တွေ့ရစဉ်။ မိုဘိုင်းဖုန်းဈေးကွက်တွင် နေပြည်တော်ကျပ်ငါးသိန်းတန်ဖုန်းများမှာ တစ်နိုင်ငံလုံးနီးပါး သယ်ဆောင်အသုံးပြု၍ရသည့်အတွက် ရောင်းအားအကောင်းဆုံးဖုန်းများဖြစ်နေသည်။
သတင်းအပြည့်အစုံ(စာမျက်နှာ - ၇တွင်ရှု) ဓာတ်ပုံ - ဇေယျမောင်မောင်(အမရပူရ)

စီးပွားရေး တန်ဆာခ

# ကုန်တန်ဆာခ ငါးဆယ်ရာခိုင်နှုန်းဝန်းကျင်မြင့်တက်

သတင်းအဖွဲ့

ရန်ကုန်၊ စက်တင်ဘာ-၂၂

တစ်နိုင်ငံလုံးရှိအဝေးပြေးယာဉ်များ အာဆီယံ စံချိန်စံညွှန်းများအတိုင်း ကုန်တင်ဆောင်ကြရတော့မည်ဟု သတ်မှတ်လိုက်ပြီးနောက် ရက်ပိုင်းအတွင်းမှာပင် တန်ဆာခ(ကုန်စည်သယ်ယူပို့ဆောင်ခ)များမှာ ၅၀ရာခိုင်နှုန်းဝန်းကျင်တက်သွားကြောင်း အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ထိုသို့တန်ဆာခများမြင့်တက်သွားခြင်းမှာကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များက တက်သင့်သည့်နှုန်းထက်ပိုယူနေကြ၍ဖြစ်ကြောင်း ကုန်သည်တစ်ဦးကသူ၏အမြင်ကို အောက်ပါအတိုင်းပြောသည်။

"တန်ဆာခကတက်ရမယ့်နှုန်းထက် ပိုတက်နေတယ်။ ၁၈ရက်နေ့ (စက်တင်ဘာ၁၈)ကစပြီးတက်သွားတာ။ နယ်တွေကတော့တန်ဆာခတက်သလောက်ဈေးနှုန်းတက်သွားတာပေါ့"

တန်ဆာခများ မြင့်တက်သွားသည့်အတွက် လယ်ယာထွက်ကုန်များ ဈေးလျော့သွားနိုင်ပြီး၊ စားသောက်ကုန်အပါအဝင် အထွေထွေကုန်စည်ဈေးနှုန်းများ လိုက်ပါမြင့်တက်လာနိုင်ကြောင်း စီးပွားရေးလုပ်ငန်းရှင်များက ခန့်မှန်းနေကြသည်။ စာ(၄၅)သို့

# ဒီမိုကရေစီမိတ်ဆွေပါတီခြောက်ခု ရွေးကောက်ပွဲအောင်နိုင်ရေးပူးပေါင်းဆောင်ရွက်မည်

ငြိမ်းငြိမ်းနိုင်

ရန်ကုန်၊ အောက်တိုဘာ - ၂

နိုဝင်ဘာ ၇ရက် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများအနက် တိုင်းရင်းသားပါတီ သုံးခုပါဝင်သည့် ပါတီခြောက်ခုက ဒီမိုကရေစီမိတ်ဆွေ ပါတီများအဖြစ် ဖွဲ့စည်းကာ ယင်းပါတီများမှ ကိုယ်စားလှယ် ၄၀၀ နီးပါးဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း အဆိုပါ ပါတီများက ယနေ့ပူးတွဲကြေညာချက်ထုတ်ပြန်လိုက်သည်။

ယနေ့ နံနက် ၁၀ နာရီက ယင်းပါတီ ၆ခု၏ ပဏာမ တွေ့ဆုံပွဲကို ကျင်းပခဲ့ခြင်းဖြစ်ကာ တွေ့ဆုံဆွေးနွေးမှုများအပြီး ယခုကဲ့သို့ ထုတ်ပြန်ကြေညာလိုက်ခြင်းဖြစ်သည်။ စာ(၂၀)သို့



# မဲပေးနိုင်ရန် မှတ်ပုံတင်နှင့်ယာယီ သက်သေခံလက်မှတ် ပြုလုပ်ပေးနေ

အားမာန်၊ အိဖြူမွန်

ရန်ကုန်၊ အောက်တိုဘာ - ၁

မဲပေးခွင့်ရှိသူများကို ရွေးကောက်ပွဲတွင် မဲပေးနိုင်ရန် မှတ်ပုံတင်ပျောက်ဆုံးနေပါက မှတ်ပုံတင်၊ ယာယီသက်သေခံလက်မှတ်များအား အမြန်ပြုလုပ်ပေးနေပြီဖြစ်ကြောင်းတာဝန်ရှိသူကပြောသည်။ စာ(၂၀)သို့


ခရီးသွားလာရေး ကမ္ဘာလှည့်ခရီးသွား

# ကမ္ဘာလှည့် ခရီးသွားများ၏ မြန်မာနိုင်ငံအပေါ် အမြင်သဘော မှတ်ချက်များကို စတင်စုဆောင်း

အောင်သူရ

ရန်ကုန်၊ စက်တင်ဘာ - ၂၉

မြန်မာနိုင်ငံသို့ ခရီးသွားကုမ္ပဏီများ ဟိုတယ်များနှင့် ဆက်သွယ်၍ လာရောက်ကြသော ခရီးသွားဧည့်သည်များမှ မြန်မာနိုင်ငံအပေါ် ကောင်းမွန်သော သဘောထားမှတ်ချက်များပြုခဲ့သည့် မှတ်တမ်းများအား ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနသို့ ပေးပို့ရန်အကြောင်းကြားလာကြောင်းသိရသည်။ စာ(၂၀)သို့



7 DAY NEWS JOURNAL
Vol.9, No.29 · OCTOBER 7, 2010



မန္တလေးတိုင်း အမရပူရမြို့နယ်ရှိ ကျေးလက်နေပြည်သူများကို မတ်လဆန်းပိုင်းက တွေ့ရစဉ်။
ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)

# ကျေးလက်တွင်နေသူများက မြို့ပြတွင်နေထိုင်သူများထက် အသက်ပိုရှည်ဟုဆို

**ထူးသန့်**

**နေပြည်တော်၊ အောက်တိုဘာ - ၁**

မြန်မာနိုင်ငံ ပြည်သူလူထု၏ မျှော်မှန်းနိုင်သော သက်တမ်းသည် ၁၉၈၈ ခုနှစ်ကာလကထက် တိုးတက်လာသည်ဟု ဆိုသော်လည်း ကျေးလက်ဒေသနေ ပြည်သူများ၏သက်တမ်းတိုးတက်လာမှုက မြို့ပြလူထုသက်တမ်းတိုးတက်မှုထက်ပိုလာကြောင်း တရားဝင်ထုတ်ပြန်သော အချက်အလက်များအရ သိရှိရသည်။

နှစ် ၂၀ ကျော်အတွင်း ကျေးလက်နေ အမျိုးသားများနှင့် အမျိုးသမီးများ၏ သက်တမ်းတိုးတက်မှုနှုန်းမှာ ၇ နှစ်စီခန့်ရှိပြီး၊ မြို့ပြနေ အမျိုးသားများ၏ သက်တမ်းတိုးနှုန်းမှာ ၅ နှစ်ခန့်သာရှိပြီး၊ အမျိုးသမီးများ၏ သက်တမ်းတိုးနှုန်းမှာလည်း ၆ နှစ်နီးပါးသာရှိကြောင်း တွေ့ရှိရသည်။

"၁၉၈၈ ခုနှစ်က ကျေးလက်ဒေသမှာ အမျိုးသား ၅၆ ဒသမ ၂နှစ်၊ အမျိုးသမီး ၆၀ ဒသမ ၄ နှစ်နဲ့ မြို့ပြဒေသမှာ ၅၉နှစ်၊ အမျိုးသမီး ၆၃ ဒသမ၂နှစ်ရှိခဲ့ရာက ယခုအချိန်တွင် ကျေးလက်ဒေသတွင် အမျိုးသား ၆၃ဒသမ၂နှစ်၊ အမျိုးသမီး ၆၇ဒသမ၁နှစ်နဲ့ မြို့ပြဒေသမှာ အမျိုးသား ၆၄ နှစ်၊ အမျိုးသမီး ၆၉နှစ်အထိ တိုးတက်လာခဲ့ပါတယ်" ဟူ၍ မျှော်မှန်းနိုင်သည့်သက်တမ်းနှင့်ပတ်သက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီးဦးမောင်မောင်ဆွေက အောက်တိုဘာ ၁ရက်တွင် ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားတွင် ပြောကြားခဲ့သည်။ အထက်ပါ ကိန်းဂဏန်းများအရ ကျေးလက်တွင်နေထိုင်သူများမှာ မြို့ပြတွင်နေထိုင်သူများထက်အသက်ပိုရှည်နေသည်ကိုလည်းတွေ့ရသည်။

မြန်မာနိုင်ငံ၏ လူဦးရေမှာ ၂၀၁၀ ခုနှစ်တွင်း ၅၉ ဒသမ ၂၃ သန်းခန့် ရှိနေပြီဟုသိရသည်။ အသက် ၆၀ နှစ်အထက် လူဦးရေမှာ ၅ ဒသမ ၂၃ သန်းခန့်ရှိလာပြီဖြစ်ကြောင်း လူ ၁၁ ဦးတွင် တစ်ဦးနှုန်းသည် သက်ကြီးရွယ်အိုဘဝကို ဖြတ်သန်းနေရကြောင်း၊ အလားတူပင် မြန်မာနိုင်ငံတွင်း၌ အသိအမှတ်ပြုခံထားရသော ဘိုးဘွားရိပ်သာ ၅၅ ခုအထိရှိလာပြီဖြစ်ကြောင်းလည်း ယင်းအခမ်းအနားမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

"ကျေးလက်မှာက လတ်ဆတ်တဲ့ အစားအစာတွေ၊ သဘာဝအစားအစာတွေ ပိုစားရလို့ဖြစ်နိုင်တယ်" ဟူ၍ ကျေးလက်ဒေသနေပြည်သူများ၏ သက်တမ်းပိုရှည်လာမှုနှင့် ပတ်သက်ပြီး နေပြည်တော် ပျဉ်းမနားမြို့နေ ဆရာဝန်တစ်ဦးက သုံးသပ်ပြောကြားသည်။

၁၉၉၉ ခုနှစ်အောက်တိုဘာ ၁၂ ရက်က သန်း ၆၀၀၀ ပြည့်မြောက်ခဲ့သော ကမ္ဘာ့လူဦးရေသည်ယခု ၂၀၁၀ ပြည့်နှစ်တွင် ၆၉၀၈ သန်းကျော်ရှိလာပြီး ၇၅၉ သန်းကျော်သည် အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အိုများဖြစ်ကြောင်း ကမ္ဘာ့လူဦးရေ အချိုးအရလူ ၉ ဦးတွင် တစ်ဦးမှာ သက်ကြီးရွယ်အိုဖြစ်ကြောင်း သိရသည်။

# ကားဝယ်ရောင်းများ မော်ဒယ်လ်မြင့် ကားဈေးနှုန်းများ ဆွဲတင်



**သိမ့်သိမ့်စိုး၊ ဇာဇာနီ**

**ရန်ကုန်၊ စက်တင်ဘာ - ၂၈**

လိုင်စင်မဲ့ကားများကို လိုင်စင်ပြုလုပ်ပေးခြင်း ရပ်ဆိုင်းလိုက်ခြင်းကြောင့် ကားဈေးကွက်တွင် မော်ဒယ်လ်မြင့်ကားများ၏ ဈေးနှုန်းကို လက်ရှိဈေး ကျပ်သိန်းပေါင်းများစွာ တိုးမြင့်၍ ဈေးခေါ်လာကြကြောင်း လက်ရှိအရောင်းအဝယ်ပြုလုပ်နေသော ကားပွဲစားများကပြောသည်။

မော်ဒယ်လ်အမြင့်ကားများကို ကားအမျိုးအစားအလိုက် ခေါ်ဈေးများမြင့်တက်နေပြီး အနိမ့်ဆုံးကျပ်သိန်း ၅၀မှ ကျပ်သိန်း ၇၀ထိ မြင့်တက်သွားခဲ့ကြောင်း ဈေးကွက်ကျွမ်းကျင်သူများကပြောသည်။ ထို့ပြင် အနိမ့်ကားများ၏ ခေါ်ဈေးမှာလည်း အမြင့်ကားများလောက် ဈေးမမြင့်သော်လည်း အနည်းငယ်တက်လာခဲ့ကြောင်း ၎င်းတို့က ဆက်လက်ပြောသည်။

"လိုင်စင်ပေးတာရပ်လိုက်တော့ အမြင့်ကားတွေရဲ့ ခေါ်ဈေးကကျပ်သိန်း ၅၀လောက်ထိကို ဆွဲမြှင့်လိုက်ကြတာ။ ဒါပေမဲ့ အဝယ်မလိုက်တော့ ပြန်လျှော့သွားတာတွေရှိတယ်" ဟု ဟံသာဝတီကားပွဲစားတန်းမှ ကားအရောင်းအဝယ်ပြုလုပ်နေသူတစ်ဦးကပြောသည်။

"ရာဖြတ်တွေ ရုတ်တရက်ပိတ်လိုက်တော့ အားလုံးက ဈေးကိုဆွဲတင်လိုက်တယ်။ အရောင်းအဝယ်ကောင်းမယ်ထင်နေကြတာ။ ဒါပေမဲ့ ထင်သလောက်တော့ မဖြစ်ဘူး။နည်းတယ်" ဟု ကားဝယ်ရောင်းလုပ်နေသော ဦးပွဲစားတစ်ဦးက ပြောသည်။ လက်ရှိ ဈေးဆွဲတင်လိုက်သော ကားအမျိုးအစားများမှာ ရွှေငါးမတ်တူး၊ ၉၉မတ်ခ်တူး၊ ယိုးဒယားဂျက်၊ ရာရစ်၊ ဟွန်းတက်နှင့် မတ်ခ်တူး ၉၂ (၄/၈)အမျိုးအစားများဖြစ်ကြောင်း သိရသည်။

လိုင်စင်ထုတ်ပေးခြင်းကို ရုတ်တရက်ရပ်ဆိုင်းလိုက်ခြင်းကြောင့် ကားဝယ်ရောင်းသမားများလက်တွင်း၌လိုင်စင်မဝင်ရသေးသည့်ကားများရှိနေကြောင်း သိရသည်။ ထိုကြောင့် လူကြိုက်နည်းသော ကွက်ပျောက်ကားများ ကျန်ရှိနေသူများမှာ ပြန်ရောင်းရန်ခက်ခဲနိုင်ပြီး ဈေးကွက်ကောင်းသော မော်ဒယ်လ်များကျန်နေသူများ အဆင်ပြေနိုင်ကြောင်း အထက်ပါကားပွဲစားများကပြောသည်။

**စာ(၂၀)သို့**

# သက်ကြီးရွယ်အို စောင့်ရှောက်ရေး နည်းလမ်းများ ရှာရန်လိုဟု တာဝန်ရှိသူပြောကြား

**ထူးသန့်**

**နေပြည်တော်၊ အောက်တိုဘာ - ၁**

အသက် ၆၀ နှင့်အထက်ရှိသော သက်ကြီးရွယ်အို အရေအတွက်ငါးသန်းကျော်ရှိလာသည့် မြန်မာနိုင်ငံတွင် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းစဉ်အတွက် နည်းလမ်းသစ်များ စမ်းသပ်ကျင့်သုံးရန် လိုအပ်လာကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဦးမောင်မောင်ဆွေ၏ ပြောကြားချက်အရ သိရသည်။

"နိုင်ငံတကာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနည်းစနစ်တွေထဲက ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးနဲ့အပ်စပ်တဲ့ နည်းစနစ်တွေကိုလည်းစမ်းသပ်ကျင့်သုံးဖို့လိုအပ်လာပါတယ်"ဟု ဝန်ကြီးက အောက်တိုဘာ ၁ရက်၌ ကျင်းပသော အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနား၌ ပြောကြားသွားခဲ့ပြီး၊ အနာဂတ်သက်ကြီးရွယ်အို စောင့်ရှောက်ရေးတွင် ဘိုးဘွားရိပ်သာများတည်ထောင်သည့်နည်းစနစ်တစ်ခုတည်းကို သာအားထားနေ၍ မရတော့ကြောင်းလည်း ဆက်လက်ပြောကြားသွားခဲ့သည်။

ဘိုးဘွားများနှင့်အတူ စုပေါင်းနေထိုင်သည့် မိသားစုပုံစံ Extened Family System ဖြင့် နှစ်ပေါင်းများစွာ အသားကျခဲ့သည့် မြန်မာနိုင်ငံတွင် ဘိုးဘွားအချို့သည် ဆင်းရဲနွမ်းပါးချို့ငဲ့မှုများရှိနေသော်လည်း ဘိုးဘွားရိပ်သာမသွားလိုကြဟုဆိုသည်။ ဘိုးဘွားရိပ်သာများတွင်လည်း အကန့်အသတ်ဖြင့်သာ လက်ခံနိုင်ကြောင်း အတည်ပြုပြဌာန်းပြီးသောပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၂၊ ပုဒ်မခွဲ (က)တွင် အိုမင်းမစွမ်းသူများကို နိုင်ငံတော်ကကြည့်ရှုစောင့်ရှောက်ဖို့ အတိအလင်းပြဌာန်းထားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ကိုရီးယား-အာဆီယံ အိမ်တိုင်ရာရောက် သက်ကြီးရွယ်အို စောင့်ရှောက်ရေး စီမံကိန်းအရ မြန်မာနိုင်ငံတွင် ၂၀၀၄ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း အဆင့် နှစ်ဆင့်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ အဆင့် ၃ ဆင့် အနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ၇ ခုရှိ ၄၉ မြို့နယ်တွင် ပြည်တွင်း NGO အဖွဲ့များနှင့် နိုင်ငံတကာ အဖွဲ့အစည်းများက ဆောင်ရွက်လျက်ရှိကြောင်း Help Age International အဖွဲ့ကလည်း သက်ကြီးရွယ်အိုချင်း ကူညီစောင့်ရှောက်သည့်အဖွဲ့များကို မန္တလေးနှင့် ဧရာဝတီတိုင်းဒေသကြီးများတွင် အဖွဲ့ဝင် ၉၀၃ဦးဖြင့်ဖွဲ့စည်းထားနိုင်ကြောင်း သိရသည်။

နေပြည်တော် လယ်ဝေးမြို့နယ်ရှိ အသက် ၇၀ နီးပါး အဘိုးတစ်ဦးကမူ "သားသမီးတွေရှိပေမဲ့သူတို့ကိုပဲ ထောက်ပံ့ရတာများပါတယ်။ သူတို့မှာ အလုပ်တွေ ရှိပေမယ့် မလောက်ကြဘူး" ဟူ၍ မျက်မှောက်ခေတ် အခြေအနေအချို့ကို ထင်ဟပ်ပြောဆိုခဲ့သည်။

# အင်းလေးကန် ထိန်းသိမ်းရေးအတွက် ကျပ်သိန်းခြောက်ရာကျော်ရရှိ

**အိဖြူမွန်**

**ရန်ကုန်၊ စက်တင်ဘာ - ၂၈**

ရေတိမ်ဒေသ အင်းလေးကန်ထိန်းသိမ်းရေးအတွက် ပြည်တွင်းဒေသခံအလှူရှင်များမှ ကျပ်သိန်း၄၈၀ ထပ်မံအလှူခံရရှိ၍ အလှူခံရရှိငွေစုစုပေါင်း ကျပ်သိန်း ၆၆၀ရှိပြီးဖြစ်ကြောင်း အင်းလေးကန်ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင် သစ်တောသယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးအုန်းကပြောသည်။

ထပ်မံရရှိလာသော အလှူငွေကျပ်သိန်း ၄၈၀သည် အင်းလေးကန်အတွင်းရှိ ဟိုတယ်လုပ်ငန်းရှင်ကြီးများ အခြားသော စီးပွားရေးလုပ်ငန်းရှင်များလှူဒါန်းမှု ပါဝင်ကြောင်း၊ ယင်းအလှူငွေများဖြင့် ရေပေါ်စိုက်ခင်းများတွင် သဘာဝမြေဩဇာအသုံးပြုရေးနှင့် သစ်ပင်စိုက်ပျိုးမှုများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအကူအညီဖြင့် အင်းလေးကန်အတွင်း နုန်းဖို့ဆည်ပြုလုပ်ခြင်းများ ဆောင်ရွက်နေကြောင်း၊ ယင်းအပြင် ကန်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးမည်ဖြစ်ကြောင်းသိရှိရသည်။

ယခုလက်ရှိတွင် အင်းလေးကန်ထိန်းသိမ်းေရးအတွက် ထိန်းသိမ်းကာကွယ်ခြင်းများကို ပြည်တွင်းအလှူရှင်များနှင့် ဆောင်ရွက်နေပြီး ကော်မတီအနေဖြင့် ဥရောပကော်မရှင်နှင့် Gobal Environment Facility အဖွဲ့သို့လည်း လျှောက်လွှာတင်ထားကြောင်း သိ ရသည်။



လက်ရှိအခြေအနေတွင် အင်းလေးကန်ရှိ ရေအမှတ်သည်မိုးတွင်းကာလတွင်မူလရေမှတ်ရရှိရန် တစ်လက်မ လိုနေသေးသည်။ ရေတိမ်ဒေသ၏ သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်သော အကျိုးကျေးဇူးများမှာ ရေသိုလှောင်ထားခြင်း၊ မုန်တိုင်းနှင့်ရေကြီးလာမှုကို ထိန်းသိမ်းပေးခြင်း၊ ကမ်းခြေဒေသနှင့်မြေပြိုစားမှုကိုကာကွယ်ပေးခြင်း၊ မြေအောက်ရေ၏ရေအသွားအလာကို ထိန်းပေးခြင်း၊ ရေညစ်ညမ်းမှုကို သန့်စင်ပေးခြင်း၊ အာဟာရဖြစ်စေသည့် ဓာတ်များကို ထိန်းသိမ်းသိုလှောင်ပေးခြင်း၊ ရာသီဥတုကို ညီမျှအောင် ထိန်းသိမ်းပေးခြင်းတို့ကိုဆောင်ရွက်ပေးသည်။

7 DAY NEWS JOURNAL
Vol.9, No.29 · OCTOBER 7, 2010

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။


# တောင်တရုတ်ပင်လယ်မှမုန်တိုင်းငယ်ကြောင့် မြန်မာနိုင်ငံတွင် မိုးရွာမည်

အားမာန်

ရန်ကုန်၊ အောက်တိုဘာ – ၄

တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်မှာ အောက်တိုဘာ၄ရက်တွင် မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားလာနေကြောင်း ဦးထွန်းလွင်က ပြောသည်။

တောင်တရုတ်ပင်လယ်ပြင်တွင် အောက်တိုဘာ၃ရက်မှစတင်၍ လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်ပေါ်ခဲ့ပြီး၊ ၎င်းသည် ပိုမိုအားကောင်းလာကာ အောက်တိုဘာ၄ရက်တွင် မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့သည်။



အဆိုပါမုန်တိုင်းငယ်သည် အနောက်မြောက်ဘက်ယွန်းယွန်းသို့ ရွေ့လျားနေပြီး ဗီယက်နမ်ကမ်းခြေကို ကျော်ဖြတ်လျက်ရှိသည်။ ထိုမုန်တိုင်းအရှိန်ကြောင့် မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် အောက်တိုဘာ၄ရက်မွန်းလွဲပိုင်းမှ ၃၆နာရီအတွင်း အချိန်အခါမဟုတ်မိုးရွာနိုင်ကြောင်း နိုင်ငံတကာမုန်တိုင်းစောင့်ကြည့်ရေး ဝက်ဘ်ဆိုက်များကို ကိုးကား၍ မိုးလေဝသပညာရှင် ဦးထွန်းလွင်၏ ကိုယ်ပိုင်ဝက်ဘ်ဆိုက် (www.tunlwin.com)တွင်လည်း ဖော်ပြထားသည်။ မိုးလေဝသပညာရှင်၏ဝက်ဘ်ဆိုက်မှာ လွန်ခဲ့သည့် ရက်အနည်းငယ်ကစတင်လွှင့်တင်ခဲ့ပြီး မကြာမီ အဆိုပါဝက်ဘ်ဆိုက်အကြောင်း ရှင်းလင်းပွဲပြုလုပ်မည်ဖြစ်သည်။

## ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ ၂၉ သန်းကျော်ရှိ

အားမာန်

ရန်ကုန်၊ အောက်တိုဘာ – ၁

နှစ်ပေါင်းနှစ်ဆယ်ကျော်အတွင်း ပထမဆုံးအကြိမ်ကျင်းပမည့် ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ ၂၉သန်းကျော်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူက ပြောကြားသည်။

စာ(၆)သို့

# မျက်စိနာရောဂါဖြစ်ပွားမှုများနေ

ဝတ်ရည်၊ ညီညီဝင်း

ရန်ကုန်၊ အောက်တိုဘာ – ၃

မြန်မာနိုင်ငံဒေသအနှံ့တွင် ယခုလပိုင်းအတွင်း လူအများ၌ မျက်စိနာရောဂါများဖြစ်ပွားနေကြကြောင်းသတင်းရရှိသည်။

အပူအအေးကူးပြောင်းသည့်အချိန်တွင် ဖြစ်ပွားခြင်းဖြစ်ပြီး ရန်ကုန်အပါအဝင် စစ်တွေ၊ နေပြည်တော်စသည့်ဒေသများတွင်ပါ ဖြစ်ပွားနေကြကြောင်း ဒေသခံများထံမှသိရသည်။

"ရာသီဥတုအကူးအပြောင်းမှာဖြစ်တတ်တယ်။ ပူလိုက်၊ အေးလိုက်ဖြစ်တဲ့အချိန်တွေပေါ့။ အရင်နှစ်တွေက ဒီလောက်မဖြစ်ကြဘူး။ ဒီနှစ်တော့ ဖြစ်တဲ့သူများတယ်"ဟု အထွေထွေရောဂါကုဆရာဝန်ဒေါက်တာထွန်းသိန်းကပြောသည်။

"ဆင်ဆင်ခြင်ခြင်တော့နေတာပဲ။ ဒါပေမဲ့ ကူးစက်တာပါပဲ။ သွားလာနေရတော့ ကာကွယ်လို့မရဘူးပေါ့"ဟု ပြီးခဲ့သည့်ရက်အတွင်းက မျက်စိနာရောဂါကူးစက်ခံရသည့်လူငယ်တစ်ဦးကပြောသည်။

မျက်စိနာကူးစက်ခံရသည့် အချိန်တွင် မျက်လုံးယားယံခြင်း၊ နီရဲခြင်း၊ မျက်ဝတ်ထွက်ခြင်း စသည့်လက္ခဏာများပြသပြီး တတ်ကျွမ်းနားလည်သည့်ဆရာဝန်များ၏ ညွှန်ကြားချက်ဖြင့်သာ မျက်စဉ်းများအသုံးပြုသင့်ကြောင်း သိရသည်။


"ပိုးကြောင့်ဖြစ်တာဆို ကော်တီဇုန်းပါတဲ့မျက်စဉ်းဆေးခတ်မိရင် ပိုးပိုပွားစေပြီး၊ အန္တရာယ်ဖြစ်စေနိုင်တဲ့အတွက် မိမိသဘောနဲ့မိမိ မျက်စဉ်းလည်း မခတ်သင့်ပါဘူး"ဟု ဒေါက်တာထွန်းသိန်းကပြောသည်။

အရပ်အခေါ်အဝေါ်အရ မျက်စိနာခြင်းဟုခေါ်သော်လည်း ဆေးပညာအရ မျက်မေ့ရောင်ခြင်းဟုခေါ်ပြီး လူအများထင်မြင်သလိုကြည့်ရုံနှင့် မကူးစက်နိုင်ကြောင်း မျက်စိအထူးကုဆရာဝန်ဒေါက်တာ ဒေါ်လှမာလာကပြောသည်။

ရောဂါကူးစက်မှုမရှိစေရန် လက်ကိုမကြာခဏဆေးခြင်း၊ မျက်လုံးကို လက်ဖြင့်ထိခြင်းမှရှောင်ကြဉ်ခြင်း၊ မျက်နှာသုတ်ပဝါကိုသီးခြားသုံးစွဲခြင်း၊ နေကာမျက်မှန်တပ်ခြင်းဖြင့် ထိုမျက်စိနာခြင်းကို ကာကွယ်နိုင်ကြောင်း သိရသည်။

မျက်စိနာပါက အများစုမှာ လမ်းဘေးဆိုင်များတွင် အလွယ်တကူရနိုင်သည့်ဆေးဝါးများ အသုံးပြုနေကြပြီး ဘဲနှုတ်သီးတံဆိပ်၊ တယ်လီဖုန်းတံဆိပ်မျက်စဉ်းဆေးကဲ့သို့ ဆေးများကို သုံးစွဲခြင်းအား ဆင်ခြင်သင့်ပြီး၊ မျက်ရည်တုမျက်စဉ်းများ၊ ပိုးသတ်ဆေးများကိုသာ အသုံးပြုသင့်၍ ရောဂါပြင်းထန်ပါက မျက်စိဆရာဝန်များ၏ကုသမှုခံယူသင့်ကြောင်း ဒေါက်တာဒေါ်လှမာလာကဆက်ပြောသည်။



## Crime Corner

## လူကုန်ကူးသော အမျိုးသမီးတစ်ဦး မန္တလေးဘူတာကြီးတွင် ဖမ်းမိ

**စိုင်းသာအောင်**

**မန္တလေး၊ စက်တင်ဘာ - ၂၉**

မန္တလေးတိုင်းလူကုန်ကူးမှုတားဆီးနှိမ်နင်းရေး(အထူး)အဖွဲ့က စက်တင်ဘာ၁၃ရက်တွင် မန္တလေးဘူတာကြီးအတွင်း၌သတင်းရယူစုံစမ်းခဲ့ရာ မသင်္ကာဖွယ်ရာတွေ့ရှိသူ အမျိုးသမီးသုံးဦးအား ခေါ်ယူစစ်ဆေးခဲ့ရာ လူကုန်ကူးမှုဖြစ်စဉ်တစ်ရပ် ပေါ်ပေါက်ခဲ့သည်။

ထိုနေ့ မွန်းတည့်၁၂နာရီခန့်တွင် မန္တလေးဘူတာကြီး၌တွေ့ရှိသူ အမျိုးသမီးသုံးဦးအား မသင်္ကာ၍စစ်ဆေးရာ တစ်ဦးမှာ လူကုန်ကူးသူဖြစ်ပြီး၊ နှစ်ဦးမှာစည်းရုံးခေါ်ဆောင်ခြင်းခံရသူဖြစ်ကြောင်းသိရှိရသည်။ စစ်ချက်အရ အသက် ၄၃နှစ်အရွယ် အမျိုးသမီးက အမျိုးသမီးငယ်နှစ်ဦးအား ချမ်းမြသာစည်မြို့နယ်၊ ဘုရားကြီးပန်းခြံအတွင်းတွေ့ရှိပြီး တရုတ်ပြည်တွင်အလုပ်လုပ်ပါကစီးပွားရေး အဆင်ပြေမည်ဖြစ်ပြီး၊ ရွှေငွေမြောက်မြားစွာရရှိမည်ဟုပြောဆိုစည်းရုံးခေါ်ဆောင်လာခဲ့သည်။ မန္တလေး-မူဆယ်လမ်းအတိုင်း ကားဖြင့်သွားပါက စစ်ဆေးမှုများသဖြင့် ရထားဖြင့်မြစ်ကြီးနားမှ တစ်ဆင့်သွားမည်ဖြစ်ကြောင်း ရထားပေါ်တွင်လက်မှတ်စစ်များစစ်ဆေးပါက နာမည်များလွှဲပြောင်း ဖြေကြားရန်သင်ထားကာ၊ ကြို တင်ငွေများကိုမူ မြစ်ကြီးနားမြို့ရောက်ရှိကပေးမည်ဟုပြောဆိုစည်းရုံးခေါ်လာခဲ့သည်ဟု ဆိုသည်။

လူကုန်ကူးသူ အမျိုးသမီးသည် ၂၀၀၉ ခုနှစ် ဇူလိုင် ၇ ရက်ကလည်း မန္တလေးမြို့ရှမ်းစုဘူတာအနီးနေ ဝန်ထမ်းတစ်ဦး၏ ဇနီးအား စည်းရုံးခေါ်ဆောင်ပြီး တရုတ်ပြည်၌ရောင်းစားခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။ ၎င်းလူကုန်ကူးသူအမျိုးသမီးသည် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ၄၂ ရပ်ကွက်တွင် နေထိုင်သူတစ်ဦးဖြစ်ကြောင်း သိရသည်။ ၎င်းအား မန္တလေးဘူတာကြီး မီးရထားရဲစခန်းမှ (ပ)၅၅၂/ ၂၀၁၀ ပြစ်မှုဆိုင်ရာပုဒ်မ ၃၆၆ အရ အမှုဖွင့်အရေးယူထားသည်။

## မီးနီပြစဉ် အရှိန်မထိန်းနိုင်မှုကြောင့် ဆိုင်ကယ်နှစ်စီးတိုက် လူသေဆုံး

**စိုင်းသာအောင်**

**မန္တလေး၊ စက်တင်ဘာ - ၂၉**

မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကော်မတီက ဩဂုတ် ၃ရက်မှစ၍ ယာဉ်အန္တရာယ်ကင်းရှင်းရန် ဆောင်ရွက်လျက်ရှိသော်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု အားနည်းလျက်ပင်ရှိသေးကြောင်း ယင်းတပ်ဖွဲ့မှ အရာရှိတစ်ဦးကပြောသည်။

စက်တင်ဘာ ၁ရက်က မီးနီအားဖြတ်မောင်းသူ ဆိုင်ကယ်တစ်စီးက အခြားဆိုင်ကယ်တစ်စီးအား အရှိန်ဖြင့်ဝင်တိုက်ပြီး မီးနီ ဖြတ်စီးသော ဆိုင်ကယ်မှ လူတစ်ဦးသေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ မန္တလေးမြို့ လယ်၃၅လမ်းနှင့် ၈၄လမ်းဆုံ မီးပွိုင့်တွင် ၈၄လမ်းအတိုင်း မြောက်မှတောင်သို့ အသက်၁၉နှစ်အရွယ်လူငယ်မောင်းနှင်လာသော ဆိုင်ကယ်အား အသက်၆၂နှစ်အရွယ်အမျိုးသားတစ်ဦးစီးလာသော ဆိုင်ကယ်က မီးနီပြနေစဉ်ဝင်တိုက်မိ၍ဆိုင်ကယ်နှစ်စီးတိမ်းမှောက်သွားခဲ့သည်။ ၁၉နှစ်အရွယ်လူငယ်မှာဒဏ်ရာရရှိသွားပြီး ၆၂နှစ်အရွယ်အမျိုးသားမှာ ပြင်းထန်စွာဒဏ်ရာရ၍ မန္တလေးဆေးရုံကြီးတွင် တက်ရောက်ကုသနေစဉ် စက်တင်ဘာ ၃ရက်၌သေဆုံးသွားသည်။ ယင်းဆိုင်ကယ်တိုက်မှုအား မန္တလေးတိုင်းဒေသကြီး ယာဉ်ထိန်းတပ်ဖွဲ့က (ပ)၂၃၆/၂၀၁၀ပုဒ်မ ၃၃၈မှ ၃၀၄(က)သို့ပြောင်းကာ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်ထိန်းတပ်ဖွဲ့ဝင်တစ်ဦးက မီးနီပြနေစဉ် အရှိန်ဖြင့်စီးပြီးတိုက်မိသဖြင့် သေဆုံးရခြင်းဖြစ်ကြောင်း၊ အချို့ကား၊ ဆိုင်ကယ်သမားတို့က မီးနီကို လွတ်ချင်၍ မီးဝါကို အတင်းဖြတ်ရာတွင် တစ်ဖက်ယာဉ်ကြောနှင့် မကြာခဏတိုက်မိပြီးထိခိုက်ဒဏ်ရာရ သေဆုံးမှုများဖြစ်ကြရကြောင်း၊ ယာဉ်စည်းကမ်းဥပဒေကို လေးစားလိုက်နာဖို့လိုကြောင်း ၎င်း၏အမြင်ကိုပြောသည်။

စက်တင်ဘာ ၁ ရက်က စည်းကမ်းချိုးဖောက်သော မော်တော်ယာဉ်နှစ်စီးအား အမှုပေါင်း ၄မှုဖြင့်လည်းကောင်း၊ မော်တော်ဆိုင်ကယ် ၅၆စီးအား အမှုပေါင်း ၇၇မှုဖြင့်လည်းကောင်း စစ်ဆေးအရေးယူခဲ့ကြောင်းသိရသည်။

## ထိုင်းနိုင်ငံရောက် တရားမဝင် မြန်မာအလုပ်သမား နှစ်သန်းကျော်ရှိဟုဆို

**ကျော်သီဟ**

**ရန်ကုန်၊ စက်တင်ဘာ - ၂၉**

မြန်မာနိုင်ငံသားများထဲမှ ထိုင်းနိုင်ငံဘက်တွင် တရားမဝင်အလုပ်လုပ်ကိုင်နေသူစုစုပေါင်း ၂ ဒသမ ၄သန်းရှိကြောင်း နယ်စပ်ဖြတ်ကျော်မှုခင်း၌ာနမှ ဒုတိယရဲမှူးကြီးရာလျန်မုန်းက 7Day Newsသို့ပြောကြားသည်။

“ထိုင်းဘက်မှာ တရားမဝင်အလုပ်လုပ်သူ မြန်မာ ၂ ဒသမ ၄သန်းလောက်အထိရှိတယ်။ အဲဒီအထဲမှာ ဗမာ၊ မွန်၊ ကရင် အများဆုံးတွေ့ရှိရတယ်။ ထိုင်းဘက်က မြန်မာတရားမဝင်လုပ်သားတွေအများဆုံးက ပင်လယ်ငါးထုတ်လုပ်ရေးလုပ်ငန်းတွေမှာ လုပ်ကိုင်ကြတာတွေ့ရတယ်” ဟု အထက်ပါပုဂ္ဂိုလ်ကရှင်းပြသည်။

နှစ်နိုင်ငံကြား လူကုန်ကူးမှုများရှိသကဲ့သို့ နှစ်နိုင်ငံမှသက်ဆိုင်ရာအဖွဲ့အစည်းများကလည်း လူကုန်ကူးမှု ကာကွယ်တားဆီးရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိရာ သုံးနှစ်စီမံကိန်းအရ ၂၀၁၁တွင် စီမံကိန်းကာလပြီးဆုံးမည်ဖြစ်သည်။ စီမံကိန်းကာလအတွင်း နှစ်နိုင်ငံလုပ်ဆောင်ချက်များမှာ ၆၀ရာခိုင်နှုန်းအထိပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သည်ဟုဆိုသည်။ ၂၀ ရာခိုင်နှုန်းမှာ လုပ်ဆောင်ဆဲနှင့် ဆက်လက်ဆောင်ရွက်ရန်ကျန်ရှိမှု ၂၀ ရာခိုင်နှုန်းရှိသေးကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံမှ လူကုန်ကူးခံရသူများအနက် ထိုင်းနိုင်ငံသို့ ဦးတည်၍ လူကုန်ကူးဖြစ်ပွားမှုမှာ ၁၅ရာခိုင်နှုန်းခန့်ရှိကြောင်း၊ နယ်စပ်တစ်လျှောက်တွင်လည်း နှစ်နိုင်ငံနယ်စပ်ဆက်ဆံရေးရုံးများဖွင့်လှစ်သွားရန်ညှိနှိုင်းလျက်ရှိကြောင်း နယ်စပ်ဖြတ်ကျော်မှုခင်း၌ာနမှသိရသည်။

## စားအုန်းဆီကိုယ်စားလှယ်များ အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ်တွင် ငွေသွင်းရတော့မည်

**သိမ့်သိမ့်စိုး၊ အောင်သူရ**

**ရန်ကုန်၊ စက်တင်ဘာ - ၂၇**

**စားအုန်းဆီကိုယ်စားလှယ်များဘဏ်ငွေသွင်းခြင်းကိုအာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်သို့ပြောင်းရွှေ့ပေးသွင်းရကြောင်းစားအုန်းဆီကိုယ်စားလှယ်များကပြောသည်။**



အာရှစိမ်းလန်းမှုဘဏ်၏ရန်ကုန်ဘဏ်ခွဲကို စက်တင်ဘာ၁၆ရက်က ဖွင့်လှစ်ခဲ့ရာ ဘဏ်ဝန်ထမ်းများနှင့် ဘဏ်ဝန်ဆောင်မှုအသုံးပြုနေသူများကို တွေ့ရစဉ်။
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

စားအုန်းဆီကိုယ်စားလှယ်များမှာ ယခင်က ဘဏ်ငွေသွင်းခြင်းကို ရိုးမဘဏ်၌သာပြုလုပ်ခဲ့ကြရာမှ စက်တင်ဘာ ၂၁ရက်မှစ၍ ခွဲတမ်းနှင့်အတူ ဘဏ်ပြောင်း၍သွင်းရန် ဘုရင့်နောင်ကုန်စည်ဒိုင် ဆီလုပ်ငန်းရှင်များအသင်း၌ ကြေညာချက်များထုတ်ပြန်ခဲ့ကြောင်းသိရသည်။

အဆိုပါကြေညာချက်မှာ အပတ်စဉ်တနင်္လာနေ့တိုင်း၌ ဆီလုပ်ငန်းရှင်များ ထုတ်ယူရမည့် ပီပါအလုံးရေ၊ ဈေးနှုန်းနှင့် ဘဏ်သွင်းရန်ကျသင့်ငွေနှင့် သွင်းရမည့်ဘဏ်များကို ဖော်ပြပေးလေ့ရှိသည်။

ဆီကိုယ်စားလှယ်များအနေဖြင့် ဘဏ်ငွေသွင်းပြီးပါက ဆီလုပ်ငန်းရှင်အသင်းမှ ထုတ်ယူခွင့်လက်မှတ်ရယူ၍ ဆီလှောင် ကန်သို့ သွားရောက်ထုတ်ယူရကြောင်း သိရသည်။

“ဘဏ်ပြောင်းသွင်းတာက ပြီးခဲ့တဲ့တနင်္လာကစပြီး ပြောင်းလိုက်တာ။ ဆီက ထူးထရေးဒင်းက ထုတ်ပေးတာဆိုတော့ကိုယ့်ဘဏ်ကိုယ်သွင်းခိုင်းတဲ့သဘောပဲ”ဟု စားအုန်းဆီကိုယ်စားလှယ်တစ်ဦးကပြောသည်။

မြန်မာနိုင်ငံ ဆီလုပ်ငန်းရှင်များအသင်းတွင် စားအုန်းဆီကိုယ်စားလှယ်ပေါင်း ၃၀၀၀ ကျော်ရှိကြောင်းသိရသည်။

စားအုန်းဆီဈေးနှုန်းများမှာ တစ်ပိဿာလျှင် ၁,၆၇၆ ကျပ် ဘဏ်သွင်းဈေးရှိပြီး မြို့တွင်းရောင်းဈေးမှာ ၁,၇၀၆ ကျပ်နှင့် မြို့ပြင်ပြန်ရောင်းဈေးမှာ ၁,၇၁၆ ကျပ်ရှိသည်။

## ပို့ကုန်လုပ်ငန်းရှင်များ ဆန်ဈေးတက်၍ ပြည်ပတင်ပို့ရန် ပြန်လည်စိတ်ဝင်စားလာ

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ စက်တင်ဘာ - ၂၉**

တစ်နှစ်လုံးနီးပါး ဆန်တင်ပို့ရန်စိတ်ဝင်စားမှု နည်းခဲ့သောပြည်ပဆန်တင်ပို့သူများသည် ယခုလပိုင်းအတွင်း ပြည်ပသို့ဆန်တင်ပို့ရန် ပြန်လည်စိတ်ဝင်စားလာကြကြောင်းသတင်းရရှိသည်။

ကမ္ဘာ့ဆန်ဈေးကွက်တွင် မြန်မာ့ ၂၅ မတ်ဆန်သည် ယခုရက်ပိုင်းမှစ၍ တစ်တန်လျှင် ကန်ဒေါ်လာ ၃၀ခန့် ထပ်မံဈေးတက်လာခဲ့ပြီး၊တစ်တန်လျှင်၃၈၀ ဒေါ်လာ ဈေးအထိရောက်လာသဖြင့် ပြည်ပသို့ဆန် ပြန်လည်တင်ပို့ရန် ပြင်ဆင်လာကြခြင်းဖြစ်သည်ဟု မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်အသင်းမှသတင်းရရှိသည်။

ဧပြီလမှစ၍ ကမ္ဘာ့ဆန်ဈေးကွက်တွင် မြန်မာနိုင်ငံမှ တင်ပို့သော ၂၅ မတ်ဆန်မှာ တစ်တန်လျှင် ၃၁၀ ဒေါ်လာဝန်းကျင်သာရှိခဲ့သဖြင့် ပြည်တွင်းပေါက်ဈေးနှင့်ယှဉ်လျှင် မကိုက်၍ တင်ပို့သူများရပ်နားခဲ့သည်။

သို့သော် ဩဂုတ်လဆန်းမှစ၍ ပါကစ္စတန်နိုင်ငံရေကြီးမှုအပါအဝင် ရုရှားနိုင်ငံမှ ဂျုံတင်ပို့မှုပိတ်ပင်ပြီးနောက် စားသောက်ကုန်ဈေးနှုန်းများ တက်လာခဲ့ရာ မြန်မာနိုင်ငံမှ တင်ပို့သော ၂၅ မတ်ဆန်မှာလည်း တစ်တန်လျှင် ၃၅၀ဒေါ်လာသို့ ဈေးရောက်ခဲ့သည်။

ထိုကဲ့သို့ ဈေးတက်လာသော်လည်း ပို့ကုန်ရငွေတန်ဖိုးမှာ ကျပ်တစ်ထောင်အောက်ကျဆင်းခဲ့သဖြင့် ပို့ကုန်လုပ်ငန်းရှင်များ တွက်ခြေမကိုက်ဘဲ ဆန်တင်ပို့မှု မပြုလုပ်ခဲ့ကြပေ။

“ဝန်ကြီးဌာနကလည်း ပါမစ်ပေးပါတယ်။ ဝယ်မယ့်သူလည်းရှိတယ်။ Earning (ပို့ကုန်ရငွေ) ဈေး ကျနေလို့ ဈေးတက်လာတာတောင် မပို့နိုင်ဘူး”ဟု ဆန်တင်ပို့သူလုပ်ငန်းရှင်တစ်ဦးက ယခင်လများကအခြေအနေကိုပြောသည်။

“အခုချိန်မှာတော့ ပြည်ပတင်ပို့တဲ့ကုန်သည်အချို့က ပြင်နေပြီ။ အာဖရိကကိုပို့ကြမှာပါ။ လက်ရှိပေါက်ဈေးက လုပ်သာကိုင်သာတော့ရှိပါတယ်”ဟု မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်အသင်းအတွင်းရေးမှူးဦးရဲမင်းအောင်ကပြောသည်။

တစ်တန်လျှင် ၃၈၀ ဒေါ်လာဈေးရှိသော ၂၅မတ်ဆန်အား လက်ရှိ ပို့ကုန်ရငွေတန်ဖိုး နှင့် တွက်ကြည့်ပါက စပါးတင်းတစ်ရာလျှင် ၄၆၀,၀၀၀ ကျပ်ခန့်ရရှိခြင်းဖြစ်သည်ဟုဆိုသည်။ ပို့ကုန်ရငွေမှာ စက်တင်ဘာ ၂၉ရက်က တစ်ယူနစ်လျှင် ၉၄၅ကျပ်ရှိသည်။

ထိုအခြေအနေကြောင့် ဆန်တင်ပို့ရန်ပြင်ဆင်နေသူများရှိသကဲ့သို့ ပြည်တွင်းစပါးသစ်မထွက်သေးသည့်အတွက် ဈေးနှုန်းမခန့်မှန်းနိုင်သေးဘဲ စောင့်ကြည့်နေသူများလည်းရှိကြောင်း ဆန်ကုန်သည်တစ်ဦးကပြောသည်။

လက်ရှိပြည်တွင်းဈေးကွက်တွင် ပြည်ပတင်ပို့နေသည့် ဆန်ကြမ်း ၂၅ မတ်တစ်အိတ်လျှင် ၁၅,၀၀၀ ကျပ်ဝန်းကျင်ရှိသည်။

စာ(၁၂)သို့


TRI
LIVES BRILLIANTLY


g
Giorenzo®
COLLECTION
MEN'S AND LADIES' WEARS
THE QUALITY OF DREAM

7 DAY NEWS JOURNAL
Vol.9, No.29 · OCTOBER 7, 2010

BREAKING NEWS

## ပြည်ပစင်းလုံးငှားလေယာဉ်နှင့် အပျော်စီးသင်္ဘောများ အပေါ်ကောက်ခံသောမူပိုင်ခတိုးမြှင့်

အောင်သူရ

ရန်ကုန်၊ စက်တင်ဘာ – ၃၀

ပြည်ပနိုင်ငံများမှ ဆိုက်ကပ်လာမည့် စင်လုံးငှားလေယာဉ်များနှင့် အပျော်စီးသင်္ဘောများအတွက် သတ်မှတ်ထားသော Royalty (မူပိုင်ခ) ကြေးများအား အောက်တိုဘာ ၁ရက်မှစကာ ကျပ်ငါးသောင်းစီမှစ၍ တိုးမြှင့်မည်ဖြစ်ကြောင်း သက်ဆိုင်ရာက သတင်းထုတ်ပြန်သည်။

စင်းလုံးငှားလေယာဉ်အတွက် Royalty ကြေးမှာ ယခင် ၁၅၀၀၀၀ ကျပ်မှ ၂၀၀၀၀၀ ကျပ်နှင့် အပျော်စီးသင်္ဘောများမှာ နန်းသီတာဆိပ်ကမ်းတွင် ဆိုက်ကပ်ပါက ယခင် ၂၀၀,၀၀၀ ကျပ် မှ ၂၅၀,၀၀၀ကျပ်နှင့် မြန်မာ့အပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းတွင် ဆိုက်ကပ်ပါက ယခင် ၂၅၀,၀၀၀ ကျပ်မှ ၃၀၀၀၀၀ ကျပ်သို့ ပြောင်းလဲလိုက်သည်။

အဆိုပါ Royalty ကြေးမှာ ကြားခံအနေဖြင့် ညှိနှိုင်းဆောင်ရွက်ပေးသော ဝန်ကြီးဌာနသို့ ပေးရသည့် ကတိကဝတ်ကြေးဟု ယူဆ၍ရသော အခကြေးငွေတစ်ခုဖြစ်ကြောင်း ခရီးသွားလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကပြောသည်။ ခရီးသွားရာသီ တိုင်းပြည်ပနိုင်ငံမှ အပျော်စီးသင်္ဘောတချို့ လာရောက်လေ့ရှိပြီး တချို့သောကိုယ်ပိုင်လေယာဉ်ဖြင့် လာရောက်ကြသူများလည်းရှိသည်။ ယခုနှစ်တွင် အပြောင်းအလဲအချို့ပြုလုပ်နေရာတွင် ၁၄နှစ်ကြာ ကောက်ခံခဲ့သော လေဆိပ်ခွန်အား ၅၀၀ကျပ်မှ ၃၀၀၀ ကျပ်သို့ယခုနှစ်တွင် ပြောင်းလဲကောက်ခံခဲ့သည်။

## ပုံစံ ၁၉ လျှောက်လွှာ လက်ခံချိန်ပြောင်း

အောင်သူရ

ရန်ကုန်၊ အောက်တိုဘာ – ၄

နိုင်ငံကူးလက်မှတ်ရရှိနိုင်ရန်အတွက် ပြည်တွင်းအခွန်များဦးစီးဌာနမှ ထုတ်ပေးသော အခွန်ကင်းလွတ်ကြောင်းထောက်ခံချက် (ပုံစံ၁၉)လျှောက်လွှာများအား အောက်တိုဘာ ၄ ရက်မှစ၍ နံနက် ၁၀နာရီမှလက်ခံတော့မည်ဖြစ်ကြောင်း အဆိုပါရုံးတွင် ထုတ်ပြန်ထားသည်။

"အရင်တုန်းက ၉ နာရီစ လက်ခံတာကို အခု ၁၀ နာရီရွှေ့လိုက်တာပါ"ဟု အဆိုပါရုံးမှ ဝန်ထမ်းတစ်ဦးကပြောသည်။

ယခုကဲ့သို့ တစ်နာရီနောက်ဆုတ်၍လက်ခံရခြင်းမှာ ဘဏ်ဖွင့်သည့်အချိန်နှင့် အဆင်ပြေစေရန်နှင့် ဝန်ထမ်း Duty အပြောင်းအရွှေ့အဆင်ပြေရန်ဖြစ်ကြောင်းသိရသည်။ ပုံစံ၁၉လျှောက်လွှာများအား ၁၀နာရီစတင် လက်ခံပြီးနောက် ၁၁နာရီခွဲမှ ၁နာရီထမင်းစားချိန်ရပ်နားထားမည်ဖြစ်ပြီး ၁နာရီမှ ညနေ ၂နာရီခွဲ ၃ နာရီအတွင်း ပြန်လည်လက်ခံမည်ဟုသိရသည်။

## ကျောက်မျက်ပြပွဲအတွက်နေပြည်တော်ဟိုတယ်များ၏ ပြင်ဆင်မှုအောက်တိုဘာလကုန် အပြီးသတ်မည်

အားမာန်

ရန်ကုန်၊ အောက်တိုဘာ – ၄

နေပြည်တော်တွင် ပထမဆုံးအကြိမ်ကျင်းပမည့် နိုင်ငံတကာကျောက်မျက်ရတနာပြပွဲသို့ လာရောက်သော ပြည်ပကျောက်မျက်ရတနာကုန်သည်များ တည်းခိုနိုင်ရန် နေပြည်တော်ရှိ ဟိုတယ်အားလုံးသည် ပြင်ဆင်မှုများကို အောက်တိုဘာလကုန် နောက်ဆုံးထား၍ ပြီးစီးရန်ဆောင်ရွက်နေကြောင်း သတင်းရရှိသည်။

ယခင်ကအောက်တိုဘာလတွင် ကျင်းပရန်ရှိရာမှ ရွှေ့ဆိုင်းခဲ့သော ကျောက်မျက်ရတနာပြပွဲမှာ နိုဝင်ဘာလ ၁၇ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ထိုပွဲသို့ လာရောက်ကြသော ပြည်ပကျောက်မျက်ရတနာကုန်သည်များ တည်းခိုနိုင်ရန် နေပြည်တော်ရှိဟိုတယ်များမှာ လွန်ခဲ့သည့် ဇူလိုင်လမှစတင်၍ အရှိန်မြှင့်ပြင်ဆင်နေကြပြီး၊ အောက်တိုဘာလကုန် နောက်ဆုံးထားကာပြင်ဆင်မှုလုပ်ငန်းများအပြီးသတ်ရန် သက်ဆိုင်ရာက တိုက်တွန်းထားကြောင်း ဟိုတယ်များမှ တာဝန်ရှိသူအချို့ကပြောသည်။

သက်ဆိုင်ရာတာဝန်ရှိသူများက ဟိုတယ်များ၏အခြေအနေကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း စစ်ဆေးနေပြီး၊ တနင်္လာနေ့တိုင်းတွင်လည်း ပြင်ဆင်မှုလုပ်ငန်း တိုးတက်မှုအခြေအနေ သုံးသပ်ချက်အစည်းအဝေးများ ပြုလုပ်နေကြောင်း ဟိုတယ်တစ်ခု၏ မန်နေဂျာတစ်ဦးကပြောသည်။

"ကျွန်တော်တို့ဟိုတယ်မှာ အရင်က အခန်း ၄၄ ခန်းရှိတယ်။ နောက်ထပ်ပြီးတော့ ၅၂ခန်း ထပ်တိုးချဲ့ထားတယ်။ ဧည့်သည် ၃၀၀ကို လက်ခံနိုင်ဖို့အတွက် စီစဉ်ထားပါတယ်။ တချို့အခန်းတွေက ၃ယောက်တည်းနိုင်သလို၊ တချို့အခန်းတွေက ၆ ယောက်အထိ တည်းခိုနိုင်တော့ ဧည့်သည် ၃၀၀ကို ကောင်းကောင်းလက်ခံနိုင်ပါတယ်"ဟု ရွှိုင်ရယ်ကုမုဒြာဟိုတယ်မှ မန်နေဂျာဦးအောင်နိုင်ထွန်းကပြောသည်။

## အောက်တိုဘာလတွင် ဘင်္ဂလားပင်လယ်အော် မုန်တိုင်းနှစ်ကြိမ် ဖြစ်ပေါ်နိုင်ဟုဆို

အားမာန်

ရန်ကုန်၊
အောက်တိုဘာ – ၄

အောက်တိုဘာလတွင် ဘင်္ဂလားပင်လယ်အော်၌ မုန်တိုင်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်နှင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတို့က ခန့်မှန်းထားသည်။

ဘင်္ဂလားပင်လယ်အော်တွင် ယခုနှစ်အတွင်း လိုင်လာမုန်တိုင်းတစ်ကြိမ်သာ ဖြစ်ခဲ့သေးသည့်အတွက် ပုံမှန်နှစ်များတွင် မုန်တိုင်းလေး၊ငါးကြိမ် ဖြစ်လေ့ရှိပြီး လက်ကျန်ကာလတွင် မုန်တိုင်းနှစ်ကြိမ်မှ သုံးကြိမ်အထိ ဖြစ်နိုင်ကြောင်း ဒေါက်တာထွန်းလွင်က ခန့်မှန်းပြောကြားသည်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ အောက်တိုဘာလအတွက် ခန့်မှန်းချက်တွင်လည်း ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းနှစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး မုန်တိုင်းငယ်အဆင့်သို့ ရောက်ရှိလာနိုင်ကြောင်း ဖော်ပြထားသည်။

မိုးလေဝသကျွမ်းကျင်သူများက စက်တင်ဘာလအတွင်းကလည်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်ပြီး၊ မုန်တိုင်းငယ်အဆင့်သို့ ရောက်ရှိနိုင်ကြောင်း ခန့်မှန်းခဲ့သော်လည်း လက်တွေ့တွင် လေဖိအားနည်းရပ်ဝန်း မဖြစ်ပေါ်ခဲ့ပေ။

အနောက်တောင် မုတ်သုံလေသည် မြန်မာတစ်နိုင်ငံလုံးမှ စက်တင်ဘာ ၂၈ရက်တွင် ဆုတ်ခွာသွားပြီဖြစ်၍ လက်ကျန်မိုးလွန်ကာလများတွင် မိုးရွာသွန်းရန် မုန်တိုင်းများကို မျှော်ရမည်ဖြစ်ကြောင်း ဒေါက်တာထွန်းလွင်က ပြောသည်။


အနောက်တောင်မုတ်သုံလေသည် စက်တင်ဘာ ၁၃ရက်တွင် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှလည်းကောင်း၊ ၁၉ရက်တွင် အလယ်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းဒေသများမှလည်းကောင်း၊ ၂၆ရက်တွင် မြစ်ဝကျွန်းပေါ်နှင့် ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းဒေသများမှလည်းကောင်း၊ ၂၈ရက်တွင် မြန်မာနိုင်ငံတောင်ပိုင်း ဒေသများမှ ဆုတ်ခွာသွားခဲ့ကြောင်း မိုးဇလက ထုတ်ပြန်သည်။

ယခုရက်ပိုင်းအတွင်း ရန်ကုန်မြို့အပါအဝင် ဒေသအများစု၌ မိုးရွာသွန်းမှုမရှိဘဲ အပူချိန်တိုးလာခြင်းမှာ ကောင်းကင်တွင် တိမ်မရှိ၍ဖြစ်ကြောင်း ဦးထွန်းလွင်က ရှင်းပြသည်။

## အများသုံးဖုန်းမှမိုဘိုင်းဖုန်းအချို့သို့ခေါ်ဆိုခများပြောင်းလဲ

အောင်သူရ

ရန်ကုန်၊ စက်တင်ဘာ – ၂၈



လမ်းဘေးတစ်လျှောက်ဖွင့်လှစ်ထားသော အများပြည်သူသုံး တယ်လီဖုန်းများမှ ၀၉နံပါတ်နှင့်စသော မိုဘိုင်းဖုန်းများဖြစ်သော ဂျီအက်အမ်၊ စီဒီအမ်အေနှင့် ဒဗလျူစီဒီအမ်အေဖုန်းများသို့ ခေါ်ဆိုခအား စက်တင်ဘာ ၂၆ရက်မှစ၍ တိုးမြှင့်လိုက်ကြောင်းသတင်းရရှိသည်။

"အရင်တုန်းက မြို့တွင်းခေါ်ဆိုခအတိုင်း တစ်မိနစ်ကို ၃၅ကျပ်ပဲယူတာ။ ၂၆ ရက် နေ့လည်ကစပြီး တစ်မိနစ်ကို ၅၀ကျပ် ပြောင်းယူဖို့ညွှန်ကြားလာတာပါ" ဟု အများပြည်သူသုံး ဖုန်းရုံးမှ ဝန်ထမ်းတစ်ဦးကပြောသည်။

အများပြည်သူသုံးဖုန်းများတွင် ၎င်းခေါ်ဆိုခအားမြို့တွင်းနှင့် နယ်ဝေးသတ်မှတ်ထားပြီးမြို့တွင်းခေါ်ဆိုပါက တစ်မိနစ် ၃၅ကျပ်နှင့် နယ်ဝေးတစ်မိနစ် ၅၀ကျပ်ဟု ယခုနှစ်ဘဏ္ဍာရေးနှစ်ဆန်းမှစ၍သတ်မှတ်ခဲ့သည်။

ထို့ကြောင့် ၀၉နှင့်စသော မိုဘိုင်းဖုန်းများအား နယ်ဝေးခေါ် ဆိုခအတိုင်းပေးချေရတော့မည်ဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဂျီအက်အမ်ဖုန်းများ၏ ခေါ်ဆိုခအား Prepaid ကတ်အသုံးပြုနိုင်သော ဖုန်းများအတိုင်း တစ်မိနစ်ကျပ် ၅၀သို့ပြောင်းလဲ သတ်မှတ်ခဲ့ပြီး မိုဘိုင်းဖုန်းအပါအဝင် ကြိုးဖုန်းအားလုံးကိုလည်း ငွေကြိုတင်ပေးစနစ်ဖြင့် ငွေပေးသွင်းရန်အစီအစဉ်ရှိကြောင်းသိရသည်။

## ၂၀၁၁ နှစ်လယ်ပိုင်းအထိ သင်တန်းသားပြည့်နေသော ယာဉ်မောင်းသင်တန်း

### ယာဉ်မောင်းသင်တန်းတက်လိုသူများမှာ ယခုအပ်လျှင် နောက်ကိုးလအကြာ ၂၀၁၁ ဇွန်လမှ တက်နိုင်မည်ဖြစ်သည်။

မင်းဒင်

မန္တလေး၊ စက်တင်ဘာ – ၂၉

မန္တလေးမြို့တွင် ယာဉ်မောင်းလိုင်စင်ပြုလုပ်လိုသူများအနေဖြင့် လာမည့် ၂၀၁၁ ခုနှစ် ဇွန်အထိ စောင့်ဆိုင်းရမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန မန္တလေးခရိုင်(မြောက်ပိုင်း)ရုံးတွင် ထုတ်ပြန်ကြေညာထားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယာဉ်မောင်းလိုင်စင်လျှောက်ထားသူများအနေဖြင့် အဆိုပါ ရုံးတွင် ယာဉ်မောင်းမွမ်းမံသင်တန်းအား 'က'လိုင်စင်အတွက် သုံးရက်နှင့် 'ခ'လိုင်စင်အတွက် ငါးရက်၊ ရက်ပြည့်တက်ရောက်ကာ သင်တန်းဆင်းလက်မှတ်ရရှိပြီးမှ လက်တွေ့ယာဉ်မောင်းနှင့် ဖြေဆိုရမည်ဖြစ်သည်။

အဆိုပါ မွမ်းမံသင်တန်းသို့ တက်ရောက်ရန် စာရင်းပေးသွင်းမှုမှာ သင်တန်းအမှတ် (၇)အထိ ရောက်ရှိနေပြီဖြစ်သည်။ ယခုရက်ပိုင်းဖွင့်လှစ်မည့် သင်တန်းအမှတ်စဉ်မှာ (၃၇)အထိသာ ရှိသေးသောကြောင့် စောင့်ဆိုင်းရခြင်းဖြစ်ကြောင်း သိရသည်။

ယင်းမွမ်းမံသင်တန်း အနေဖြင့် သင်တန်းအမှတ်စဉ်တစ်ခုတွင် လူဦးရေ ၁၀၀ ဦးဝန်းကျင်သာ လက်ခံသင်ကြားနိုင်ပြီး သင်တန်းခန်းမအခက်အခဲကြောင့် ယခုကဲ့သို့ လျှောက်ထားသူများ စောင့်ဆိုင်းရခြင်းဖြစ်ကြောင်း သင်တန်းခန်းမ တိုးချဲ့ရန်အစီအစဉ်နှင့် တိုးချဲ့ပြီးစီးပါက ပြေလည်သွားနိုင်ကြောင်း ယာဉ်မောင်းလိုင်စင်ဌာနတာဝန်ရှိသူတစ်ဦးက သူ၏ အမြင်ကိုပြောသည်။

သင်တန်းအမှတ်စဉ် (၇၁) တွင် သင်တန်းသားများတက်ရောက်ရမည့်ကာလမှာ ၂၀၁၁ ခုနှစ်အတွင်း 'က'လိုင်စင်အတွက် ဇွန်လ ၁၃ ရက်မှ ၁၅ ရက်အထိဖြစ်ပြီး၊ 'ခ'လိုင်စင်အတွက် ဇွန် ၆ရက်မှ၁၀ရက်အထိဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

## စာ – ၃၊ရွေးကောက်ပွဲတွင်မဲပေးခွင့်ရှိသူ ၂၉ သန်းကျော်ရှိ မှ

"၂၉သန်းကျော်ရှိတယ်"ဟု ၎င်းက အောက်တိုဘာ၁ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အမှတ် ၂ ရပ်ကွက်မဲရုံတွင် ကျင်းပသော မဲသရုပ်ပြပွဲ၌ သတင်းထောက်များနှင့် တွေ့ဆုံစဉ် 7Day News ၏ မေးမြန်းမှုကိုပြန်လည်ဖြေကြားသည်။

မြန်မာနိုင်ငံ၏ လူဦးရေမှာ ၂၀၁၀ တွင် ၅၉ ဒသမ ၂၃ သန်း ခန့် ရှိနေပြီဖြစ်ပြီး၊ အသက် ၁၈နှစ်ပြည့်ပြီးသူမှာ သန်း ၃၀ ကျော် ရှိကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ တရားဝင်ထုတ်ပြန်သောစာရင်းဇယားများအရသိရသည်။ ရန်ကုန်တိုင်းဒေသကြီးတစ်ခုတည်းမှာပင် မဲပေးခွင့်ရှိသူ ၄ ဒသမ ၄သန်းကျော်ရှိကြောင်းလည်း သတင်းရရှိသည်။

နိုဝင်ဘာ ၇ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် ပြည်နယ် ၅ခုမှ ကျေးရွာအုပ်စု ၂၉၄စု၊ မြို့နယ် ၄မြို့နယ်နှင့် မြို့နယ်ခွဲ ၂ခုတွင် ရွေးကောက်ပွဲကျင်းပမည်မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စက်တင်ဘာလလယ်ပိုင်းက ကြေညာခဲ့သည်။ ထိုဒေသများမှာ ရွေးကောက်ပွဲကျင်းပရန်အခြေအနေမရှိသည့်အတွက် အဆိုပါနယ်မြေများတွင် ရွေးကောက်ပွဲ ကျင်းပမည်မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်တွင် ဖော်ပြထားသည်။

7 DAY NEWS JOURNAL
Vol.9, No.29 · OCTOBER 7, 2010

# နေပြည်တော်ဖုန်းမှအပ ကျပ်ငါးသိန်းတန်ဖုန်းများ ဝယ်သူမရှိသလောက်ဖြစ်နေ

**အောင်သူရ၊ သိမ့်သိမ့်စိုး**

**ရန်ကုန်၊ စက်တင်ဘာ - ၂၉**

နေပြည်တော်တွင် ချထားပေးသော CDMA 450 MHz(ငါးသိန်းတန်)ဖုန်းမှလွဲ၍ အခြားသော ဒေသများတွင် ချထားပေးသော ငါးသိန်းတန် CDMA 450 MHz ဖုန်းများမှာ ဝယ်သူမရှိသလောက် နည်းသွားကြောင်း သတင်းရရှိသည်။


နေပြည်တော်တွင် ကျပ်ငါးသိန်းတန်ဖုန်း လျှောက်နေသူတစ်ဦးအား တွေ့ရစဉ်။ ဓာတ်ပုံ - ဇေျမောင်မောင်(အမရပူရ)

"တစ်နေ့ကို ပျမ်းမျှသုံးကတ်လောက် အဝယ်ရှိနေတာကနေ ကြာသပတေး(စက်တင်ဘာ ၂၃)နေ့ကစပြီး ဝယ်သူမရှိတော့ဘူး" ဟု ပုသိမ်မြို့ ဖုန်းဝယ်ရောင်းလုပ်သူတစ်ဦးကပြောသည်။

ထို့အပြင် ရန်ကုန်နှင့်မန္တလေးမြို့များပါ သယ်ယူအသုံးပြုနိုင်သော CDMA 800 MHz ဖုန်းများအားအချို့ငွေလိုအပ်သော ဝယ်ရောင်းများသည် ကျပ်လေးသိန်းခွဲဖြင့် ပြန်လည်ရောင်းချနေရကြောင်း သတင်းရရှိသည်။

ထို့ကြောင့် လက်ကားရောင်းချသူတစ်ဦးစီတွင် CDMA 800 MHz ဖုန်းအိမ်ခြောက်ထောင်ခန့် ရောင်းမကုန်ဘဲ ကျန်နေကြောင်း ဖုန်းလက်ကားရောင်းချသူတစ်ဦးကပြောသည်။

နေပြည်တော်ဖုန်းမှ အပ ကျန်ကျပ်ငါးသိန်းတန်ဖုန်းများ ရောင်းအားနည်းရခြင်းမှာ နေပြည်တော်မှ ချထားပေးသော CDMA 450 MHz ဖုန်းများမှာ တစ်နိုင်ငံလုံးတွင် သယ်ယူ အသုံးပြုနိုင်သည်ဆိုခြင်းကြောင့် ဝယ်လိုအားမြင့်တက်နေခြင်းဖြစ်ကြောင်း ကံထူးမိုဘိုင်းမှ ကိုနေထက်ကျော်ကပြောသည်။

"CDMA 800 MHz က လိုင်းဖွင့်ပေးလိုက်လို့လည်းရောင်းအားက ဘာမှမထူးဘူး။ တစ်နိုင်ငံလုံး သုံးလို့ရတဲ့ CDMA 450 MHz ပဲဝယ်တာများတယ်" ဟု လှကြီးမင်းမိုဘိုင်းမှမန်နေဂျာ ဦးကိုကိုအောင်ကပြောသည်။

CDMA 800 MHz ဖုန်းများကို မိုဘိုင်းအဖြစ်ပြောင်းလဲပေးလိုက်ခြင်းကြောင့် ဖုန်းလာရောက်လျှောက်ထားသူများသည် သိသာစွာမြင့်တက်လာခြင်းမရှိကြောင်း မြန်မာ့ဆက်သွယ်ရေးမှ စုံစမ်းသိရှိရသည်။

CDMA 450 MHz ဖုန်းအိမ်ဈေးကွက်မှာ အမျိုးအစားအလိုက် ကျပ်ငါးထောင်စီ မြင့်တက်မှုများရှိနေခဲ့သော်လည်း၊ CDMA 800 MHz ဈေးကွက်မှာ ဝယ်ယူမှု ပြောင်းလဲခြင်းမရှိသလို ဈေးနှုန်းမှာလည်း ပြောင်းလဲမှုမရှိကြောင်း သိရသည်။

ကျပ်ငါးသိန်းတန်ဖုန်းများအား ဝယ်ယူအသုံးပြုသူများမှာ ကျပ်တစ်သိန်းငါးသောင်းတန် ဟန်းဆက်များကို ဝယ်ယူသုံးစွဲမှုများကြောင်း မိုဘိုင်းဖုန်းအိမ်ဈေးကွက်တွင်းမှ စုံစမ်းသိရသည်။

"ဖုန်းခေါ်ဆိုခကလည်း မကွာဘူး။ ၁၀ကျပ်ပဲကွာတာ၊ CDMA 800 MHz ကလည်း နယ်သယ်သွားပြီးခေါ်ရင် CDMA 450 MHz ဖုန်းတွေလောက်ပဲ ကုန်ကျတာဆိုတော့ CDMA 450 MHz ပဲလျှောက်တဲ့သူပိုများပြီး ဈေးကွက်မှာလည်း သူက ရောင်းအားတက်တယ်"ဟု 09 မိုဘိုင်းဆက်စပ်ပစ္စည်းအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပြင်ပဈေးကွက်တွင် မန္တလေးမြို့၌ ချထားပေးသော CDMA 450 MHz ၏ဈေးနှုန်းသည် ကျပ်လေးသိန်းငါးသောင်းသာ ဈေးပေါက်ကြောင်း ဈေးကွက်တွင်းမှ သိရသည်။

# အသားတိုးကြက် ဈေးပြုတ်ကျ မွေးမြူသူများအခက်တွေ့

**သန်းငွေး**

**ရန်ကုန်၊ စက်တင်ဘာ - ၂၈**

အသားတိုးကြက်အရှင် ခြံဖမ်းဈေးနှုန်းများ တစ်လအတွင်း တစ်ပိဿာလျှင် ၇၀၀ ကျပ်ကျသွားသောကြောင့် မွေးမြူထုတ်လုပ်သူများ စီးပွားရေးထိခိုက်နေကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ(၁)ဦးဝင်းစိန်က ပြောကြားသည်။

"ဆက်တိုက်ကျနေလို့ နေ့စဉ်ဈေးနှုန်းညှိနှိုင်းရေး ကော်မတီတောင် ဖွဲ့ထားရတယ်"ဟု အဆိုပါ အသင်းမှတွဲဖက်အထွေထွေအတွင်းရေးမှူး(၁) ဒေါက်တာခင်လှိုင်ကလည်း ပြောကြားသည်။

အသားတိုးကြက်အရှင်ခြံဖမ်းဈေးမှာ ဩဂုတ် ၁၆ ရက်က တစ်ပိဿာလျှင် ၃၂၀၀ ကျပ်ရှိရာမှ စက်တင်ဘာ ၂၇ ရက်တွင် ၂၅၀၀ ကျပ်သို့ကျဆင်းသွားကြောင်း အပတ်စဉ်ပေါက်ဈေးမှတ်တမ်းများအရ သိရှိရသည်။

ဈေးကျခြင်း၏ အဓိကအကြောင်းတစ်ခုမှာ မင်္ဂလာတောင်ညွန့်ကြက်ဘဲဒိုင်သို့ ဩဂုတ်လအတွင်းက တစ်နေ့လျှင် ပိဿာချိန် ၄၀,၀၀၀ သာ ဝင်ရောက်ခဲ့သော်လည်း စက်တင်ဘာတွင် ပိဿာချိန် ၄၆,၀၀၀ခန့်ဝင်ရောက်လာကာ အဝင်များခြင်းကြောင့် ဖြစ်ကြောင်း ဒေါက်တာခင်လှိုင်က ပြောကြား သည်။

"ကြက်မွေးသူတွေရဲ့ ထုတ်လုပ်မှုကတစ်နေ့ကိုကားသုံးလေးစီးစီဝင်တာ။ အဲဒီအခါ ရက်လွန်ထားပြီး မဖမ်းရင်လည်း ကြက်တွေရောဂါရမှာစိုးလို့"ဟု ဦးဝင်းစိန်ကလည်းပြောကြားသည်။

အစာဈေးနှုန်းတက်သကဲ့သို့ ဆေးဝါးဈေးနှုန်းများလည်း တက်လာသောကြောင့် ကြက်သားဈေးကျသည့်အခါတွင် မွေးမြူသူတိုင်းက ပိုမိုထုတ်ရောင်းကြ၍ ခြံဖမ်းဈေးပိုကျကြောင်း ၎င်းကပြောသည်။

သို့ရာတွင် ရပ်ကွက်ဈေးများအတွင်း လက်လီရောင်းချသော ကြက်သားဈေးနှုန်းမှာမူ ပြီးခဲ့သော အပတ်က တစ်ပိဿာလျှင် ၅,၀၀၀ ကျပ်မှ ယခုရက်အတွင်း တစ်ပိဿာလျှင် ၄,၀၀၀ ကျပ်ဖြင့် ဆက်မကျတော့ကြောင်း အိမ်ရှင်မတစ်ဦးကပြောကြားသည်။



7 DAY NEWS JOURNAL
Vol.9, No.29 • OCTOBER 7, 2010

# ဥပဒေနှင့် ပညာနည်း၍ လူကုန်ကူးခံကြရ

## လူကုန်ကူးခံရခြင်း၏ အဓိကအကြောင်းရင်းမှာ စားဝတ်နေရေးအဆင်မပြေမှု၊ အသိပညာနည်းပါးမှု၊ နိုင်ငံရပ်ခြားသို့ စွန့်စားသွားလိုမှု...

သဇင်ထွေး

**မြန်မာနိုင်ငံသည် လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ငါးနှစ် စီမံကိန်းကို ၂၀၀၇ခုနှစ်တွင်ပြဋ္ဌာန်းခဲ့ပြီးနောက် နှစ်အလိုက်လုပ်ငန်းစီမံ ချက် များရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ခက်ခဲသောအမှုများကိုပိုမိုဖော်ထုတ်လာနိုင်ကြောင်း လူကုန်ကူးမှုတိုက် ဖျက်ရေး အဖွဲ့ခေါင်းဆောင်က ပြောကြားသည်။**



လူကုန်ကူးမှုလုပ်ငန်းတွေကလျှို့ဝှက်ကျူးလွန်တဲ့ ရုပ်ထုမပါဘဲဆက်သွယ်ရေးနည်းပညာအသုံးပြုသယ်ဆောင်တာဖြစ်တဲ့အတွက်ဖော်ထုတ်ရာမှာ ခက်ခဲနက်နဲတယ်။ စီမံချက်နဲ့ဆောင်ရွက်တာပိုအောင်မြင်တယ်။ အရင်က ဖော်ထုတ်ဖို့ ခက်ခဲတဲ့အမှုတွေတောင် ဖော်ထုတ်လာနိုင်တယ်။ လူကုန်ကူးမှုတွေ လျော့မကျသွားပေမယ့်အမှုတွေကို ပိုဖော်ထုတ်လာနိုင်နေပြီး....

အဆိုပါ (၅) နှစ်စီမံကိန်းကို ၂၀၀၇ ခုနှစ်မှ ၂၀၁၂ အထိ အကောင်ထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

စီမံကိန်းသုံးနှစ်ဆောင်ရွက်ခဲ့ရာတွင်လူကုန်ကူးမှုများတားဆီးကာကွယ်ရေးနှင့်တားဆီးနှိမ်နင်းရေးဆောင်ရွက်ရာ၌ ထိုလုပ်ငန်းမှာ အလွန်ခက်ခဲရှုပ်ထွေးသည်ကိုလေ့လာတွေ့ရှိရကြောင်းသိရသည်။

လူကုန်ကူးမှုဆိုင်ရာမှုခင်းများအားခွဲခြမ်းစိတ်ဖြာ လေ့လာရာတွင်လည်းကောင်း၊ ပြန်လည်လွှဲပြောင်းလက်ခံခဲ့သည့် လူကုန်ကူးခံရသူများကိုတွေ့ဆုံမေးမြန်းကာဖြစ်ရပ်မှန်များဖော်ထုတ်ရာတွင် တစ်နှစ်နှင့်တစ်နှစ် မတူညီကြောင်းသိရသည်။

လူကုန်ကူးမှုသည် ငွေကြေးအကျိုးအမြတ်အမြောက်အမြားရရှိနိုင်သောလုပ်ငန်း တစ်ရပ်ဖြစ်သည့် အားလျော်စွာဒုစရိုက်သမားများသည် နည်းလမ်းမျိုးစုံအသုံးပြုကျူးလွန်လျက်ရှိရာ လူကုန်ကူးမှုလမ်းကြောင်း၊ လူကုန်ကူးမှုပုံစံ၊အသုံးပြုသောနည်းလမ်း၊ ခေါင်းပုံဖြတ်နည်းတို့သည်လည်းအမြဲပြောင်းလဲလျက်ရှိသည်ဟုဆိုသည်။ ထို့ကြောင့် လုပ်ငန်းစီမံချက်များကိုလည်း ပုံသေချမှတ်၍မရဘဲဖြစ်ပေါ်ပြောင်းလဲလာသောအခြေအနေကို လေ့လာသုံးသပ်၍လိုက်လျောညီထွေဖြစ်အောင်ဆောင်ရွက်ရကြောင်းသိရသည်။

လူကုန်ကူးမှုများကို နှစ်အလိုက်စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိရာ ၂၀၀၉ခုနှစ် လူကုန်ကူးမှုများအားဖော်ထုတ်ရာတွင် ကယ်တင်ခဲ့ရသည့်လူကုန်ကူးခံရသူ ၃၀၂ဦးအနက်မှကလေးသူငယ်ပါဝင်မှုသည် ၆၂ ဦးရှိသည်။ ပြန်လည်လွှဲပြောင်းသည့် လူကုန်ကူးခံရသူ ၄၃၁ဦးအနက် ၄၃ဦးသည် ကလေးသူငယ်ပါဝင်နေကြောင်း တွေ့ရှိရသဖြင့် ကလေးသူငယ် လူကုန်ကူးမှုသည်လည်း သိသာထင်ရှားလာကြောင်းသိရသည်။

လူကုန်ကူးမှုစီမံချက်တွင် အဓိကလုပ်ငန်းကြီး (၅) ရပ်ဖြစ်သောမူဝါဒနှင့်ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ ကြိုတင်တားဆီးကာကွယ်ရေးကဏ္ဍ၊ တရားစွဲဆိုရေးကဏ္ဍ၊ လူကုန်ကူးခြင်းခံရသူများအား ကာကွယ်စောင့်ရှောက်ရေးကဏ္ဍ၊ စွမ်းရည်မြင့်တင်ရေးကဏ္ဍ၊ Abbreviation စသည့်လုပ်ငန်းများပါဝင်ကာနှစ်စဉ် လိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

“လူကုန်ကူးမှုလုပ်ငန်းတွေကလျှို့ဝှက်ကျူးလွန်တဲ့ ရုပ်ထုမပါဘဲဆက်သွယ်ရေးနည်းပညာအသုံးပြုသယ်ဆောင်တာဖြစ်တဲ့အတွက်ဖော်ထုတ်ရာမှာ ခက်ခဲနက်နဲတယ်။ စီမံချက်နဲ့ဆောင်ရွက်တာပိုအောင်မြင်တယ်။ အရင်က ဖော်ထုတ်ဖို့ ခက်ခဲတဲ့အမှုတွေတောင် ဖော်ထုတ်လာနိုင်တယ်။ လူကုန်ကူးမှုတွေလျော့မကျသွားပေမယ့်အမှုတွေကို ပိုဖော်ထုတ်လာနိုင်နေပြီး လူကုန်ကူးမှုအထူးအဖွဲ့တွေကိုလည်း ပြည်နယ်နှင့်တိုင်းတွေမှာဖွဲ့စည်းထားတယ်။ လူကုန်ကူးမှုအဖြစ်များတဲ့နိုင်ငံတွေနဲ့လည်း လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်ကိုလည်းရေးထိုးပြီး ဆောင်ရွက်နေပါတယ်” ဟု လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့မှအဖွဲ့ခေါင်းဆောင်ကပြောသည်။

အိမ်နီးချင်းနိုင်ငံများဖြစ်ပြီး လူကုန်ကူးမှုအများဆုံးဆက်စပ်ဖြစ်ပွားသောတရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့်နှစ်နိုင်ငံလူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးနားလည်မှုစာချွန်လွှာ MOU များချုပ်ဆိုခြင်း၊၂၀၀၉ ခုနှစ်၊ဇန်နဝါရီလက ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် အချင်းချင်းအကူအညီပေးရေးစာချုပ်သို့ အဖွဲ့ဝင်နိုင်ငံအဖြစ်ဝင်ရောက်ခြင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကွန်ဗင်းရှင်း ပေါ်ပေါက်လာရေးအတွက်မှုအားဖြင့် သဘောတူညီမှုရရှိခဲ့ပြီးဖြစ်သည်။

လူကုန်ကူးမှုတိုက်ဖျက်ရေးစီမံချက်တွင်တစ်ခုပါဝင်သည့်ကြိုတင်ကာကွယ်တားဆီးရေးဆောင်ရွက်ချက်တွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့များကို ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ၂၂ဖွဲ့ ကိုဖွဲ့စည်းထားပြီးဖြစ်သည့်အပြင် နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်BLO (Border Liaison Office) ရုံးများကိုလည်း ရွှေလီ-မူဆယ်၊လွယ်ကျယ်-ကျန်ဖုံး၊ မြန်မာနိုင်ငံဘက်မှ ချင်းရွှေဟော်နှင့် တရုတ်နိုင်ငံဘက်မှမိန်တိန်နယ်စပ်များတွင် ၂၄နာရီဖွင့်လှစ်ထားပြီးဖြစ်သည်ဟုဆိုသည်။

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ၂၀၁၀ စီမံချက်တွင်ပြောင်းလဲလာသည့်လူကုန်ကူးမှုပုံစံ၊ လမ်းကြောင်းနှင့် နည်းလမ်းများအပေါ်အခြေခံ၍ လက်တွေ့ကျသောလုပ်ငန်းစီမံချက်များကို ချမှတ်အကောင်ထည်ဖော်ရမည်ဖြစ်ကာ ထိုသို့အကောင်ထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရဌာနများ၊အဖွဲ့အစည်းများ၊ပြည်တွင်းလူမှုရေးအသင်းများ၊ကုလသမဂ္ဂ၊အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများသာမကပုဂ္ဂလိက အဖွဲ့အစည်းများသည်အဓိကအင်အားစုအဖြစ် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း အဖွဲ့ခေါင်းဆောင်က ဆက်လက်ပြောကြားသည်။

လူကုန်ကူးခံရသူများအားမေးမြန်းဖော်ထုတ်ရာတွင် အဓမ္မထိမ်းမြားခြင်း၊အဓမ္မမွေးစားခြင်း၊ ပြည့်တန်ဆာပြုခြင်း၊အိမ်ဖော်အဖြစ် အဓမ္မစေခိုင်းခြင်း၊ပင်လယ်ငါးဖမ်း သင်္ဘောများနှင့်ပင်လယ်ရေထွက် လုပ်ငန်းအပါအဝင်စက်ရုံများတွင် အဓမ္မစေခိုင်းခံရခြင်းများပိုများလာကြောင်းသိရသည်။

“လူကုန်ကူးမှုတွေက နိုင်ငံရဲ့စီးပွားရေးလည်းပါတယ်။ မြန်မာနိုင်ငံတစ်ခုတည်းတော့ လူကုန်ကူးမှုဖြစ်ပွားတာမဟုတ်ပါဘူး။ ဥရောပတိုက်တွေမှာလည်း ရှိတယ်”ဟု လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင်ကပြောကြားသည်။

လူကုန်ကူးခံရခြင်း၏အဓိကအကြောင်းရင်းများမှာ အသိပညာနည်းပါးခြင်း၊ မိသားစုစားဝတ်နေရေးအတွက်အဆင်မပြေခြင်း၊ နေထိုင်ရန်ခက်ခဲခြင်း၊ နိုင်ငံရပ်ခြားသို့ စွန့်စားလုပ်ကိုင်လိုခြင်း စသည့်အကြောင်းများကြောင့်ဖြစ်ကြောင်း သိရသည်။

“လူကုန်ကူးမှုတားဆီးရေးလုပ်ငန်းဆောင်ရွက်ရာမှာ ပြည်သူလူထုရော၊ အဖွဲ့စည်းတွေ့ကပါ ပါဝင်စေချင်တယ်။ ဌာနအနေနဲ့ ဖမ်းဆီးရေးတွေကိုလုပ်နေပေမယ့် လွတ်သွားတာတွေလည်း ရှိပါတယ်။ ဒါကြောင့်လူတိုင်းပါဝင်ပါ။ မိဘတွေအနေနဲ့လည်းသားသမီးတွေကို သေချာထိန်းသိမ်းသင့်တယ်” ဟု အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။

လူကုန်ကူးမှုသည် ကမ္ဘာနှင့်အဝန်း စိုးရိမ်ဖွယ် အခြေနေသို့ရောက်ရှိနေပြီး ဖြစ် ကြောင်းကိုလည်းသမဂ္ဂအစီရင်ခံစာတွင်ကြေညာထားကာ ကမ္ဘာနှင့်အဝန်း ကလေးသူငယ်၁ ဒသမ ၂ သန်း အပါအဝင် စုစုပေါင်းလူဦးရေ ၂ ဒသမ ၇သန်းလူ ကုန်ကူးခံနေရပြီး တစ်နှစ်လျှင် လူ မှောင်ခို လုပ်ငန်းမှအမေရိကန် ဒေါ်လာ ၃၂ ဘီလီယံကျော် ရရှိကြောင်းကိုလည်း ဖော်ပြထားကြောင်း သိရသည်။

ကမ္ဘာပေါ်တွင်ပထမ မှူးယစ်မှောင်ခိုမှု၊ ဒုတိယလက်နက်မှောင်ခိုမှုဖြစ်ကာ လူမှောင်ခိုမှုသည် တတိယနေရာရောက်ရှိနေပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ရေးသားဖော်ပြထားသည်။

## အောက်တိုဘာလ ၇ရက်မှ ၁၃ ရက်အထိ မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်



**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပါသည်။

**မိုးအခြေအနေ**

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်း ဒေသကြီးတို့တွင် ၅ရက်မှ ၇ရက် ခန့်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် ၃ရက်မှ ၄ ရက်ခန့် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တွင် ၆၀ စင်တီမီတာ (၂ပေ)ခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူး မြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၃၀စင်တီမီတာ (၁ပေ) ခန့် လက်ရှိရေမှတ်များ၏ အထက်မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၆၀ စင်တီမီတာ(၂ပေ)ခန့်၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၃၀စင်တီမီတာ (၁ပေ)ခန့်လက်ရှိ ရေမှတ်များအထက်မြင့်တက်လာနိုင်ပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန။**



Life
7 DAY NEWS JOURNAL



ပြန်ပြောဖို့တော့ ခပ်ခက်ခက်....

ဆောင်းပါး စာ(၁၀)သို့

Vol.9, No.29 · OCTOBER 7, 2010

"မင်္ဂလာပါလို့ ကျွန်မက အကျယ်ကြီးနှုတ်ဆက်ပစ်လိုက်တာပဲ၊ ကျွန်မအသံက အကျယ်ဆုံးပဲ"ဟု လက်ကလေးပိုက်၍ နှုတ်ဆက်ပြရင်း သူ့ကတုံးဆံပင်ပေါက်ကို လက်ဖြင့်ပွတ်သပ်ထိုးမွှကာ ကွမ်းသွားရဲရဲများပေါ်သည်အထိ ရယ်မောပြောနေသူက အသက် ၆၅ နှစ်အရွယ်ဒေါ်လှမြင့်ပင်။

ဧရာဝတီတိုင်း၊ ဘိုကလေးမြို့မှ တစ်နာရီကျော်ခန့်မော်တော်ဖြင့်သွားရသည့် ကွမ်းသီးချောင်းကျေးရွာ ရွာလယ်လမ်းမှ အိမ်ဆိုင်သေးသေးလေးတစ်ဆိုင်အတွင်းတွင်ဖြစ်၏။ ဒေါ်လှမြင့်က လူနှစ်ယောက်၊ သုံးယောက်စာ ချောင်ချောင်ချိချိ ထိုင်နိုင်သည့် ဓနိမိုး၊ ဓနိကာအိမ်ဆိုင်ကလေးတစ်ဆိုင်၌ ထိုင်ရင်း သူမ တစ်လလျှင် နှစ်ကြိမ်တက်ရသည့် နှစ်ကျပ်တိုးဖြင့်ငွေချေးပေးသော အသေးစားငွေကြေး ဝန်ဆောင်မှု စီမံကိန်း အစည်းအဝေး၏ အလေ့အထတို့အကြောင်း အာပေါင်အာရင်း သန်သန်ဖြင့်ရှင်းပြနေသည်။

# နှစ်ကျပ်တိုးနှင့် လည်ပတ်နေကြသူများ



ဓာတ်ပုံ - ငြိမ်းငြိမ်းနိုင်

ငြိမ်းငြိမ်းနိုင်၊ အိဖြူလွင်

ချေးငွေပေးသူများ အစည်းအဝေးလာလုပ်သည့်အခါတိုင်း ဒေါ်လှမြင့်နှင့်အတူ ရွာထဲမှ အိမ်ရှင်မ ၅၀ ကျော်တို့က အဖွဲ့အစည်းမှလူများ အခန်းထဲဝင်လာသည့်အခါ တညီတညာထ၍ လက်ပိုက်နှုတ်ဆက်ရပုံကို ပြောပြနေခြင်းဖြစ်သည်။ ထိုအိမ်ဆိုင်လေးအတွင်း ကွမ်းသီးညှပ်ရင်း ဒေါ်လှမြင့်ပြောသမျှ နားထောင်နေသူက ဆိုင်ပိုင်ရှင်အသက်၅၀ ဝန်းကျင်ခန့်ရှိ မုဆိုးမတစ်ဦးဖြစ်သည်။

စကားပြောရင်း ဒေါ်လှမြင့်က ထိုအမျိုးသမီးဘက်လှည့်ကာ "ဒီတစ်ခေါက် အစည်းအဝေးကျရင် ဝင်တက်လိုက်တော့။ ညည်းက ခုနစ်သောင်းက စရမှာလေ" ချေးငွေ၏ သဘောတရားက ပထမဆုံးအကြိမ် ချေးသူများအတွက် ကျပ် ခုနစ်သောင်းဖြစ်ကာ နောက်နှစ်ဆက်ချေးသူများကို ငွေပမာဏ တိုးမြှင့်ချေးသွားခြင်းဖြစ်သည့်အတွက် ပထမဆုံးအကြိမ်ချေးမည့် ဆိုင်ရှင်အမျိုးသမီးအား အတွေ့အကြုံရှိ ဒေါ်လှမြင့်က ရှင်းပြနေခြင်းဖြစ်သည်။

ဒေါ်လှမြင့်နှင့် အဆိုပါ ဆိုင်ရှင်မုဆိုးမတို့ နှစ်ဦးမှာ လူဦးရေ သုံးသိန်းခန့် တစ်ပြိုင်နက် သေဆုံးသွားခဲ့သော နာဂစ်ဒေသလေဘေးသင့်ပြည်သူများထဲတွင် အပါအဝင်ဖြစ်ပြီး အဖွဲ့အစည်းမှ တစ်နှစ်တစ်ကြိမ်ပေးသောချေးငွေကို ရရှိကာ ပြန်လည်ထူထောင်ရေးကာလတွင် စီးပွားရေးလည်ပတ်လုပ်ကိုင်နေရသည့် ထိုဒေသရှိ အိမ်ရှင်မများထဲအပါအဝင် အမျိုးသမီးကြီးများဖြစ်ကြသည်။

ယခုဒေါ်လှမြင့် ထိုဆိုင်လေးတွင်ရောက်နေခြင်းက ငွေကြေးစီမံကိန်းက ဖွဲ့စည်းပေးထားသော သူပါဝင်သည့် ငါးယောက်အဖွဲ့တစ်ဖွဲ့မှ အဖွဲ့ဝင်တစ်ယောက်က ထွက်သွားသဖြင့် အဖွဲ့ဝင်သစ်တစ်ယောက်ပြန်လည်ရရှိရေးကို ကြိုးပမ်းနေခြင်းဖြစ်သည်။

ရွာထဲမှ သူမနှင့်အတူ ဖွဲ့စည်းထားသည့် ငါးယောက်အဖွဲ့က တစ်ယောက်က ကြွေးကျေအောင်မဆပ်ဘဲ ရှောင်ပြေးသွားသဖြင့် စီမံကိန်း၏ မူဝါဒအရ ဒေါ်လှမြင့်အပါအဝင် ကျန်လေးယောက်က ထွက်ပြေးသွားသူ၏ အကြွေးအတွက် စိုက်လျော်ရမည့်အပြင် ငါးဦးအဖွဲ့ ပြန်ဖြစ်ရန် တစ်ယောက်ပြန်ရှာရမည်ဖြစ်သည်။

"ချေးငွေလေးက တစ်နှစ်တစ်ကြိမ်ထုတ်ပေးတော့ မဆိုးဘူးပေါ့။ အတိုးကလည်း ၂ ကျပ်တိုးလေ။ အပြင်မှာဆိုဘယ်ရမလဲ။ ၆ ကျပ်တိုး၊ ၁၀ တိုးက အနည်းဆုံးဖြစ်နေတာ။ ဒါပေမဲ့ တာဝန်ကြီးလို့လေ၊ ကိုယ့်ငါးယောက်ထဲကတစ်ယောက်ပြေးရင် ကျန်တဲ့သူတွေက စိုက်လျော်ရတာ၊ အတိုးနဲ့အရင်းက ၁၄ရက်တစ်ကြိမ်ဆပ်ရတယ်လေ။ ပိုက်ဆံပေးရတဲ့ ၁၄ ရက်တစ်ကြိမ်ပဲ အစည်းဝေးလုပ်တာ။ အဲဒီအချိန်ဆို ဆူညံပွက်လောရိုက်နေတာပဲ။ အမျိုးသမီးတွေချည်းကိုး။ အဲဒီဒဏ်တွေ မခံနိုင်လို့ ချေးဖို့ကိုစဉ်းစားနေတာ" ဟု ဆိုင်ရှင်အမျိုးသမီးကဆိုသည်။ ငါးတန်းကျောင်းသား ကလေးငယ်တစ်ဦးနှင့် သားအမိနှစ်ယောက်တည်းဟုဆိုသော်လည်း ကျန်းမာရေးမကောင်းသည့် အတွက်ဆေးဖိုးက လိုနေပြန်သည်။ သည်အိမ်ဆိုင်လေးမှ တစ်နေ့ရသည့် ကျပ်တစ်ထောင်နီးပါးနှင့် မလည်ပတ်နိုင်သည့်အတွက် ဒေါ်လှမြင့်တို့အဖွဲ့ထဲဝင်ရန်စဉ်းစားနေခြင်းဖြစ်သည်။

ဒေါ်လှမြင့်ကလည်း သူ့အဖွဲ့ထဲက တစ်ယောက်ထွက်ပြေးသွားသည့် အတွေ့အကြုံရှိသူမို့ သူစိတ်ချယုံကြည်သည့်ထိုဆိုင်ရှင်အမျိုးသမီးကို သူတို့နှင့်လက်တွဲရန်လာရောက်ဆွေးနွေးနေခြင်းပင်။

အမှန်က ထိုချေးငွေစီမံကိန်းသည် နာဂစ်မဖြစ်ခင်ကပင်ရှိခဲ့ခြင်းဖြစ်ကာ နာဂစ်ဖြစ်ပြီးချိန်တွင် နာဂစ်ဒေသမှ မုန်တိုင်းသင့်သူများကို ချေးငွေများလျော်ပစ်ခဲ့သည့်အတွက် နာဂစ်မတိုင်မီက ငွေချေးထားသူများ ငွေပြန်မဆပ်ခဲ့ရပေ။ နာဂစ်ဖြစ်ပြီးစကာလများက ထိုဒေသများသို့ အဖွဲ့အစည်းမျိုးစုံမှ အကူအညီများစွာ ဝင်ရောက်ခဲ့သော်လည်း ယခုနာဂစ်ဖြစ်ပြီး နှစ်နှစ်ကျော်ကာလအတွင်း အဖွဲ့အစည်းများ တဖြည်းဖြည်းလျော့နည်းသွားကာပြန်လည်ထူထောင်ရေးကာလဖြစ်သည့်အတွက် ထောက်ပံ့ရေးအစီအစဉ်များမရှိတော့သောကြောင့် အလုပ်အကိုင်တစ်ခုခု ရှာဖွေလုပ်ကိုင်မည့်သူများအတွက် ထိုချေးငွေက အရင်းအနှီးတစ်ခုအဖြစ်အရေးကြီးနေသည်။

ဒေါ်လှမြင့်တို့ရွာနှင့် မလှမ်းမကမ်းက ကြီးချောင်းကျေးရွာမှ အိမ်ရှင်မတစ်ဦးက "ချေးငွေက ၇၀,၀၀၀ ဆိုပေမယ့် လက်ထဲရောက်တော့ ၆၆,၀၀၀ လောက်ပဲရှိတော့တာ။ ပြီးတော့ လူတွေက စီးပွားရေးလုပ်ဖို့အရင်းအနှီးလေးဆိုပြီး ယူကြတာရှိသလို တချို့ကလည်း ငွေကိုမနိုင်ကြဘူးလေ။ အဲဒါကြောင့်ယူပြီးပြန်မပေးနိုင်ဖြစ်တာတို့ ပြန်ပေးခါနီး ဟိုပေါင်ဒီပေါင်လုပ်တာတို့ဖြစ်ရော။ အမှန်ကတော့ ဒီလောက်အတိုးနဲ့ဆို ရင်းနှီးလို့အဆင်ပြေတယ်" ဟု သူမထင်မြင်ချက်ကို ပြောသည်။

ဒေါ်လှမြင့်ကတော့ ရသည့်ချေးငွေကို သားနှစ်ယောက်အား အရင်းအနှီးအဖြစ် ပေးလုပ်ပြီး အဆင်ပြေသည့်အတွက် ပုံမှန်အတိုးပြန်ဆပ်နိုင်ကာ ယခုငွေပမာဏပင် ကျပ်တစ်သိန်းခွဲအထိ တိုးမြှင့်ချေးခွင့်ရရှိနေပြီဖြစ်သည်။


"တစ်ခါတလေတော့ ကိုယ်သုံးထားတာလေးတွေ လက်လွန်နေရင် အစည်းအဝေးရက်ရောက်လို့ပေး ဖို့မရှိရင်တော့ ရှိတာလေးတွေ ပြေးပြီး ပေါင်ရတာပေါ့လေ။ သူတို့ကိုဆပ်ဖို့က တစ်နေ့ရတဲ့ငွေလေးထဲက ငါးရာလောက်ကို ဖယ်ထားရတာဆိုတော့ တစ်ခါတလေမှာ အဆင်မပြေရင် ပေးခါနီးမှာ ကသီတာပေါ့လေ"ဟု တစ်ခါတစ်ရံ ငွေသွင်းရမည့်ရက်ရောက်သည့်အခါ အခက်တွေ့ရပုံကို သူမကပြောပြသည်။

နာဂစ်ဖြစ်ပြီးနောက် သူမတွင် ပိုင်ဆိုင်မှုအဖြစ်ကျန်ခဲ့သည်က သမီးအငယ်ဆုံးလေးကို အိမ်အကူအဖြစ်လုပ်ကိုင်ရန် ရန်ကုန်မြို့သို့လိုက်ပို့စဉ်က ရွှေတိဂုံဘုရားမှ ဝယ်လာသည့်သူမလည်ပင်းက ငွေဆွဲကြိုးတစ်ကုံး၊ကိုယ်ထူကိုယ်ထပြန်ဆောက်ထားသည့် ရွာအစွန်ဆုံးက ဓနိမိုး၊ ဓနိကာအိမ်လေးနှင့် ခြံထဲတွင် နာဂစ်ဖြစ်ချိန်ကပျက်စီးသွားသော ရေကန်ထဲ၌ပစ်ထည့်ထားသည့် တီလားဗီးယားငါးသုံးကောင်က ပေါက်ဖွားလာသော ခန့်မှန်းငါးကောင်ရေ သုံးသောင်းကျော်ပင်ဖြစ်သည်ဟု လည်ပင်းက ငွေဆွဲကြိုးကိုဆွဲကိုင်ပြရင်း ပိုင်ဆိုင်မှုတွေကို ထုတ်ပြောပြ-နေသည်။

စာ(၁၁)သို့

## ဈေးဝယ်ထွက်မယ်

# သားသားမီးမီးထိုင်စေဖို့ ရောင်စုံခုံပုဝယ်ကြစို့







အိဖြူလွင်

ပရိသတ်ကြီးရဲ့ ဧည့်ခန်းထဲမှာ ချစ်စရာတီတီတာတာကလေးတွေအတွက် သီးသန့်ထိုင်ခုံလေးတွေကို ထည့်ပေးဖို့စဉ်းစားမိပါသလား။

ဒါမှမဟုတ် တီတီတာတာ စကားတွေဆိုတတ်တဲ့ ရတနာလေးတွေကို သင့်မိသားစုမှာ ပိုင်ဆိုင်ထားကြောင်း အိမ်လာလည်သူတွေကို စကားနဲ့မကြွားချင်ဘူးဆိုရင် အကောင်းဆုံးအကြံဉာဏ်တစ်ခုကို ပေးချင်ပါတယ်။

တစ်နှစ်ကနေ ငါးနှစ်အရွယ်အထိ ထိုင်နိုင်တဲ့ကလေးထိုင် သီးသန့်ထိုင်ခုံလှလှလေးတွေကိုသာ ပြေးဝယ်လိုက်ပါနော်။

ထိုင်ခုံလေးတွေက ပုံစံဒီဇိုင်းတွေလည်း စုံသလို ဈေးနှုန်းကလည်း အမျိုးစုံရှိပါတယ်။

ပလတ်စတစ်နဲ့လုပ်ထားတဲ့ တစ်စစီပြန်ဆက်လို့ရတဲ့ အသည်းပုံအဝိုင်းပုံထိုင်ခုံလေးတွေဆိုရင် ကျပ် ၂၀၀၀ကျော်ပဲရှိပြီး အရောင်တောက်တောက်နဲ့မို့ ကလေးတွေရဲ့ အကြိုက်ဖြစ်မှာ သေချာပါတယ်။ခေါက်လို့ရပြီးနောက်မှီပါတဲ့ ခုံလေးတွေဆိုရင်လည်း ဈေးနှုန်းက ၃၅၀၀ကျပ်လောက်ပဲရှိတာမို့ ချစ်စရာအရုပ်ပုံစံမျိုးစုံနဲ့ အရောင်စုံရှိနေတာပါ။

ဒီထက်ပိုပြီး ဇိမ်ယူချင်တဲ့ ကလေးတွေအတွက်တော့ အထဲက ရေမြှုပ်ပါတဲ့ ပက်လက်ကုလားထိုင်လေးတွေ ရှိပါသေးတယ်။ ဇင်စနဲ့ချုပ်ထားတဲ့ အခင်းက နှစ်ထပ်ဖြစ်ပြီး အလွယ်တကူ ချွတ်ကာ လျှော်လို့ရတာကြောင့် သားသားမီးမီးတွေကြောင့် ညစ်ပတ်သွားမှာလည်း မစိုးရိမ်ရပါဘူး။

လေးထောင့်နဲ့ အဝိုင်းပုံစံ နှစ်မျိုးရှိပြီး အဝိုင်းက ၉၃၀၀ ကျပ်နဲ့ လေးထောင့် ၁၁၅၀၀ ကျပ်ပါ။

ဒီထိုင်ခုံလေးတွေအားလုံးကို တရုတ်နိုင်ငံက တင်သွင်းတာဖြစ်ပြီး ပရိသတ်ကြီးရဲ့ သားသမီးရတနာလေးတွေအတွက် ဝယ်ပေးချင်တယ်ဆိုရင်တော့ အေးရှားလိုက်စူပါမားကက်ဆိုင်တွေကိုသာ သွားလိုက်ပါလို့ တိုက်တွန်းလိုက်ပါရစေနော်။

7 DAY NEWS JOURNAL
Vol.9, No.29 · OCTOBER 7, 2010






# ပြန်ပြောဖို့တော့ ခပ်ခက်ခက်...

■———— ယုဇနကိုကို

**နေရာက ရန်ကုန်မြို့လယ် ဆူးလေဘုရားလမ်းမပေါ်မှ မြို့တော်ခန်းမရှေ့။ အချိန်ကနံနက် ၇ နာရီ ၄၅ မိနစ်ခန့်။ ရုံးသို့မနက်ရနာရီမခွဲမီ အရောက် သွားရန် ခြေလှမ်းကိုပုံမှန်ထက် အရှိန်မြှင့်ကာလျှောက်နေစဉ်**

သူမနှင့်မျက်နှာချင်းဆိုင်မှ လျှောက်လာနေသည့်အသားဖြူဖြူမျက်မှန်တပ်ကာ ခန္ဓာကိုယ်ဝဝ၊ ဝါသောအသားအရေရှိသည့် အသက်ငါးဆယ်အရွယ်ခန့် အမျိုးသားတစ်ဦးကိုကြည့်မိပြီး “ဒီဦးလေးကြီးလည်း သူများတွေလို မနက်စောစောလမ်းလည်း လျှောက်၊ ဆူးလေဘုရားလည်း ဖူးတာပဲနေမှာ” ဟုအတွေးတစ်စ ဝင်ခဲ့သည်က စက္ကန့်ပိုင်းအတွင်း မှာပင်ရုတ်ခြည်းပြောင်းလဲသွားခဲ့သည်။

ထိုအမျိုးသားက အနားသို့ရောက်သည်နှင့် ကပ်၍ ပြောသောစကားတစ်ခွန်းက ခန္ဓာကိုယ်တစ်ခုလုံးရှိသွေးများ ရုတ်ခြည်းပူသွားစေခဲ့သည်။ သို့သော် မည်သူမည်ဝါမှန်းမသိသည့် ဖခင်အရွယ်လူတစ်ဦး၏အနီးကပ်နှုတ်ဖြင့် စော်ကားခံလိုက်ရသည့်အတွက် ငါးစက္ကန့်မျှပင်အချိန်ဆိုင်းမနေတော့ဘဲ ထိုသူ့ဆီချက်ချင်းနောက် လှည့်ပြေးသွားပြီး လက်ထဲတွင်ပါလာသည့် အရှည်သုံးပေခန့်ရှိသည့်နစ်ကိုးထီးနှင့် ၎င်း၏ဦးခေါင်းကိုသုံးချက်အထိဆင့်ကာဆင့်ကာရိုက်ပြီး တုံ့ပြန်လိုက်မိသည်။

မိနစ်ပိုင်းအတွင်းမှာပင်ဖြစ်ပျက်သွားခဲ့သည့် အဖြစ်အပျက်အပြီး ထိုသူက ဆူးလေဘုရားလမ်းမ၏ မျက်နှာချင်းဆိုင်ကားလမ်းမ (ချယ်ရီစတိုးဆိုင်တည်ရှိရာ) ဘက်သို့သုတ်ခြေတင်ကာပြေးသွားခဲ့သော်လည်း သူမ၏ခြေအစုံကရပ်မိနေသော နေရာမှာပင်ဆက်လက်တည်ရှိနေခဲ့ပြီး ဒေါသများလည်းထွက်ကာ၊ ရှက်လည်းရှက်မိနေခဲ့သည်။ ရိုင်းစိုင်းသောစကားလုံးဖြင့် စော်ကားသွားခဲ့သဖြင့် မိမိဝတ်စားထားသည်ကို ပြန်လည်စိစစ်မိသော်လည်း ကာယိန္ဒြေလုံခြုံသော အဝတ်အစားများသာဖြစ်နေခဲ့သည်။

ထိုကဲ့သို့သောအဖြစ် အပျက်မျိုးက သူမတစ်ဦးတည်းဖြစ်ပျက်၊ ကြုံတွေ့ခဲ့ရသည်မဟုတ်။ တစ်ရုံးတည်းအတူလုပ်နေသည့် အလုပ်တူသူငယ်ချင်းအတော်များများလည်း ကြုံတွေ့ခဲ့ရကြောင်း သိလိုက်ရပြန်သည်။


၂၀၀၉ခုနှစ်၏နွေရာသီနေ့လယ်ခင်းတစ်ခုတွင်ဖြစ်သည်။ အိနှင့်သူ ငယ်ချင်းနှစ်ယောက် အလံပြဘုရားလမ်းမ (ဆူးလေဘုရားတည်ရှိရာနေရာသို့ အဆင်း)ပေါ်မှအဆင်းတွင် စကားများဖောင်ဖွဲ့ကာဖြင့် လမ်းလျှောက်လာခဲ့ကြသည်။ ထိုသို့ အိနှင့်သူငယ်ချင်းများ စကားများပြောကာလမ်းလျှောက်လာစဉ်အတွင်း သူမတို့၏ရှေ့တည့်တည့်မှ လမ်းလျှောက်လာနေသည့် အသက်သုံးဆယ်ဝန်းကျင်လူတစ်ဦးဆီသို့ မျက်လုံးသုံးစုံတို့တစ်ပြိုင်တည်းရောက်သွားကြပြီး စက္ကန့်ပိုင်းအတွင်းမှာပင် မည်သည့်စကားလုံးကိုမျှဆက်လက်မပြောနိုင်ကြတော့လောက်အောင်ပင် ဆွံ့အသွားကြသည်။အိနှင့်သူငယ်ချင်းနှစ်ယောက်တို့ ထိုသူ့ထံတွင်မြင်တွေ့လိုက်ရသည့်မြင်ကွင်းက ထိုသူဝတ်ဆင်ထားသည့် ပုဆိုးခပ်နွမ်းနွမ်း၏ ခါးအောက်ပိုင်းအလယ်တည့်တည့်နေရာတွင် အပေါက်ကြီးတစ်ပေါက်ပေါက်နေခြင်းဖြစ်သည်။ ထိုမြင်ကွင်းကိုမြင်လိုက်ကြရသည့် အိတို့သူငယ်ချင်းသုံးယောက်ချက်ချင်းဆိုသလိုအတူတူသဘောပေါက်လိုက်ကြသည်က ထိုသူ၏ပေါက်နေသောပုဆိုးမှာ တမင်တကာရည်ရွယ်ချက်တစ်ခုဖြင့် ဖောက်ထားခြင်းပင်ဖြစ်သည်ဟုပင်. . .။

မိန်းကလေးသုံးဦးအင်အားကိုမမှုဘဲ ကိုယ်အမူအရာဖြင့်စော်ကားသွားခဲ့သည့် ထိုသူမှာစိတ်ရောဂါခံစားနေရသည့်အမူအရာမျိုးမဟုတ်ဘဲသူ၏ရည်ရွယ်ချက်အောင်မြင်သွားသည့်မျက်နှာအမူအရာမျိုးကိုသူမတို့မြင်အောင်ပြသသွားခဲ့သေးသည်။မည်သည့်တုံ့ပြန်မှုမျိုးကိုမျှပြုလုပ်နိုင်လောက်အောင်ရှက်သွားခဲ့ကြသည့် အိတို့သူငယ်ချင်းသုံးယောက်လုံးငါ်သများဖြင့်ပြည့်နှက်နေခဲ့ပြန်သည်။

အမျိုးသမီးများ၏ ကြန္ဒြေနှင့် အရှက်သိက္ခာကို ကိုယ်ထိလက်ရောက်စော်ကားခြင်းမျိုးမဟုတ်သည့် အမြင်အာရုံဖြင့်စော်ကားခြင်း၊ အကြားအာရုံဖြင့်စော်ကားခြင်းအစရှိသည့်စော်ကားခြင်းမျိုးများ အပြင်နောက်ထပ်သောအမျိုးသမီးများကို နောက်ထပ်သောအပြုအမူမျိုးဖြင့် အရှက်ရအောင် စော်ကားသည့်အခြားသောပုံစံမျိုးလည်းရှိနေသေးသည်။

လှိုင်သာယာရှိမိခင်ဖြစ်သူ၏အိမ်သို့ အလည်သွားရန်အတွက် အသက်ငါးဆယ်ခန့်ရှိနေပြီဖြစ်သည့်ဒေါ်လှလှတစ်ယောက် ၉၇ ဒိုင်နာယာဉ်ပေါ်သို့တက်လာပြီး လွတ်နေသောနေရာတစ်ခုတွင်ဝင်ပြီးထိုင်လိုက်သည်။ မှတ်တိုင်သုံးခုခန့်ရောက်ရှိအပြီးတွင် သူမခံစားလိုက်ရသည်က သူမ၏ ထမီအောက်ပေါင်အနားတွင် ပူနွေးသော အထိအတွေ့ခံစားမှုမျိုးကို ခံစားလိုက်ရသော်လည်း တဖြည်းဖြည်းပြည့်ကျပ်လာသော ခရီးသည်များကြောင့်၊ ပူအိုက်သောရာသီဥတုကြောင့်ဟု ထင်မိခဲ့ပြီး နောက်ထပ်မှတ်တိုင်သုံးခုခန့် အရောက်တွင်မသင်္ကာသဖြင့် ဆွဲခြင်းဖြင့်ဖိထားမိသော သူမ၏ထမီပေါ်သို့ ရုတ်တရက် ဖယ်ပြီးကြည့်ရာတွေ့လိုက်ရသည်ကအမျိုးသားတစ်ဦး၏လက်တစ်ဖက်ဖြစ်သည်။

တစ်ဖက်သို့



# တူနှစ်ကိုယ် ဖူးစာဖက်ရာမှာမပါမဖြစ်တဲ့ ခန်းဝင်ပစ္စည်းများ

ယုဇနကိုကို

မကြာမီရောက်ရှိလာတော့မည့် ဝါကျွတ်ကာလတွင် ထိမ်းမြားမင်္ဂလာဆောင်နှင်းကြတော့မည့် သူများအတွက် အဓိကမဖြစ်မနေလိုအပ်သည့် အရာများထဲတွင် မင်္ဂလာခန်းဝင်ပစ္စည်းများကထိပ်ဆုံးက ပါဝင်နေသည်။ မင်္ဂလာခန်းဝင်ပစ္စည်းများဝယ်ယူတော့မည်ဆိုလျှင် ခုတင်၊မွေ့ရာ၊ အိပ်ရာခင်း၊ခေါင်းအုံး၊စောင်၊ခြင်ထောင် အစရှိသည့် အသုံးအဆောင်များက မင်္ဂလာဆောင်နှင်းမည့်သူများအတွက်အဓိကအကျဆုံးအသုံးအဆောင်များ ဖြစ်နေသည်။

ခုတင်ဝယ်ယူလိုသည့်မင်္ဂလာစုံတွဲများအတွက်ရွေးချယ်ဝယ်ယူနိုင်မည့် ခုတင်အမျိုးအစားသုံးမျိုးခန့်ရှိသည်။ ကြိတ်သား၊ကျွန်း၊သံ အစရှိသည့် ခုတင်အမျိုးအစားများကို ဒီဇိုင်းပုံစံအမျိုးအစားမျိုးစုံဖြင့် ရွေးချယ်နိုင်မည်ဖြစ်သည်။

ကြိတ်သားနှစ်ယောက်အိပ်ခုတင်တစ်လုံးလျှင် ကျပ်တစ်သိန်းကိုးသောင်းဝန်းကျင်မှ ကျပ်နှစ်သိန်းကျော်ကျော်ဝန်းကျင်အထိ ဈေးနှုန်းများရှိသည်။ ကျွန်းသားခုတင်တစ်လုံးလျှင် ကျပ်သုံးသိန်းကျော်ဝန်းကျင်မှ ခုနှစ်သိန်းကျော်အထိဈေးနှုန်းအမျိုးအစားမျိုးစုံရှိမည်ဖြစ်သည်။ သံထည်ခုတင်တစ်လုံးလျှင် ကျပ်တစ်သိန်းကျော်မှ အမြင့်ဆုံးကျပ်နှစ်သိန်းကျော်အထိရှိမည်ဖြစ်သည်။

မင်္ဂလာခန်းဝင်ပစ္စည်းများတွင် နောက်ထပ်မရှိမဖြစ်အိပ်ရာခန်းဝင်ပစ္စည်းဖြစ်သည့် မွေ့ရာကိုလည်းအမျိုးအစားစုံလင်စွာဝယ်ယူရရှိနိုင်မည်ဖြစ်သည်။ လဲမှို့မွေ့ရာ၊ စပရိန်မွေ့ရာ၊ ရေမြှုပ်မွေ့ရာ အစရှိသဖြင့် နှစ်သက်ရာ ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်သည်။

အရွယ်အစားအားဖြင့် တစ်လက်မအမြင့်မှ ရှစ်လက်မအထိရှိသည့် မွေ့ရာများကို အမျိုးအစားနှင့်ထုထည်ပေါ်မူတည်ပြီးဈေးနှုန်းများ ကွာခြားမည်ဖြစ်သည်။

လဲမှို့မွေ့ရာတစ်ခုလျှင် အနည်းဆုံးကျပ်ငါးသောင်းဝန်းကျင်မှ အမြင့်ဆုံးရှစ်သောင်းကျော်ဝန်းကျင်အထိရှိမည်ဖြစ်သည်။ စပရိန်မွေ့ရာတစ်ခုလျှင် အနည်းဆုံးကျပ်တစ်သိန်းကျော်မှဝန်းကျင်မှ ကျပ်ခုနှစ်သိန်းကျော်အထိရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်ပြီး ထုထည်အားဖြင့် နှစ်လက်မထု၊ လေးလက်မထု၊ခြောက်လက်မထုအထိထုတ်လုပ်ထားကြသည်။ ရေမြှုပ်မွေ့ရာတစ်ခုလျှင် ကျပ်ကိုးသောင်းဝန်းကျင်မှ တစ်သိန်းကျော်ဝန်းကျင်အထိရှိမည်ဖြစ်သည်။

မင်္ဂလာအိပ်ရာခင်းနှင့်တွဲဖက်ပြီး မဖြစ်မနေဝယ်ယူရမည့်နောက်ထပ်အိပ်ရာခန်းဝင်ပစ္စည်းတစ်ခုကခေါင်းအုံးဖြစ်သည်။ ဆီလီကွန်ခေါင်းအုံး၊ လဲမှို့ခေါင်းအုံး၊ ရေမြှုပ်ခေါင်းအုံးအစရှိသဖြင့်အမျိုးအစားသုံးမျိုးခန့်ရှိမည်ဖြစ်သည်။ ဆီလီကွန်ခေါင်းအုံးတစ်လုံးလျှင် ဈေးနှုန်းကျပ်သုံးထောင်ကျော်ဝန်းကျင်မှခြောက်ထောင်ကျော်၊ခုနှစ်ထောင်ကျပ် ဝန်းကျင်အထိရှိမည်ဖြစ်သည်။ လဲမှို့ခေါင်းအုံးတစ်လုံးလျှင် ကျပ်လေးထောင်ဝန်းကျင်မှ ငါးထောင်ကျော်ကျော်ဝန်းကျင်အထိရှိမည်ဖြစ်သည်။ရေမြှုပ်ခေါင်းအုံးတစ်လုံးလျှင် ကျပ်ငါးထောင်ဝန်းကျင်ဖြင့် နှစ်သက်ရာရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်သည်။

တစ်ဆက်တည်းလိုအပ်မည့်မင်္ဂလာ အိပ်ရာခန်းဝင်ပစ္စည်းများအနေဖြင့် ခြုံစောင်၊ဖက်လုံး၊ခြင်ထောင်များကိုလည်းမဖြစ်မနေဝယ်ယူရမည်ဖြစ်သည်။ ဒီဇိုင်းအမျိုးမျိုး၊ချုပ်သားအမျိုးမျိုးနှင့် ခြုံစောင်များကိုမူ ကျပ်တစ်သောင်းဝန်းကျင်မှ ငါးသောင်းဝန်းကျင်အထိ စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်သည်။ ဈေးနှုန်းသက်သာပြီး အရည်အသွေးမည့်သောခြုံစောင်များကိုသာ ဝယ်ယူလိုသောမင်္ဂလာမောင်မယ်များအနေဖြင့် ကျပ်ငါးထောင်မှ ရှစ်ထောင်ဝန်းကျင်ရှိသောအမျိုးအစားများကို အချို့သောဆိုင်များတွင်ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။

ခြင်ထောင်လိုအပ်သည့်သူများအတွက်မူ ဒီဇိုင်းပုံစံအမျိုးမျိုးနှင့် ခြင်ထောင်များအား မိမိ၏မင်္ဂလာအိပ်ခန်းပုံစံပေါ်မူတည်ပြီးရွေးချယ်နိုင်မည်ဖြစ်သည်။ ဈေးနှုန်းများမှာ ကျပ်တစ်သောင်းဝန်းကျင်မှ သုံးသောင်းကျပ်ဝန်းကျင်အထိရှိသော်လည်း မင်္ဂလာခြင်ထောင်သီးသန့်ဒီဇိုင်းမဟုတ်သည့် ရိုးရိုးမိသားစု သုံးခြင်ထောင်များကိုလည်း ဈေးနှုန်းကျပ်လေးထောင်ဝန်းကျင်မှ ခြောက်ထောင်ကျပ်ဝန်းကျင်အထိ သက်သာသောဈေးနှုန်းများဖြင့် ဝယ်ယူနိုင်မည်ဖြစ်သည်။

မင်္ဂလာခန်းဝင်ပစ္စည်းများဝယ်ယူမှုတွင် အလှပြင်မှန်တင်ခုံဝယ်ယူလိုသောသူများအတွက်မူ ကျပ်ခြောက်သောင်းခွဲမှ ကျပ်နှစ်သိန်းကျော်ဝန်းကျင်အထိ ဒီဇိုင်းစုံ၊အမျိုးစားစုံကိုစိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်သည်။ အဝတ်ဗီရိုများကို ကြိတ်သား၊ကျွန်းသားအစရှိသည်ဖြင့်ရရှိနိုင်မည်ဖြစ်ပြီး ဈေးနှုန်းများမှာ အမျိုးအစားပေါ်မူတည်ပြီး ကျပ်တစ်သိန်းခွဲမှ ကျပ်သုံးသိန်းကျော်အထိရှိမည်ဖြစ်သည်။

အထက်ပါမင်္ဂလာခန်းဝင်ပစ္စည်းများမှာ တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့မှ အများဆုံးဝင်ရောက်လာခြင်းများဖြစ်ပြီး အချို့သောအမှတ်တံဆိပ်များမှာသြစတြေးလျနိုင်ငံ၊ မလေးရှားနိုင်ငံတို့မှ ဝင်ရောက်လာခြင်းများဖြစ်ကာ ပြည်တွင်းဖြစ်မင်္ဂလာခန်းဝင်ပစ္စည်းများကိုလည်း ဗိုလ်ချုပ်ဈေးကဲ့သို့သောနေရာမျိုးတွင် တစ်နေရာတည်းဖြင့် စုံလင်စွာဝယ်ယူရရှိနိုင်မည်ဖြစ်သည်။

အထက်ပါမင်္ဂလာခန်းဝင်ပစ္စည်းများ နှင့် ဈေးနှုန်းများမှာရန်ကုန်နှင့်မန္တလေးမြို့များတွင်ဖွင့်လှစ်ထားသော စိန်နှင့်မြမွေ့ရာဆိုင်၊ ဆွိတီးဟုမ်းမ်၊ Discount Corne ၊Valent ine၊Sweet Home ၊Sinma အစရှိသည့် မင်္ဂလာခန်းဝင်ပစ္စည်း အရောင်းဆိုင်များနှင့် ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးရှိ မင်္ဂလာခန်းဝင်ပစ္စည်းအရောင်းဆိုင်များမှ ကောက်ယူစုံစမ်းသိရှိရသော အချက်အလက်များဖြစ်ပါသည်။

## ဘယ်ဝတ်စုံနဲ့ ပွဲလယ်တင့်လိုသလဲ

ယုဇနကိုကို




နာမည်ကြီးဖက်ရှင် ဒီဇိုင်နာတွေရဲ့ လက်ရာတွေကိုမှ မိမိတို့ရဲ့မင်္ဂလာပွဲမှာ ငှားရမ်းဝတ်ချင်ပါတယ်ဆိုတဲ့အတွက် သတို့သမီးထိုင်မသိမ်း၊ သတို့သားခေါင်းပေါင်း၊ တိုက်ပုံ၊ တောင်ရှည်ပုဆိုး နှစ်စုံကို ကျပ်တစ်သိန်းခွဲကနေ ခြောက်သိန်းနီးပါးအထိ ရှိပါတယ်။ ရိုးရိုးမြန်မာဧည့်ခံပွဲဝတ်စုံဆိုရင်တော့ ကျပ်တစ်သိန်းကနေ ကျပ်လေးသိန်းဝန်းကျင်အထိ ရှိမှာဖြစ်ပါတယ်။

မြန်မာရိုးရာ ထိုင်မသိမ်း၊ တောင်ရှည်(သို့မဟုတ်) ရိုးရိုးမြန်မာမင်္ဂလာဧည့်ခံပွဲ ဝတ်စုံကို ငှားရမ်းမယ်ဆိုရင် ငှားရမ်းတဲ့ဆိုင်အများစုက သတို့သမီးဝတ်စုံ ငှားတာနဲ့တင် သတို့သားဝတ်စုံကို အခမဲ့ဝန်ဆောင်မှုပေးမှာ ဖြစ်ပါတယ်။ အချို့သော မင်္ဂလာဝတ်စုံ ငှားရမ်းရေးဆိုင်တွေကတော့ သတို့သားဝတ်စုံငှားရမ်းခကို ကျပ်သုံးသောင်းကနေ ကျပ်ငါးသောင်းအထိ ငှားရမ်းခယူလေ့ရှိပါတယ်။

မင်္ဂလာဝတ်စုံကို ကိုယ်ပိုင်ချုပ်လိုတဲ့ မင်္ဂလာစုံတွဲတွေအတွက်ကတော့ မင်္ဂလာဝတ်စုံအပ်ထည်လက်ခံတဲ့ မည်သည့်ဆိုင်မှာမဆို အနည်းဆုံးတစ်လ ကြိုတင်အပ်နှံဖို့တော့ လိုပါလိမ့်မည်။ မင်္ဂလာဝတ်စုံချုပ်ခတွေကလည်း အပ်နှံတဲ့ဆိုင်နဲ့ ဒီဇိုင်နာပေါ်မူတည်ပြီး ဈေးနှုန်းအနည်းဆုံး ကျပ်တစ်သောင်းခွဲကနေ တစ်သိန်းကျော်အထိရှိမှာ ဖြစ်ပါတယ်။

ဝတ်စုံရဲ့ အရည်အသွေးပေါ်မူတည်ပြီး ငှားရမ်းခ၊ ချုပ်ခကျပ်ဆယ်သိန်းအထိ ရှိနိုင်မယ့် မင်္ဂလာဝတ်စုံတွေကို ကိုယ်ပိုင်ပိတ်စဝယ်ယူပြီး ဗိုလ်ချုပ်ဈေးလို အပ်ချုပ်ဆိုင်ပေါများတဲ့ နေရာမျိုးမှာ တစ်ခါတည်းဝယ်ယူအပ်နှံမယ်ဆိုရင်တော့ သတို့သား၊ သတို့သမီး ဝတ်စုံအတွက် ကျပ်နှစ်သိန်းနီးပါး ကျသင့်မှာဖြစ်ပြီး ချုပ်ခတွေကတော့ ကျပ်ငါးသောင်း (သတို့သား၊ သတို့သမီးဝတ်စုံ)ဝန်းကျင်အထိ ကျသင့်နိုင်ပါတယ်။

အထက်ဖော်ပြပါ မင်္ဂလာဝတ်စုံငှားရမ်းခနဲ့ အပ်နှံခ၊ ဝယ်ယူခနှုန်းထားတွေကတော့ ဖက်ရှင်ဒီဇိုင်နာ ခင်စန်းဝင်း၊ ပြည်စိုးအောင်၊ ကိုမာ(မိတ်ကပ်)၊ မိုးကုတ်ပေါက်ပေါက်နှင့် ဗိုလ်ချုပ်ဈေးတွင်ဖွင့်လှစ်ထားတဲ့ မင်္ဂလာဝတ်စုံပိတ်စအရောင်းဆိုင်၊ အပ်ချုပ်ဆိုင်တွေကနေ စုဆောင်းထားတာဖြစ်ပါတယ်။

## စာ – ၁၀၊ ပြန်ပြောဖို့တော့ ခပ်ခက်ခက် မှ

သူမ၏အကြည့်ကချက်ချင်းလက်ပိုင်ရှင်ကို ကြည့်လိုက်မိတော့ အသက်နှစ်ဆယ်ကျော်ကျော်သာရှိသေးသည့် အိမ်မှသားအရွယ်သာသာအမျိုးသားတစ်ဦးဖြစ်နေသည်။ သို့သော်သူမ မသင်္ကာစိတ်တို့ အမှန်တကယ်ဖြစ်နေသည်ကိုသိလိုက်သည်နှင့် တစ်ပြိုင်တည်းမှာပင် သူမချက်ချင်းတုံ့ပြန်လိုက်မိသည်က ထိုလူငယ်၏ပါးတစ်ဖက်ကို အသံထွက်သည်အထိ ရိုက်ချလိုက်ခြင်းပင်. . .။

"ခင်ဗျားဘာလို့ကျုပ်ပါးကိုချတာလဲ။ ခင်ဗျားကိုဘာလုပ်လို့လဲ"ဟူပြီးထို လူငယ်၏တုံ့ပြန်မှုကို သူမပြန်တုံ့ ပြန်ခဲ့သည်က "နင်ဘာလုပ်လိုက်လဲ ဆိုတာနင်သိပါတယ်။ ငါကနင့်အမေအရွယ်လောက်ရှိပါတယ်ဟယ်။ ငါမှမဟုတ်ဘူး၊ ဘယ်မိန်းကလေး၊ အမျိုးသမီးကိုမှ လုပ်ဖို့မသင့်တော်ပါဘူးဟယ်" ဟူ၍ဖြစ်သည်။

လိုင်းကားများကိုသာ အဓိကအသုံးပြုနေရသော ရန်ကုန်မြို့ ၏ လိုင်းကားများပေါ်တွင် ခရီးသည်ပြည့်နေသည်ကို အခွင့်ကောင်းယူတတ်သည့် ကိစ္စများကို ကြုံတွေ့ရသည်မှာ နောက်ထပ် မနှင်းနှင်းတို့အပြင် သူမ၏သူငယ်ချင်းများလည်းရှိသေးသည်။

"ကျွန်မနည်းနည်းငယ်ငယ်တုန်းက ဆယ်တန်းအောင်ပြီးခါစလောက်ကပါ။ လေးဆယ့်ငါးကားကြီးစီးပြီး မြို့ထဲမှာအလုပ်သွားဆင်းတော့ဖြစ်တာပါ။ကျွန်မကနေရာမရတော့ နှစ်ယောက်ထိုင်ခုံတစ်ခုရဲ့ဘေးမှာရပ်နေတာ။လူကကျပ်တော့ထိုင်ခုံရဲ့ လက်တင်တဲ့တန်းလေးကိုမှီထားသလိုဖြစ်နေတယ်။ အဲလိုဖြစ်နေတာမှာ ကျွန်မပေါင်ကို တစ်ခုခုလာထိနေသလိုခံစားမိပေမယ့် လူကျပ်လို့လက်တင်တန်းကို ထိမိနေတာလို့ပဲထင်တာ။ ဒါပေမဲ့ ကျွန်မပေါင်နားကိုထိမိနေတဲ့အရာကို တဖြည်းဖြည်းနဲ့မသင်္ကာလာလို့ ကြည့်မိလိုက်တော့ အဲဒီခုံမှာထိုင်နေတဲ့အသက်လေးဆယ်လောက် လူကြီးတစ်ယောက်ရဲ့လက်ဖြစ်နေတယ်။ အဲဒီအချိန်တုန်းက ငယ်လည်းငယ်ပြီးတော့ ကြောက်လည်းကြောက်၊ ရှက်လည်းရှက်နဲ့ဆိုတော့ ဘာမှမ တုံ့ပြန်နိုင်ခဲ့ဘူး။ ငိုလည်းငိုချင်ခဲ့တယ်။ ခုချိန်ထိပြန်သတိရတိုင်း အသားဆတ်ဆတ်တုန်တယ်"ဟု သူမညီမဝမ်းကွဲတစ်ဦးကလည်းဆိုသည်။

မြန်မာအမျိုးသမီးများ၏ အရှက်သိက္ခာ၊ ကာယဣန္ဒြေကို ပျက်ပြားအောင်ပြုမူစော်ကားသည့်သူများကို မြန်မာနိုင်ငံမှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေအရ ပြစ်မှုပုဒ်မ၃၅၄ဖြင့် တိုင်ကြားအရေးယူနိုင်မည်ဖြစ်ပါသည်။ အမျိုးသမီးအများစုကြုံတွေ့နေရသည့် ထိုကဲ့သို့သောအဖြစ်အပျက်များကိုကြုံတွေ့လာလျှင်အနီးစပ်ဆုံးရှိနေသည့် ပတ်ဝန်းကျင်မှအခြားသောသူများကို အကူအညီတောင်းခံသင့်ပြီး ထိုမှတစ်ဆင့် သက်ဆိုင်ရာမြို့နယ်ရဲစခန်းများကိုမဖြစ်မနေ တိုင်ကြားသင့်ကြောင်း ပြည်တွင်းထုတ် သတင်းဂျာနယ်အချို့တွင် ရေးသားဖော်ပြမှုများရှိခဲ့သည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးများ၏ ဣန္ဒြေကိုပျက်ပြားအောင်ပြုမူလုပ်ဆောင်သည့် ယင်းကဲ့သို့သောအမှုကိစ္စများအတွက် ပြစ်မှုပုဒ်မ ၃၅၄(ရာဇသတ်ကြီးပုဒ်မ)ဖြင့်တရားစွဲဆိုအရေးယူနိုင်မှာဖြစ်ပြီး သူမဟုတ်သည့် အခြားသောအမျိုးသမီးများလည်း ယင်းကဲ့သို့ မျက်စိရှေ့တွင်ကြုံတွေ့ရသည်ကိုမြင်တွေ့ခဲ့မည်ဆိုလျှင် နည်းလမ်းတစ်ခုခုဖြင့် ဝင်ရောက်ကူညီပေးမယ်လို့ ဆုံးဖြတ်ချက်ကိုလည်းချခဲ့ပြီဖြစ်ပါသည်။

## စာ – ၉၊ နှစ်ကျပ်တိုးနှင့် လည်ပတ်နေကြသူများမှ

တစ်နေ့တွင် ငွေဖြစ်လာမည့် တီလားဗီးယားငါးကန်လေးကိုတော့သူမက ကောင်းကောင်းဂရုစိုက်၊ အရိပ်တကြည့်ကြည့်နှင့်ရှိနေသည်။ လာမည့်စပါးပေါ်ချိန်တွင် ထိုကန်ဖော်နိုင်ရေးစိတ်ကူးနေရပြီ။ ယခုတော့လက်တွေ့နှစ်ကျပ်တိုးငွေလေးနှင့်ကြိုးစားလည်ပတ်နေရသေး၏။

ထို့ကြောင့် ချေးငွေအစည်းအဝေးတိုင်းတွင် "**မင်္ဂလာပါ**" ဟုအသံအကျယ်ဆုံးနှုတ်ဆက်တတ်သည့် သူမက သူမလက်ထဲသို့ငွေရောက်တိုင်းလည်း အခြားသူများနည်းတူ လက်ကလေးနှစ်ဖက်နှင့်ယှဉ်ရင်း "**ကျေးဇူးတင်ပါတယ်ရှင်**" ဟုအော်ဟစ်ကျေးဇူးပြုနေရပေဦးမည်။

7 DAY NEWS JOURNAL
Vol.9, No.29 • OCTOBER 7, 2010



# အပြိုင်နွှဲမယ့် မင်္ဂလာဆောင်တွေလာပြီ

နေလင်းအောင်၊ သဇင်ထွေး

"ဒီနှစ်က ကြီးကြီးကျယ်ကျယ် ပြောရရင်တော့ ဂလိုဘယ်လိုက်ဇေးရှင်း ကြောင့်ပဲလား မသိဘူး။ ညှော်ခံပွဲ ကြီးတွေ လုပ်ချင်တဲ့သူများတယ်။ အရင်က မင်္ဂလာဆောင်ဆို ဆွမ်း ကျွေးနဲ့ ပုံမှန်ပွဲတွေလောက်ပဲ။ အခုက ဟိုတယ်ကြီးတွေမှာ မင်္ဂလာဆောင်တွေ ပိုများနေတယ်"

နှစ်စဉ်ကဲ့သို့ ရောက်လာ ပြန်ပြီဖြစ်သော မင်္ဂလာဆောင်ရာ သီတွင် နှစ်စဉ်ထက် ထူးခြားလာ သော ယခုနှစ် ညှော်ခံပွဲပြုလုပ်မှု ပုံစံပြောင်းလဲလာခြင်းနှင့်ပတ် သက်၍ မင်္ဂလာအခမ်းအနားမှူး တစ်ဦးက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

၂၀၁၀ ခုနှစ်၏ မင်္ဂလာ ဆောင် ညှော်ခံပွဲရာသီ အစပိုင်းမှာ ယခင်နှစ်များကထက် ဟိုတယ်ကြီး များ၏ ပွဲရက်ရယူမှုသည့် မြင့် တက်နေသည်။ ရန်ကုန်မြို့ တွင်းရှိ နာမည်ကြီး ဟိုတယ်များ၊ ညှော်ခံ ပွဲပြုလုပ်နေကျ မင်္ဂလာခန်းမများ၊ မြို့နယ်ခန်းမများသည် ယခု အောက်တိုဘာ ဝါကျွတ်မတိုင်မီ အချိန်မှစ၍ လာမည့် ဒီဇင်ဘာ လအထိ ရက်ကြပ်များနှင့် ကြုံ တွေ့နေရကြောင်း စုံစမ်းသိရှိရ သည်။

မြန်မာနိုင်ငံတွင် မင်္ဂလာ ရာသီအဖြစ် ဝါကျွတ်ကာလဖြစ် သော သီတင်းကျွတ်လပြည့် နောက်ပိုင်းကာလကို မင်္ဂလာ ဆောင်မည့်သူများ အလေးပေး ရွေးချယ်ကြသည်။ ထိုကြောင့် သီတင်းကျွတ်လပြည့်နေ့မတိုင်မီ တစ်လခန့်မှစ၍ မင်္ဂလာခန်းဝင် ပစ္စည်းရောင်းသောဆိုင်များအ တွက် အလုပ်အများဆုံးကာလ များဖြစ်သည်။

ယခုနှစ်တွင် ထူးခြားမှုမှာ ဂဏန်းအတွဲများကို ကြိုက်နှစ် သက်သော မောင်နှံများက လာ မည့်အောက်တိုဘာ ၁၀ ရက်မှာ ၁၀-၁၀-၂၀၁၀ ဖြစ်၍ မှတ်မှတ် ရရ မင်္ဂလာပွဲဆင်နွှဲလိုကြသည်။ ယခုနှစ်တွင် ရန်ကုန်၌ မင်္ဂလာ ဆောင်လိုသူ နှစ်တိုင်းထက် ပိုများ ၍ နှစ် ၂၀အတွင်းပထမဆုံးဖြစ် သော ရွှေကောက်ပွဲကျင်းပမည့် နိုဝင်ဘာ ၇ရက်နေ့မှာပင် ဟို တယ်အချို့၌ ခန်းမအမှာများရရှိ နေပြီဖြစ်သည်။

"အစက စီစဉ်ထားတာတော့ ခန်းမတစ်ခုခု ငှားပြီးပဲ လုပ်လိုက် မလို့။ ဒါပေမဲ့ အပြင်ခန်းမတွေ က ယူတဲ့နှုန်းနဲ့ ဟိုတယ်တွေမှာ ဆောင်တဲ့ နှုန်းက သေချာတွက် ကြည့်တော့ အများကြီး မကွာဘူး။ ဒါနဲ့ပဲ ဟိုတယ်မှာ ဆောင်ဖို့ စီ စဉ်ဖြစ်သွားတယ်" ဟု လာမည့် နိုဝင်ဘာလဆန်းပိုင်းတွင် မင်္ဂလာ ဆောင်ရန် စီစဉ်ထားသည့် ကိုဝင်း ချိုကပြောသည်။

ရန်ကုန်မြို့တွင်းရှိ မင်္ဂလာ ဆောင်ခန်းမများနှင့် ဟိုတယ်ကြီး များသည် ပြီးခဲ့သည့် စက်တင်ဘာ လဆန်းကတည်းက ကြိုတင် ရက်ချိန်းရယူမှုများ ရှိခဲ့ရာ ယခု နှစ် ရာသီအစတွင် အောက်တို ဘာမှ နိုဝင်ဘာလကုန်အထိ ရုံး ပိတ်ရက်များသာမက ကြားရက် များတွင်ပါ မင်္ဂလာပွဲများ ပြည့် နေပြီဖြစ်ကြောင်း ဟိုတယ် ကြီးများနှင့် မင်္ဂလာခန်းမဆောင် ငှားရမ်းမှု လုပ်ငန်းများမှ စုံစမ်း သိရှိရသည်။

ယင်းကာလအတွင်း တစ် ကမ္ဘာလုံးမှ ထူးထူးခြားခြား ရက် တစ်ရက်အဖြစ် မင်္ဂလာဆောင် ကျင်းပကြမည်ဖြစ်သော ၁၀-၁၀- ၂၀၁၀ ရက်တွင်မူ မင်္ဂလာဆောင် အများအပြားရှိနေကြောင်း သိရ သည်။ အိမ်နီးချင်း စင်ကာပူနိုင်ငံ တွင်မူ နိုင်ငံတစ်ဝန်းလုံးမှ စုံတွဲ များ ယင်းနေ့တွင် မင်္ဂလာဆောင် ကျင်းပရန် အပြိုင်အဆိုင်ရှိနေပြီး ယင်းဂဏန်းသုံးလုံးထပ်သည့် ၁၀-၁၀-၂၀၁၀ ရက်တွင် မင်္ဂလာ ဆောင်နှင့် ဆက်နွှယ်သည့် လုပ် ငန်းများအား ရက်ချိန်းယူမှုမှာ ယခင်ကထက် နှစ်ဆနီးပါး မြင့် တက်လာနေကြောင်း ချယ်နယ် နယူးအေးရှားသတင်းတွင် မကြာ မီက ဖော်ပြခဲ့သည်။

ယင်းပြောင်းလဲမှုနှင့်ပတ် သက်၍ မင်္ဂလာဆောင် ဩဘာ စာဖတ်ကြားသူတစ်ဦးက "ကျွန် တော့အမြင်အရ ပြောရရင်တော့ ဒီနှစ်က ရာသီကုန်အထိကို ပွဲတွေ ပိုများနိုင်တယ်။ အဓိကကလူတွေ အမြင်ကျယ်လာသလို Life Style ပြောင်းလဲလာကြတာလည်း ပါ တယ်။ မင်္ဂလာဆောင်ကို အကုန် အကျခံပြီး ခမ်းခမ်းနားနားကို လုပ်ချင် လာကြတာပေါ့။ ကျွန် တော့်အနေနဲ့ဆိုရင် လောလော ဆယ် အချိန်မှာတောင် မနှစ်က ကထက် ၁၀ပွဲလောက် ပိုများနေ တယ်။ မနှစ်က ကျွန်တော်ဆို ပွဲရာချီလောက်ရခဲ့တယ်။ ဒီနှစ် အခြေအနေကတော့ ဒီထက်များ မယ်လို့ မှန်းထားပါတယ်"ဟု မင်္ဂလာအခမ်းအနားမှူး ဦးလှမျိုး ကပြောသည်။

ယခုနှစ်တွင် မင်္ဂလာညှော်ခံ ပွဲပြုလုပ်ရန် ဟိုတယ်နှင့်ခန်းမရရှိ မှု ပိုမိုခက်ခဲလာသည့်အတွက် မင်္ဂလာရက်နှင့်နေရာ ရွေးချယ်ရာ တွင် အလျဉ်းသင့်သလို သာ ဆောင်ရွက်နေကြရကြောင်း မင်္ဂလာညှော်ခံပွဲစီစဉ်နေသူများထံ မှ သိရသည်။

"အခုက ရက်ရာဇာ၊ ပြဿ ဒါးတွေ ရွေးနေလို့မရတော့ဘူး။ စနေ၊ တနင်္ဂနွေရရင်ကံကောင်းပဲ" ဟု သီတင်းကျွတ်အမီ မင်္ဂလာ ဆောင်ရန် စီစဉ်နေသူတစ်ဦးက ဆိုသည်။

ယင်းသို့ ရက်ကျပ်များ များ ပြားလာမှုကြောင့် လက်ရှိတွင် ထုံး တမ်းစဉ်လာအယူအဆဖြစ်သည့် ရက်ကောင်း၊ ရက်မြတ်ရွေးချယ် ခြင်းကို ပယ်ဖျက်မှုများရှိလာကြ ကြောင်း သိရသည်။ အဓိကအား ဖြင့် နေရာနှင့်အချိန်ကို မူတည်၍ စီစဉ်လာကြရခြင်းဖြစ်ရာ ရက် ကောင်း၊ ရက်မြတ်ရရှိခြင်းထက် ရည်ရွယ်ထားသည့် နေ့တွင်ပြုလုပ် နိုင်ရန်သာ ကြိုးပမ်းနေကြသည် ဟု ဆိုသည်။

"ဒီနောက်ပိုင်းက ဒီလိုရက် ရာဇာ၊ ပြဿဒါးရယ် မရွေးနိုင် ကြတော့ဘူး။ ဒါကလည်း အယူ အဆလောက်ဆိုတော့ သိပ်ပြီး ကြီးကြီးမားမား မဟုတ်တော့ပါ ဘူး။ ပြဿဒါးလည်း မရှောင်ဘဲ လုပ်ကြတာပဲ။ မင်္ဂလာဆောင်က မင်္ဂလာရှိတာကို လုပ်တာဆိုတော့ တချို့ကတော့ ဆွမ်းကျွေးတော့ အဲဒီရက်တွေမှာ မဖြစ်မနေ လုပ် ကြတယ်" ဟု မြန်မာညှော်ခံပွဲများ တွင်ဩဘာစာဖတ်ကြားသူ ဆရာ ဦးဘိုဌေးက သုံးသပ်ပြောကြား သည်။ယခုနှစ်စတွင် မင်္ဂလာဆောင် အခြေအနေများကို စောင့်ကြည့် နေသည့် အစားအသောက်လုပ် ငန်း၊ မင်္ဂလာဆောင်ဝန်ဆောင်မှု လုပ်ငန်းများနှင့် ဆက်စပ်စီးပွား ရေးလုပ်ငန်းများ၏ ဝန်ဆောင်ခ နှုန်းထားများသည်လည်း အနည်း ငယ်မြင့်တက်လာကြောင်း သိရ သည်။

လက်ရှိတွင် မင်္ဂလာညှော်ခံ ပွဲများအတွက် မပါမဖြစ် ရှိနေ သည့် ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူး ရေးလုပ်ငန်းများမှာ လာမည့် ဒီဇင် ဘာလအထိ ရက်ချိန်းများ ရရှိ ထားကြပြီးဖြစ်ရာ ယင်းပမာဏ သည် ယခင်နှစ်များထက် ပိုမို လုံ လောက်မှုရှိနေပြီဖြစ်သည်။

အထက်ပါ ဝန်ဆောင်မှုများနှင့် ပတ်သက်၍ စိုင်းဘုန်းထူးဓာတ် ပုံနှင့် ဗီဒီယိုရိုက်ကူးရေးမှ တာဝန် ခံမသင်းသင်းအောင်က "အရင် နှစ်ကထက် ရက်ချိန်းတွေပါ များ လာတယ်။ ၂၀၁၁ နှစ်ဆန်းပိုင်းလ တွေအတွက်ပါ ရက်ကပြည့်သ လောက်ဖြစ်နေပြီ။ ရွှေကောက် ပွဲရက်နဲ့ ဆိုင်လားမဆိုင်လားတော့ မသိပါဘူး"ဟု ဆိုသည်။

သို့သော်လည်း ရွှေကောက် ပွဲကျင်းပပြုလုပ်မည့် နိုဝင်ဘာ ၇ ရက်ကိုမူ အချို့သော ရက်အခက် အခဲရှိသူများက ရွေးချယ်ထားကြ ပြီး ယင်းနေ့တွင်ပင် ဟိုတယ်ကြီး များ၌ ညှော်ခံပွဲလက်ခံထားမှုများ ရှိပြီဖြစ်ကြောင်း သိရသည်။

"ဒါအတွက်နဲ့ ဆိုင်တော့ မဆိုင်ပါဘူး။ လုပ်ကြတာပဲ ရွှေ ကောက်ပွဲက သူ့ဟာနဲ့သူ မင်္ဂလာ ဆောင်က သူ့ဟာနဲ့သူပေါ့"ဟု ယင်းရက်နှင့်ပတ်သက်၍ ဟိုတယ် ကြီးတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုနှစ်တွင် ထူးခြားမှုများ အဖြစ် မြင်တွေ့ရနိုင်သည်က မင်္ဂလာဆောင်အများစုတွင် အ နောက်တိုင်းပုံစံ အခင်းအကျင်းပုံ စံများနှင့်မြင်တွေ့ရဖွယ်ရှိနေပြီး မင်္ဂလာဆောင်ပွဲအများစုတွင် အခမ်းအနားမှူးများထည့်သွင်းမှု ပိုမိုတွေ့မြင်နိုင်လာကြောင်း သိရ သည်။

လက်ရှိတွင် အနုပညာနယ် ပယ်မှ အဆိုတော်၊ တေးသံရှင် မော်ဒယ်များကို အခမ်းအနား စီစဉ်သူအဖြစ် ငှားရမ်းလာကြပြီး အဓိကအားဖြင့် စီစဉ်တင်ဆက်သူ များပြားလာခြင်းနှင့်အတူ ဈေး နှုန်းမှာ အနိမ့်ဆုံး ကျပ်သုံး သောင်းဝန်းကျင်နှင့်ပင် ရရှိနိုင် ခြင်းကြောင့်ဖြစ်ကြောင်း သိရ သည်။

ယင်းသို့ အခြေကြီးကြီးဖြင့် မင်္ဂလာဆောင်နှင်းမည့် ပွဲများနှင့် ဆန့်ကျင့်စွာရှိနေသည်က သိန်း လေးငါးဆယ် ညှော်ခံပွဲ၏ ကုန်ကျ စရိတ်များအား မိဘမဲ့ကျောင်း၊ ဘိုးဘွားရိပ်သာ၊ ပရဟိတလုပ်ငန်း များတွင် လှူဒါန်းခြင်းဖြင့် မင်္ဂလာ ပွဲအမှတ်တရအား စီစဉ်မည့်သူ များလည်း ရှိနေသေးသည်။

မည်သို့ဖြစ်စေ တစ်ဘဝလုံး အတွက် အမှတ်တရခင်းကျင်း ဆောင်နှင်းကြမည့် ညှော်ခံပွဲများ၏ မြင်ကွင်းသည် ယခုနှစ် ၂၀၁၀ နှစ် အလွန် ၂၀၁၁တွင် ပုံစံမျိုးစုံဖြင့် ထူးထူးခြားခြား အတွေ့ရများလာ ဦးမည်ဖြစ်သည်။

## အလှဆုံး မင်္ဂလာမောင်နှံအဖြစ် ဖန်တီးရအောင်

ယုဇနကိုကို



မင်္ဂလာညှော်ခံပွဲအခမ်းအနားတစ်ခုမှာ အဓိကလုပ်ဆောင်ရမယ့်အရာက မိတ်ကပ်အလှပြုပြင်ခြင်းပါ။ ၂၀၁၀ ခုနှစ်ရဲ့ မကြာမီအချိန်အတွင်းမှာ ကျရောက်လာတော့မယ့် ရင်ခုန်စရာကောင်းလှတဲ့ ဒီဝါကျွတ်ကာလမှာ မင်္ဂလာဆောင် နှင်းဖို့ စီစဉ်ထားကြတဲ့ ချစ် သူစုံတွဲတွေအတွက် အဓိကလိုအပ်မှုတွေထဲက အရေးကြီးဆုံးတစ်ခုဖြစ်တဲ့ မိတ်က ပ်အလှပြုပြင်ခြင်းနဲ့ပတ်သက်တဲ့နှုန်းထားတွေကို စုစည်းဖော်ပြပေးလိုက်ပါတယ်။

ယနေ့ခေတ် မိတ်ကပ်အလှပြုပြင်တဲ့ နယ်ပယ်ပြည်တွင်းအနုပညာနယ်ပယ်မှာ နာမည်ကြီးမိတ်ကပ်ခင်စန်းဝင်းအလှပြုပြင်ရေးဆိုင်မှာ သတို့သမီးကို အလှဆုံး ပြင်ဆင်ပြီး ပွဲထုတ်ချင်တယ်ဆိုရင်တော့ ဆိုင်မှာသွားရောက်အပ်နှံ ပြင်ဆင်မယ်ဆိုရင် ကျပ်သုံးသောင်းကျသင့်မှာဖြစ်ပြီး ဟိုတယ်၊ အိမ်အရောက်ပြုပြင်ပေးရမည်ဆိုလျှင် ကျပ်တစ်သိန်းကျသင့်မှာဖြစ်ပါတယ်။ မိတ်ကပ်ခင်စန်းဝင်းမဟုတ်သည့် ၎င်း၏ တပည့် များထံ အပ်နှံမည်ဆိုပါက ဟိုတယ်နှင့်အိမ်အရောက် ပြင်ဆင်ခကျပ်ငါးသောင်းဖြစ်ပြီး ဆိုင်တွင်အရောက်ပြင်မည်ဆိုပါက ကျပ်သုံးသောင်း ကုန်ကျပါမယ်။ နောက်ထပ် နာမည်ရအလှ ပြုပြင်သူတစ်ဦးဖြစ်တဲ့ ရွှေဘုံသာလမ်းက မိတ်ကပ်ကိုမာရဲ့ဆိုင်မှာ သတို့သမီး၊ သတို့သား အလှ ဆင်ယင်လိုသူတွေအတွက်ကတော့ ဟိုတယ်နှင့် အိမ်အရောက် အလှ ပြင်ဆင်မှုအတွက် ကျပ်ရှစ်သောင်း နှင့် ဆိုင်သို့ကိုယ်တိုင် သွားရောက် ပြင်ဆင်မည်ဆိုရင်တော့ ကျပ်လေးသောင်းကျသင့်မှာဖြစ်ပါတယ်။

ဝတ်စုံဖန်တီးမှုတွင်သာမကဘဲ အလှအပဖန်တီးရာမှာလည်း နာမည်ကြီးတဲ့ အလှပြုပြင်သူမိုးကုတ်ပေါက်ပေါက်ဆီမှာဘဲ အလှဆုံး ဖြစ်အောင် ဖန်တီးလိုသူတွေအတွက်ကတော့ ဟိုတယ်နှင့် အိမ်အရောက်ဝန်ဆောင်ခ ကျပ်တစ်သိန်းခွဲကျသင့်မှာဖြစ်ပြီး ဆိုင်မှာ ကိုယ်တိုင်သွား ရောက်ပြင်ဆင်မယ်ဆိုရင်တော့ ကျပ်တစ်သိန်းနှစ်သောင်းကျသင့်မှာပါ။

နာမည်ကျော်ကြား အလှပြု ပြင်သူတွေဆီမှာ မင်္ဂလာညှော်ခံပွဲအတွက် အလှပြင်ဆင်ခြင်းကို အပ်နှံမယ်ဆိုရင်တော့ ဟိုတယ်နဲ့အိမ်အရောက် ကို ကျပ်တစ်သိန်းဝန်းကျင်နဲ့အထက်ကျသင့်မှာဖြစ်ပြီး သူတို့ရဲ့ဆိုင်မှာ သွားရောက်ပြုပြင်မယ်ဆိုရင်တော့ အနည်းဆုံးကျပ်ငါးသောင်းကနေ တစ်သိန်းဝန်းကျင်အထိ ကျသင့်မှာပါ။ အလှပြုပြင်ရေးလောကမှာ အလယ်၊အလတ် အလှပြုပြင်ရေးဆိုင်တွေမှာဆိုရင်တော့ ဟိုတယ်နဲ့အိမ် အရောက် ဝန်ဆောင်ခနှုန်းထား ကျပ်ရှစ်သောင်းဝန်းကျင်နဲ့ ဆိုင်မှာပြင်ဆင်မယ်ဆိုရင်တော့ ကျပ်လေးသောင်းဝန်းကျင်အထိ နှုန်းထားတွေရှိပါ တယ်။ နာမည်ကျော်ကြား အလှပြုပြင်သူများ မဟုတ်သော်လည်း ၎င်းတို့ရဲ့ နယ်ပယ်တွင်လူသိများသောဆိုင် အခြားသော အလှပြုပြင်ရေးဆိုင် များမှာ အပ်နှံချင်တယ်ဆိုရင်တော့ ဟိုတယ်နဲ့အိမ်အရောက်ဝန်ဆောင်ခအတွက် ကျပ်ငါးသောင်းနဲ့ဆိုင်မှာ ပြင်ဆင်မယ်ဆိုရင် ကျပ်သုံးသောင်းဝန်းကျင် သာကျသင့်မှာဖြစ်ပါတယ်။ သတို့သမီး မိတ်ကပ်ပြင်ဆင်မှုအတွက် အထက်ပါမိတ်ကပ် အလှပြင်ဆင်သူများကို မိမိတတ်နိုင်တဲ့နှုန်းထားများနဲ့ ချိန်တွက်ပြီး စိတ်ကြိုက်ရွေးချယ်နိုင်မှာဖြစ်ပါတယ်။ မင်္ဂလာညှော်ခံပွဲမှာ သတို့သမီးလိုပဲ အဓိကကျတဲ့ ပုဂ္ဂိုလ်တွေဖြစ်တဲ့ နှစ်ဖက်မိခင်များရဲ့ ပြင်ဆင်ခနှုန်းထားတွေကတော့ကျပ်နှစ်သောင်းဝန်းကျင်ကနေ ငါးသောင်းဝန်းကျင်အထိရှိနိုင်ပါတယ်။


ဝါကျွတ်မှာ မင်္ဂလာဆောင်ကြမယ့် မောင်နှံများအတွက်ခန်းမငှားရမ်းမှုဈေးနှုန်းများမှာ ယခင်နှစ်ကထက်စာလျှင် ခန်းမဈေးမပြောင်းဘဲ အစား အသောက်ဈေးနှုန်းများသာ ပြောင်းလဲခဲ့ကြောင်း ခန်းမငှားရမ်းမှုဈေးကွက်မှ စုံစမ်းသိရှိရသည်။

# Health

7DAY NEWS JOURNAL

Vol.9, No.29 · OCTOBER 7, 2010


အသည်းသည် ခန္ဓာကိုယ်အတွင်း ရှိ ဇီဝကမ္မဖြစ်စဉ် အတော်များများ တွင် ပါဝင်ဆောင်ရွက် နေရသည့် ခန္ဓာကိုယ်တွင်းအင်္ဂါ တစ်ခုဖြစ်သည်။




# ဂရုပြုစရာ အသည်းကင်ဆာ

သီဟ

ကိုယ်တွင်းရှိ အညစ်အကြေးများအား စွန့်ပစ်ခြင်း အဆိပ်အတောက်များအား ခေတ်ပြယ်စေခြင်း စသည်တို့အပြင်အစာခြေရန်အတွက် အစာခြေရည်များအား ထုတ်ပေးခြင်း အစားအစာများတွင် ပါဝင်သည့် ကစီဓာတ်၊ အသားဓာတ်၊အဆီဓာတ် အစရှိသည့် အဟာရဓါတ်များ အားလည်းလိုအပ်ပါက အသုံးပြုနိုင်ရန်နှင့် မလိုအပ်သေးပါက သိုလှောင်ထားရန် အတွက်လည်း လုပ်ဆောင်ပေးကြောင်း သိရသည်။

သို့သော် လူသားအများစုသည် အခြားရောဂါများဖြစ်သည့် သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် ရောဂါများအကြောင်း အတန်အသင့် သိရှိထားပြီး ဖြစ်သဖြင့် ဆောင်ရန် ရှောင်ရန်များအား အလေးအနက်ထား လိုက်နာကြသကဲ့သို့ အသည်းအကြောင်းအားလည်း သိရှိနားလည်၍ လိုက်နာကြရန်လိုအပ်ကြောင်း သိရသည်။

အသည်းနှင့် ပတ်သက်၍ ဖြစ်လေ့ရှိသည့်ရောဂါများမှာ အသည်းရောင် အသားဝါ ဘီ၊ စီ၊ အသည်း အဆီဖုံးခြင်း စသည့် ရောဂါများမှ အစပြု၍ အသည်းကင်ဆာအထိဖြစ်ပွားနိုင်သည်။ ထို့အပြင် မြန်မာနိုင်ငံသည် အသည်းကင်ဆာဖြစ်ပွားမှု အများဆုံး ဆယ်နိုင်ငံထဲတွင် ပါဝင်ကြောင်း အသည်းအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာခင်မောင်ဝင်းက ပြောကြားသည်။

ဒေါက်တာ ခင်မောင်ဝင်းက ယခု ၂ ရက်နေ့က လမ်း ၃၀ အထူးကုဆေးခန်းတွင် ကျင်းပသည့် အသည်းကင်ဆာနှင့် ပတ်သက်သော ဟောပြောပွဲတွင် ပြောကြားသွားခဲ့ခြင်းဖြစ်သည်။

အသည်းကင်ဆာသည် အသက် ၂ နှစ်အရွယ်မှစ၍ အသက် ၇၀ အရွယ်အထိ ဖြစ်ပွားနိုင်ကြောင်းဒေါက်တာ ခင်မောင်ဝင်းက ဆက်လက်ပြောကြားသည်။

ယခင်က အသည်းကင်ဆာဖြစ်ပါက ဘဝလမ်းဆုံးအခြေအနေသို့ရောက်ရှိကာ ကုမရတော့သည့် အခြေအနေသို့ ရောက်ရှိပြီဟု ထင်ကြသော်လည်း နောက်ပိုင်းတွင် ကု၍ရသည့်တွေ့ရှိချက်များ ရှိလာပြီဖြစ်ကြောင်း ပါမောက္ခ ဒေါက်တာခင်မောင်ဝင်းက ၎င်းကိုယ်တိုင်တက်ရောက်ခဲ့သည့် ကနေဒါနိုင်ငံ မွန်ထရီရယ်မြို့တွင် ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ အသည်းကင်ဆာအဖွဲ့အစည်းအဝေးမှတွေ့ရှိချက်များအား အခြေခံ၍ပြောပြသည်။

အသည်းကင်ဆာ ဖြစ်ခြင်းသည် အသည်းခြောက်ရာမှ ခြေ-ာက်သည့် အသည်းမှ ကင်ဆာဖြစ်ခြင်း ဖြစ်သည်ဟု သိရသည်။

အသည်းခြောက်စေသည့် အကြောင်းအရင်းမှာ အဓိကအားဖြင့် အသည်းရောင်အသားဝါ ဘီပိုးကြောင့်ဖြစ်ပြီး အသည်းခြောက်ရန် ၆၀ ရာခိုင်နှုန်းခန့်အခွင့်အလမ်းရှိကြောင်း သိရသည်။

ထို့အပြင် အခြားနည်းလမ်းတစ်ခုမှာ အသည်းရောင် အသားဝါ စီ ပိုးဖြစ်ပြီး ထိုပိုးသည် အသည်းခြောက်ရန် ၃၀/၄၀ ရာခိုင်နှုန်းခန့်ရှိပြီး အရက်သောက်ခြင်းကြောင့် အသည်းခြောက်ရန် ၁၀ ရာခိုင်နှုန်းခန့်ရှိပြီး အသည်းအဆီဖုံးခြင်းက ၅ ရာခိုင်နှုန်းခန့်ရှိသည်ဟု ဒေါက်တာ ခင်မောင်ဝင်း ကပြောသည်။

"အသည်း အဆီဖုံးတာကိုလည်း မပေ့ါပါနဲ့ အသည်းအဆီဖုံးတာကလည်း ကင်ဆာဖြစ်စေနိုင်တယ်။ အသည်းအဆီဟာလည်း အရက်လို ဘီပိုးလို စီပိုးလို အသည်းကို ထိခိုက်နိုင်တယ်"ဟု ဒေါက်တာခင်မောင်ဝင်းက အသည်း အဆီဖုံးခြင်းနှင့်ပတ်သက်၍ထပ်လောင်း သတိပေးပြောကြားသည်။

အဆိုပါရောဂါများနှင့် မှိုတက်သည့် အစားအစာများ စားသုံးမိပါကကင်ဆာဖြစ်နိုင်ခြေပိုများကြောင်း သိရသည်။ထို့ကြောင့်အသည်းရောင် ဘီပိုး စီပိုးရှိသူများသည် မှိုတက်နေသည့်အစားအစာများနှင့်အခြောက်အခြမ်းများ မစားသင့်ဘဲ လတ်ဆတ်သည့်အစားအသောက်များကိုသာစားသုံးသင့်ကြောင်း သိရသည်။

အသည်းကင်ဆာ၏ ရောဂါလက္ခဏာများမှာ မျက်လုံးဝါခြင်း၊ ခန္ဓာကိုယ်၏ ညာဘက်ရင်ခေါင်းအခြမ်းအောင့်ခြင်း၊ ခြေထောက်များ ဖောရောင်ခြင်း စသည့်ရောဂါလက္ခဏာများ ပြလာနိုင်ကြောင်း သိရသည်။

"ဘီပိုးရှိပြီဆို အချိန်မရွေးကင်ဆာဖြစ်နိုင်တယ် စီပိုးရှိပြီဆို အချိန်မရွေး ကင်ဆာဖြစ်နိုင်တယ် ဆိုတာကို မေ့လို့မရဘူး" ဟု ဒေါက်တာခင်မောင်ဝင်းက ပြောသည်။

အသည်းကင်ဆာအား ကုသသည့် နည်းလမ်းများမှာ ခွဲစိတ်ခြင်း၊ ကင်ဆာဖြစ်နေသောအစိတ်အပိုင်းအား လှီးထုတ်ခြင်း၊ အသည်း အစားထိုးခြင်း စသည့် နည်းစနစ်များဖြင့် ကုသနိုင်ကြောင်း ပညာရှင်များကပြောသည်။

စာ(၁၄)သို့

# ဘဝအတွက် အရေးကြီးဆုံး အခိုက်အတန့်နှင့် မမေ့သင့်သော အလုပ်



ဝတ်ရည်

မကြာခင် သီတင်းကျွတ်တော့မည့်အတွက် မင်္ဂလာပွဲအတွက်ပြင်ဆင်နေကြသည့် မောင်နှံများမှာ အမျိုးမျိုးသော ပြင်ဆင်စရာများနှင့်အလုပ်တွေ ရှုပ်နေကြသည့်အခါဘဝတစ်လျှောက်လုံးအတွက် အရေးကြီးသည့် ကျန်းမာရေး စစ်ဆေးမှုကိုတော့ မေ့လျော့သွားကြလေ့ရှိကြပါသည်။

လူနှစ်ဦး ပေါင်းဖက်ကြသည့်အခါ အခြားလိုအပ်ချက်များအပြင်ကျန်းမာရေး ကောင်းမွန်နေမှသာ ကျန်းမာပျော်ရွှင်သော အိမ်ထောင်ရေးမျိုးကို ရရှိနိုင်ပြီး ကျန်းမာသောမျိုးဆက်သစ်လေးများ ထွန်းကားနိုင်မည်ဖြစ်သည်။

သို့သော် ကျန်းမာရေး ကြိုတင်စစ်ဆေးထားခြင်း မရှိသည့်အခါ မိမိချစ်သော ဇနီး၊ ခင်ပွန်းများထံသို့ ရောဂါကူးစက်ပြီး စိတ်မချမ်းမြေ့စရာ အဖြစ်မျိုးနှင့် ကြုံတွေ့ရနိုင်ကြောင်း သတိပြုကြရန်လိုအပ်သည်။

ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ရာတွင် ပုံမှန်အားဖြင့် ကူးစက်ရောဂါများရှိ၊ မရှိစစ်ဆေးကြပြီး ဆေးရုံဆေးခန်းများတွင် စစ်ဆေးနိုင်သလို ပြည်တွင်း အင်န်ဂျီအိုများတွင်လည်း အိတ်ချ်အိုင်ဗီ၊ ကာလသားရောဂါများ စစ်ဆေးနိုင်ကြောင်း သိရသည်။

"များသောအားဖြင့် ကူးစက်ရောဂါတွေဖြစ်တဲ့ ခုခံအားကျဆင်းတဲ့ရောဂါ၊ ကာလသားရောဂါ၊ အသည်းရောင်အသားဝါ ဘီပိုး၊စီပိုး၊ အသက်ရှုလမ်းကြောင်းမှတစ်ဆင့်ကူးစက်တဲ့ တီဘီရောဂါ၊ မျိုးရိုးလိုက်တတ်တဲ့ ရောဂါတွေရှိ၊ မရှိစစ်ဆေးကြတာများတယ်။ အဲဒါတွေအပြင် တခြားလိုအပ်တာတွေလည်း စစ်ဆေးသင့်ပါတယ်" ဟု အထွေထွေရောဂါကုဆရာဝန် ဒေါက်တာဒေါ်ငွေးရီကပြောသည်။

ကလေးယူရန် အစီအစဉ်ရှိသူများတွင် ကလေးသို့ပါကူးစက်နိုင်သည့် မျိုးရိုးလိုက်သည့် ရောဂါရှိ၊ မရှိကိုပါစစ်ဆေးသင့်ကြောင်း အရိုးအဆစ်ပညာဌာနမှ ပါမောက္ခဒေါက်တာဦးချစ်စိုးက ပြောသည်။

အခြားသူတစ်ဦးအား ကူးစက်နိုင်သည့် ကူးစက်ရောဂါများရှိမရှိစစ်ဆေးသင့်သလို ကူးစက်ရောဂါမဟုတ်သော်လည်း နောက်ဆက်တွဲရောဂါများပါ ဖြစ်ပွားလာနိုင်သည့် သွေးတိုး၊ ဆီးချို၊ အဆီပိတ် အဝလွန်ရောဂါများ၊ ဆေးလိပ်စွဲ၊ အရက်စွဲ ရောဂါများရှိ၊ မရှိကိုပါ စစ်ဆေးသင့်ကြောင်း သိရသည်။

"လူနှစ်ယောက်ပေါင်းသင်းဆက်ဆံတဲ့အခါ တွဲနေတုန်းက မသိတဲ့သူရဲ့ စိတ်နေစိတ်ထားကိုလည်း ပိုပြီးသိလာတယ်။ အဲဒီအချိန်ကျမှ စကားပြောအဆင်မပြေတာတွေဖြစ်ပြီး ပြဿနာတွေရှိလာနိုင်တဲ့အတွက် စိတ်ပိုင်းဆိုင်ရာတွေလည်း စစ်ဆေးဖို့ လိုအပ်ပါတယ်" ဟုဒေါက်တာဦးချစ်စိုးကပြောသည်။

မင်္ဂလာမဆောင်မီ စစ်ဆေးရမည့် ရောဂါများဟူ၍ တိတိကျကျလမ်းညွှန်ထားခြင်းမရှိဘဲ စစ်ဆေးလိုသူ တောင်းဆိုသည့် စစ်ဆေးခြင်းများကိုသာ စစ်ဆေးပေးကြောင်းသိရသည်။

စာ(၁၄)သို့







7 DAY NEWS JOURNAL
Vol.9, No.29 • OCTOBER 7, 2010

# ဆေးယဉ်တီဘီရောဂါရှင်များအတွက် ပိုးမွေးကုထုံး စတင်အသုံးပြု

**ဝတ်ရည်**

**ရန်ကုန်၊ အောက်တိုဘာ – ၁**

တီဘီရောဂါရှင်များအား ကုသပေးနေသည့် ဆေးလေးမျိုးပေါင်းကုထုံး (dots) မှာ ဆေးယဉ်တီဘီရောဂါရှင်များအတွက် ဆေးမတိုးတော့သဖြင့် ဒုတိယအဆင့် ပိုးမွေး၍ကုသသည့် ကုထုံးကို စတင်အသုံးပြုနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

ဆေးယဉ်တီဘီရောဂါရှင်များ များပြားလာသည့်အတွက် ထိုကုထုံးကို ပြောင်းလဲအသုံးပြုခြင်းဖြစ်ပြီး ထိုကုထုံးမှာ ကုန်ကျစရိတ်များပြား၍ အနည်းငယ်သောလူနာများကိုသာ ဆေးအခမဲ့ပေးနိုင်သေးကြောင်း ရန်ကုန်ဆေးရုံကြီးမှ ပါမောက္ခတစ်ဦးက ပြောသည်။

“ dots ကုထုံးသစ်က အခမဲ့ရနိုင်တဲ့အပြင် အပြင်မှာဝယ်သောက်တယ်ဆိုရင်တောင် တစ်လကို သုံးလေးသောင်းလောက်ပဲ ကုန်ကျနိုင်တယ်။ အခုကုထုံးသစ်အတွက် ဆေးကတော့ အခမဲ့မရနိုင်တဲ့အပြင် တစ်လကို သုံးလေးသိန်းလောက် ကုန်ကျနိုင်ပါတယ်” ဟုအဆိုပါ ပါမောက္ခကပြောသည်။

ပိုးမွေးပြီး ကုသသည့် ကုထုံးမှာပထမ dots ကုထုံးဖြင့် ကုသသော်လည်း ရောဂါမသက်သာသည့်အခါ သလိပ်စစ်ဆေးပြီး ရောဂါဖြစ်သည့် ပိုးအမျိုးအစားအားတိုက်ရိုက်ဆေးပေး၍ ကုသခြင်းမျိုးဖြစ်ကြောင်း အဆိုပါဆရာဝန်ကပြောသည်။

တီဘီရောဂါဖြစ်ပွားပါက ဆေးလေးမျိုးပေါင်းစပ်ထားသည့် dots ကုထုံးအား ၆ လသောက်ရပြီး ဆေးအားစနစ်တကျ အချိန်ပြည့်မသောက်ကြသည့်အခါ ဆေးယဉ်တီဘီသည်များ ဖြစ်လာကြသည်။ ထိုသူများတွင် ဆေးမတိုးတော့ခြင်း၊ အခြားသူများသို့ ကူးစက်သည့်အခါ ဆေးယဉ်တီဘီအဖြစ်ကူးစက်ပြီး ထိုသူများတွင်လည်း ပထမကုထုံးအားမတိုးတော့သည့် ပြဿနာများပါ ကြုံတွေ့ကြရကြောင်း သိရသည်။

“ဆေးကို စနစ်တကျမသောက်ကြတဲ့အတွက် ဆေးယဉ်တီဘီဝေဒနာရှင်တွေ တဖြည်းဖြည်း ပိုမိုများပြားလာတယ်” ဟုအဆိုပါ ပါမောက္ခကပြောသည်။

လူနာများမှာ ဆေးသောက်ရန်ပျက်ကွက်ခြင်း၊ တီဘီဆေးကိုစုပ်ယူမှု မရှိခြင်း၊ ဆေးတုံ့ပြန်မှု၏ ဘေးထွက်ဆိုးကျိုးများအား ကျန်းမာရေးဗဟုသုတ နည်းပါးခြင်း၊ ငွေကြေးမပြည့်စုံခြင်းစသည်တို့ကြောင့် ဆေးယဉ်တီဘီရောဂါရှင်များ များပြားလာခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ဆရာဝန်အသင်းတွင်ပြုလုပ်ခဲ့သည့် တီဘီရောဂါနှင့်ပတ်သက်သော အမြင်သစ်များ ဟောပြောပွဲတွင် ရင်ခေါင်းအထူးကုသမားတော်ကြီး ပါမောက္ခဦးဝင်းနိုင်က ပြောသည်။

“ဒုတိယကုထုံးမှာ နေရာတိုင်းမှာလည်း ရောင်းတာမဟုတ်ဘူး။ ဆေးခန်းတချို့မှာပဲ ရောင်းတဲ့အပြင် အဆုတ်အထူးကုဆရာဝန်ကြီးရဲ့ လက်မှတ်တွေအဆင့်ဆင့်ထိုးထားတဲ့ ဆေးစာနဲ့ပဲရောင်းတယ်” ဟုရန်ကုန်ဆေးရုံကြီးမှ ပါမောက္ခကပြောသည်။

ထိုကုထုံးယူနေသည့် လူအနည်းငယ်ကို အောင်ဆန်းတီဘီရောဂါကုဆေးရုံကြီးတွင် ဆေးအခမဲ့ပေးနေကြောင်း သိရသည်။

# ပဲခူးတိုင်းအတွင်းရှိ HIV/AIDS စောင့်ရှောက်မှုပေးသည့်နေရာ

**ဝတ်ရည်**

**ရန်ကုန်၊ အောက်တိုဘာ – ၃၀**

ပဲခူးတိုင်းအတွင်းရှိ HIV/ AIDS ရောဂါနှင့်ပတ်သက်သည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့်နေရာများ အဖွဲ့အစည်းများကို ဖော်ပြလိုက်ပါသည်။

| နေရာ | ဆက်သွယ်နိုင်သည့်လိပ်စာ၊ ဖုန်းနံပါတ် | အဖွဲ့အစည်း |
|---|---|---|
| ပဲခူး | အမှတ် (၁၂၁)၊ တပင်ရွှေထီးလမ်း၊ ရုံးကြီးလမ်း ဖုန်း - ၀၅၂-၂၃၉၂၉ | MSI |
| ပဲခူး | အမှတ် (၁၀၃) (၂) ရပ်ကွက် မြေတိုင်း (၈) ဘုရင့်နောင်လမ်း၊ ပဲခူး၊ ဖုန်း - ၀၅၂-၃၀၅၂၃ | MNMA |
| ပဲခူး | ပဲခူးဆေးရုံ၊ ဖုန်း - ၀၅၂-၂၁၅၁၁၊ ၂၁၃၁၀၊ ၂၁၀၆၆ | STD Team (Natinal AIDS Program) |
| ပြည် | အမှတ် (၂၈)၊ ဗိုလ်ချုပ်လမ်းထောင့်နှင့် ဦးဝင်းမြစက်လမ်း၊ ရွာဘေးရပ်ကွက်၊ ပြည်မြို့ ဖုန်း - ၀၅၃-၂၄၄၉၅ | MSI |
| ပြည် | ပြည်ဆေးရုံ | STD Team (National AIDS Program) |
| ပြည် (၁) | ရွှေဟင်္သာ၊ အရှေ့ပေါက်လမ်း မဟာရုံဘုန်းကြီးကျောင်းရှေ့၊ ဖုန်း - ၀၅၃-၂၇၂၈၄ | MNMA |
| ပြည် (၂) | အမှတ် (၃၀၉)၊ ဗိုလ်ချုပ်လမ်း၊ မုယာပင်ရပ်ကွက် ရွာဘေးမြို့နယ်၊ ဖုန်း - ၀၅၃-၂၇၀၈၅ | MNMA |
| ပြည် | အခန်း (၂၁)၊ တိုက် (၁) မီးရထားရပ်ကွက် လမ်းရှည်လမ်းနှင့် တက်လမ်းထောင့်၊ စံတော်ရပ်ကွက် ဖုန်း - စီ/အို ၀၅၃-၂၄၇၅၉ | MBCA |
| တောင်ငူ | တောင်ငူဆေးရုံ | STD Team (National AIDS Program) |

## စာ-၁၃၊ ဘဝအတွက် အရေးကြီးဆုံး အခိုက်အတန့်နှင့် မမေ့သင့်သော အလုပ် မှ

အိမ်ထောင်ပြု ပြီးပြီးချင်း ကလေးမယူလိုချင်သူများအနေဖြင့်လည်းသင့်တော်သည့် ပဋိသန္ဓေတားဆေးများအား တတ်ကျွမ်းသည့်သူများနှင့် ကြိုတင်တိုင်ပင်ခြင်း၊ အသက်အတန်ငယ်ရသူများမှာလည်းပြင်းထန်သော လှုပ်ရှားမှုကြောင့် နှလုံးအန္တရာယ်ရှိနိုင်၍ နှလုံးကောင်း၊မကောင်း ကြိုတင်စစ်ဆေးခြင်း စသည်များမှာလည်း မင်္ဂလာမဆောင်မီကြိုတင်စစ်ဆေးထားသင့်သည့်အကြောင်းများဖြစ်သည်။

သို့သော် မင်္ဂလာမဆောင်ခင် ကျန်းမာရေးစစ်ဆေးခြင်း အလေ့အထမှာ ကျန်းမာရေးအသိရှိသော လူအနည်းစုသာပြုလုပ်လေ့ရှိပြီး အများစုသောသူများတွင်ထိုအလေ့အထအားနည်းနေဆဲဖြစ်ကြောင်းသိရသည်။

“အများစုက မလိုအပ်ဘူးထင်ပြီး မလုပ်ကြဘူး။ တချို့ကျတော့လည်း စစ်ဆေးလိုက်တဲ့အခါရောဂါတစ်ခုခုတွေ့သွားရင် ပြဿနာတွေတက်မလား၊ တစ်ဖက်သူက လက်မခံနိုင်လို့ မင်္ဂလာပွဲပျက်သွားမလား စိုးရိမ်ပြီးဆေးမစစ်ကြတာတွေလည်းရှိတယ်။ တကယ်ဆိုရင်ယူပြီးမှ ပြဿနာတက်ပြီး အဆင်မပြေတာတွေဖြစ်တာနဲ့စာရင် မယူခင်မှာ ကြို ပြီးအသိပေးညှိနှိုင်းပြီးနားလည်မှု ယူကြတာပိုသင့်တော်ပါတယ်” ဟုဒေါက်တာဦးချစ်စိုးကပြောသည်။

ရောဂါများ ကြိုတင်သိရှိသည့်အခါ လက်ထပ်လိုက်ပြီး အခြားသူသို့ မကူးစက်နိုင်ရန်ကြိုတင်ကာကွယ်နိုင်ခြင်း၊ အချို့ရောဂါများမှာလည်း ပျောက်ကင်းအောင်ကုသပြီး လက်ထပ်နိုင်ခြင်း၊ မွေးရာပါ ရောဂါများရှိပါကလည်း မွေးဖွားလာသည့် ကလေးအား မကူးစက်နိုင်ရန် ကြိုတင်ကာကွယ်နိုင်ခြင်းစသည့် အားသာချက်များကို ကျန်းမာရေး ကြိုတင်စစ်ဆေးခြင်းဖြင့် ရရှိနိုင်ကြောင်း အဆိုပါဆရာဝန်ကပြောသည်။

“စစ်မယ်လို့ ဆုံးဖြတ်ထားတာက နှစ်ယောက်စလုံးက ကိုယ့်ကိုယ်ကိုယ်ယုံကြည်တယ်။ ဘယ်လိုပဲဖြစ်ဖြစ်လည်း လက်ထပ်မယ်။ မမျှော်လင့်ဘဲ တစ်ခုခုတွေ့ခဲ့မယ်ဆိုရင်လည်း နောင်လာမယ့် မျိုးဆက်ကို ဆက်ပြီးမပြန့်ပွားနိုင်အောင်ကြိုတင်ကာကွယ်နိုင်မည့် နည်းလမ်းတွေကို စောစီးစွာသိဖို့ လက်မထပ်ခင် ဆေးစစ်မှာပါ” ဟု မကြာမီ အိမ်ထောင်ပြုတော့မည့် အသက် ၂၇နှစ်အရွယ် အမျိုးသမီးတစ်ဦးကပြောသည်။ ထိုစစ်ဆေးမှုများအတွက် ငွေကျပ်သောင်းဂဏန်းခန့် ကုန်ကျနိုင်မည်ဖြစ်သည်။

## စာ – ၁၃၊ ဂရုပြုစရာ အသည်းကင်ဆာ မှ

ခွဲစိတ်ရန် အခြေအနေမပေးပါက ကင်ဆာဖြစ်နေသည့် အစိတ်အပိုင်းသည် လေးစင်တီမီတာအောက်ငယ်ပါက ရေဒီယိုအပူလှိုင်းပေး၍ ကုသခြင်း၊ လေးစင်တီမီတာထက်ကြီးပါက local Regional Therapy နည်းဟုခေါ်သည့် ကင်ဆာဖြစ်နေသည့် အလုံးများအားတိုက်ရိုက် ချေဖျက်ကုသနည်းအစရှိသည့် နည်းလမ်းများဖြင့် ကုသနိုင်ကြောင်းသိရသည်။

သို့သော် နောက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာ ကင်ဆာအဖွဲ့၏ နောက်ဆုံးပေါ် တွေ့ရှိချက်များအရ အဏုမြူရောင်ခြည်ဖြင့် ကုသခြင်း၊ အသည်းကင်ဆာဖြစ်နိုင်စေရန်အားပေးသည့် လမ်းကြောင်းများအား ဖြတ်တောက်ခြင်း စသည့် နောက်ဆုံးပေါ် နည်းလမ်းများဖြင့် ကုသနိုင်ကြောင်း ပါမောက္ခဒေါက်တာခင်မောင်ဝင်းကပြောသည်။

ခွဲစိတ်ကုသခြင်းသည် အသည်းကင်ဆာ ကုသရာတွင် အကောင်းဆုံးနည်းလမ်းဟုဆိုသော်လည်း အသည်းကင်ဆာဟု သိရှိပြီးသူများတွင် အများစုမှာ ခွဲစိတ်ရန်ခံနိုင်ရည်မရှိတော့သည့် အခြေအနေသို့ ရောက်ရှိပြီးသူများသာ များပြားကြောင်း ဒေါက်တာခင်မောင်ဝင်းက ဆက်လက်ပြောကြားသည်။လူနာများအနက်မှ ၅ ရာခိုင်နှုန်းနှင့်အထက်သာလျှင် ခွဲစိတ်ကုသမှုခံယူနိုင်ကြောင်း သိရသည်။

သို့သော် နောက်ဆုံးပေါ် ကုထုံးများသည် ကုန်ကျစရိတ်အားဖြင့် အဆမတန်များပြားနေသေးကြောင်းသိရသည်။ ထို့ကြောင့်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်သည် ဟူသည့် ဆိုရိုးအတိုင်းပင် မည်သည့်ရောဂါပင်ဖြစ်စေ ဖြစ်ပွားပြီးချိန်မှ ကုသခြင်းထက် ကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံးနည်းလမ်းပင်ဖြစ်သည်။

ထို့ကြောင့် မိမိတို့၏အသည်းအား ဒဏ်မဖြစ်စေရန်အတွက် အထူးဂရုပြုကာကွယ်ကြရန်လိုအပ်လှပေသည်။




Regional

7 DAY NEWS JOURNAL

Vol.9, No.29 · OCTOBER 7, 2010

## မဟာမြတ်မုနိပုံစံတူ ပန်းပေါင်းဘုရားများ ဝယ်ယူပူဇော်နိုင်



ဖြိုး

**မန္တလေး၊ စက်တင်ဘာ - ၃၀**

မဟာမြတ်မုနိဘုရားကြီးအား ဆက်ကပ်လှူဒါန်းခဲ့သော ပန်းများကို အသုံးပြု၍ မန္တလေးမဟာမြတ်မုနိ ရုပ်ပွားတော်ပုံတူ ပန်းပေါင်းဘုရားဆင်းတုတော်များအား စက်တင်ဘာ ၅ ရက်မှ စတင်၍ ဂေါပကအဖွဲ့ထံတွင် ဝယ်ယူပူဇော်နိုင်ပြီဖြစ်ကြောင်းသိရှိရသည်။ ထိုပန်းများ၏ အပွင့်၊ အရွက်၊ အရိုးများအား နေအခြောက်လှန်း၊ အမှုန့်ပြုလုပ်ကာ သစ်စေးသရိုးကိုင်ပြီး "သတ္တုမို" နှင့်ထည့်၍ ပန်းပေါင်းဘုရား ထုလုပ်ထားခြင်းဖြစ်သည်။ မဟာမြတ်မုနိ ရုပ်ပွားတော်ပုံတူတစ်မျိုးတည်းသာ အရွယ်အစားသုံးမျိုးဖြင့် ထုလုပ်ပူဇော်ပြီး မျက်ပါးရွှေ (ရွှေအစစ်) ချပြီးသော ငါးလက်မအရွယ် ဘုရားတစ်ဆူလျှင် ၂၃,၀၀၀ ကျပ်၊ ၇ လက်မအရွယ်ဘုရားတစ်ဆူလျှင် ၃၉,၅၀၀ ကျပ်နှင့် ၉ လက်မအရွယ် ဘုရားတစ်ဆူလျှင် ၅၇,၀၀၀ ကျပ်ဖြင့် ဝယ်ယူပူဇော်နိုင်ကြောင်း သိရှိရသည်။ ယခုအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်သောကြောင့် ပန်းပေါင်းဘုရားအဆူ (၁၅၀) ထုလုပ်ခြင်းအတွက် အချိန်နှစ်လခန့်ယူခဲ့ရကြောင်းသိရသည်။ ၂၀၁၀ ပြည့်နှစ်မှစ၍ မဟာမြတ်မုနိဘုရားကို ဆက်ကပ်လှူဒါန်းသောပန်းများအားပြန်လည်ရောင်းချသော လေလံမှာယခုအခါ ခေါ်ယူခြင်းမပြုတော့ဘဲ ယခုကဲ့သို့ ပန်းပေါင်းဘုရား ထုလုပ်ပူဇော်ခြင်းဖြစ်သည်။

# မန်းတွင် မြေဂရန်အတုများမပေါ်ပေါက်ရန် ဆောင်ရွက်နေဟုဆို

စိုင်းသာအောင်

မန္တလေး၊ စက်တင်ဘာ- ၂၃

မန္တလေးမြို့တွင် မြေဂရန်အတုဖြင့် ရောင်းဝယ်မှုအချို့ရှိနေပြီး မြေဂရန်နှင့် မြေပုံရာဇဝင်များ အတုမပြုလုပ်နိုင်ရန် သက်ဆိုင်ရာဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မန္တလေးမြို့တော် စည်ပင်ဧရိယာရှိ အောင်မြေသာစံ၊မဟာအောင်မြေ၊ ပြည်ကြီးတံခွန်၊ ချမ်းအေးသာစံ၊ ချမ်းမြသာစည်မြို့နယ်တို့ရှိဘိုးဘွားပိုင်မြေ၊ ကျန်မြေနှင့် မြေပုံရာဇဝင်များကို တစ်ပတ်လျှင် ၃ရက် အပတ်စဉ်မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီ အထိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှတာဝန်ရှိသူများက စိစစ်ထုတ်ပေးလျက်ရှိသည်ဆိုသည်။

ထိုသို့ထုတ်ပေးရာတွင် ဂရန်လျှောက်ထားသူကိုယ်တိုင် (သို့) ကိုယ်စားလှယ်လွှဲစာရရှိသူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် အတူ မြေပိုင်ဆိုင်မှုအထောက်အထားများတစ်ပါတည်း ယူဆောင်လာရန်နှင့် အသိသက်သေတစ်ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်အတူမိတ္တူတစ်စောင်ပါယူဆောင်လာရန်လိုအပ်သည်။ ထို့အပြင် မြေပုံ၊မြေရာဇဝင်လျှောက်ထားသူကိုယ်တိုင်(သို့)တရားဝင်လွှဲစာရရှိသူမှ နိုင်ငံသားစိစစ်ရေးကတ်ယူလာရန်၊တရားဝင်ကိုယ်စားလှယ်လွှဲစာရရှိသူသည်ကိုယ်စားလှယ်လွှဲစာမူရင်းအားတစ်ပါတည်း ယူဆောင်လာရန်လိုကြောင်း မြို့ပြမြေယာစီမံခန့်ခွဲမှုဌာန၊ ဌာနမှူးက ပြောသည်။

မန္တလေးမြို့တွင် မြေဈေးများ တန်ဖိုးမြင့်တက်မှုကြောင့်မြို့သစ်မြေကွက်များဖြစ်သော မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်မြို့သစ်(၁)ရပ်ကွက်(ဗိုလ်ချုပ်ရွာ)၊ မြို့သစ်(၂)ရပ်ကွက်၊ မြို့သစ်(၃)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်မဟာမြိုင်အရှေ့ရပ်ကွက်၊ မဟာမြိုင်နောက်ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ် စက်မှု(၁)၊ စက်မှု(၂) နယ်မြေများတွင်မြေဂရန်အတုများဖြစ်ပေါ်ခဲ့ပြီးအချို့ရောင်းမှားဝယ်မှားဖြစ်ကာ ငွေကြေးဆုံးရှုံးနစ်နာမှုများရှိခဲ့ကြောင်း အိမ်ခြံမြေဈေးကွက်ကျွမ်းကျင်သူတစ်ဦးကပြောသည်။မန္တလေးမြို့တော်တွင် မြေဂရန်အတုများ၊ မြေရာဇဝင်အတုများ မဖြစ်ပေါ်ရေးအတွက်ယခုအခါ မြို့တော်စည်ပင်မြို့ပြမြေယာစီမံခန့်ခွဲမှုဌာနရှိ ဂရန်ထိန်းသိမ်းသောတိုက်(ကျောက်တိုက်)ကိုစနစ်တကျကွပ်ကဲပြီး၊ မူရင်း ဂရန်အားပိုင်ရှင်သို့ပေးကာ၊ ကျောက်တိုက်တွင်ထားရှိသောဂရန်အား ဂရန်မိတ္တူ(ဂရန်မိတ္တူ) ဟုတံဆိပ်ရိုက်နှိပ်ထားပြီးဖြစ်သည်ဟုဆိုသည်။ ဂရန်အတုများမပေါ်ထွက်ရေးအတွက် မြို့တော်စည်ပင်နှင့် ဆက်သွယ်လုပ်ကိုင်နေသောဂရန်ပွဲစားများ၊အကျိုးဆောင်များရိုးရိုးသားသား ဆောင်ရွက်ကြရန်လိုပြီး မန္တလေးမြို့ မြေဈေးတန်ဖိုးကြီးမြင့်မှုအပေါ်လောဘကြီးပြီး ဆောင်ရွက်ပါကရှုပ်ထွေးမှုများဖြစ်ပေါ်လာနိုင်ကြောင်းတာဝန်ရှိသူက အသိပေးပြောကြားသည်။

ဂရန်အတုများဖြစ်ပေါ်လာပါကမန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှနိုင်ငံတော်ဥပဒေအပြင် မြို့တော်စည်ပင်ဥပဒေပုဒ်မ-၂၇ အရပါ လိမ်ညာဆောင်ရွက်သူများအား အမှုဖွင့်အရေးယူသွားမည်ဖြစ်ကြောင်း မြို့ပြမြေယာစီမံခန့်ခွဲရေးဌာန ဌာနမှူး ဦးတင်ထွဋ်ကျော်က ပြောသည်။

# မန္တလေး - မြစ်ကြီးနားခရီးစဉ် ပုံမှန်ပြေးဆွဲ

မင်းဒင်

**မန္တလေး၊ စက်တင်ဘာ- ၂၉**

မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်းဖြစ်သည့် နမ့်ခမ်းဘူတာနှင့် ဘုံချောင်ဘူတာကြားမြေပြိုမှုများဖြစ်ပွားခဲ့သောကြောင့် ခရီးစဉ်အချို့ ယာယီဖျက်သိမ်းခဲ့သော်လည်း စက်တင်ဘာ ၂၇ ရက်မှစတင် ပုံမှန်ပြေးဆွဲနေပြီဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါမြေပြိုမှုကြောင့် စက်တင်ဘာ ၂၆ ရက်တွင် ရထားခရီးစဉ်များ ခေတ္တပိတ်ထားခဲ့သော်လည်း ၂၇ ရက် ည ၁၁ နာရီတွင် အမှတ် ၅၅ အဆန်ရထားအား ပြန်လည်ပြေးဆွဲပေ းခဲ့ကြောင်း မြန်မာ့မီးရထားလုပ်ငန်း၊ မန္တလေးဘူတာကြီးမှတာဝန်ရှိသူက ဆက်လက်ပြောသည်။



မန္တလေးမြို့ဘူတာကြီးကို ဩဂုတ်လလယ်ပိုင်းက တွေ့ရစဉ်။ ဓာတ်ပုံ- အားမာန်

ရထားပြန်လည်ပြေးဆွဲပေးခဲ့သော်လည်း မန္တလေးမှ မြစ်ကြီးနားသို့တိုက်ရိုက်မောင်းနှင်နိုင်ခြင်းမရှိသေးကြောင်း၊ မန္တလေးမြို့မှ ထွက်ခွာလာသော ရထားသည် ဝန်းသိုမြန်အလွန်နမ့်ခမ်းဘူတာအထိလည်းကောင်း၊ မြစ်ကြီးနားမြို့မှ ထွက်ခွာလာသော ရထားသည် အင်းတော်မြို့အလွန် ဘုံချောင်းဘူတာအထိလည်းကောင်း မောင်းနှင်ကာ ရထားပြောင်းလဲပြီး မောင်းနှင်ပြေးဆွဲပေးနေခြင်းဖြစ်ကြောင်း ၎င်းက ထပ်မံရှင်းပြသည်။

အဆိုပါ ရထားတစ်စီးနှင့်တစ်စီးပြောင်းလဲချိန်အား အလင်းရောင်ရှိသည့်အချိန်ဖြစ်စေရန်အတွက် အချိန်ကိုက်ချိန်ညှိရမှုကြောင့် ရထားခရီးစဉ်အချိန်များအား ပြောင်းလဲကာ ပြေးဆွဲခဲ့ရခြင်းဖြစ်ကြောင်းသိရသည်။

စက်တင်ဘာ ၂၇ ရက်တွင် အမှတ် ၅၅ အဆန်ရထားအား ည ၁၁ နာရီတွင် လည်းကောင်း၊ ၂၈ ရက်တွင် အမှတ် ၅၇ အဆန်ရထားအား နံနက် ၂ နာရီတွင်လည်းကောင်း၊ အမှတ် ၅၅ အဆန်ရထားအား နေ့လယ် ၃ နာရီတွင်လည်းကောင်း၊ ၂၉ ရက်တွင် တရုတ်ရထားအား နံနက် ၆ နာရီ ၁၅ မိနစ်တွင် လည်းကောင်း အသီးသီးပြေးဆွဲပေးခဲ့သည်။

မန္တလေးမြစ်ကြီးနား ခရီးစဉ်မျ ားအနေဖြင့် ယခင်ပုံမှန် ထွက်ခွာချိန်များသည် အမှတ် ၅၅ အဆန်ရထားအား မွန်းတည့် ၁၂ နာရီတွင်လည်းကောင်း၊ အမှတ် ၅၇ အဆန်ရထားအား နေ့လယ် ၄ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ အမှတ် ၄၁ အဆန်ရထားအား ညနေ ၆ နာရီခွဲတွင်လည်းကောင်း၊ တရုတ်ရထားအား နံနက် ၄ နာရီခွဲတွင်လည်းကောင်း မန္တလေးဘူတာကြီးမှ ထွက်ခွာပြေးဆွဲပေးလျက်ရှိသည်။

နောက်ဆုံးရရှိသောသတင်းများအရ စက်တင်ဘာလ ၃၀ ရက်မှစ၍ မန္တလေး-မြစ်ကြီးနားခရီးစဉ်များကိုပုံမှန်အချိန်အတိုင်း ပြေးဆွဲနိုင်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

# နေပြည်တော်ပျဉ်းမနားတွင် အိမ်ငှားခများမြင့်တက်လာ

ညိုညိုဝင်း

နေပြည်တော်၊ စက်တင်ဘာ-၂၁

နေပြည်တော်ပျဉ်းမနားမြို့ရှိ အချက်အချာကျသောရပ်ကွက်အချို့တွင် အိမ်ငှားခနှုန်းထားများမြင့်တက်လာကြောင်း အကျိုးဆောင်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးကပြောသည်။ ပျဉ်းမနားမြို့ရှိ ရပ်ကွက်များတွင် အနယ်နယ်အရပ်ရပ်မှ လုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ကြသူများ၊အခြေကျနေထိုင်သူများများပြားလာသောကြောင့် အိမ်ငှားသူဦးရေများပြားလာပြီး အိမ်ငှားခနှုန်းထားများ မြင့်တက်လာကြောင်းသိရသည်။"ကျွန်တော်ကတော့ အရင်က တစ်လချင်းဈေးနဲ့ငှားတယ်။အခုအိမ်ငှားခတွေဈေးမြင့်လာတော့တစ်လချင်းငှားပေးတာထက်နှစ်ချုပ်နဲ့ ငှားတဲ့သူတွေကိုပိုပြီးဦးစားပေးငှားတယ်" ဟု အိမ်ခြံမြေအကျိုးဆောင်လုပ်ကိုင်သူ ကိုဇော်မင်းထိုက်ကပြောသည်။ ပထမတန်းစားတွင် တိုက်များ၊ ဒုတိယတန်းစားတွင် အိုးအိမ်ကောင်းများ၊ တတိယတန်းစားတွင် အိမ်ငယ်လေးများနှင့် ဆိုင်ခန်းငယ်လေးများပါဝင်ပြီး အတန်းအစားအလိုက်အိမ်ငှားခနှုန်းထားများကွာခြားကြသည်။

ပထမတန်းစားတွင်ပါဝင်သော တိုက်များ၏ငှားရမ်းခသည် ယခင်က ၅၀,၀၀၀ ကျပ်ဝန်းကျင်ရှိပြီးယခုအခါတွင် ကျပ် ၁၀၀,၀၀၀ ခန့်ရှိကြောင်း၊ ဒုတိယတန်းစားတွင်ပါဝင်သော အိုးအိမ်ကောင်းများ၏ ငှားရမ်းခသည် ယခင် ၃၀,၀၀၀ ကျပ်ဝန်းကျင်ရှိပြီး ယခု ၆၀,၀၀၀ ကျပ်ရှိကြောင်းသိရသည်။ တတိယတန်းစားတွင် ပါဝင်သောအိမ်ငယ်လေးများနှင့် ဆိုင်ခန်းငယ်လေးများ၏ ငှားရမ်းခသည် ယခင်က ၁၅,၀၀၀ ကျပ်ဝန်းကျင်မှ ယခု ၂၅,၀၀၀ ကျပ်ခန့်ရှိလာပြီး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုကောင်းမွန်လာ၍ အိမ်ငှားမှုအရေအတွက်ပိုမိုများပြားလာကြောင်း ၎င်းကထပ်မံပြောသည်။ နေပြည်တော်သို့ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အစိုးရဝန်ထမ်းများ၊ ပုဂ္ဂလိကဝန်ထမ်းများနှင့် အသေးစားစီးပွားရေးလုပ်ငန်းလာရောက်လုပ်ကိုင်သူများနှင့် အခြေချနေထိုင်သူများ ရောက်ရှိလာသည့်အတွက် အိမ်ခြံမြေဈေးနှုန်းများ မြင့်တက်လာသည့်နည်းတူ အိမ်ရာငှားရမ်းခနှုန်းထားများလည်း မြင့်တက်လာခြင်းဖြစ်ကြောင်း စုံစမ်းသိရှိရသည်။



နေပြည်တော်ပျဉ်းမနားမြို့လယ်တစ်နေရာကို တွေ့ရစဉ်။ ဓာတ်ပုံ- အားမာန်

7 DAY NEWS JOURNAL
Vol.9, No.29 · OCTOBER 7, 2010

# မုံရွာတွင် ငါးသိန်းတန်ဖုန်းများ လိုင်းကြပ်

ရန်ကျော်

မုံရွာ-စက်တင်ဘာ ၃၀

စီဒီအမ်အေ ကျပ်ငါးသိန်းတန် ဖုန်းများ ချထားပေးလျက်ရှိရာ ဆက်သွယ်ရေးစနစ်ကောင်းမွန်ခြင်းကြောင့် သုံးစွဲသူများပြားလာခဲ့ပြီးစက်တင်ဘာ ဒုတိယပတ်မှစကာ နေ့ချင်းပြီးစနစ်ဖြင့်ရောင်းချပေးခဲ့သည့် နောက်ပိုင်း ဖုန်းလိုင်းများကြပ်လာကာ ဆက်သွယ်ရခက်ခဲလာကြောင်း အဆိုပါဖုန်းသုံးစွဲနေသူများက ပြောကြားသည်။

"မုံရွာမှာ အခုရက်ပိုင်းနေ့ချင်းပြီးစနစ်နဲ့ချပေးတော့ လူတိုင်းနီးပါး ဖုန်းကိုင်နိုင်ကြပြီ။ အရင်ကအဲဒီဖုန်းတွေကခေါ်ရင် တန်းဝင်တယ်။ အခုနောက်ပိုင်းလုံးဝခေါ်လို့မရတာနဲ့ ဆက်သွယ်မှုဧရိယာပြင်ပရောက်နေတာနဲ့အဆင်မပြေတော့ဘူး"ဟု ကျပ်ငါးသိန်းတန်စီဒီအမ်အေဖုန်း သုံးစွဲနေသူတစ်ဦးကပြောသည်။ မုံရွာမြို့တွင်စက်တင်ဘာ ၂၇ရက်နေ့မှစတင်ကာစီဒီအမ်အေ ၄၅၀ ဖုန်းများကို ချထားပေးခဲ့ပြီး စစ်ကိုင်း၊ ရွှေဘို၊ ဘုတလင်မြို့နယ်များအတွက် ချထားပေးသောဖုန်းများကိုပါ မုံရွာမြို့မှ ဝယ်ယူသုံးစွဲခြင်းကြောင့် လိုင်းများကြပ်လာခြင်းဖြစ်နိုင်ကြောင်း သုံးစွဲသူများကခန့်မှန်းနေကြသည်။ ယခုအခါ တစ်နိုင်ငံလုံးသို့သယ်ယူပြောဆိုနိုင်သော နေပြည်တော်ကျပ်ငါးသိန်းတန်ဖုန်းများအပါအဝင်၊ စီဒီအမ်အေ ၄၅၀ဖုန်းများကိုဝယ်ယူအသုံးပြုသူများမှာ လပိုင်းအတွင်းပမာဏများစွာမြင့်တက်လာခြင်းကြောင့်အခြားမြို့နယ်များတွင်လည်းကျပ်ငါးသိန်းတန်ဖုန်းများကိုခေါ်ဆိုရခက်ခဲလာကြောင်း ဖုန်းသုံးစွဲသူများကပြောသည်။



ဖုန်းဈေးကွက်အတွင်း လူကြိုက်အများဆုံးဖြစ်နေသော နေပြည်တော်ငါးသိန်းတန်ဖုန်းကို ရရှိရန်တန်းစီစောင့်ဆိုင်းနေသူများကို တွေ့ရစဉ်။ ဓာတ်ပုံ- ဂျေမောင်မောင်(အမရပူရ)




# မောင်တောနယ်စပ်ကျေးရွာများတွင် ကျွဲ၊ နွားတိရစာန် ပျောက်ဆုံးမှုများလာ

မောင်သန်းဝင်း

မောင်တော၊ စက်တင်ဘာ-၂၂

မြန်မာ-ဘင်္ဂလားဒေ့ရှ် မောင်တောနယ်စပ် ကျေးလက်ဒေသကျေးရွာများ၌ ခိုင်းကျွဲ၊ နွားတိရစ္ဆာန်များမှာ ညဥ့်အချိန်ခြံ(တင်းကုပ်)မှ သော်လည်းကောင်း၊ စားကျက်ကွက်ကျူးကျော်ရောက်ရှိသွား၍သော်လည်းကောင်းပျောက်ဆုံးမှုများပြားလာကြောင်း ဒေသခံများကပြောသည်။

ထိုသို့ပျောက်ဆုံးခြင်းမှာ ညဥ့်အချိန်များ၌ ကျွဲ၊ နွားများကို စောင့်ကြပ်မှုအားနည်းခြင်း စားကျက်ကွက်များ၌ ထိန်းကျောင်းသူများ၏ ပေါ့ဆဂရုမစိုက်မိခြင်းတို့ကြောင့် မသမာသူအချို့က အလစ်သုတ်ပြီး တစ်ဖက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ခိုးထုတ်တင်ပို့ရောင်းချကြခြင်းဖြစ်ကြောင်းသိရသည်။

"ဒီနှစ်တော့ ရွာတိုင်းလိုလိုမှာ တစ်ကောင်စနှစ်ကောင်စ ကျွဲ၊ နွားတိရစ္ဆာန်ပျောက်ဆုံးမှုတွေများလာတယ်။ အဓိကတော့ ညဥ့်အချိန်တွေမှာ တင်းကုပ်မှာ စောင့်ကြပ်မှုအားနည်းတာရယ်၊ နောက်ပြီးထိန်းကျောင်းသူများရဲ့ ပေါ့ဆမှုတွေကြောင့်လည်းပါတယ်။လယ်ယာလုပ်ငန်းများထွန်ရေးပိတ်ချိန် စက်တင်ဘာလဆန်းပိုင်းကစပြီးကျွန်တော်တို့ကျေးရွာအပါအဝင် အနီးအနားကျေးရွာ ၃ ရွာမှာ ကျွဲ၊ နွားကောင်ရေ ၁၃ ကောင်ထိပျောက်ဆုံးသွားခဲ့ပြီ" ဟု နယ်စပ်အနီး သော်တလာ(ဗန္ဓုလ)ကျေးရွာမှ ဒေသခံတစ်ဦးကပြောသည်။

ယခုအခါ သက်ဆိုင်ရာနှင့် ကျေးရွာဒေသခံများပူးပေါင်းပြီး ယင်းကဲ့သို့ ကျွဲ၊ နွားတိရစ္ဆာန်များ ပျောက်ဆုံးမှုများမရှိစေရန်အတွက် ဒေသတစ်ခုမှ တစ်ခုသို့ ကူးသန်းမောင်းနှင်သွားလာမှုများကို အချိန်မပြတ် စောင့်ကြပ်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## တင်ဒါခေါ်ယူခြင်း

4 x 4 ယာဉ် (Hilux Double-Cab, Pajero)

Malteser International

Email: Malteser@myanmar.com.mm
Phone: 549001, 09-8622851

## Public Tendering Announcement

Malteser International requests tenders from interested local vehicle owners for rent 4x4 vehicle (Hilux Double-Cab, Pajero) and others to use for project implementation in Maungdaw Township, Northern Rakhine State.

Detailed information can be collected by interested suppliers at our Country Office in Yangon not later than 12 October 2010.

Malteser International, a Non Governmental Organization (NGO) based in Cologne, Germany, provides humanitarian aid worldwide.

Malteser International

Country Office:
60, Tharyarwaddy Street
(Between Sayar San St and New University Rd)
Bahan Township, Yangon
malteser@myanmar.com.mm
Phone: 549001, 09-8622851

Vol.9, No.29 · OCTOBER 7, 2010

# မြစ်ရေကြီး မူးမြစ်ကူးယာယီတံတား ရေထဲမျောသွား

**စိုင်းသာအောင်**

**ဒီပဲယင်း၊ စက်တင်ဘာ – ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်မူးမြစ်ကူး(မူးကမ်းကြီး) ယာယီတံတားလေးသည် စက်တင်ဘာ ၂၀ ရက်က မူးမြစ်ရေကြီးလာမှုကြောင့် မျောပါသွားကြောင်း အဆိုပါတံတားအကျိုးတော်ဆောင် အဖွဲ့ဝင်တစ်ဦးကပြောသည်။ မူးမြစ်ကူးတံတား(မူးကမ်းကြီး) ရေထဲမျောပါသွားသဖြင့် ယခုအခါကူးတို့များဖြင့်သာကူးရကြောင်း ဒေသခံများကပြောသည်။ ကူးတို့ခဆိုင်ကယ်တစ်စီး အသွား ၁,၀၀၀ ကျပ်၊ အပြန် ၁,၀၀၀ ကျပ်ပေးရကြောင်း သတင်းရရှိသည်။ ယာယီတံတားရေထဲမျောပါသွားသဖြင့်ဒီပဲယင်းမြို့နယ်နှင့် ရွှေဘိုမြို့နယ်များတွင်သွားလာမှု ခက်ခဲသွားကြောင်း သတင်းရရှိသည်။

ရေလျော့သွားပါက ယာယီတံတား ချက်ချင်းပြန်လည်ဆောက်လုပ်မည်ဖြစ်ပြီးယခုအခါမူးမြစ်ရေကြီးသဖြင့် မူးမြစ်ကမ်းတံတားဘိုးတိုင်တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း ခေတ္တရပ်နားထားရသည်။ အရှည် ၉၈၀ ပေ၊ အကျယ် ၁၈ ပေရှိသော သံကူကွန်ကရစ်တံတားတစ်စင်းကို နိုင်ငံတော်၏ ပံ့ပိုးမှုဖြင့် ကိုယ့်အားကိုယ်ကိုးတည်ဆောက်လျက်ရှိပြီး သံကူကွန်ကရစ်တံတားကြီးမပြီးမီ ယာယီမူးမြစ်ကူးတံတားလေးဆက်လက်ဆောက်လုပ်သွားမည်ဖြစ်ကြောင်း တံတားဆောက်လုပ်ရေးအကျိုးတော်ဆောင် မူးကမ်းကြီးဒေသခံရွာသားတစ်ဦးကပြောသည်။

# ရှတ်တရက်ချောင်းရေလျှံသဖြင့် ကွမ်းခြံတစ်ရာကျော်ပျက်စီး



ဓာတ်ပုံ– မျိုးမင်းဦး

**မျိုးမင်းဦး**

**မုံရွာ၊ စက်တင်ဘာ – ၂၈**

မုံရွာမြို့ သလ္လာမြို့သစ်ရပ်ကွက် မြောက်ပိုင်းရှိ ချောင်းတစ်ချောင်းတွင် မိုးရွာသွန်းခြင်းမရှိဘဲ ရှတ်တရက် ချောင်းရေမြင့်တက်လာခြင်းကြောင့် ကွမ်းစိုက်ခင်းပေါင်း ၁၀၀ ကျော် ရေဝင်ကာဆုံးရှုံးပျက်စီးခဲ့ရကြောင်း ကိုယ်တိုင်တွေ့ကြုံခဲ့ရသော ဒေသခံများက ပြောသည်။ အဆိုပါ ချောင်းရေသည် စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက စတင်လျှံတက်လာခဲ့ပြီးတစ်ရက်တာကြာမြင့်ခဲ့ပြီး နောက်တစ်နေ့တွင် ရေများပြန်ကျသွားခဲ့သော်လည်း မြေများတွင် အစိုဓာတ်ကျန်နေခဲ့သဖြင့် ကွမ်းခြံများကို ထိခိုက်ပျက်စီးစေခဲ့ကြောင်း သိရသည်။

အဆိုပါ ချောင်းသည် ပုံမှန်နှစ်များတွင်မူ ရေလျှံလေ့မရှိဘဲ ယခုနှစ်တွင်မှ ထူးကဲစွာ ချောင်းရေလျှံပြီး အနီးရှိ ကွမ်းခြံများနှင့် လူနေအိမ်များသို့ ရေဝင်ရောက်ခဲ့ကြောင်း အဆိုပါ ရပ်ကွက်တွင် နေထိုင်သူများက ပြောသည်။

အဆိုပါရပ်ကွက်သည် ၂၀၀၄ ခုနှစ် ဝန်းကျင်ကမှ လူနေအိမ်များတိုးချဲ့ကာ အခြေချနေ ထိုင်ခဲ့ပြီး ကွမ်းခြံစိုက်ပျိုးရေးလုပ် ကိုင်သူများ စုဝေးရာ နေရာတစ်ခုဖြစ်လာပြီး ထိုချောင်းမှာမိုးတွင်းဆိုပါက သာမန်နှုန်းဖြင့်သာ ရေစီးလေ့ရှိကြောင်း ချောင်းအနီးနေထိုင်သူများက ပြောသည်။

# ဓာတ်ပုံဆိုင်များ လုပ်ငန်းရပ်တည်နိုင်ရေး ဗီဒီယိုလုပ်ငန်းနှင့်ချိတ်ဆက်လာ

**ညိုညိုဝင်း** **နေပြည်တော်၊ စက်တင်ဘာ – ၂၉**

ဓာတ်ပုံရိုက်ကူးခြင်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသော ဓာတ်ပုံဆရာများ လုပ်ငန်းတွင်ကျယ်ရေးအတွက် ဗီဒီယိုလုပ်ငန်းများနှင့်ချိတ်ဆက်ဆောင်ရွက်နေကြောင်း နေပြည်တော် ပျဉ်းမနားမြို့ရှိ ရွှေမင်းသားဓာတ်ပုံဆိုင်မှ ကိုကျော်ဇေယျကပြောသည်။

"ဒီဘက်နှစ်တွေမှာဓာတ်ပုံသမားတွေ ရပ်တည်ဖို့ခက်ခဲလာတယ်။ ဗီဒီယိုရိုက်ကူးရေးအဖွဲ့တွေနဲ့ချိတ်ဆက်ထားတဲ့ဓာတ်ပုံသမားတွေနဲ့ ဗီဒီယိုလုပ်ငန်းနဲ့ တွဲဖက်ဖွင့်လှစ်ထားတဲ့ဓာတ်ပုံသမားတွေကသာ အလုပ်တွင်ကျယ်လာတယ်။ အဲဒါကြောင့် ကျွန်တော်တို့လည်း ဗီဒီယိုလုပ်ငန်းတွေနဲ့ချိတ်ဆက်ပြီး လုပ်ငန်းလည်ပတ်နေရတယ်"ဟု ဓာတ်ပုံသမားများ လက်ရှိကြုံတွေ့နေရသောအခြေအနေနှင့် ပတ်သက်ပြီး ၎င်းက ဆက်လက်ပြောသည်။

ပြည်သူလူထုအတွင်း အသုံးပြုရလွယ်ကူသော တန်ဖိုးနည်းဒစ်ဂျစ်တယ်ကင်မရာများ ကျယ်ကျယ်ပြန့်ပြန့်ဝင်ရောက်လာခြင်းက ဓာတ်ပုံရိုက်ကူး၍ အသက်မွေးဝမ်းကျောင်းပြုသူများအတွက် ဈေးကွက်ကျုံ့သွားရခြင်းဖြစ်ပြီး၊ ဓာတ်ပုံသမားများအနေဖြင့် မင်္ဂလာပွဲနှင့်အလှူပွဲများတွင် ရိုက်ကူးပေးနေရသော်လည်း ယခင်ကာလများနှင့်ယှဉ်လျှင်လုပ်ငန်းရရှိမှု သိသိသာသာလျော့နည်းသွားကြောင်း သတင်းရရှိသည်။ ၄ လက်မ × ၆ လက်မအရွယ်ဓာတ်ပုံတစ်ပုံလျှင် ကျပ်ငါးရာနှုန်းဖြင့်ပုံအလွတ်တန်းရိုက်ကူးပေးရသော အခမ်းအနားများရှိသကဲ့သို့အခမ်းအနားအစီအစဉ်တစ်ခုလုံးအတွက် တာဝန်ယူရိုက်ကူးပေးရခြင်းများလည်းရှိသည်။ ထိုသို့ရိုက်ကူးပေးရာတွင် ဝန်ဆောင်ခကျပ်တစ်သိန်းနှင့်အထက်ရှိကာ ပုံအနည်းဆုံး၁၂၀ရိုက်ကူးပေးရကြောင်း ဓာတ်ပုံဆိုင်တစ်ဆိုင်မှတာဝန်ရှိသူတစ်ဦးကပြောသည်။ နေပြည်တော်ရှိ အချို့သောဓာတ်ပုံသမားများမှာ ရေပန်းဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်စသည့်အပန်းဖြေဥယျာဉ်ကြီးများတွင် ဝင်ရောက်ရိုက်ကူးကာ ၎င်းတို့၏လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်လျက်ရှိကြသည်။ နေပြည်တော်တွင် ဓာတ်ပုံကူးလုပ်ငန်းအဖြစ် ယခင်က စံပြလုပ်ငန်းတစ်ခုသာရှိခဲ့ရာမှ ယခုအခါ EICS ဓာတ်ပုံလုပ်ငန်းတစ်ခု ဖွင့်လှစ်လုပ်ကိုင်လာကြောင်း ဓာတ်ပုံဆရာများထံမှ သိရှိရသည်။

# ရခိုင်တောင်သူများ သီးနှံပြောင်းလဲစိုက်ပျိုးလာ

**နနနွေ**

**မြောက်ဦး၊ စက်တင်ဘာ – ၂၉**

ရခိုင်ပြည်နယ်မှ တောင်သူများသည် ဆောင်းရာသီ အသီးအနှံများအနက် ဈေးကွက်ဝင်ပြီး ဈေးကောင်းရသည့် သီးနှံများကို ပြောင်းလဲစိုက်ပျိုးကြရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေကြပြီဖြစ်ကြောင်း သိရသည်။



ဓာတ်ပုံ– မောင်ကံ

ရခိုင်ဒေသတွင် မိုးစပါးကိုသာ အဓိကထားစိုက်ပျိုးခဲ့ကြပြီး ဆောင်းရာသီတွင် ငရုတ်၊ မြေပဲ၊ မုံညင်းများကိုသာစိုက်ပျိုးလေ့ရှိခဲ့ကြသည်။ ၂၀၀၀ ပြည့်လွန်နှစ်များမှစ၍ ရာသီ သီးနှံအချို့ပြည်တွင်းဈေးကွက်အပြောင်းအလဲများရှိခဲ့ရာ ယခင်စိုက်ပျိုးနေကျဆေးရွက်ကြီးစိုက်ခင်းများ၊ မုံညင်းစိုက်ခင်းများတွင် ဘိုကိတ်ပဲစိုက်ခင်းများအဖြစ်ပြောင်းလဲစိုက်ပျိုးခဲ့ကြသည်။

ဘိုကိတ်ပဲမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အဓိကထားတင်ပို့ခဲ့ရသည့် ပဲဖြစ်ပြီး ၂၀၀၈ ခုနှစ် မှစ၍ ထိုင်းနိုင်ငံသို့လည်း တင်ပို့နိုင်ခဲ့ကြောင်း ပဲကုန်သည်တစ်ဦးကပြောသည်။ ၂၀၀၈ ခုနှစ်နောက်ပိုင်းမှ သဘာဝတောထွက်ပစ္စည်းဖြစ်သည့် ဂမုန်းဥများကို တရုတ်နိုင်ငံမှ ဝယ်လိုအားရှိလာသည့်အတွက်ယခုအခါ စိုက်ခင်းများထူထောင်စိုက်ပျိုးလာကြပြီဖြစ်ကြောင်းလည်း သိရသည်။

ဆောင်းရာသီ သီးနှံစိုက်ခင်းများအတွက် ရေချိုပြီး မြစ်ကမ်းစပ်နီးသည့်လယ်မြေများကို တောင်သူများထံမှ တစ်ဆင့်ခံငှားရမ်းလုပ်ကိုင်လာမှုများရှိရာ မြေဩဇာကောင်းမွန်သည့်လေးမြို့ချောင်းကမ်းခြေတစ်လျှောက်စိုက်ခင်းမြေထွက်များမှာ ငှားရမ်းခဈေးမြင့်မားနေကြောင်းသိရသည်။ ချောင်းနားနီးသဖြင့် အဆိုပါစိုက်ခင်းများသို့ ရေတင်စိုက်ပျိုးခြင်းဖြင့် သီးနှံအထွက်ကောင်းကာ ငှားရမ်းလုပ်ကိုင်သူများအဖို့ အကျိုးဖြစ်ထွန်းလျက်ရှိကြသည်။

# ရခိုင်ကမ်းရိုးတန်း ငါးဖမ်းလုပ်ငန်းရှင်များအတွက် ငါးဖမ်းပိုက်အရွယ်အစား ပြောင်းလဲသတ်မှတ်


**မောင်သန်းဝင်း**

**စစ်တွေ၊ စက်တင်ဘာ – ၂၉**

ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းများကို အကြီးအကျယ်လုပ်ကိုင်ကြသော ရခိုင်ကမ်းရိုးတန်းဒေသ ရေလုပ်ငန်းရှင်များအတွက် ငါးလုပ်ငန်းဦးစီးဌာနမှ စက်တင်ဘာလ ၁ ရက်ကစပြီး ငါးဖမ်းပိုက်ကွန် အရွယ်အစားများကို ပြောင်းလဲသတ်မှတ်လိုက်ပြီဖြစ်ကြောင်း ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ငါးလုပ်ငန်းဦးစီးဌာနမှ ယခင်သတ်မှတ်ချက်၌ ငါးဖမ်းပိုက်ကွန်ကိုတစ်လက်မခွဲအကျယ်နှင့် ပုစွန်ဖမ်းပိုက်ကွန်ကို တစ်လက်မအကျယ်ဖြစ်ပြီး ယခုပြောင်းလဲသတ်မှတ်ချက်မှာငါးဖမ်းပိုက်ကွန်အား နှစ်လက်မနှင့် ပုစွန်ဖမ်းပိုက်ကွန်ကို တစ်လက်မခွဲတို့ဖြစ်ကြောင်းသိရသည်။

ယခင်သတ်မှတ်ချက်အရ ဖမ်းဆီးလုပ်ကိုင်ကြရာ၌ အရွယ်မရောက်သေးသည့် တန်ဖိုးကြီးသောငါး၊ ပုစွန်သားပေါက်လောင်းများပျက်စီးဆုံးရှုံးခြင်း၊ ငါးကြီးအကောင်ရေအထိအမိနည်းပါးခြင်းကြောင့် စားသုံးသူဈေးကွက်များ အတွင်းငါးပုစွန်ဈေးနှုန်းကြီးထွားလာခြင်းသဖြင့် ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းတို့ပူးပေါင်းပြီး ယခုကဲ့သို့ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းလည်း သိရသည်။ ထိုသို့ ပြောင်းလဲသတ်မှတ်လိုက်ခြင်းအားဖြင့် ပင်လယ်ပြင်မြစ်ချောင်းအင်းအိုင်များ၌ ဒေါ်လာတန်းဝင် တန်ဖိုးကြီးငါးပုစွန်သားဖောက်လောင်းများ ကျယ်ကျယ်ပြန့်ပြန့်ကျင်လည်ကျက်စားကြီးထွားနိုင်မည်ဖြစ်ကြောင်းသိရသည်။





7 DAY NEWS JOURNAL
Vol.9, No.29 • OCTOBER 7, 2010

# ပဲတီစိမ်းနှင့် နှမ်းဈေးကျသော်လည်း အရောင်းအဝယ်သွက်

**ဖြိုး**

**မန္တလေး၊ စက်တင်ဘာ – ၃၀**

တရုတ်ယွမ်ငွေတန်ဖိုး ကျဆင်းခြင်းနှင့် အာဆီယံစံနှုန်းအတိုင်း ကုန်တင်ရမည်ဟုသတ်မှတ်ခြင်းကြောင့် ကုန်စည်ပို့ဆောင်စရိတ်မြင့်တက်သွားသော်လည်း မန္တလေးကောက်ပဲသီးနှံဈေးကွက်တွင် ပဲတီစိမ်းနှင့်နှမ်းသည် တရုတ်သို့ပုံမှန်တင်ပို့လျက်ရှိနေဆဲဖြစ်ကြောင်း မန္တလေးကုန်စည်ဒိုင် ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူက ပြောကြားသည်။

ပဲတီစိမ်းသည် ယခုရက်ပိုင်း၌ ဈေးကျသွားသော်လည်း တရုတ်နိုင်ငံသာမက ရန်ကုန်မြို့သို့ပါ တင်ပို့နေရခြင်းကြောင့် မန္တလေးပဲဈေးကွက်တွင် အရောင်းအဝယ်သွက်လျက်ရှိသည်။ ပဲတီစိမ်းဈေးကွက်သို့ ဝင်လာခါစဈေးမှာ သုံးတင်းဝင်တစ်အိတ်လျှင်ကျပ်ခုနစ်သောင်း ရှစ်ထောင်ခန့်မှ တစ်သိန်းခြောက်သောင်းကျော်အထိ တက်သွားခဲ့ပြီး၊ ယခုအခါ ကျပ်ခုနစ်သောင်းနှစ်ထောင် ဝန်းကျင်ခန့်သာရှိတော့သည်။လျှော်လက်များသည်လည်း အသစ်အဟောင်း ဖလှယ်ခြင်းဖြင့် အရောင်းအဝယ်လုပ်နေရကြောင်း မန္တလေးပဲဈေးကွက်ရှိ ကုန်သည်တစ်ဦးကပြောသည်။ နှမ်းမှာလည်းတရုတ်နိုင်ငံသို့ စာချုပ်နှင့်တင်ပို့ရသောကြောင့်ဈေးကွက်တွင်အရောင်းသွက်နေသည်။ ယခုနှစ်တွင် နှမ်းအဓိကထွက်သောဒေသအချို့၌ ရိတ်သိမ်းချိန် မိုးများခဲ့ခြင်းကြောင့် မိုးဦးနှမ်းမှာ အထွက်သိသာစွာ လျော့ကျသွားခြင်းမရှိသော်လည်း နှမ်းအရည်အသွေးကျဆင်းသွားသည်ဟု မန္တလေးမှ ပွဲရုံပိုင်ရှင်တစ်ဦးကပြောသည်။ ယခင်နှစ် စက်တင်ဘာလက သုံးတင်းဝင်တစ်အိတ်လျှင် နှမ်းဈေးကျပ်ရှစ်သောင်းကျော်ခန့် ရှိခဲ့သော်လည်း ယခုနှစ်တွင်မူ ကျပ်ခုနစ်သောင်းနှစ်ထောင်နှင့် ကျပ်ခုနစ်သောင်းသုံးထောင်ကြားတွင်ရှိသည်။ လွန်ခဲ့သော သုံးနှစ်ခန့်က နှမ်းဈေးမှာ ကျပ်တစ်သိန်းလေးသောင်းကျပ်အထိ စံချိန်တင်မြင့်တက်ခဲ့ပြီး ပြည်တွင်းနှမ်းဈေးကွက်တွင်အမြင့်ဆုံးဖြစ်နေသည်။ ဈေးကျနေသော်လည်း တရုတ်သို့ စာချုပ်နှင့်တင်ပို့ရောင်းချနေခြင်းကြောင့် အရောင်းသွက်နေပြီး အရည်အသွေးကောင်းလာလျှင် ဈေးကောင်းလာနိုင်ကြောင်း အဆိုပါအဖွဲ့က ဆက်လက်ပြောကြားသည်။ ဆောင်းနှမ်းသည်လည်း ရာသီဥတုအပေါ် မူတည်သောကြောင့် မခန့်မှန်းနိုင်သေးကြောင်း ၎င်းတို့ကဆိုသည်။

လွန်ခဲ့သော ငါးနှစ်တာကာလအတွင်း တရုတ်ယွမ်ငွေတန်ဖိုးမှာ မာခဲ့ရာ ယခု တစ်နှစ်တာကာလတွင်မူ တရုတ်ယွမ်ငွေတန်ဖိုးကျနေလိမ့်မည်ဟု နယ်စပ်ကုန်သွယ်ရေးနှင့် ဆက်သွယ်လုပ်ကိုင်လျက်ရှိသောလုပ်ငန်းရှင်တစ်ဦးက ပြောသည်။ စက်တင်ဘာ ပထမပတ်က ကျဆင်းခဲ့သော ယွမ်ငွေတန်ဖိုးမှာ ယခုတစ်နှစ်တာကာလအတွင်း အကျဆင်းဆုံးဖြစ်ခဲ့ပြီး မြန်မာငွေ ကျပ်တစ်ထောင်လျှင် တရုတ်ယွမ်ငွေ ၇ ဒသမ ၃ ဖြစ်သည်။ ထိုသို့ ယွမ်ငွေတန်ဖိုးကျ၍ တရုတ်တင်ပို့သော ပို့ကုန်များ လျော့ချကြလိမ့်မည်ဟု ဈေးကွက်ကျွမ်းကျင်သူများ ခန့်မှန်းသော်လည်းလက်တွေ့တွင် ပဲတီစိမ်းနှင့် နှမ်းတို့ကို ပုံမှန်တင်ပို့ခဲ့ကြသည်။

ယခုတစ်ပတ်အတွင်း ထူးခြားမှုမှာ အာဆီယံစံနှုန်းကုန်တင်တန်ချိန်သတ်မှတ်ခြင်းကြောင့် ကုန်စည်ပို့ဆောင်စရိတ်မှာ ယခင်တစ်ပိဿာလျှင် ၂၅ ကျပ်မှ ၃၂-၃၅ ကျပ်ဖြစ်လာခြင်းဖြစ်သည်။

ဝယ်လိုအားရှိသော သီးနှံမှာ ယွမ်ငွေ၊ ဒေါ်လာနှင့် ပို့ကုန်ရငွေ အတက်အကျအပေါ် မူတည်ခြင်းမရှိဘဲအရောင်းအဝယ်ဖြစ်ကြောင်း မန္တလေးကုန်စည်ဒိုင်ဒုဥက္ကဋ္ဌဦးကိုကြီးကလည်းပြောကြားသည်။

နောက်ဆုံးသတင်းရရှိသော သတင်းများအရ စက်တင်ဘာနောက်ဆုံးပတ်တွင်လည်း ပဲမျိုးစုံနှင့်နှမ်းအရောင်းအဝယ်မှာ ပုံမှန်သာရှိနေပြီး၊ ဈေးနှုန်းများမှာလည်း အတက်အကျငြိမ်နေကြောင်း သိရသည်။

## ကမ္ဘာ့နှလုံး ကျန်းမာရေးနေ့ အခမ်းအနားသို့ လူရာပေါင်းများစွာတက်ရောက်

**ဖြိုး**

**မန္တလေး၊ စက်တင်ဘာ – ၂၆**

မန္တလေးမြို့တွင် ဒုတိယအကြိမ်မြောက် "ကမ္ဘာ့နှလုံးကျန်းမာရေးနေ့" အခမ်းအနားကို အထွေထွေရောဂါကုဆေးရုံကြီးငါးထပ်ဆောင်၌ ကျင်းပခဲ့ရာလူရာပေါင်းများစွာတက်ရောက်ခဲ့ကြောင်းသတင်းရရှိသည်။နှလုံးရောဂါအထူးကုဌာနနှင့်ဆေးကုမ္ပဏီပေါင်း ၃၀ကျော်တို့မှပူးပေါင်းကျင်းပသောအခမ်းအနားတွင် တက်ရောက်လာသူတိုင်းအား "Full Body Scanning Technology" နည်းဖြင့် ခန္ဓာကိုယ်တွင်းရှိ အဆီနှင့်ကြွက်သားပမာဏရာခိုင်နှုန်းကို တိုင်းတာတွက်ချက်ပေးခဲ့ပြီး ထိုသို့ပြုလုပ်ခြင်းဖြင့် အဝလွန်ခြင်းနှင့် အဆီများခြင်းတို့ကို သိရှိနိုင်သည်ဟု ဆိုသည်။ တက်ရောက်သူ ၈၀၀ ကျော်ခန့်အားအခမဲ့စမ်းသပ်စစ်ဆေးပေးခဲ့ကြောင်း သတင်းရရှိသည်။

## မန္တလေးမြို့သစ်ဇရိယာတွင် ကစားကွင်းတစ်ခုဖွင့်လှစ်မည်

**ညီညီဇော်**

**မန္တလေး၊ အောက်တိုဘာ – ၁**

မန္တလေးမြို့ ၆၂ လမ်းနှင့် သိပ္ပံလမ်းထောင့်တွင် မနော်ရမ္မဥယျာဉ်နှင့် အဆင့်မြင့် ခေတ်မီကစားကွင်းတစ်ခုကိုအောက်တိုဘာလ ၆ ရက်တွင် စတင်ဖွင့်လှစ်တော့မည်ဟု အဆိုပါဥယျာဉ်နှင့်ကစားကွင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါ ဥယျာဉ်နှင့်ကစားကွင်းသည် မန္တလေးမြို့မြို့သစ်ဇရိယာအနီးအတွင် ပထမဦးဆုံးတည်ဆောက်ဖွင့်လှစ်သော ခေတ်မီဘက်စုံကစားကွင်းတစ်ခုဖြစ်ပြီး အလျား ၁၃၀၀ ပေ၊ အနံ ၆၅ ပေ ရှိသည်ဟု သိရသည်။ ထိုဥယျာဉ်နှင့်ကစားကွင်းကို ပြည်သူအများအပန်းဖြေစေရန်နှင့် စိတ်ပျော်ရွှင်စေရန် အဆင့်မြင့်ကစားကွင်းတစ်ခုအဖြစ်ဖန်တီးထားကြောင်း၊ လျှပ်စစ်တိုက်ကား၊ မိုးပျံရထား၊ မရဏစံအိမ်၊ အပျော်စီးလှေ၊ ဂိမ်းကစားနည်းမျိုးစုံနှင့် အခြားကစားစရာမျိုးစုံရှိကြောင်း နောက်ထပ်လည်းတိုးချဲ့သွားဖို့ရှိကြောင်း အဆိုပါတာဝန်ရှိသူက ပြောသည်။

အဆိုပါဥယျာဉ်အနီးတွင် စတိုးဆိုင်ဖွင့်လှစ်နေသော အမျိုးသမီးတစ်ဦးက "အန်တီတို့မြို့သစ်မှာ ဒါပထမဆုံးဖွင့်တဲ့ ကစားကွင်းပါ။ အရင်ကဆို ကစားကွင်းသွားချင်ရင် မြို့ထဲအထိသွားရတယ်။ အခုတော့ အဝေးကြီးသွားစရာမလိုတော့ဘူးပေါ့။ ပြီးတော့ ဒီကစားကွင်းကို အမှီပြုပြီး တခြားစီးပွားရေးလုပ်ငန်းတွေ အဆင်ပြေလာနိုင်တဲ့အတွက် ဝမ်းသာမိပါတယ်" ဟု ပြောသည်။ အဆိုပါဥယျာဉ်ကို နေ့စဉ်နံနက် ၉နာရီမှ ည ၉ နာရီအထိ ပိတ်ရက်မရှိ ဖွင့်လှစ်သွားမည်ဖြစ်ပြီးပထမစဖွင့်သည့်ကာလတစ်လအတွင်းဝင်ကြေးအခမဲ့ဖြစ်ကာ နောက်လများတွင်မူဝင်ကြေးကောက်ခံမည်ဖြစ်ပြီး ဝင်ကြေးမည်မျှကောက်ခံမည်ကိုမူ မသိရှိရသေးပေ။ လက်ရှိ မန္တလေးမြို့တွင် ဥယျာဉ်နှင့်ကစားကွင်းနှစ်ခုသာရှိသေးသည်။

## ဗိုလ်ကလေးတင့်အောင် စာကြည့်တိုက်အတွက် အလှူရှင်များ လိုအပ်နေဟုဆို



ဓာတ်ပုံ– သန်းဌေး

**သန်းဌေး**

**ရန်ကုန်၊ စက်တင်ဘာ – ၂၉**

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်ရှိဘိုကလေးတင့်အောင်စာကြည့်တိုက်တွင်စာတမ်းပြုစုသူများနှင့်သုတေသနပြုသူများရှိနေသောကြောင့် စာအုပ်နှင့် ဂျာနယ်၊ မဂ္ဂဇင်း အလှူရှင်များ ထပ်မံလိုအပ်နေကြောင်း စာကြည့်တိုက်မှူးဦးကျော်စွာက ပြောကြားသည်။

"စာအုပ်အမျိုးအစားစုံတစ်သောင်းရှစ်ထောင်လောက်ရှိပေမယ့် စာအုပ်ငှားတဲ့သူ တစ်နေ့တစ်ရာကျော်၊ အချိန်ပြည့်စာဖတ်သူနဲ့ ဆရာအတတ်သင်က စာတမ်းနဲ့သုတေသနပြုတာတွေအထောက်အကူရဖို့ လိုအပ်တဲ့စာအုပ်တွေရဖို့ အလှူရှင်လိုအပ်နေပါသေးတယ်"ဟု၎င်းကပြောသည်။

မြန်မာအက္ခရာတို့၏ အတွင်းအနက်သဘောဖွင့်ဆိုချက်သုတေသနစာတမ်းအား ဗိုလ်ကလေးတင့်အောင် စာကြည့်တိုက်ကိုအမှီကအားပြုကာ ရေးသားနေသူ ဦးရဲထွဋ်(ဘိုကလေး) ကလည်း အောက်ပါအတိုင်းပြောသည်။

"လိုချင်လို့ရှာတဲ့ စာအုပ်တွေမရှိရင်၊ ရှာမတွေ့ရင် တော်တော်ခက်တယ်။ တက္ကသိုလ်စာကြည့်တိုက်တို့၊ အမျိုးသားစာကြည့်တိုက်တို့နဲ့လည်း မချိတ်ဆက်မိသေးတော့စာအုပ်ကောင်းတွေလိုနေသေးယ်"။

ကျေးလက်တောရွာများသို့ သွားရောက်၍လည်း ၁၅ ရက်တစ်ကြိမ် စာအုပ်ငှားရမ်း ပြန်လဲပေးမည့် ကျော့ပိုးအိတ်စာကြည့်တိုက်အစီအစဉ်လည်းရှိကြောင်း စာကြည့်တိုက်မှူး ဦးကျော်စွာက ပြောကြားသည်။

ကျေးရွာများတွင် စာကြည့်တိုက်အချို့ရှိသဖြင့် ၎င်းတို့ စာကြည့်တိုက်မှ ဂျာနယ်၊ မဂ္ဂဇင်းများကို ပြန်လှူပေးလျက်ရှိကြောင်း ၎င်းကပြောသည်။

ဗိုလ်ကလေးတင့်အောင် စာကြည့်တိုက်ကို ၂၀၀၈ ခုနှစ် မတ်လကဖွင့်လှစ်ခဲ့ပြီး၊ မေ ၂ ရက်က တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းကြောင့် အဆိုပါ နှစ်ထပ်တိုက်စာကြည့်တိုက်လေးမှာ အုပ်ကြွပ်အမိုးပြားများ ပျက်စီးသွား၍သွပ်ပြားများဖြင့်ပြန်လည် မိုးကာပြင်ဆင်ထားရကြောင်း စာကြည့်တိုက်ဝန်ထမ်းတစ်ဦးက ပြောသည်။

စာကြည့်တိုက်တွင် အသင်းဝင် ၅၀၀ ကျော်ရှိရာ တနင်္လာနေ့မှ အပနေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ထားပေးပြီး စာငှားကတ်ဖြင့် တစ်နှစ်တာအတွက်ငွေကျပ် ၂၀၀၀ သွင်းကာ တစ်ခါငှားပါက ကြိုက်ရာဝတ္ထုတစ်အုပ်နှင့် မဂ္ဂဇင်းတစ်အုပ်ကို ၃ ရက် ငှားရမ်းခွင့်ရှိကြောင်း စုံစမ်းသိရှိရသည်။

## ကယားပြည်နယ်ရှိမဲဆန္ဒနယ်များတွင် ပါတီသုံးခုဝင်ရောက်ယှဉ်ပြိုင်

**ကြီးမြင့်နိုင်(လွိုင်ကော်)**

**လွိုင်ကော်၊စက်တင်ဘာ – ၂၉**

ကယားပြည်နယ်တွင် မဲဆန္ဒနယ်စုစုပေါင်း ၃၄ နေရာရှိရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီနှင့် ကယန်းအမျိုးသားပါတီတို့မှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၇၃ ဦး ပါဝင်ယှဉ်ပြိုင်အရွေးခံကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ကယားပြည်နယ်တွင် ပြည်သူ့လွှတ်တော်က ၇ နေရာ၊ အမျိုးသားလွှတ်တော်က ၁၂ နေရာ၊ ပြည်နယ်လွှတ်တော်က ၁၄ နေရာနှင့် ပြည်နယ်လွှတ်တော် ဗမာတိုင်းရင်းသားလူမျိုးစုမဲဆန္ဒနယ် ၁ နေရာဟူ၍ မဲဆန္ဒနယ်စုစုပေါင်း ၃၄ နေရာရှိရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက မဲဆန္ဒနယ်အားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ဗမာတိုင်းရင်းသားလူမျိုးစု မဲဆန္ဒနယ်တွင် လွိုင်ကော်တက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ်ဦးစိန်ဦးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီကိုယ်စားပြု၍ ဝင်ရောက်အရွေးခံမည်ဖြစ်သည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ပြည်သူ့လွှတ်တော်အတွက် ၇ ဦး၊ အမျိုးသားလွှတ်တော်အတွက် ၁၂ ဦး၊ ပြည်နယ်လွှတ်တော်အတွက် ၁၃ ဦးနှင့် ကယန်းအမျိုးသားပါတီက ပြည်သူ့လွှတ်တော်အတွက် ၁ ဦး၊ အမျိုးသားလွှတ်တော်အတွက် ၂ ဦး၊ ပြည်နယ်လွှတ်တော်အတွက် ၄ ဦးတို့ အသီးသီးဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.9, No.29 · OCTOBER 7, 2010

# ဘင်္ဂလားဒေ့ရှ်မှ ပုံမှန်ဝယ်ယူမှု ကျဆင်းသွားသဖြင့် ငှက်ပျောသီးဈေး ပြုတ်ကျ

**မောင်သန်းဝင်း**

**မောင်တော၊စက်တင်ဘာ - ၂၉**

ဘင်္ဂလားဒေ့ရှ်ဈေးကွက်မှ ရာမဒန် ဥပုသ်ကာလမတိုင်မီလနှင့် ဥပုသ်ကာလအတွင်း မောင်တောဒေသမှ ငှက်ပျောခိုင်များကို ပုံမှန်ဝယ်ယူမှုထက်အားကောင်းခဲ့ပြီး ယခုလက်ရှိအချိန်များတွင် ဝယ်ယူမှုပမာဏသိသာစွာကျဆင်းသွားသဖြင့် ဒေသငှက်ပျောဈေးနှုန်းများမှာလည်းမကြုံစဖူး ပြုတ်ကျသွားကြောင်း ဒေသခံငှက်ပျောသီးအရောင်းအဝယ်လုပ်ကိုင်သူများကပြောသည်။

"ရာမဒန် ဥပုသ်အကြိုလနဲ့ ဥပုသ်လအတွင်း တစ်နေ့ကို ဘင်္ဂလားဒေ့ရှ်ကို ငှက်ပျောသီး အခိုင်လေးထောင်ကနေ ငါးထောင်အထိ ပုံမှန်တင်ပို့ရတယ်။ ဈေးကလည်းတစ်ခိုင်နှုန်းကို အသီးအရေအတွက်နဲ့ အရွယ်အစားပေါ် မူတည်ပြီး တာကာ သုံးရာကနေ ငါးရာအထိရတယ်။ အခု ရာမဒန် ဥပုသ်ကာလပြီးတော့ ဝယ်ယူမှုရပ်တန့်သွားတဲ့အခြေအနေထိ နည်းပါးနေပြီး ဒေသတွင်း ဈေးကွက်တွေမှာပဲ ဖြစ်တဲ့ဈေးနဲ့ ဝယ်သူလက်ထဲကို အပ်နေရပါတယ်" ဟု ကြိမ်ချောင်းဒေသမှ ငှက်ပျောသီးကုန်သည်တစ်ဦးကပြောသည်။

နှစ်စဉ်နှစ်တိုင်း ဘင်္ဂလားဒေ့ရှ် အဆိုပါကာလကျော်လွန်ပြီး ဝယ်လိုအားကျသွားခြင်းမှာ ဖြစ်ရိုးဖြစ်စဉ်တစ်ခုဖြစ်သော်လည်း ဒေသတွင်းငှက်ပျောသီးဈေးများမှာ တစ်ခိုင်လျှင် အနည်းဆုံး ၁၅၀၀ ကျပ်အောက်အထိ ကျဆင်းမှုမရှိကြောင်းနှင့် ယခုလက်ရှိ ငှက်ပျောသီး တစ်ခိုင်လျှင် ကျပ် ၁၀၀၀ အောက် ကျဆင်းလျက်ရှိကြောင်း သိရသည်။

# မန္တလေးတွင် နိုင်ငံတကာအဆင့်မီဘောလုံးကွင်း ပေါ်ပေါက်တော့မည်ဟုဆို

**စိုင်းသာအောင်**

**မန္တလေး၊ စက်တင်ဘာ - ၂၃**

မန္တလေးတိုင်းဒေသကြီး၏မြို့တော် မန္တလေးမြို့တွင် နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းကြီးတစ်ခုတည်ဆောက်ရန် သက်ဆိုင်ရာမှ ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။



*လက်ရှိမန္တလေးမြို့တွင် တစ်ခုတည်းသော အဆင့်မီဘောလုံးကွင်းဖြစ်နေသော ဗထူးကွင်း၌ ရတနာပုံနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်စဉ်။*
*ဓာတ်ပုံ- စိုင်းသာအောင်*

မန္တလေးမြို့တွင် နိုင်ငံတကာအဆင့်မီဘောလုံးကွင်းတစ်ခုတည်ဆောက်ရန်အတွက် နေရာသုံးခု ရွေးချယ်ထားကြောင်း ပထမနေရာကို ချမ်းမြသာစည်မြို့နယ် ဘောလုံးအကယ်ဒမီနှင့် အားကစားသိပ္ပံအရှေ့ဘက်နှင့် တောင်ဘက်ရှိ မြေနေရာကိုလည်းကောင်း၊ ဒုတိယနေရာကို မြို့တော်စည်ပင် ကုန်စည်ဒိုင်နှင့် အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်မည့် မြေနေရာတွင်လည်းကောင်း၊ တတိယနေရာကိုမန္တလေးအရှေ့ဘက် ထုံးဘိုကျောက်ချောဒေသတွင်လည်းကောင်း ၃ နေရာရွေးချယ်ထားကြောင်း သိရသည်။

မန္တလေးတိုင်းအားကစားနှင့် ကာယပညာဦးစီးဌာနတိုင်းဦးစီးမှူးက မန္တလေးမြို့တွင် နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းတစ်ခု တည်ဆောက်ရန်အတွက် နိုင်ငံတော်မှ လမ်းညွှန်ပြီးဖြစ်ကြောင်း၊ နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်း တည်ဆောက်ရန်အတွက် အနည်းဆုံးမြေဧက ၅၀ မှ ဧက ၇၀ အထိလိုအပ်ကြောင်း ပြောကြားသည်။

မန္တလေးမြို့တော်သည် တောင်ဘက်တွင် ပိုမိုစည်ကားလာသဖြင့် ပြည်ကြီးတံခွန်မြို့နယ် စွယ်တော်မြတ်စေတီတော်အရှေ့ဘက်၊ မြို့တော်စည်ပင်ကုန်စည်ဒိုင်နှင့် အဝေးပြေးယာဉ်ရပ်နားစခန်း စီမံကိန်းအရှေ့ဘက် မြေကွက်လပ်များတွင် ရွေးချယ်ရန်ဖြစ်နိုင်ကြောင်း ၎င်းကဆက်လက်ပြောသည်။

မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု တည်ထောင်ထားသည်ဆိုသော ရတနာပုံအက်ဖ်စီအသင်းမှတာဝန်ရှိသူတစ်ဦးက "ကျွန်တော်တို့ မန္တလေးမြို့မှာ နိုင်ငံတကာအဆင့်မီဘောလုံးကွင်းကြီးတစ်ခု တည်ဆောက်မယ်ဆိုတဲ့ သတင်းရရှိပါတယ်။ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ရတနာပုံအက်ဖ်စီအသင်းအနေနဲ့ မန္တလေးမြို့က ဘောလုံးချစ်တဲ့ မြို့လူထုနဲ့အတူ ဝမ်းသာ ဂုဏ်ယူမိပါတယ်။ မန္တလေးမြို့ နိုင်ငံတကာ အဆင့်မီ ဘောလုံးကွင်းကြီး တည်ဆောက်ရင် မြို့လူထုသွားလာရေးအဆင်ပြေတဲ့ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်မှာရှိတဲ့ ဘောလုံး အကယ်ဒမီနားက မြေကွက်လပ်တွေမှာ ပိုပြီးအဆင်ပြေပါမယ်။ ဗထူးကွင်းကတော့ နိုင်ငံတကာ အဆင့်မီ ဘောလုံးပွဲတွေအတွက် အဟန့်သေးနေပါတယ်" ဟု သူ၏အမြင်ကို ပြောကြားသည်။

# ရွှေဆံတော်စေတီတော်မြတ်ကြီးတွင် တတိယမြောက်ဓာတ်လှေကားသစ် ထပ်မံဖွင့်လှစ်

**စိုးစံ**

**ပြည်၊ စက်တင်ဘာ - ၂၂**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်မြို့၏ ကျက်သရေဆောင် လေးဆူဓာတ်ပေါ်ရွှေဆံတော်စေတီတော်မြတ်ကြီးတွင် တတိယမြောက်သုံးဖက်မြင် ဓာတ်လှေကားသစ်တစ်စင်းကို ၂၀၁၀ ခုနှစ် စက်တင်ဘာ ၂၂ ရက် နံနက် ၆ နာရီတွင်အခမ်းအနားနှင့် စည်ကားသိုက်မြိုက်စွာဖွင့်လှစ်ခဲ့သည်။

အဆိုပါဓာတ်လှေကားသစ်ကြီး၏ ပန္နက်တင်မင်္ဂလာအခမ်းအနားကို ၂၀၀၉ ဩဂုတ် ၁၄ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၀ ဇွန်လ ၁၁ ရက်တွင် စတင်စမ်းသပ်မောင်းနှင်နိုင်ခဲ့ကြောင်း၊ ဓာတ်လှေကားသစ်ကို အထပ် ၁၃ထပ်ဖြင့် တည်ဆောက်ထားပြီး ငှက်လှောင်အိမ် လူသွားလျှောက်လမ်းအထိ အမြင့်ပေ ၈၆ ပေ၊ အပေါ်ဆုံးစက်ခန်းထပ်အပါအဝင် စုစုပေါင်းအမြင့်ပေမှာ ၁၂၀ ပေရှိကြောင်း၊ ဓာတ်လှေကားကို စတီးလ်ဖရိန်များဖြင့်ပြုလုပ်တပ်ဆင်ထားပြီး တန်ဖိုးငွေစုစုပေါင်းမှာ ကျပ်သိန်းပေါင်းနှစ်ထောင့်ခြောက်ရာ့သုံးဆယ်ခန့်ဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

ယခုကဲ့သို့ ဓာတ်လှေကားသစ်တစ်စင်း ထပ်မံဖွင့်လှစ်လိုက်နိုင်ခြင်းဖြင့် ရွှေဆံတော်စေတီတော်မြတ်ကြီးအား ဖူးမြော်ပူဇော်ရန်ရောက်ရှိလာကြသော ဘုရားဖူးဧည့်သည်တော်များ အထူးသဖြင့် စေတီတော်မြတ်ကြီး၏ ဘုရားပွဲတော်ရက်များတွင် ရပ်ဝေးရပ်နီးမှဘုရားဖူးဧည့်သည်တော်များအနေနှင့်ဓာတ်လှေကားအတက်၊ အဆင်းကို အချိန်ကြာမြင့်စွာ တန်းစီစောင့်ဆိုင်းနေရခြင်းမှ အဆင်ပြေချောမွေ့သွားမည်ဖြစ်သည်။



*ဓာတ်လှေကားအသစ်ကို တွေ့ရစဉ်။*

## နေပြည်တော်တွင် ကြက်ဈေးကျ

**ညိုညိုဝင်း**

**နေပြည်တော်၊စက်တင်ဘာ - ၂၅**

နေပြည်တော်သားငါးဈေးကွက်သို့ အခြားဒေသများမှ မွေးမြူရေးစီပီကြက်များ အများအပြားဝင်ရောက်သဖြင့် ဒေသကြက်ကောင်လိုက်ဈေးမှာ စက်တင်ဘာလအတွင်းကျဆင်းသွားခဲ့ကြောင်းကြက်မွေးမြူသူတစ်ဦးကပြောသည်။ ယခင်ကတစ်ပိဿာလျှင် ကျပ် ၃၀၀၀ ကျော်ရှိသော နေပြည်တော်ကြက်ဈေးမှာ ယခုလအတွင်း တစ်ပိဿာလျှင် ၂၉၀၀ ကျပ်သို့ ကျဆင်းသွားခဲ့သည်။ နေပြည်တော်ဈေးကွက်သို့ ရမည်းသင်း၊ တောင်ငူနှင့် အခြားဒေသများမှ မွေးမြူရေးစီပီကြက်များ ဝင်ရောက်လျက်ရှိကြောင်း ၎င်းကဆက်လက်ပြောသည်။

"နေပြည်တော်ကို အခြားဒေသတွေက ကြက်တွေဝင်လာလို့ တစ်ပိဿာကို သုံးထောင်ကျော်ကနေအခုဆိုရင် နှစ်ထောင့်ကိုးရာပဲရှိတော့တယ်။ ကြက်မွေးမြူတဲ့သူတွေ ဈေးတက်ရင်ကျွန်တော်တို့က လိုက်တက်ရတယ်။ သူတို့ဈေးကျရင် ကျွန်တော်တို့က လိုက်ကျရတယ်။ ကြက်တွေအသေအပျောက်များရင်လည်း ကြက်ဈေးကျတယ်။ သင်္ကြန်ကျရင်တော့ ကြက်ဈေးကလေးထောင်ကျော်ထိတက်တယ်။ အခုတော့ဈေးကျတယ်။ နောက်ကျရင်တော့ ကြက်ဈေးတက်ဖို့ပဲရှိတယ်။ ကြက်တွေကအဝယ်အရမ်းလိုက်လို့"ဟု ရာဇာနိုင်ကြက်ဒိုင်မှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

နေပြည်တော် သားငါးဈေးကွက်တွင် ဗမာကြက်သား တစ်ပိဿာလျှင် ၈၀၀၀ ကျပ်ဝန်းကျင်ရှိပြီး၊ မွေးမြူရေးကြက်သားမှာ တစ်ပိဿာလျှင် ၆၀၀၀ ကျပ်ဝန်းကျင်ရှိကြောင်း သိရသည်။ ဒေသတွင်းကြက်သားစားသုံးမှုနှုန်းမှာ အခြားသောအသားများ၏ ဈေးနှုန်းအခြေအနေပေါ်တွင် မူတည်ကြောင်း၊ နေပြည်တော်ကြက်ဥဈေးကွက်သို့တောင်ကြီးဒေသမှကြက်ဥအများအပြားဝင်ရောက်လျက်ရှိကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရသည်။

7 DAY NEWS JOURNAL
Vol.9, No.29 • OCTOBER 7, 2010

## မျက်နှာဖုံး-မဲပေးနိုင်ရန် မှတ်ပုံတင်များ ပြုလုပ်ပေးနေမှု



"မှတ်ပုံတင်မရှိတဲ့သူတွေကို ယာယီမှတ်ပုံတင် (White Card)တွေ လုပ်ပေးနေတယ်။ တစ်ပြားမှ ပေးစရာမလိုဘူး" ဟု ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက အောက်တိုဘာ ၁ရက်က ပြောသည်။

ယာယီသက်သေခံကတ်ပြားပြုလုပ်ရာတွင် ရပ်ကွက်နှင့်ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးများသို့သွားရောက်ပြုလုပ်ရမည်ဖြစ်သည်။ ထိုရပ်ကွက်၊ ကျေးရွာများတွင် နေထိုင်သည်မှာ မှန်ကန်ရန်လိုပြီး၊ ကတ်ပြုလုပ်ရန်အတွက် ပတ်စ်ပို့ဓာတ်ပုံတစ်ပုံသာလိုကြောင်း ရပ်ကွက်ဥက္ကဋ္ဌတစ်ဦးကပြောသည်။

ထို့အပြင် ရန်ကုန်မြို့အပါအဝင် မြန်မာတစ်နိုင်ငံလုံးရှိဒေသအသီးသီးတွင် မဲပေးခွင့်ရှိသူများကို ရွေးကောက်ပွဲ၌ မဲပေးနိုင်ရန် မှတ်ပုံတင်မပြုလုပ်ရသေးသူပျောက်ဆုံးသူ၊ ပျက်စီးသူများကို မှတ်ပုံတင်အသစ်ပြုလုပ်ပေးခြင်းနှင့် ယာယီသက်သေခံကတ်ပြားများ ပြုလုပ်ပေးနေကြောင်းကို သက်ဆိုင်ရာ ကျေးရွာနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးများမှ တာဝန်ရှိသူများက လိုက်လံအသိပေး၍ ပြုလုပ်ပေးနေပြီဖြစ်ကြောင်းလည်း သတင်းရရှိသည်။

"ရပ်ကွက်ရုံးမှာတော့ နေ့တိုင်း အသံချဲ့စက်နဲ့ ကြေညာတယ်။ မှတ်ပုံတင်မလုပ်တဲ့သူ လာလုပ်ကြဖို့ ယာယီကတ်တွေကိုလည်း ပြန်လဲပေးနေတယ်" ဟု လှိုင်မြို့နယ် ၁၂ရပ်ကွက်တွင် နေထိုင်သူတစ်ဦးကပြောသည်။

မှတ်ပုံတင်ပြုလုပ်ပေးခြင်းကို အချို့ရပ်ကွက်ရုံးများတွင် အသံချဲ့စက်နှင့် ကြေညာပေးပြီး အချို့ရပ်ကွက်ရုံးများ၌ ကြော်ငြာဘုတ်များဖြင့် ကြေညာထားသည်ကို တွေ့ရသည်။

"ယာယီသက်သေခံလက်မှတ်လုပ်ပေးတာ ၈၀ကျော်သွားပြီ။ မဲစာရင်းထဲပါပြီး မှတ်ပုံတင်ပျောက်တဲ့သူတွေ၊ ပျက်စီးတဲ့သူတွေကိုလည်း လဝကရုံးတွေမှာ မှတ်ပုံတင်အသစ် ပြန်လုပ်ပေးနေတယ်။ ပျက်စီးရင်တော့ ရယက ရဲ့ ထောက်ခံချက်လိုတယ်။ ပျောက်ဆုံးတယ်ဆိုရင်တော့ ရဲစခန်းရဲ့ ထောက်ခံချက်ပါလိုတယ်။ လဝကရုံးတွေက အမြန်လုပ်ပေးနေတာ နှစ်ပတ်လောက်နဲ့ရကြတယ်"ဟု ရန်ကင်းမြို့နယ်မှ ရပ်ကွက်ဥက္ကဋ္ဌတစ်ဦးကပြောသည်။

"ဒီမှာတော့ ကြော်ငြာဘုတ်နဲ့ပဲ ကပ်ထားတယ်။ ယာယီကတ်အဖြူရှိတဲ့သူတွေကို မှတ်ပုံတင်နဲ့ လဲပေးနေတယ်" ဟု ဒဂုံမြို့နယ် ယောမင်းကြီးလမ်းတွင် နေထိုင်သူတစ်ဦးကပြောသည်။

နာဂစ်မုန်တိုင်း တိုက်ခတ်ခဲ့သော ဧရာဝတီတိုင်း မိန်းမလှကျွန်းအနီးရှိ ကျေးရွာ ၂၀ ရွာအတွက် ၅ ရွာလျှင် မဲရုံတစ်ရုံနှင့် မဲပုံးများ ရောက်ရှိလာသော်လည်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးပျောက်ဆုံးသွားသော မှတ်ပုံတင်များ အစားထုတ်ပေးရန် ကျန်ရှိနေသေးကြောင်း ကုန်းတန်းပေါက်ကျေးရွာမှ ဒေသခံဦးမြမိုးကပြောသည်။

ထို့အပြင် သန်းခေါင်စာရင်းရှိရာတွင် မွေးရပ်မြေတွင် မနေထိုင်တော့ဘဲ ရပ်ဝေးသို့ရောက်နေသူများအတွက် ရောက်ရှိရာ မဲဆန္ဒနယ်၏ ဧည့်စာရင်းနှင့်ပင် မဲပေးနိုင်ရန်အတွက်လည်း စီစဉ်ပေးထားကြောင်း ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူတစ်ဦး က ဆက်လက်ပြောသည်။ သို့သော် ဧည့်စာရင်းဖြင့် နေထိုင်သူများမှာ မဲနှစ်ကြိမ်ပေးမှုမျိုး မဖြစ်ပေါ်ရန် ဧည့်စာရင်းတိုင်သည့် နေရာတွင် အမှန်တကယ်နေထိုင်သည့်သူ ဖြစ်ရန် လိုကြောင်း ၎င်းက ဆက်လက်ပြောသည်။

## မျက်နှာဖုံး-ဒီမိုကရေစီမိတ်ဆွေပါတီခြောက်ခု ရွေးကောက်ပွဲအောင်နိုင်ရေးပူးပေါင်းဆောင်ရွက်မည်မှ

ထုတ်ပြန်ချက်တွင် ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ရွေးကောက်ပွဲလွန်ကာလတွင်လည်း ယင်းပါတီအသီးသီး၏ ကိုယ်စားလှယ်များသည် ဥပဒေပြုဆိုင်ရာကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မဲဆန္ဒရှင်များကလည်း မဲရုံသို့သွားရောက် မဲပေးကြရန်နှင့် အခြားဒီမိုကရေစီလိုလားသော ပါတီများလည်း ၎င်းတို့နှင့်ပူးပေါင်းကြရန် နှိုးဆော်ကြောင်းစသည် ဖြင့်ပါရှိသည်။

ယင်းပါတီ ၆ ခုမှာ ယခု ရွေးကောက်ပွဲဝင်မည့် ပါတီများတွင် တတိယမြောက်ကိုယ်စားလှယ်လောင်း အများဆုံးပါတီတစ်ခုဖြစ်သည့် အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (အင်န်ဒီအက်ဖ်)၊ စတုတ္ထအများဆုံးပါတီဖြစ်သော ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ(ကျားဖြူ)၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ၊ ပြည်ထောင်စု ဒီမိုကရေစီပါတီနှင့် ချင်းအမျိုးသားပါတီ၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီတို့ဖြစ်သည်။

ဒီမိုကရေစီမိတ်ဆွေပါတီများ ပါဝင်ခြင်းမရှိသည့် ဒီမိုကရက်တစ်ပါတီ(မြန်မာ)အား မိတ်ဆွေပါတီများတွင် ပါဝင်ခြင်းမရှိသည့်ကိစ္စနှင့်ပတ်သက်ပြီးမေးမြန်းရာတွင် "မဟာမိတ်ကတော့ အစကတည်းက ရှိပြီးသားပါ။ အန်တီတို့ ဒီမိုကရေစီအင်အားစုတွေက အတူတူပါပဲ။ ခုဟာက မဲနိုင်ပြီး လွှတ်တော်ဝင်ရဖို့အတွက် လုပ်နေတာဆိုတော့၊ အန်တီကတော့ ပွင့်ပွင့်လင်းလင်းပြောရင် ထိုင်ပြီးဆွေးနွေးနေတာ သဘောမကျဘူး။ အဲဒါကြောင့် အန်တီတို့ပါတီမပါတာပါ"ဟု ဒီမိုကရက်တစ်ပါတီ(မြန်မာ)အတွင်းရေးမှူးဒေါ်ချိုချိုကျော်ငြိမ်းက တယ်လီဖုန်းမှတစ်ဆင့် ပြော ကြားသည်။

ပါတီ ၆ခုပေါင်းမှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၆၈ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၇၆ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်း ၁၅၂ ဦး၊ စုစုပေါင်း ၃၉၆ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

## စာ-၄၊ ပို့ကုန်လုပ်ငန်းရှင်များ ဆန်စျေးတက် ပြည်ပတင်ပို့ရန် ပြန်စိတ်ဝင်စားလာမှ

ထို့ကြောင့် ပို့ကုန်ရငွေတန်ဖိုး တစ်ယူနစ်လျှင် ၁,၀၀၀ ကျပ်ဝန်းကျင်ရှိမည်ဆိုပါက ပြည်ပတင်ပို့မှု ယခုထက်ပိုမိုများလာနိုင်ကြောင်း ပြည်ပသို့ ဆန်တင်ပို့သူတစ်ဦးက သုံးသပ်သည်။ နိုင်ငံတကာစျေးကွက်တွင် ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့သည် ဆန်အများဆုံးတင်ပို့သည့် နိုင်ငံများဖြစ်သည်။

ကမ္ဘာ့ဒုတိယအင်အားကြီးနိုင်ငံဖြစ်သော တရုတ်နိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ပိုးမွှားများ များစွာကျရောက်ပြီး လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ထိခိုက်ဆုံးရှုံးခဲ့သည်။ ယင်းကြောင့် အိမ်နီးချင်းဗီယက်နမ်နိုင်ငံမှ ဆန်စပါးတန်ချိန်များစွာ ဝယ်ယူခဲ့ရကြောင်းလည်း Bloomberg စီးပွားရေးသတင်း ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ ကမ္ဘာ့စျေးကွက်တွင် ထိုင်းဆန်သည် တစ်တန်လျှင် FOB ကန်ဒေါ်လာ ၄၅၀မှ ၅၀၀ကြားရှိပြီး၊ ဗီယက်နမ်ဆန်မှာ ကန်ဒေါ်လာ ၄၂၀ မှ ၄၉၅ကြားရှိကြောင်း သိရသည်။

ပြည်တွင်းစျေးကွက်၌လည်း ဆန်ကြမ်းစျေးနှုန်းမှာ တစ်အိတ်လျှင် ၁၈,၀၀၀ ကျပ်ဝန်းကျင်မှ အနိမ့်ဆုံး ၁၅,၀၀၀ ကျပ်ဝန်းကျင်ရှိသည်။ ဆန်ကြမ်းစပါးစျေးမှာ လက်ရှိအချိန်တွင်တင်းတစ်ရာလျှင် ၄၅၀,၀၀၀ ကျပ်မှ ၄၆၀,၀၀၀ကျပ်ကြားရှိကြောင်း မြောင်းမြမှ ဆန်စက်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ဆန်စျေးတက်၍ ပို့ကုန်လုပ်ငန်းရှင်အချို့က ပြည်ပတင်ပို့ရန် ပြန်စိတ်ဝင်စားလာသော်လည်း အချို့သော လုပ်ငန်းရှင်များမှာ ပို့ကုန်ရငွေတန်ဖိုး ကျဆင်းနေဆဲဖြစ်၍ စိတ်မဝင်စားသေးဟုလည်း ပြောကြားသည်။

## မျက်နှာဖုံး-ကမာလှည့်ခရီးသွားများ၏ မြန်မာနိုင်ငံအပေါ် အပြုသဘော မှတ်ချက်များကို စတင်စုဆောင်းမှ

"ဂုဏ်သရေရှိ ဧည့်သည်တွေရဲ့သဘောထားမှတ်ချက်တွေကို ဝန်ကြီးဌာနကိုပို့ပေးဖို့ မေတ္တာရပ်ခံတဲ့သဘောပါပဲ" ဟု ခရီးသွားလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာနိုင်ငံသို့ လာရောက်ကြသော ကမ္ဘာလှည့်ခရီးသွားများသည် ယင်းတို့လည်ပတ်ခဲ့သည့် ဒေသ၊ဟိုတယ်နှင့် အခြားသော ဝန်ဆောင်မှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဟိုတယ်နှင့် ခရီးသွားကုမ္ပဏီများတွင် သဘောထားမှတ်တမ်းများ ရေးလေ့ရှိကြသည်။

"ဧည့်သည်တွေရဲ့ comment တွေက ခြုံကြည့်ရင်တော့ Develop ဖြစ်စေပါတယ်" ဟု ရန်ကုန်မြို့ရှိ အဆင့်မြင့်ဟိုတယ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အချို့သော ဧည့်သည်များမှာ စာရွက်ပေါ်တွင်သာမက မိမိတို့၏ သဘောထားမှတ်ချက်များအား အင်တာနက် ဝက်ဘ်ဆိုက်များတွင် ရေးသားလာကြပြီး၊ ထိုရေးသားချက်များက ကောင်းသည့်ရေးသားချက်ဆိုပါက များစွာအကျိုးရှိကြောင်း သိရသည်။

"ဒါကြောင့် အခုနောက်ပိုင်းစာရေးသွားရင် ပိုပြီးအလေးအနက်ထားနေရတယ်" ဟု ခရီးသွားကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

အဆိုပါတောင်းဆိုမှုကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက စက်တင်ဘာ ၂၂ ရက်စွဲပါစာအမှတ်စ-၄၉/ခရီး (လိုင်စင်)ဖြင့် ပေးပို့လာခြင်းဖြစ်သည်။

ယမန်နှစ်ခရီးသွားရာသီ၌ ဧည့်သည်အများစု၏မှတ်ချက်များမှာ ဟိုတယ်များ ပြုပြင်မှုအားနည်းခြင်းနှင့် ငွေဆောင်ကမ်းခြေတွင် ဆိုင်ကယ်စီးခြင်းတို့အား တားမြစ်ရန်တို့ဖြစ်သည်ဟု သိရသည်။

## စာ - ၂၊ ကားဝယ်ရောင်းများမော်ဒယ်လ်မြင့်ကားစျေးနှုန်းများဆွဲတင်မှ

"လိုင်စင်ပိတ်မယ်ဆိုတာ ကြိုတင်သတိပေးသင့်တယ်။ တချို့ဆို ဒီနေ့မအားလို့ မနက်မှလုပ်မယ်ဆိုတဲ့သူတွေ တော်တော်နစ်နာတာပေါ့။ ကားသမားအများစုတော့ ထိတာပေါ့"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

မော်ဒယ်လ်အနိမ့်ကားများမှာ စျေးနှုန်းအနည်းငယ်သာ ပြောင်းလဲမှုရှိပြီး လက်ရှိတွင် စူပါဆလွန်း (က)တန်းမှာကျပ် ၁၇၅ သိန်း၊ တိုယိုတာ(ဇဇ)လီမိတက်(က) တန်းမှာ ကျပ်သိန်း ၂၄၀၊ ခွေးခေါင်း(က)တန်း မှာလည်း ကျပ် သိန်း ၂၄၀ နှင့် ဘင်(ဇဇ)လသအမှာလည်း ကျပ်သိန်း ၁၆၀ထိ စျေးပေါက်နေကြောင်း သိရသည်။

**လက်ရှိမြင့်တက် သွားသော မော်ဒယ်မြင့်ကားစျေးနှုန်းများ**

| အမျိုးအစား | မော်ဒယ် | ယခင်စျေး ကျပ်သိန်း | ယခုစျေး ကျပ်သိန်း |
|---|---|---|---|
| ရွှေငါးမတ်တူး | ၂၀၀၂ | ၉၀၀ | ၉၅၀ |
| မတ်တူး | ၉၉ | ၇၀၀ | ၇၅၀ |
| ယိုးဒယားဂျက် | - | ၅၀၀ | ၅၅၀ |
| ရာရစ် | - | ၅၀၀ | ၅၇၀ |
| ဟွန်နာတက် | - | ၅၀၀ | ၅၅၀ |
| မတ်တူး | ၄(ဂ) | ၄၃၀ | ၄၇၀ |

သဇင်
Body Beauty အမျိုးသမီးများအတွက် လိုအပ်သလို ရင်သားပြုပြင်ခြင်း၊ အမျိုးသား အမျိုးသမီး အရပ်ရှည်စက်၊ အဆီချပေးခြင်း၊ မျက်ဝန်းတစ်ပိုက်အရေအကြောင်းများကို သုံးရက်အတွင်း သိသာစေခြင်း၊
၉၅-ဘီ၊ ... ၄-လွှာ၊
ဖုန်း - ၀၉၅၁ ၅၀၀၄၅၊ ၀၁-၇၃၀ ၂၄၆၆၅

(Coffee Shop)

သစ်ခွဲစက်ရောင်းမည်
ဂျပန်နိုင်ငံလုပ် သစ်ခွဲစက် (BAND SAW And BAND SAW CARRIAGE, Used)များနှင့် သစ်လုံးသယ်ယာဉ် PAYLOADER ၁-စီး ရောင်းရန်ရှိသည်။
ဆက်သွယ်ရန် -၀၉ ၅၀၀၃၈၇၄

# Education

7DAY NEWS JOURNAL

Vol.9, No.29 · OCTOBER 7, 2010


## စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့သင်တန်း တစ်ခုတိုး

**နေလင်းထွန်း**

**ရန်ကုန်၊ အောက်တိုဘာ - ၂**

ထိုင်းနိုင်ငံရှိ Assumption University နှင့် ပြည်တွင်းရှိ Myanmar Professional Developent Center တို့ပူးပေါင်း၍ စီးပွားရေးစီမံခန့်ခွဲမှု မဟာဘွဲ့သင်တန်း(အမ်ဘီအေ)ကို အောက်တိုဘာ ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိသည်။



အဆိုပါ သင်တန်းတက်ရောက်ရန် စာရင်းပေးသွင်း၍ အင်တာဗျူးဖြေဆိုသူ ၂၀ ဦးခန့်ရှိခဲ့ပြီး သင်တန်းဖွင့်ချိန်တွင် တက်ရောက်သူ ၁၂ ဦးရှိခဲ့ကြောင်း အမ်ပီဒီစီမှ သိရသည်။

"သင်တန်းတက်ဖို့လာတဲ့သူတွေက လုပ်ငန်းပိုင်ရှင်တွေများတယ်။ အခုမှ စီးပွားရေးဘွဲ့ရထားတဲ့သူတွေလည်း ပါတယ်။ လေးလတစ်ခါ အတန်းသစ်ဖွင့်ပါမယ်။ ကျောင်းသားအပေါ်မှာလည်း မူတည်ပါတယ်။ အမ်ဘီအေ သင်တန်းတွေကို အိမ်နီးချင်းနိုင်ငံတွေမှာလည်း Assumption University ကနေ ဖွင့်နေတာရှိတော့ မြန်မာနိုင်ငံမှာလည်း ဖွင့်ဖို့အတွက် ပြောရင်းဖွင့်ဖြစ်သွားတာပါ" ဟု ၎င်းတက္ကသိုလ်မှ တာဝန်ရှိသူတစ်ဦးဖြစ်သော ဒေါ်ချိုချိုဝင်းကပြောသည်။

သင်တန်းကာလ ၁၆ လ ကြာမြင့်မည်ဖြစ်ပြီး သင်တန်းကြေးမှာ အမေရိကန်ဒေါ်လာ ၈၅၀၀ ဖြစ်သည်။ ထို့ပြင် သင်တန်းသားများသည် ထိုင်းနိုင်ငံရှိ အထက်ပါ တက္ကသိုလ်တွင် တစ်ပတ်ကြာ ဟောပြောပွဲ၊ အလုပ်ရုံ ဆွေးနွေးပွဲတို့ကို တက်ရောက်ရန်လိုအပ်ပြီး ဘွဲ့ရရှိပါက အဆိုပါ တက္ကသိုလ်တွင် သွားရောက်ရယူရမည်ဖြစ်သည်။

"ပြည်တွင်းမှာပဲ ဒီလောက်နဲ့ အမ်ဘီအေရမယ်ဆိုတော့ စိတ်ဝင်စားလို့ သမီးကိုဝင်ခွင့်အင်တာဗျူးဖြေခိုင်းတာပါ။ ဒါပေမဲ့ သမီးက အခုမှ ကျောင်းပြီးကာစလုပ်ငန်းအတွေ့အကြုံမရှိတော့ စဉ်းစားနေတာပါ" ဟု စီးပွားရေးတက္ကသိုလ်မှ ဒီဂရီဘွဲ့ရရှိထားသော အသက် ၂၀နှစ်အတွင်း ကျောင်းသူတစ်ဦး၏ မိခင်ကပြောသည်။

၎င်းသင်တန်းတက်ရောက်ရမည့် အချိန်မှာ တနင်္လာမှ သောကြာနေ့ထိ ညနေ ၆နာရီမှ ၉နာရီ အထိဖြစ်ပြီး စနေနှင့် တနင်္ဂနွေတွင်လည်း နံနက် ၉ နာရီမှညနေ ၄ နာရီထိဖြစ်ကြောင်း သိရသည်။

## နယူးဇီလန်တက္ကသိုလ်များသို့ မြန်မာကျောင်းသားများတက်ရောက်နိုင်

သီဟ

ရန်ကုန်၊အောက်တိုဘာ - ၁

နယူးဇီလန် နိုင်ငံရှိ အစိုးရတက္က သိုလ်များသို့ မြန်မာနိုင်ငံမှကျောင်းသားများ ပညာသွားရောက်သင်ယူနိုင်ရန် ဝန်ဆောင်မှုစတင်နေပြီဖြစ်ကြောင်းသိရသည်။

နယူးဇီလန်နိုင်ငံရှိ အစိုးရတက္ကသိုလ်များဖြစ်သော University of Auckland, Auckland University of Technology, University of Otago စသည့် တက္ကသိုလ်များသို့ ပညာသွားရောက်သင်ယူနိုင်ကြောင်းသိရသည်။ အဆိုပါတက္ကသိုလ်များတွင် ဘွဲ့လွန်ဒီပလိုမာ သင်တန်းများ၊ ပထမဘွဲ့သင်တန်းများနှင့် မဟာဘွဲ့သင်တန်းများတက်ရောက်နိုင်ပြီး Auckland University of Technology တွင် သတင်းအချက်အလက်နှင့် နည်းပညာဘွဲ့လွန် ဒီပလိုမာတက်ရောက်နိုင်ကြောင်းသိရသည်။ အဆိုပါ ဒီပလိုမာသို့ တက် ရောက်လိုသူများသည် ကွန်ပျူတာ တက္ကသိုလ်မှ ဘွဲ့ရရှိပြီးသူများ လျှောက်ထားနိုင်ပြီး အင်္ဂလိပ်စာ လိုအပ်ချက်အနေဖြင့် IELTS 5.5 ရရှိရန်လိုအပ်ကြောင်းသိရသည်။

နယူးဇီလန် နိုင်ငံရှိတက္က သိုလ်များနှင့်ပတ်သက်၍ ပညာ ရေးဟောပြောပွဲအား လာမည့် ၂၄ရက်တွင် နယူးဇီလန်နိုင်ငံမှ ပညာရေးကျွမ်းကျင်သူများက ကုန်သည်ကြီးများဟိုတယ်တွင် ပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။

## ပဉ္စမအကြိမ်မြောက် သင်္ချာဉာဏ်စမ်းပြိုင်ပွဲ ကျင်းပမည်

**နေလင်းထွန်း**

ရန်ကုန်၊ စက်တင်ဘာ - ၂၈

အခြေခံပညာကျောင်းများနှင့် အင်တာနေရှင်နယ်ကျောင်းများတွင် ပညာသင်ကြားနေသော ကျောင်းသားများအတွက် ပဉ္စမအကြိမ်မြောက် သင်္ချာဉာဏ်စမ်းပြိုင်ပွဲကို နိုဝင်ဘာ ၂၇ရက်နှင့် ၂၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း Horizon အင်တာနေရှင်နယ်ကျောင်းမှသိရသည်။

အဆိုပါပြိုင်ပွဲအား ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့တွင် တစ်ပြိုင်နက်ကျင်းပမည်ဖြစ်ပြီး ဝင်ရောက်ယှဉ်ပြိုင်လိုသောကျောင်းသားများ အနေဖြင့် နိုဝင်ဘာ ၁၅ရက် နောက်ဆုံးစာရင်းပေးသွင်းရမည်ဖြစ်သည်။

"နယ်က ကျောင်းသားတွေလည်း ဝင်ပြိုင်လို့ ရပါတယ်။ လျှောက်လွှာကြေးကျပ်တစ်ထောင့်ငါးရာ၊ ဓာတ်ပုံနှစ်ပုံ၊ သန်းခေါင်စာရင်း၊ ဒါမှမဟုတ် မှတ်ပုံတင်မိတ္တူနဲ့ စာရင်းပေးသွင်းရမှာပါ။ မနှစ်ကတော့ ရန်ကုန်မြို့မှာတင် ကျောင်းသား ၁,၇၀၀နီးပါးဝင်ရောက်ဖြေဆိုကြပါတယ်"ဟု အထက်ပါကျောင်းမှ တာဝန်ရှိသူကပြောသည်။

ပြိုင်ပွဲတွင် အသက်အရွယ်အလိုက် ၁၉၉၉ ခုနှစ်၊ ဇွန်လ ၁ ရက်မှ ၂၀၀၂ ခုနှစ်၊ မေလ ၃၁ ရက်အတွင်း မွေးဖွားသူများကို မူလတန်းအဆင့်၊ ၁၉၉၆ခုနှစ် ဇွန်လ ၁ ရက်မှ ၁၉၉၉ ခုနှစ် မေလ ၃၁ ရက်အတွင်း မွေးဖွားသူများကို အလယ်တန်းအဆင့်၊ ၁၉၉၃ ခုနှစ် ဇွန်လ၁ရက်မှ ၁၉၉၆ ခုနှစ် မေလ ၃၁ ရက်အတွင်း မွေးဖွားသူများကို အထက်တန်းအဆင့်နှင့် ၁၉၉၆ ခုနှစ် ဇွန်လ ၁ ရက်နောက်ပိုင်းမွေးဖွားသူများကို အလွတ်တန်းအဆင့်ဟူ၍ လေးမျိုးခွဲခြားယှဉ်ပြိုင်စေမည်ဟုသိရသည်။

ဆုကြေးငွေအနေဖြင့် သက်ဆိုင်ရာပြိုင်ပွဲအဆင့်နှင့် ဆုအမျိုးအစားအပေါ် မူတည်၍ ကျပ်ရှစ်သောင်းမှကျပ်တစ်သောင်း အသီးသီးချီးမြှင့်သွားမည်ဟုသိရသည်။

### ပညာရေးသတင်းတိုများ

## တက္ကသိုလ်ဝင်စာမေးပွဲ ၄၆၅ မှတ်နှင့် အထက်ရသူများ အတိုးမဲ့ချေးငွေရယူနိုင်

**ရန်ကုန်၊ အောက်တိုဘာ - ၁**

မန္တလေးတိုင်းဒေသကြီးရှိ တက္ကသိုလ်တက်ရောက်မည့် ကျောင်းသားများအတွက် အတိုးနှုန်းမဲ့ချေးငွေအစီအစဉ် လျှောက်ထားနိုင်သည့် နေ့ရက်ကို အောက်တိုဘာ ၁၅ရက်သို့ တိုးမြှင့်လိုက်ကြောင်း သိရသည်။ ပညာသင်ထောက်ပံ့ ချေးငွေအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်မှတ် ၄၆၅နှင့်အထက်(တစ်ဘာသာပျမ်းမျှရမှတ် ၇၇ ဒသမ ၅ မှတ်)ရှိသော ကျောင်းသားများ လျှောက်ထားနိုင်ပြီး လက်ရှိချိန်တွင် လျှောက်ထားသူ ၂၄ ဦးရှိကြောင်း ၎င်းအစီအစဉ် ဆောင်ရွက်နေသူ ကိုမင်းမင်းထွန်းကပြောသည်။ အဆိုပါ အစီအစဉ်အတွက် လူတွေ့အင်တာဗျူးကို အောက်တိုဘာ ၂၁ ရက်တွင် ပြုလုပ်မည်ဖြစ်ပြီး ကျောင်းသား ၂၀ဦးရွေးချယ်မည်ဖြစ်သည်။ လျှောက်ထားလိုသော ကျောင်းသားများအနေဖြင့် ဖုန်း ၁၉၂၀-၄၂၇၁၆ သို့ ဆက်သွယ်နိုင်သည်။

## အမေရိကန် ပြည်ဝင်ခွင့်လျှောက်ထားခြင်း အကြောင်း ဟောပြောမည်

**ရန်ကုန်၊ စက်တင်ဘာ - ၂၈**

ဒဂုံမြို့နယ် တော်ဝင်လမ်းရှိ အမေရိကန်စင်တာတွင် အမေရိကန်နိုင်ငံသို့ပြည်ဝင်ခွင့်လျှောက်ထားခြင်းဆိုင်ရာ ရှင်းလင်းဟောပြောပွဲကို အောက်တိုဘာ ၆ ရက် ညနေ ၄ နာရီခွဲတွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။ အမေရိကန် ပြည်ဝင်ခွင့်ဗီဇာ လျှောက်ထားသောပုံစံကို ၂၀၀၉ခုနှစ်က နောက်ဆုံးပြောင်းလဲခဲ့သေးသည်။

## မလေးရှားကောလိပ်တစ်ခုမှ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန်၊ စက်တင်ဘာ-၂၈

မလေးရှားနိုင်ငံရှိ တေလာယူနီဗာစတီကောလိပ်မှ ပညာရေးဆိုင်ရာ ဟောပြောပွဲကို အောက်တိုဘာ ၁၆ ရက်တွင် အမ်အိုင်တီ ပညာရေးဝန်ဆောင်မှုကုမ္ပဏီ၌ ပြုလုပ်မည်ဟု သိရသည်။ စိတ်ဝင်စားသူများအနေဖြင့် ရွှေဘုံသာလမ်း(အလယ်)၊ အမှတ် ၂၃၄ ရှိ MSIရုံးခန်းတွင် တက်ရောက်လေ့လာနိုင်သည်။

## အာရှ-ပစိဖိတ်ဒေသ ပညာသင်ဆု လျှောက်ထားနိုင်


ရန်ကုန်၊ အောက်တိုဘာ-၁

၂၀၁၁ အာရှပစိဖိတ်ဒေသပညာသင်ဆု အစီအစဉ် လျှောက်ထားလိုသော မြန်မာကျောင်းသားများအနေဖြင့် မဟာဘွဲ့သင်တန်းတက်ရောက်ရန် ဒီဇင်ဘာ ၁ရက် နောက်ဆုံးလျှောက်ထား နိုင်ကြောင်း သတင်းရရှိသည်။

ဒီဂရီဘွဲ့တစ်ခုရရှိထား၍ ထူးချွန်သော ပညာရေးမှတ်တမ်းရှိထားပြီး အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်သူများ လျှောက်ထားနိုင်ပြီး မဟာဘွဲ့သင်တန်းပြီးဆုံးပါက မိမိနိုင်ငံသို့ ပြန်လာရမည်ဖြစ်သည်။ ပညာသင်ဆုလျှောက်ထားသူများကို လူတွေ့လာရောက် စစ်ဆေးမည်ဖြစ်သည်။ အဆိုပါ ပညာသင်ဆုအစီအစဉ်အတွက် Education, Media Environment & Social Sciences, Policy, Lay & Administration နှင့် Social Work ဘာသာရပ်နယ်ပယ်များကို လေ့လာသင်ယူလုပ်ကိုင်နေသူများ လျှောက်ထားနိုင်ကြောင်း သိရသည်။ ပညာသင်ဆုအတွက် ဆန်ခါတင်စာရင်းဝင်သူများနှင့် ရွေးချယ်ခံရသူများကို ၂၀၁၁ခုနှစ်၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ကြေညာမည်ဖြစ်ပြီး ပညာသင်ဆုလျှောက်ထားလိုသူများအနေဖြင့် www.apsconsortium.org တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။







## ACCAနှင့် CAT ဘာသာရပ်တက်ရောက်မည့်သူများအတွက် အလုပ်အကိုင်ရှာဖွေရေးတစ်လသင်တန်းအခမဲ့ပေးမည်ဟုဆို

သီဟ

ရန်ကုန်၊စက်တင်ဘာ – ၂၉

မြန်မာနိုင်ငံမှ ကျောင်းသားအများစုစိတ်ဝင်စားသည့် ဘာသာရပ်တစ်ခုဖြစ်သော စာရင်းကိုင်ဘာသာရပ်များဖြစ်သည့် ACCA နှင့် CAT ဘာသာရပ်များအား စင်ကာပူနိုင်ငံတွင်သွားရောက် သင်ယူမည့် ကျောင်းသား၊ ကျောင်းသူများအတွက် အလုပ်အကိုင်ရှာဖွေရေး Job Hunting in Singapore တစ်လ သင်တန်းကိုပညာရေးအေဂျင်စီတစ်ခု ဖြစ်သော Crown Education မှအခမဲ့ ပို့ချပေးမည်ဖြစ်ကြောင်းသိရသည်။

သင်တန်းတွင် စင်ကာပူနိုင်ငံ၌ ပညာသင်ကြားနေစဉ်အတွင်း အလုပ်အကိုင်ရှာဖွေရာတွင် လိုအပ်သည့် အချက်အလက်များ စင်ကာပူနိုင်ငံရှိ အလုပ်အကိုင်အခွင့်အလမ်းအကြောင်းများနှင့် အ လုပ်လျှောက်ထားရာတွင် လိုအပ်သည့် cover letter နှင့် Ressu me စသည်တို့အား ပြင်ဆင်ခြင်းများ သင်ကြားပေးမည်ဖြစ်ဟုဆိုသည်။

ကမ္ဘာ့စီးပွားအကျပ်အတည်း အရှိန်ကြောင့် ပြီးခဲ့သည့် ၂၀၀၉ ခုနှစ် နှစ်ဆန်းပိုင်းက အဆိုပါဘာသာရပ်များအား လျှောက်ထားသူများ နည်းပါးခဲ့သော်လည်း စီးပွားရေးပြန်လည်ဖွံ့ဖြိုးပြီးနောက်ပိုင်းတွင် ကျောင်းသားများ စိတ်ဝင်စားစွာ ပြန်လည်လျှောက်ထားလာကြကြောင်း သိရသည်။

အဆိုပါ အလုပ်အကိုင်ရှာဖွေရေးသင်တန်းသို့ ACCA နှင့် CAT သင်တန်းသားများအပြင် Business Management, Finance and Accounting, Information Technology, Hospitality and Tourism စသည့် ဘာသာရပ်များကို သင်ကြားပြီးသည့်ကျောင်းသား ကျောင်းသူများလည်းတက်ရောက်နိုင်ကြောင်းသိရသည်။

သင်တန်းတွင် Cambridge Job Hunting Syllabus မှ Researching Market, Identifying Key Skills, Interview Technique, Cover Letter and Resume Writing, Job Hunting Technique စသည့် ဘာသာရပ်များ သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းကို အောက်တိုဘာ ပထမပတ် သို့မဟုတ် ဒုတိယအပတ်အတွင်း၌ဖွင့် လှစ်မည်ဖြစ်ပြီး တစ်ပတ်လျှင် နှစ်ရက်တက်ရောက်ရမည်ဖြစ်ကြောင်းသိရသည်။

## Logistics နှင့် Supply Chain Management ဘာသာရပ် သင်တန်းများပြည်တွင်း၌ တက်ရောက်နိုင်

သီဟ

ရန်ကုန်၊စက်တင်ဘာ – ၂၉

လုပ်ငန်းများ လုပ်ဆောင်ရာတွင် အဆင်ပြေချောမွေ့စွာ လုပ်ဆောင်ပေးပို့နိုင်သည့် ပညာရပ်တစ်ခုဖြစ်သည့် Logistics နှင့် Supply Chain Management ဘာသာရပ်များနှင့် Shipping Businessဘာသာရပ်များ သင်ကြားပေးမည့်သင်တန်းကျောင်းကိုမြန်မာနိုင်ငံ၌ ပထမဆုံးဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်းသိရသည်။

သင်တန်းတွင် လက်မှတ်ရသင်တန်း(Certificate)နှင့် အဆင့်မြင့်လက်မှတ်ရသင်တန်း (Higher Certificate) ဟူ၍လက်ရှိတွင်သင်ကြားပေးလျက်ရှိသည်။ လာမည့်ဧပြီလတွင် အင်္ဂလန်နိုင်ငံအခြေစိုက် Institute of Chartered Shipbrokers (ICS) မှချီးမြှင့်သည့် ဒီပလိုမာတန်းစာမေးပွဲလာ ရောက်ကျင်းပရန် အစီအစဉ်ရှိကြောင်းလည်းသိရသည်။

ထို့ကြောင့် ဒီပလိုမာအတန်းများလည်း ဆက်လက်ဖွင့်လှစ်သွားမည်ဟု အဆိုပါသင်တန်းမှ သင်တန်းဆရာ ဦးကျော်မျိုးဝင်းကပြောသည်။

ဒီပလိုမာ အတန်းများအား Foundation Diploma, Advance Diploma နှင့် Professional Diploma ဟူ၍ သုံးမျိုးခွဲခြားထားကြောင်းသိရသည်။

အဆိုပါ Logistics and Supply Chain Management နှင့် Shipping Business သင်တန်းများအား စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပြီး သင်တန်းကြေးမှာ ဒီပလိုမာတန်းဖြေဆိုမည်ဆိုပါက မှတ်ပုံတင်ကြေးပေါင် ၁၄၀နှင့်သင်တန်းကြေးတစ်ဘာသာလျှင် ခြောက်လအပြတ် ၄၈၀,၀၀၀ ကျပ်ခန့် ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

## အာရှဖွံ့ဖြိုးမှုဘဏ်နှင့် ဂျပန်ပညာသင်ဆုအစီအစဉ် လျှောက်ထားနိုင်

ရန်ကုန်၊ စက်တင်ဘာ – ၂၇

အာရှဖွံ့ဖြိုးမှုဘဏ်နှင့် ဂျပန်ပညာသင်ဆုအစီအစဉ် (ADB-JSP)အတွက် မဟာဘွဲ့နှင့် ပါရဂူဘွဲ့ပညာသင်ဆုလျှောက်ထားလို့သော ကျောင်းသားများသည် နိုဝင်ဘာ၁ရက် နောက်ဆုံးထားလျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။

ပညာသင်ဆုလျှောက်ထားလိုသူများသည် လေးနှစ်သက်တမ်းရှိ ဒီဂရီဘွဲ့ရရှိထားပြီး အနည်းဆုံးလုပ်ငန်းအတွေ့အကြုံ ၂ နှစ်ရှိထားရမည်ဖြစ်သည်။ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုအနေဖြင့် TOEFL အမှတ် ၅၅၀သို့မဟုတ် IELTS အမှတ် ၆ ဒသမ ၀ရရှိထားပြီး မိမိတက်ရောက်မည့် ဘာသာရပ်ပေါ်မူတည်၍ GRE, GMATတို့ ဖြေဆိုထားရမည်ဖြစ်သည်။ မဟာဘွဲ့နှင့်ပါရဂူဘွဲ့အတွက် ၂နှစ်အထိ အပြည့်အ၀ ပညာသင်ထောက်ပံ့မှုရရှိမည်ဖြစ်ပြီး အသွားအပြန်လေယာဉ်ခရီးအတွက်လည်း စီစဉ်ပေးကြောင်းသိရသည်။ ပညာသင်ဆုရွေးချယ်ခံရသူများကို ၂၀၁၁ ဧပြီလတွင် ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး ၂၀၁၁ ဩဂုတ်တွင် ကျောင်းတက်ရောက်ရမည်ဖြစ်သည်။ ပညာသင်ဆုလျှောက်လွှာနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက www.eastwestcenter.org တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

## အင်္ဂလန်တက္ကသိုလ်တစ်ခုကပေးအပ်သော စီးပွားရေးနှင့်အင်ဂျင်နီယာဒီပလိုမာ တက်ရောက်နိုင်

သီဟ

ရန်ကုန်၊စက်တင်ဘာ – ၂၉

စီးပွားရေးတက္ကသိုလ်မှဘွဲ့ ရပြီးသူများနှင့် နည်းပညာတက္ကသိုလ်မှဘွဲ့ရပြီးသူများ အင်္ဂလန်နိုင်ငံ Coventry University မှချီးမြှင့်သည့် Post-Graduate Diploma in International Business နှင့် Post-Graduate Diploma in Engineering Management သင်တန်းများအား စင်ကာပူနိုင်ငံ Auston Institute တွင် တက်ရောက်နိုင်ကြောင်း သိရသည်။

သင်တန်းကာလမှာ တစ်နှစ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက မဟာသင်တန်းတက်ရောက်လိုသူများအတွက် မဟာပေါင်းကူးသင်တန်းတက်ရောက်၍ မဟာတန်းသို့ပါ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်သည်။

တက်ရောက်လိုသူများသည်အထက်ပါတက္ကသိုလ်များမှ ဘွဲ့ရရှိရမည့်အပြင်လုပ်ငန်းအတွေ့အကြုံ၂နှစ်ရှိရမည်ဖြစ်သည်။

အင်္ဂလိပ်စာလိုအပ်ချက်အနေဖြင့် IELTS 6.0 ရရှိထားရမည်ဖြစ်ပြီး IELTS ဖြေဆိုထားခြင်းမရှိသေးသူများသည် Auston Institute မှကျင်းပသည့် Placement Test အား ဖြေဆိုနိုင်ကြောင်းသိရသည်။သင်တန်းကြေးမှာ ဒီပလိုမာအတန်းအတွက် စင်ကာပူဒေါ်လာ ၉၆၃၀ခန့် ကုန်ကျမည်ဖြစ်သည်။ အလားတူ Nanyang Institute of Management တွင် University of Ballarat မှ ချီးမြှင့်သည့် Bachelor of Applied Management ကိုလည်း လျှောက်ထားနိုင်သည်။






# Technology

7DAY NEWS JOURNAL

Vol.9, No.29 · OCTOBER 7, 2010


## သီချင်းချစ်သူများအတွက် High Call ဖုန်းအိမ်

သိမ့်သိမ့်စိုး

**ရန်ကုန်၊ စက်တင်ဘာ - ၂၉**

ဖုန်းရဲ့အပေါ်ယံလေးမှာပဲ Music key လေးတွေပါတာကို ကြိုက်နှစ်သက်တဲ့သူတွေအတွက် ဈေးကွက်ထဲ ဝင်ရောက်နေတဲ့ ဖုန်းအမျိုးအစားသစ်တစ်ခုကို ဖော်ပြပေးလိုက်ပါတယ်။

ဒီဖုန်းအိမ်ဟာ ခေါက်ဖုန်းအမျိုးအစားဖြစ်ပြီး သီချင်းနားထောင်လိုသူ ဝါသနာရှင်တွေအဆင်ပြေစေနိုင်မယ့် Highcall (တရုတ်) ဖုန်းအမျိုးအစား ဖုန်းအိမ်ဖြစ်ပါတယ်။

သီချင်းဝါသနာရှင်တွေကတော့ MP3, MP4 Player တွေအပြင် FM Radio ကိုပါ နားဆင်နိုင်မှာဖြစ်တယ်လို့ သိရပါတယ်။

ခေါက်ဖုန်းအမျိုးအစားကို ကြိုက်နှစ်သက်တဲ့သူတွေအတွက်ကတော့ ဒီဇိုင်းဆန်းတဲ့ဖုန်းတစ်လုံးဖြစ်တယ်လို့ သိရပါတယ်။ ဖုန်းထဲမှာ အချက်အလက်သိမ်းလိုသူတွေအတွက်ကလည်း မန်မိုရီ 2GB အထိရှိပါတယ်။ ဒါ့အပြင် ကင်မရာအနေနဲ့ကလည်း 1.3 MP ပါဝင်တာကြောင့် အမှတ်တရဓာတ်ပုံလေးတွေ ရိုက်နိုင်ဦးမှာပါ။

ဒီဖုန်းဟာ ကျပ်ငါးသိန်းတန် CDMA 450 MHz ဖုန်းအမျိုးအစားသုံးစွဲသူတွေ သုံးနိုင်မှာဖြစ်ပါတယ်။ ဖုန်းအိမ်ဈေးနှုန်းက ၁၅၀,၀၀၀ ကျပ်ဝန်းကျင်ဖြစ်ပါတယ်။

## iPad ကိုယှဉ်ပြိုင်မည့် PlayBook ကွန်ပျူတာကို RIM ထုတ်လုပ်

**ဆန်ဖရန်စစ္စကို၊ စက်တင်ဘာ - ၂၇**



နာမည်ကျော် Blackberry စမတ်ဖုန်းများကို ထုတ်လုပ်သည့် ကုမ္ပဏီ Research In Motion (RIM) သည် Apple ကုမ္ပဏီထုတ် Tablet ကွန်ပျူတာ iPad ကို ယှဉ်ပြိုင်နိုင်မည့် Blackberry Playbook ကို စတင်ထုတ်လုပ်လိုက်ကြောင်း သိရသည်။ ယင်း နောက်ဆုံးပေါ် Tablet ကွန်ပျူတာကိုကုမ္ပဏီသည် အမေရိကန်ဈေးကွက်၌ လာမည့် ၂၀၁၁ ခုနှစ်အစောပိုင်းတွင် ရောင်းချမည်ဖြစ်ကာ နောက်ပိုင်းတွင် နိုင်ငံတကာဈေးကွက်သို့လည်း ဖြန့်ချိသွားမည်ဟုဆိုသည်။ RIM ၏အဆိုပါ Playbook ကွန်ပျူတာမှာ iPad နှင့်မတူဘဲ စက်၏ အရှေ့နှင့် အနောက်တွင်ပါ ဗီဒီယိုရိုက်ကူးရန်နှင့် ဗီဒီယိုကွန်ဖရင့် တစ်ချိန်တည်းလုပ်နိုင်ရန် ကင်မရာနှစ်ခုပါဝင်သည်ဟု ဆိုသည်။

စက်တွင် Dual-Core Processor တပ်ဆင်ထားပြီး Operation System မှာ Blackberry Tablet OS ကို အသုံးပြုထားသည်။ ယင်းကွန်ပျူတာတွင် Bluetooth ဆက်သွယ်မှုလည်းပါဝင်မည်ဖြစ်သည်။ သို့သော် RIM ကုမ္ပဏီသည် ၎င်းတို့၏ Playbook နှင့်ပတ်သက်၍ ရောင်းချမည့်ဈေးနှုန်းကို ကြေညာခြင်းမပြုသေးသော်လည်း လက်ရှိဈေးကွက်တွင် ရောင်းချနေသည့် Tablet ကွန်ပျူတာများထက်ဈေးနိမ့်မည်ဟု ပြောထားသည်။

*—Ref: Xinhua*

## အွန်လိုင်းမှ ဖုန်းဘီလ်ဆောင်နိုင်တော့မည်

ယုဇနကိုကို

**ရန်ကုန်၊ အောက်တိုဘာ - ၂**

ပြည်တွင်း၏ ပထမဆုံး အမျိုးသားအဆင့်ဝက်ပေါ်တယ်လ်ဖြစ်သော ရတနာပုံဝက်ပေါ်တယ်လ်နှင့် အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ် (Asian Green Development Bank)တို့ပူးပေါင်းပြီး အွန်လိုင်းပေါ်မှတစ်ဆင့် တယ်လီဖုန်းခွန်ဆောင်နိုင်မည့် စနစ်တစ်ခုကို ပြည်တွင်း၌ ပထမဆုံးအဖြစ် အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း အဆိုပါပေါ်တယ်လ်မှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ဦးဇော်မင်းဦးက 7Day News သို့ ပြောသည်။

အွန်လိုင်းပေါ်မှတစ်ဆင့် တယ်လီဖုန်းခွန်များ ဆောင်နိုင်မည့် အဆိုပါ Phone Billing System အား AGD ဘဏ်မှ လိုအပ်သည့် ငွေကြေးအရင်းအနှီးကို ရင်းနှီးမြှုပ်နှံမည့် Online Payment Gateway တစ်ခုအဖြစ် ဆောင်ရွက်ထားခြင်းဖြစ်သည်။

"ဒီအွန်လိုင်းပေါ်ကနေ တယ်လီဖုန်းအခွန်ဆောင်တဲ့ စနစ်က ပြည်တွင်းမှာ ပထမဆုံးဖြစ်လာမယ့်စနစ်တစ်ခုပါ။ ရတနာပုံပေးတယ်လ်ကတော့ သုံးစွဲသူတွေအတွက် ပေါင်းကူးပေးတဲ့သဘောပါ" ဟု အထက်ပါတာဝန်ရှိသူကဆိုသည်။

ပြည်တွင်း၌ ပုဂ္ဂလိကဘဏ်တစ်ခုဖြစ်သော AGD ဘဏ်နှင့် ရတနာပုံဝက်ဘ်ပေါ်တယ်လ်တို့ ပူးပေါင်းဆောင်ရွက်မည့်အဆိုပါ Phone Billing System အား ယခုလတ်တလောတွင် စမ်းသပ်ကာလအဖြစ်ဆောင်ရွက်နေသည်ဟု သိရသည်။ ပထမဆုံး စပ်းသပ်မှုအနေဖြင့် မန္တလေးတိုင်း ဧရိယာအချို့ရှိ 092 xxxxx ဖြင့် စသောဂျီအက်စ်အမ်နံပါတ်များအား စမ်းသပ်ဝန်ဆောင်မှုပြုလုပ်နေကြောင်း သိရသည်။

အွန်လိုင်းပေါ်မှတစ်ဆင့် တယ်လီဖုန်းအခွန်များ ဆောင်နိုင်မည့် အဆိုပါစနစ်အား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ခွင့်ပြုချက်ကျသည်နှင့်တစ်ပြိုင်နက် စတင်ဝန်ဆောင်မှုပေးတော့မည်ဖြစ်ကြောင်း သိရသည်။

## နည်းပညာထုတ်ကုန်များပါဝင်မည့် ရန်ကုန် ကုန်စည်ပြပွဲ ၂၀၁၀ ကျင်းပမည်

ယုဇနကိုကို

**ရန်ကုန်၊ အောက်တိုဘာ - ၂**

ပြည်တွင်းထုတ်ကုန်ပစ္စည်းများနှင့် နိုင်ငံတကာ ကုန်ပစ္စည်းများကို အတူတကွပြသမည့် ရန်ကုန် ကုန်စည်ပြပွဲ ၂၀၁၀ (Yangon Trade Fair 2010 )ကို ယခုလပထမပတ်အတွင်း ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြပွဲတွင် အီလက်ထရွန်နစ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ စားသောက်ကုန်များ၊ အလှကုန်များ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ စာရေးကိရိယာ ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းနှင့် အိမ်ရာအရောင်းပြခန်းများ၊ အိမ်တွင်းအလှဆင်ပစ္စည်းနှင့် ပရိဘောဂပစ္စည်းများ၊ စက်မှုဇုန်ထုတ်ကုန်များ၊ ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းသုံးပစ္စည်းများကို အတူတကွ ပူးတွဲပြသသွားမည်ဟု သိရသည်။

စမတ်စီးပွားရေး လုပ်ငန်းစုမှ ဦးစီးကျင်းပသည့် အဆိုပါပြပွဲအား ယခုလ ၇ ရက်မှ ၁၀ ရက်အထိ ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင်လည်း ကျင်းပသွားမည်ဖြစ်သည်။ ပြပွဲ၏ ရည်ရွယ်ချက်မှာ လူသုံးကုန်ပစ္စည်းများ၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ အကြောင်းအရာများအား တစ်နေရာတည်းတွင် စုစည်းကြည့်ရှုဝယ်ယူနိုင်စေရန်အတွက်ဟု သိရသည်။

## MCPA ၏ အဆင့်မြင့် ဒစ်ဂျစ်တယ်ဓာတ်ပုံသင်တန်းဖွင့်မည်

ယုဇနကိုကို

**ရန်ကုန်၊ အောက်တိုဘာ - ၂**

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCAP)မှ ပြည်တွင်းဓာတ်ပုံပညာရှင်များနှင့်ပူးပေါင်း၍ အဆင့်မြင့်ဒစ်ဂျစ်တယ် ဓာတ်ပုံသင်တန်း Advance Digital Photography Cause ကို ယခုလ ၁၁ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဟု သတင်းရရှိသည်။

MCAP ဓာတ်ပုံပညာရှင် ဦးဇော်မြင့်(နာဂိုယာ)နှင့် ဦးကျော်ကျော်ဝင်း၊ အင်ဖိုရီသမ်မေ့ဖ် ကုမ္ပဏီတို့ ပူးပေါင်းဖွင့်လှစ်မည့် အဆိုပါ သင်တန်းအား အဆင့်မြင့် ဒစ်ဂျစ်တယ်ရိုက်ကူးရေးပိုင်းကို လက်တွေ့ကျကျ တတ်မြောက်စေရန်အတွက်ဟု သိရသည်။

အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကြေးမှာ တစ်ဦးလျှင် ကျပ်တစ်သိန်းငါးသောင်းဖြစ်သည်။ သင်တန်းတွင် စာတွေ့ ခုနစ်ဆယ်ရာခိုင်နှုန်းနှင့် လက်တွေ့သုံးဆယ်ရာခိုင်နှုန်းသင်ကြားပို့ချသွားမည်ဖြစ်ပြီး လက်တွေ့ရိုက်ကူးရေးများကိုလည်း ပို့ချသွားမည်ဟု သိရသည်။ MCAP ၏ အဆင့်မြင့်ဒစ်ဂျစ်တယ်ဓာတ်ပုံသင်တန်းအား လှိုင်တက္ကသိုလ် နယ်မြေရှိ မြန်မာအင်ဖိုတက်ခ်ဝင်းအတွင်း ဖွင့်လှစ်သွားမည်ဖြစ်သည်။














# သင့်ကျန်းမာရေးအတွက်

# သကြားစစ်စစ် သာသုံးသည်ကို

# အာမခံနိုင်သည့်

Star | Crusher | Quench

အချိုရည်များကို သာသောက်သုံးပါ။

7DAY NEWS JOURNAL
Vol.9, No.29 · OCTOBER 7, 2010



# လူသတ်သမားများနှင့် စကားပြောသူ

ဉာဏ်လင်း

## "လူထုရန်သူများ"သတင်းမှတ်တမ်းရုပ်ရှင်ကိုရိုက်ကူးသူ ကမ္ဘောဒီးယားသတင်းစာဆရာ သက်ဆမ်ဘတ်နှင့် အင်တာဗျူး

လွန်ခဲ့တဲ့နှစ် ၃၀ ကျော်လောက်က ကမ္ဘောဒီးယားနိုင်ငံမှာ လူပေါင်းနှစ်သန်းနီးပါး (အဲဒီတုန်းက ကမ္ဘောဒီးယားနိုင်ငံလူဦးရေရဲ့ လေးပုံတစ်ပုံနီးပါး) ဟာ ကွန်မြူနစ်ခမာနီအစိုးရရဲ့ လက်ချက်နဲ့သေဆုံးခဲ့ရပါတယ်။ ၁၉၇၅ ခုနှစ်ကနေ ၁၉၇၉ ခုနှစ်အတွင်းဖြစ်ပွားခဲ့တဲ့ အဲဒီအစုအပြုံလိုက်သတ်ဖြတ်မှုဟာ ဘာကြောင့်ဖြစ်ပွားခဲ့ရတာလဲ၊ လူသတ်ကွင်းတွေရဲ့နောက်ကွယ်မှာ ဘယ်သူတွေကကြိုးကိုင်ပြီး ညွှန်ကြားခဲ့တာလဲ...။ ဒီမေးခွန်းတွေရဲ့ အဖြေမှန်ကိုရှာဖွေဖော်ထုတ်ဖို့ ခမာနီတွေရဲ့လက်ချက်ကြောင့် မိဘနှစ်ပါးနဲ့ အစ်ကိုအကြီးဆုံးတို့ကိုဆုံးရှုံးလိုက်ရတဲ့ ဖနွမ်းပင်ပို့စ်သတင်းစာကအကြီးတန်းသတင်းထောက် သက်ဆမ်ဘတ် (Thet Sambath)ဟာ လူသတ်ကွင်းတွေရဲ့ နောက်ကွယ်ကကြိုးကိုင်အမိန့်ပေးခဲ့တဲ့သူတွေ၊ ကိုယ်ထိလက်ရောက်သတ်ဖြတ်ခဲ့တဲ့သူတွေကို လိုက်လံရှာဖွေတွေ့ဆုံပါတယ်။ တစ်ပတ်မဟုတ်၊ တစ်လမဟုတ်၊ ဆယ်နှစ်ကြာအချိန်ယူပြီးတွေ့ဆုံမေးမြန်းရရှိခဲ့တဲ့ အမှန်တရားတွေကို ဗြိတိသျှသတင်းမှတ်တမ်းရုပ်ရှင်ဒါရိုက်တာရော့ဘ်လင်မ်ကင်းနဲ့ပူးပေါင်းပြီး 'လူထုရန်သူများ(Enemies of the People)' အမည်ရှိတဲ့ သတင်းမှတ်တမ်းရုပ်ရှင်ကို ရိုက်ကူးခဲ့ရာမှာ နိုင်ငံတကာသတင်းမှတ်တမ်းရုပ်ရှင်ဆု တစ်ဒါဇင်လောက်ဆွတ်ခူးရရှိခဲ့ပါတယ်။ သမိုင်းအမှန်ကို ရှာဖွေဖော်ထုတ်တဲ့အခါ ကြုံဆုံခဲ့ရတာတွေနဲ့ပတ်သက်ပြီး ကမ္ဘောဒီးယားနိုင်ငံမြို့တော်ဖနွမ်းပင်မှာနေထိုင်နေတဲ့ အသက် ၄၁ နှစ်အရွယ် သက်ဆမ်ဘတ်ကို ရန်ကုန်ကနေ Email ကတစ်ဆင့် အင်တာဗျူးပြီး စာဖတ်ပရိသတ်များအတွက် ဖော်ပြပေးလိုက်ပါတယ်။

♦ ခင်ဗျား ဒီမှတ်တမ်းရုပ်ရှင် ဖန်တီးတဲ့အခါမှာ ၁၀ နှစ်လောက်ကြာခဲ့တယ်နော်။ ဘာကြောင့် အဲဒီလောက်အချိန်ယူရတာလဲ။ ဘာအခက်အခဲတွေနဲ့ ခင်ဗျားရင်ဆိုင်ခဲ့ရလို့လဲ။

ကျွန်တော် သုတေသနလုပ်တာ အချိန်အများကြီး ယူရတယ်။ နောက်ပြီး လူသတ်သမားတွေကို တွေ့ဖို့ကလည်းနှစ်တွေချီပြီးကြာတယ်။ အထူးသဖြင့်နော်ချီးပေါ့။ ခမာနီအစိုးရအဖွဲ့မှာ (ခုံရုံးအတင်မခံရခင် အသေစောသွားတဲ့ ခေါင်းဆောင်ပိုပေါ့ပြီးရင်) နော်ချီးက နံပါတ်(၂)။ တွေ့တွေ့ချင်းသူကျနော့်ကို အမှန်ကိုမပြောဘူး။ ကျွန်တော် ဘယ်လိုလူလဲဆိုတာကို သူအချိန်ယူပြီးစုံစမ်းတယ်။ ကျွန်တော့်ကို သူယုံကြည်လာအောင် ကျွန်တော်နှစ်တွေ မနည်းကြီးယူခဲ့ရတယ်။ ယုံကြည်မှုတည်ဆောက်နိုင်ပြီဆိုမှ၊ တစ်ယောက်နဲ့ တစ်ယောက် ရင်းနီးသွားကြပြီဆိုမှ သူ့ရင်ထဲကအမှန်တရားက ထွက်ကျလာတယ်။

♦ ဒီအတွက် ကုန်ကျမယ့်စရိတ်ကို ဘယ်သူတွေကပံ့ပိုးပေးလဲ။

ကျွန်တော် ကိုယ့်ပိုက်ဆံကိုယ်ပဲ အသုံးပြုခဲ့ပါတယ်။ အသုံးစရိတ်အနည်းငယ်ကိုတော့ Behind The Killing Field စာအုပ်ကို ကျွန်တော်နဲ့ အတူရေးခဲ့ကြတဲ့ မစ်ဂီနာချွန်ဆီက ရယူခဲ့တယ်။ သူက ထပ်ထုတ်ပေးဖို့ပါပဲ။ ကျွန်တော်လည်း သူ့ကိုနှောင့်ယှက်ရာကျမှာစိုးလို့ ကုန်ကျစရိတ်ကို ကိုယ့်မှာရှိတာလေးတွေရောင်းချပြီးကြံဖန်ခဲ့တယ်။

♦ခင်ဗျား အချိန်ကို ဘယ်လိုစီမံခန့်ခွဲခဲ့သလဲ။ တစ်ချိန်တည်းမှာပဲခင်ဗျားဟာ ဖနွမ်းပင်ပို့စ်သတင်းစာမှာသတင်းထောက်လုပ်နေရတာဆိုတော့။

ကြာသပတေး ညဘက် (ခမာအစိုးရရဲ့ တာဝန်ရှိသူတွေနဲ့တွေ့ဖို့)ကျွန်တော်နယ်ကိုထွက်တယ်။ တနင်္ဂနွေကျရင်တော့ ကျွန်တော့်သတင်းစာတိုက် ဖနွမ်းပင်ပို့စ်ကို အရောက်ပြန်လာရပါတယ်။ ကျွန်တော့် မိန်းမနဲ့ကလေးတွေ အတွက်ဒီကာလတွေမှာ ကျွန်တော် အချိန်မပေးနိုင်ခဲ့ဘူး။



♦ ဒီမှတ်တမ်းရုပ်ရှင်ဖန်တီးနေတဲ့ကာလတွေမှာ ငွေရေးကြေးရေးအခက်အခဲတွေရှိခဲ့လား။ ရှိတယ်ဆိုရင် ဘယ်လိုများဖြေရှင်းခဲ့ရလဲ။

ရှိတာပေါ့။ ကျွန်တော့်မှာ ငွေရေးကြေးရေးအကျပ်အတည်း ကြီးကြီးမားမားရှိခဲ့တာပေါ့။ ကျွန်တော့်မှာ စုဆောင်းထားတဲ့ ပိုက်ဆံတွေပြောင်သွားတာနဲ့ မိန်းမရဲ့ လက်စွပ်နဲ့ဆွဲကြိုးကို ရောင်းချပစ်လိုက်ရတယ်။ နောက်ပြီးမြေတွေရောင်းလိုက်ရတယ်။ အဲဒါတွေရောင်းလို့ရတဲ့ ငွေတွေပြောင်သွားပြန်တော့ သူငယ်ချင်းတွေဆီက ပိုက်ဆံချေးရတယ်။ ဘဏ်ကလည်း ပိုက်ဆံချေးရတယ်။ တော်တော်ကြမ်းတမ်းခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော်လုပ်နေတဲ့အလုပ်ကို ကျွန်တော်အားအင်အပြည့်နဲ့ အလုပ်လုပ်နိုင်ခဲ့ပါတယ်။ ကျွန်တော်ကသမိုင်းအစစ်အမှန်ကို ဖော်ထုတ်တင်ပြချင်နေတာကိုး။ အဲဒီကာလမှာ ကျွန်တော်အခြားဘာစီးပွားရေးမှမလုပ်နိုင်ဘူး။ ကလေးတွေကျောင်းလခပေးရမယ့်ပိုက်ဆံတွေကိုလည်း ကျွန်တော်အလုပ်ထဲမှာ ထည့်သုံးလိုက်ရတယ်။ ဒါပေမဲ့ လောက်ငတယ်လို့လည်းမရှိပါဘူး။ ကျွန်တော့်အလုပ်က တစ်လကိုအနည်းဆုံးဆယ်သိန်းလောက်လိုတယ်။ အဲဒါကြောင့် ဘဏ်မှာကျွန်တော်အကြွေးတွေတင်ခဲ့တဲ့အပြင် သူငယ်ချင်းတွေပေါ်မှာလည်း အကြွေးတွေက အခုထိသိန်းဆယ်ဂဏန်းတင်နေတုန်းပဲ။ ဘယ်လောက်ပဲခက်ခဲကြမ်းတမ်းပါစေ၊ ငွေတွေကုန်သွားတာက အရေးမကြီးပါဘူး။ ခမာနီသမိုင်းကြောင်း(ဖော်ထုတ်ပေးနိုင်ရေး)က ပိုပြီးအရေးကြီးတယ်။ လူတွေမသိကြသေးတဲ့ ခမာနီသမိုင်းကြောင်းရဲ့ လျှို့ဝှက်ချက်ကို ကျနော်လှမ်းမြင်နေရတယ်။ ဒီအတွက် ဘာတွေကုန်ကုန်ကျွန်တော်စွန့်လွှတ်လိုက်ဖို့အသင့်ပဲ။ ကျနော့်မိန်းမနဲ့ ကလေးတွေလည်း ဒီကာလတွေမှာကျနော့်ကိုနားလည်ပေးနိုင်ကြတယ်။ ဒီအကြောင်းတွေကိုကျွန်တော်ပြန်သတိရတိုင်း ကျွန်တော့်မှာစိတ်မကောင်းဖြစ်ရတယ်။ မျက်ရည်ကျရတယ်။ ကျွန်တော်သာတစ်ခုခုဖြစ်သွားရင် ကျွန်တော့်မိန်းမနဲ့ ကလေးတွေအခက်ပဲ။ သူတို့မှာဘာမှရှိကြတော့တာ မဟုတ်ဘူး။ အခုကျွန်တော်တို့နေနေတဲ့အိမ်ကလည်း ငှားနေနေရတာ။

♦ ခင်ဗျားလုပ်နေတဲ့ အလုပ်နဲ့ပတ်သက်ပြီး ခင်ဗျားမိသားစုကို ခင်ဗျားပေးမသိခဲ့ဘူးလို့ ကျနော်ကြားဖူးတယ်။

ကျွန်တော်လုပ်နေတဲ့အလုပ်နဲ့ ပတ်သက်ပြီးတော့ ကျွန်တော့်မိသားစုကိုပေးမသိချင်ဘူး။ သူတို့သာသိခဲ့ရင် ကျွန်တော်ကိုတားကြမှာ။ အဲလိုမတားဘူးဆိုရင်လည်း (ကျွန်တော် နော်ချီးနဲ့တွေ့ဆုံပြီး အင်တာဗျူးနေတဲ့) အကြောင်းဟာ အစိုးရအရာရှိတွေဆီ ပေါက်ကြားသွားနိုင်တယ်။ အဲလိုသာဖြစ်ခဲ့မယ်ဆိုရင် ကျွန်တော်နော်ချီးနဲ့ကော နောက်ပြီးကျန်တဲ့ခမာနီအဖွဲ့ဝင်တွေနဲ့ကော ထပ်ပြီးတွေ့ဆုံဖို့ အခက်အခဲတွေဖြစ်လာနိုင်တယ်။ နောက်ပြီးကျွန်တော်လုပ်နေတာကို ကျွန်တော်မိန်းမနဲ့ ကလေးတွေသာသိသွားရင်သူတို့စိုးရိမ်ကြမှာ။ အဲလိုဆိုရင် ကျွန်တော်ဒီအလုပ်ကို ဆက်ပြီးလုပ်နိုင်မှာမဟုတ်တော့ဘူး။ ကျွန်တော့်မိန်းမနဲ့ကလေးတွေက ကျွန်တော့်အပေါ် တော်တော်ကောင်းကြတယ်။ ကျွန်တော်နယ်ဆင်းပြီး ဘာတွေလုပ်နေတာလဲမမေးကြဘူးဗျ။ ဒါပေမဲ့ကျွန်တော့်မိန်းမက ကျွန်တော်ကိုတစ်ခုတော့ပြောရှာတယ်။ တကယ်လို့ ကျွန်တော်(နယ်ဆင်းသွားတုန်း) သေသွားခဲ့ရင် ဒီကလေးတွေနဲ့ သူဘယ်လိုရှေ့ဆက်စခန်းသွားရပ့ါမလဲဆိုပြီး၊

♦ ခင်ဗျား နော်ချီးကို ဘယ်လိုရှာတွေ့ခဲ့တာလဲ။ နောက်ပြီးခင်ဗျားအပေါ် သူယုံကြည်လာအောင် (အင်တာဗျူးခွင့်ပေးအောင်) ဘယ်လိုများခင်ဗျားကြိုးစားခဲ့ရလဲ။

ကျွန်တော့်ကို ခမာနီကေဒါတွေက နော်ချီးနဲ့မိတ်ဆက်ပေးကြတာ။ နော်ချီးနဲ့တွေ့တော့ ကျွန်တော် သူ့ရဲ့ယုံကြည်မှုရအောင်၊ နောက်ပြီးရင်းနှီးသွားအောင်လုပ်ရတယ်။ အထူးသဖြင့်တော့ ကျွန်တော့်အနေနဲ့ဘယ်ဘက်မှ ဘက်မလိုက်မိအောင်နေရတာပေ့ါ။ ကျွန်တော် သူနဲ့စကားပြောတဲ့အခါမှာခမာနီဘက်ကိုမဝေဖန်မိအောင်၊ အစိုးရဘက်ကနေပြီးတော့လည်းမပြောဆိုမိအောင်သတိထားရတာပေ့ါ။

♦ ခင်ဗျားမိဘတွေဟာ နော်ချီးတို့ရဲ့ လက်ချက်နဲ့ သေဆုံးခဲ့ကြတာနော်။ အဲတော့ ခင်ဗျားနော်ချီးကို စတွေ့တဲ့အချိန်မှာ ခင်ဗျားဘယ်လိုခံစားရလဲ။ ပြောပြလို့ရမလား။ ဘယ်လိုကိုယ့်ကိုယ်ကိုယ် ထိန်းခဲ့ရလဲ။

ကျွန်တော် သူ့ကိုစတွေ့တဲ့အချိန်မှာ စိတ်အရမ်းလှုပ်ရှားခဲ့ရတယ်။ စိုးလည်းစိုးရိမ်ခဲ့မိတယ်။ ဘာလို့လဲဆိုတော့ သူဟာထိပ်ပိုင်းခေါင်းဆောင်လေ။ ကျွန်တော့်မိသားစုဟာခမာနီတို့ ရက်စက်တာကိုခံခဲ့ရတယ်။ ဒါပေမဲ့ ဒီနေရာမှာကျွန်တော့်ကိုယ်ရေးကိုယ်တာကိစ္စတွေကို ဘေးချိတ်ထားရမယ်လေ။ ဘာလို့လဲဆိုတော့ကျွန်တော်ဒီလူနဲ့လာတွေ့တာက လူသတ်ကွင်းတွေရဲ့နောက်ကွယ်က အမှန်တရားကိုရှာဖွေဖို့ ဒီလူနဲ့ကျွန်တော်လာတွေ့တာပဲ။ ဒီနေရာမှာကျွန်တော့်မိသားစုတွေကိစ္စကိုထည့်စဉ်းစားလိုက်ရင်၊ ကျွန်တော့်အလုပ်မှာ အနှောင့်အယှက်ဖြစ်လာမယ်။ ကျွန်တော်နော်ချီးနဲ့တွေ့နေတဲ့အချိန်မှာ သူတို့ရက်စက်လိုက်တဲ့ဒဏ်ကို ခံလိုက်ရတဲ့ကျွန်တော်တို့ရဲ့ မိသားစုအရေးကိစ္စကို သတိမရမိအောင် ကြိုးစားခဲ့ရတယ်။ ဒါပေမဲ့ တစ်ခါတလေတော့ သူနဲ့စကားပြောနေရင်း ကျွန်တော့်မိသားစုတွေအကြောင်းကို စဉ်းစားနေမိတတ်တယ်။ ဒါပေမဲ့ သတိဝင်လာတဲ့အချိန်မှာအဲဒီအတွေးတွေကို ချက်ချင်းရပ်ပစ်လိုက်ရတယ်။

♦ နော်ချီးနဲ့ အင်တာဗျူးရတာဘယ်လောက်ခက်ခဲလဲ။ နောက်ပြီး အခြားခမာနီ အဖွဲ့ဝင်တွေနဲ့ အင်တာဗျူးရတဲ့အခါမှာရော ဘာတွေခက်ခဲတာတွေ့ခဲ့လဲ။

ဒီလူတွေကို ရှာဖွေရတာတအားခက်သလို သူတို့တစ်တွေ အမှန်ကိုဖွင့်ဟပြောဆိုလာဖို့ စည်းရုံးရတာလည်း တအားခက်တယ်။ သတ်မိန့်ပေးတဲ့လူတွေ၊ ကိုယ့်ရဲ့လက်နဲ့သတ်ခဲ့ကြတဲ့လူတွေကိုတွေ့ဖို့ ကျွန်တော်ကိုးနှစ်လောက်အချိန်ကုန်ခံခဲ့ရတယ်။ တွေ့တာတောင် သူတို့တစ်တွေ သတ်ခဲ့ကြတဲ့အကြောင်းကို ချက်ချင်းကောက်မေးလို့မရဘူး။ နှစ်အတန်ကြာအချိန်ယူပြီး ယုံကြည်မှုတည်ဆောက်ယူရတယ်။ ကျွန်တော့်ကို သူတို့ယုံကြည်ပြီဆိုတော့မှပဲ ကျွန်တော်စပြီးမေးလို့ရတယ်။

♦ တရားရုံးက ခင်ဗျားရဲ့သတင်းမှတ်တမ်းရုပ်ရှင်ကို (သက်သေအထောက်အထားအဖြစ်သုံးဖို့) သူတို့ကို မျှပေးဖို့ပြောတုန်းက ခင်ဗျားဘာကြောင့် မပေးဖြစ်ခဲ့တာလဲ။

ကျွန်တော် သတင်းမှတ်တမ်းရုပ်ရှင်လုပ်ဖို့ သုတေသနလုပ်တုန်းက (ခမာနီရာဇဝတ်ကောင်တွေကို တရားစီရင်မယ့်) ရာဇဝတ်ခုံရုံးက မရှိသေးဘူး။ ကျွန်တော့်သတင်းရင်းမြစ်တွေကို ပြောခဲ့တာကလည်း ကျွန်တော်ဟာ သမိုင်းမှတ်တမ်းအတွက်လို့ပဲပြောခဲ့တာ။ တရားရုံးအတွက်ပါလို့ ပြောခဲ့တာမဟုတ်ဘူး။ တရားရုံးကိုပေးလိုက်ရင် ကျွန်တော်ဘာဖြစ်သွားမလဲ။ ကျွန်တော် ကတိမတည်တဲ့ကောင်၊ သစ္စာဖောက်ဖြစ်သွားမှာပေ့ါ။ ကျွန်တော့် သတင်းရင်းမြစ်တွေကို ကျွန်တော်လေးစားရမယ်. . . သူတို့တစ်တွေဟာ လူသတ်ကောင်တွေဖြစ်နေကြရင်တောင်မှ၊

♦ နော်ချီးထောင်ထဲရောက်သွားတဲ့အချိန်မှာ ခင်ဗျားနဲ့ သူနဲ့ ထောင်တွင်းဖုန်းကတစ်ဆင့် စကားတွေမကြာမကြာ ပြောဖြစ်ကြတယ်လို့ ကျွန်တော်ဖတ်ဖူးတယ်။ ခင်ဗျားတို့ ဘာတွေများပြောကြတာလဲ။ နော်ချီးဟာ သူလုပ်ခဲ့တဲ့လုပ်ရပ်တွေနဲ့ပတ်သက်ပြီးတော့ နောင်တရောရရဲ့လား။

ကျွန်တော်သူ့ကိုမေးဖြစ်တာကတော့ သာကြောင်းမာကြောင်းလောက်ပါပဲ။ သူနေရထိုင်ရတာ အဆင်ပြေလားပေ့ါ။ သူနောင်တရနေတယ်။ ဖြစ်ခဲ့တဲ့ကိစ္စတွေနဲ့ပတ်သက်ပြီးသူ့ကိုယ်သူရော၊ ပိုပေ့ါကိုရောအပြစ်တင်နေတယ်။

♦ နောက်နှစ်ဆိုရင် နော်ချီးနဲ့ အခြားခေါင်းဆောင်သုံးယောက်ကို ခုံရုံးတင်တရားစွဲတော့မှာဆိုတော့ သူတို့ဘယ်လောက်ပြင်းထန်တဲ့ ပြစ်ဒဏ်တွေခံစားကြရလိမ့်မယ်လို့ခင်ဗျားထင်လဲ။ ခမာနီတို့လက်ကကံကောင်းထောက်မစွာ လွတ်လာတဲ့လူတစ်ယောက်အနေနဲ့ နော်ချီးနဲ့ အခြားခေါင်းဆောင်တွေကို ခင်ဗျားဘယ်လိုအပြစ်ပေးချင်လဲ။

ကျွန်တော်ခုံရုံးတွေအကြောင်း မစဉ်းစားဘူး။ နောက်ပြီးသူတို့တွေ ထောင်အနှစ်ဘယ်လောက်ကျခံရလိမ့်မယ်ဆိုတာကိုလည်း ကျွန်တော် မစဉ်းစားဘူး။ ထောင်ချပြီးအပြစ်ပေးလိုက်လို့ပြီးသွားမှာမှမဟုတ်တာ။ သူတို့ကို ထောင်ချလိုက်ရုံနဲ့ အရာရာကောင်းသွားမှာမှမဟုတ်တာ။ သူတို့ပြုခဲ့သမျှအပြစ်တွေကို အမှန်အကန်ဝန်ချတောင်းပန်ကြရမယ်။ ဒါဟာအမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အရေးကြီးတဲ့အချက်ဖြစ်တယ်လို့ ကျွန်တော်မြင်တယ်။ ဒီလူတွေကို ကျွန်တော်ဒဏ်မခတ်ချင်ဘူး။ သူတို့တစ်တွေနှိပ်စက်ညှဉ်းပန်းသတ်ဖြတ်လိုက်တဲ့ သူတွေအပေါ်မှာ သူတို့တစ်တွေ အမှန်အကန် ဝန်ချတောင်းပန်ကြတာကို ကျွန်တော်မြင်ချင်တာ။ နောက်ပြီးနောက်မျိုးဆက်သစ်တွေ လူလူချင်းသတ်ဖြတ်တာကို ရှောင်ရှားကြဖို့ သူတို့အနေနဲ့ပြောပြခဲ့ကြစေချင်တာ။

♦ (လူပေါင်း ၁၆၀၀၀ အသတ်ခံရတဲ့ကိစ္စတစ်ခုမှာ တာဝန်ရှိခဲ့သူလို့အပြစ်ရှိကြောင်း ထင်ရှားခဲ့တဲ့အတွက်) ဒွိုက်ကို (တရားရင်ဆိုင်နေရတဲ့အချိန်မှာ ထောင်ထဲမှာ နေခဲ့ရတဲ့နှစ်တွေကိုနုတ်ပြီး) ထောင် ၁၉ နှစ်ပဲ ကျခံစေဆိုပြီး တရားရုံးက အမိန့်ချမှတ်လိုက်တဲ့အပေါ်မှာ ကမ္ဘောဒီးယားပြည်သူတွေ မကျေနပ်ကြဘူးလို့ ဆိုတယ်။ ဒီပေါ်မှာ ခင်ဗျားဘယ်လိုမြင်လဲ။

ကျွန်တော်ပြောခဲ့သလိုပဲ ကျွန်တော့်အနေနဲ့ကတော့ အပြစ်ပေးဖို့ မလိုအပ်ဘူးလို့။ လူတစ်ယောက်ကောင်းတဲ့အလုပ် လုပ်အောင်ဆိုရင် သူ့ကိုကျွန်တော်တို့ အပြစ်မပေးသင့်ပါဘူး။ အပြစ်ပေးလို့လည်း လူဆိုးတစ်ယောက်ဟာ သူလုပ်နေတဲ့မကောင်းတဲ့လုပ်ရပ်တွေကို ရပ်တန့်မှာမဟုတ်ပါဘူး။

စာ(၂၆) သို့

7 DAY NEWS JOURNAL
Vol.9, No.29 · OCTOBER 7, 2010

Khon Kaen ပြည်နယ်သည် ထိုင်းနိုင်ငံ၏ အရှေ့မြောက်ဘက်ရှိ ပြည်နယ်များထဲတွင် ဒုတိယအကြီးဆုံးပြည်နယ်ဖြစ်သည်။ ထိုပြည်နယ်ရှိ Dechapaich ရေလုပ်ငန်းသုံး ပိုက်စက်ရုံတွင် ယာယီနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားကြသည့် အလုပ်သမားများကိုအကာကွယ်ပေးမှုမရရှိကြချေ။ ထိုစက်ရုံရှိအလုပ်သမားများသည် ညနေ ၅ နာရီမှ နောက်တစ်နေ့ ညနေ ၆ နာရီခွဲထိ အလုပ်ဆင်းကြရသည်။ ထိုအချိန်အတွင်း နားချိန်တစ်နာရီခွဲသာ အနားရကြသည်။ ယာယီနိုင်ငံကူးလက်မှတ်ကုန်ကျစရိတ်ကိုလည်း ပေးဆပ်ရသေးသည်။ သို့သော် အလုပ်သမားများကို နိုင်ငံကူးလက်မှတ်ကိုယ်တိုင် ကိုင်ဆောင်ခွင့်မပြုပေ။ အဆိုပါစက်ရုံတွင် မြန်မာယာယီနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူ နှစ်ထောင်ကျော်ရှိပြီး နေထိုင်ခွင့်လက်မှတ်(ဘတ်)နှင့် လုပ်ကိုင်နေသူ ၃၀၀ ခန့်ရှိသည်။

# အာမခံအတွက် တိုက်ပွဲဝင်ခြင်း

ဝင်းနိုင်ထွန်း

ယင်းတို့စက်ရုံရှိ အလုပ်သမား ၆ ဦးသည်တစ်လတည်းနှင့် ၃ ရက်ထက်မကရက်ပိုခွင့်ယူသောကြောင့် အလုပ်ထုတ်ပစ်လိုက်သည်။ ထိုအခါအလုပ်ထုတ်ပစ်ခံရသူများက ယင်းတို့၏ ခရီးသွားအထောက်အထားများကိုပြန်ပေးရန် အလုပ်ရှင်ထံတောင်းဆိုသည်။ စက်ရုံတာဝန်ရှိသူများက ယင်းတို့၏ယာယီနိုင်ငံကူးလက်မှတ်နှင့် အလုပ်လုပ်ခွင့်ပါမစ်များကို ပြန်လည်ထုတ်ပေးရာ ယာယီနိုင်ငံကူးလက်မှတ်တွင် အပြာရောင်မင်ဖြင့် ပယ်ဖျက်ပြီး စာအုပ်ဖြစ်ကြောင်းကို အင်္ဂလိပ်လိုရေးထားပြီး အလုပ်လုပ်ခွင့်ပါမစ်များတွင် လူနာမည်များ လွဲနေသည်ကိုတွေ့ကြရသည်။

ထိုအချက်များကြောင့် ပြည်နှင်ခံရမည့် အခြေအနေ ကြုံရတော့သည်။ ထိုသို့ အလုပ်သမား ၆ ဦးထုတ်ပစ်သည့်အမိန့်စာကို ၂၀၁၀ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့ နေ့လယ်တွင် ကြော်ငြာဆိုင်းဘုတ် Notice Board ၌ စာကပ်ချိန်မှစ၍ စက်ရုံရှိ မြန်မာအလုပ်သမားတစ်ထောင်ကျော်တို့ ဆန္ဒပြမှုဖြစ်ပွားခဲ့သည်။ ထိုသို့ဖြစ်ရခြင်းသည် ရေရှည်ကြုံတွေ့ခဲ့ရသည့်အလုပ်သမားများ၏နာကျည်းချက်များနှင့် အလုပ်သမား ၆ ဦးကို ရုတ်တရက်အသိမပေး ကြိုတင်ပြင်ဆင်ချိန်မရဘဲ အလုပ်ထုတ်ပစ်မှုတို့ကြောင့်ဖြစ်သည်။

အလုပ်သမားများ၏ အဓိကတောင်းဆိုမှုများသည် အလုပ်ထုတ်ပစ်ခံရသူအလုပ်သမား ၆ ဦး၏ပြည်ဝင်ခွင့်ဗီဇာအား သက်တမ်းတိုးပေးရန်၊ ပြည်ပအလုပ်သမားမှတ်ပုံတင်ကတ်ပြားများအား ပိုင်ရှင်နာမည်များဖြင့် ပြန်လည်မှတ်ပုံတင်ပေးရန်၊ စက်ရုံရှိ အလုပ်သမားများအားလုံး၏ ယာယီနိုင်ငံကူးလက်မှတ် အပါအဝင် စက်ရုံမှ သိမ်းဆည်းထားသောခရီးသွားအထောက်အထားများအားလုံး ကိုင်ဆောင်ခွင့်ပြုရန်၊ အလုပ်သမားစားရိပ်သာအား ပြန်လည်ဖွင့်လှစ်ပေးရန်၊ ထိုင်းအလုပ်သမား ဥပဒေအတိုင်းအနည်းဆုံးသတ်မှတ်လုပ်ခနှုန်းထားများနှင့် အချိန်ပိုကြေးများထုတ်ပေးရန်နှင့် အလုပ်နားချိန်တိုးမြှင့်ပေးရန်တို့ပါဝင်သည်။



လုပ်ဖော်ကိုင်ဖက် မြန်မာအလုပ်သမားခြောက်ဦးကို စက်ရုံကအလုပ်ထုတ်လိုက်၍ ကျန်မြန်မာအလုပ်သမားများက ဝိုင်းဝန်းဆန္ဒပြပြီး မိမိတို့ရပိုင်ခွင့်ကို ရအောင်တောင်းဆိုသွားနိုင်ခဲ့သည့် မြန်မာအလုပ်သမားများ၏ 'ငါတို့ငွေနဲ့ ငါတို့ပတ်စ်ပို့တွေပြန်ပေး' ဟုအင်္ဂလိပ်ဘာသာဖြင့် ရေးထားသောဆိုင်းဘုတ်ကိုတွေ့ရစဉ်။

ထိုတောင်းဆိုချက်များကို အလုပ်ရှင်၊ အလုပ်သမား၊ အလုပ်သမားအကာအကွယ်ပေးအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဌာနများဆွေးနွေးကြရာ သဘောတူညီချက်မရခဲ့ကြ။ အလုပ်ရှင်ဖက်မှ အခိုင်အမာပြောနေသည်မှာ လူဝင်မှုကြီးကြပ်ရေးဌာနက အလုပ်သမားများ၏ဗီဇာများကိုပယ်ဖျက်ထားသောကြောင့် အလုပ်ဆက်မခန့်နိုင်ကြောင်းနှင့် ပြည်နှင်ရမည်ဟုသာ ပြောဆိုနေသည်။ အမှန်မှာတော့ အလုပ်ရှင်က ဗီဇာပယ်ဖျက်ပေးရေးကို အလုပ်သမားအကာအကွယ်ပေးရေးဌာနသို့ ပထမဆုံးအကြောင်းကြားရသည်။ ထိုမှတစ်ဖန်ထိုရုံးက လူဝင်မှုကြီးကြပ်ရေးရုံးသို့ တရားဝင်အကြောင်းကြားမှသာ ဗီဇာပယ်ဖျက်ရသည်။ ဗီဇာပယ်ဖျက်ရသည့်အကြောင်းပြချက်နှင့် တာဝန်ရှိအရာရှိ၏လက်မှတ်ပါရမည်ဖြစ်သည်။ ယခု အလုပ်သမား ၆ ဦး၏ဗီဇာတွင် ပယ်ဖျက်သည့်စကားလုံးသာပါသည်။

အလုပ်သမားအများစုလည်း ယင်းတို့၏ အထောက်အထားစာရွက်စာတမ်းများ၊ ယာယီနိုင်ငံကူးလက်မှတ်များကို-ဓာတ်ပုံပြောင်းလဲကပ်ခြင်း၊ မလိုအပ်သည့်ပယ်ဖျက်မှုများပြုလုပ်မည်ကို စိုးရိမ်လာကြသည်။ ထို့ကြောင့် အလုပ်သမားအများစုက ယင်းတို့၏အထောက်အထားများကို ပြန်တောင်းကြသည်။ စက်ရုံအလုပ်ရှင်က စက်ရုံလုံခြုံရေးဝန်ထမ်းအများအပြားဖြင့် ဆန္ဒပြသူများအား ဝိုင်းရံတိုးမြှင့်ချထားခဲ့သည်။

အလုပ်သမားများ၏ ယာယီနိုင်ငံကူးလက်မှတ် အပါအဝင် ခရီးသွားအထောက်အထားများကို သိမ်းဆည်းထားရခြင်းသည် အလုပ်သမားများ၏ အကြွေးများ အလုပ်ရှင်သို့မပေးဆပ်မီ စက်ရုံမှ ထွက်ခွာသွားမည်စိုးသည့်အတွက် သိမ်းဆည်းရခြင်းဖြစ်သည်ဟု စက်ရုံတာဝန်ရှိသူများက ရှင်းပြသည်။

အလုပ်ရှင်က အနိမ့်ဆုံး လုပ်ခသည် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနက သတ်မှတ်သည့်နှုန်းထားထက် များစွာပိုရသည်ဟု ပြောဆိုနေသော်လည်း အလုပ်သမားများကမူ ထိုဒေသ၏ နေ့တွက်လုပ်ခမှာထိုင်းဘတ်ငွေ ၁၅၇ဘတ်ဖြစ်သော်လည်း ယင်းတို့အနေဖြင့် ထိုင်းဘတ်ငွေ ၁၄၀ သာ ရကြောင်း ပြောကြားကြသည်။

လူမှုရေး အဖွဲ့အစည်းများနှင့် အလုပ်သမားကာကွယ်ပေးသူများကမူ အလုပ်ထုတ်ပစ်ခံထားရသူများကို ပြည်နှင်မှုမပြုလုပ်ရန်နှင့် စုံစမ်းစစ်ဆေးသင့်သည်ဟု အလုပ်သမား ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဌာနများသို့ တရားဝင် မေတ္တာရပ်ခံထားသည်။

၂၀၁၀ ခုနှစ်စက်တင်ဘာလ ၁၃ ရက်နေ့တွင် ထိုင်းအလုပ်သမားဝန်ကြီးဌာနက အလုပ်အကိုင်ခန့်ထားပေးရေးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ်အား မြန်မာအလုပ်သမားများ ဆန္ဒပြနေသည့် Khon Kaen ပြည်နယ်သို့ သွားရောက် ညှိနှိုင်းဆောင်ရွက်ရန် စေလွှတ်ခဲ့သည်။ ထိုဆန္ဒပြမှုသည် နှစ်ဦးနှစ်ဖက်နားလည်မှု လွဲမှားခြင်းဖြစ်သဖြင့် မြန်မြန်ဆန်ဆန်ပြီးစီးလိမ့်မည်ဟုဆိုသည်။ ထို့အပြင် ထိုင်းအလုပ်သမားဥပဒေအရ အလုပ်ရှင်က အလုပ်သမားများ၏ ကိုယ်ပိုင်စာရွက်စာတမ်းအထောက်အထားများအား သိမ်းဆည်းခွင့်မရှိသဖြင့် ပြန်ပေးရမည့်အပြင်ထိုဆန္ဒပြမှုသည် ထိုင်းနိုင်ငံ၏ နိုင်ငံသားစိစစ်မှု ပြုလုပ်မှုကို မထိခိုက်နိုင်ဟု ထိုင်းအလုပ်သမားဝန်ကြီးကထပ်မံပြောကြားသည်။

အလုပ်ရှင်နှင့် အလုပ်သမားတို့ညှိနှိုင်းချက်အရ ၂၀၁၀ ခုနှစ် စက်တင်ဘာလ ၁၇ ရက်တွင် အလုပ်ရှင်က သိမ်းဆည်းထားသည့် အလုပ်သမားများ၏ ယာယီနိုင်ငံကူးလက်မှတ်များကို ပေးအပ်သွားမည်ဖြစ်သည်။ ထိုအလုပ်သမားများ၏ နောက်ဆုံးတောင်းဆိုချက်များသည် ယာယီနိုင်ငံကူးလက်မှတ်အပါအဝင် ခရီးသွားအထောက်အထားများကို အလုပ်သမားများ၏လက်ဝယ်တွင် ကိုင်ဆောင်ခွင့်ရှိရေး၊ ထိုင်းအလုပ်သမား ဥပဒေအတိုင်း ခံစားခွင့်ရရေး၊ ဆန္ဒပြအလုပ်သမားများကို အရေးယူ အပြစ်ပေးခြင်းမရှိဘဲ၊ အလုပ်ပြန်ဆင်းခွင့်ပြုရေးတို့ ဖြစ်သည်။ အလုပ်ရှင်ဘက်မှလည်းရက်ပေါင်း ၉၀ ရက်တွင် တစ်ကြိမ် လူဝင်မှုကြီးကြပ်ရေးရုံးသို့ သတင်းပို့ရသည့်ကုန်ကျစရိတ်ကို အလုပ်သမားများကိုယ်တိုင် တာဝန်ယူငွေကြေးကုန်ကျခံရမည်၊ ယာယီနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူသည် ထိုင်းနိုင်ငံအတွင်း လွတ်လွတ်လပ်လပ်သွားနိုင်သော်လည်း ရက်ပေါင်း ၉၀ တွင် တစ်ကြိမ် ထိုပြည်နယ် လူဝင်မှုကြီးကြပ်ရေးရုံးသို့သတင်းပို့ရမည်၊ ကိုင်ဆောင်ထားသောအထောက်အထားများအတွက် အလုပ်သမားများကိုယ်တိုင်မပျောက်မပျက်အောင်ထိန်းသိမ်းရမည်၊ ပထမအကြိမ်သတင်းပို့ခြင်းမရှိက လျော်ကြေး ပေးဆောင်ရမည်ဖြစ်ပြီး၊ ဒုတိယအကြိမ်လာရောက်သတင်းပို့မှုပျက်ကွက်က ယာယီနိုင်ငံကူးလက်မှတ်ကို ဖျက်သိမ်းမည်ဖြစ်သည့်အပြင် အလုပ်ရှင်မသိဘဲ အခြားနေရာသို့ထွက်ခွာခွင့်မရှိရေးတို့ကို တောင်းဆိုသည်။ ထိုင်းနိုင်ငံရှိ နိုင်ငံခြားသား အားလုံးသည် နေထိုင်မှုရက်ပေါင်း ၉၀ ပြည့်တိုင်း တောမော (လူဝင်မှုကြီးကြပ်ရေးရုံး)ရုံးသို့သွားပြီး ဧည့်စာရင်းတိုင်ရသည့်သဘောမျိုးဖြစ်သည်။ ထိုသို့ မလိုက်နာပါက(သို့) ရက်ကျော်က ထိုင်းဘတ်ငွေ ၂,၀၀၀ ဒဏ်ရိုက်လေ့ရှိသည်။ သတ်မှတ်စည်းကမ်းအတိုင်းနေထိုင်ကြပါက ဒေသပေါက်ဈေးအတိုင်း တစ်ရက်လုပ်ခထိုင်းဘတ် ငွေ ၁၅၇ ဘတ်ရကြမည်ဖြစ်သည်။ အလုပ်သမားအရေးဆောင်ရွက်နေသောအဖွဲ့အစည်းများ၊ ထိုင်းရှေ့နေများကောင်စီ၊လူ့အခွင့်အရေးကော်မရှင်အဖွဲ့၊ လူမှုဖူလုံရေးအဖွဲ့၊ အစိုးရမဟုတ်သောအဖွဲ့အစည်းသုံးဖွဲ့နှင့်ခရိုင်အဆင့် အာဏာပိုင်များ ပါဝင်ညှိနှိုင်းပေးခဲ့ကြသဖြင့်ထိုနယ်မြေတွင်မည်သည့်အခါမှမရဖူးသည့်အလုပ်သမား အခွင့်အရေးများရရှိခြင်းဖြစ်သည်ဟု ထိုအလုပ်သမားအရေးဖြေရှင်းပေးသူများကမှတ်တမ်းတင်ထားကြပေတော့သည်။ ။

*Source: Press Release by MAP (10.9.2010)*

## စာ(၂၅) လူသတ်သမားများနှင့် စကားပြောသူ မှ

ကျွန်တော်တို့တွေ့ဆုံစကားပြောကြမယ်၊ နောက်ပြီး သူတို့လုပ်ခဲ့တဲ့အပြစ်တွေအပေါ် ဝန်ချတောင်းပန်ချင်လာအောင် နည်းလမ်းတွေရှာကြမယ် ဆိုရင် ဒါအကောင်းဆုံးနည်းလမ်းဖြစ်မှာဖြစ်သလို ကျွန်တော်တို့တစ်တွေနဲ့လည်း အတူတကွနေထိုင်လို့ရလာကြပါလိမ့်မယ်။

♦ ကမ္ဘောဒီးယားတွေ ခင်ဗျား ရုပ်ရှင်ကိုကြည့်ပြီး ဘယ်လိုတုံ့ပြန်ကြလဲ။

သူတို့ တော်တော်ဝမ်းနည်းပက်လက်ဖြစ်သွားကြတယ်။ ဒီရုပ်ရှင်ကြည့်ပြီးတော့ ခမာနီတွေလက်အောက်မှာ ဒီလိုမျိုးလူမျိုးတုံးသတ်ဖြတ်တဲ့ပုံစံမျိုးဖြစ်ပွားခဲ့တယ်၊ လူတွေငတ်ပြီးသေခဲ့ကြတယ်ဆိုတာကို မျိုးဆက်သစ်လူငယ်တွေမယုံကြည်နိုင်ကြဘူး။ ဒီအကြောင်းနဲ့ပတ်သက်ပြီး သူတို့ရဲ့မိဘတွေ၊ လူကြီးသူမတွေ ပြောပြတာကိုလည်း မယုံကြည်နိုင်ခဲ့ကြဘူး။ ဘာလို့လဲဆိုတော့ သူတို့က ခေတ်ပြန်ကောင်းတဲ့အချိန်ကျမှ လူဖြစ်လာကြရတဲ့သူတွေလေ။ အဲဒီတော့ သူတို့အနေနဲ့ (သူတို့မမွေးခင်ဖြစ်ခဲ့တဲ့)သမိုင်းဖြစ်ရပ်မှန်ကိုယုံကြည်ဖို့တော်တော်ခက်တယ်။ ဒီရုပ်ရှင်ကသူတို့ကိုခမာနီသမိုင်းကြောင်းကိုလေ့လာကြဖို့၊ သုတေသနပြုကြဖို့ တွန်းအားပေးနိုင်ခဲ့ပါတယ်။ အခုတော့မျိုးဆက်သစ်လူငယ်တွေဟာ ဒီနိုင်ငံမှာ ဒါမျိုးဖြစ်ခဲ့ဖူးတယ်ဆိုတာကို လက်ခံယုံကြည်သွားကြပြီလို့ ကျွန်တော့်ကို လာလာပြောကြတယ်။ သူတို့ရဲ့မိဘတွေ၊ ဆွေမျိုးတွေကလည်း ဒီသတင်းမှတ်တမ်းရုပ်ရှင်ကို ကျွန်တော်ဖန်တီးပေးနိုင်လို့ကျွန်တော့်ကိုတအားကျေးဇူးတင်ကြတယ်။

♦ နောက်ခင်ဗျားဘာဆက်လုပ်ဖို့ရှိပါသလဲ။

ကျွန်တော်တို့ ဒုတိယမြောက်ရုပ်ရှင်လည်း လုပ်ထားတယ်။ အဲဒါကတော့ ခမာနီခေါင်းဆောင်တွေကြားထဲမှာ ဖြစ်ပွားခဲ့တဲ့နိုင်ငံရေးပြဿနာတွေအကြောင်းရယ်၊ ဘာကြောင့်လူသတ်မှုတွေဖြစ်ပွားခဲ့ရတယ်ဆိုတဲ့အကြောင်းရယ်ကိုတင်ပြထားတာပါ။ လောလောဆယ်တော့ ကျွန်တော်ခဏအနားယူဦးမယ်။ကျွန်တော့်ယာခင်းတွေကို ကျွန်တော်အာရုံစိုက်ရဦးမယ်။

♦ ခင်ဗျားကိုအားကျတဲ့ သတင်းသမားတွေကိုရော ခင်ဗျားအနေနဲ့ဘာများ ပြောချင်တာရှိလဲ။

ကျွန်တော်တို့ဟာ ကျွန်တော်တို့အလုပ်ကို ကျွန်တော်တို့အာရုံစိုက်ပြီး ကြိုးစားလုပ်ကိုင်ကြရမယ်။ ဘယ်ဘက်ကိုမှ ဘက်လိုက်လို့မရဘူး။ နိုင်ငံရေးနဲ့လည်းကင်းရှင်းရမယ်။ သတင်းရင်းမြစ်တွေအပေါ်မှာ ရိုးသားရမယ်၊ လေးစားရမယ်။ ကျွန်တော်တို့ လိုချင်တာတစ်ခုအတွက် ကျနော်တို့စိတ်ရှည်ရမယ်။ အချိန်ယူရမယ်။ ဆယ်နှစ်ဖြစ်ချင်ဖြစ်သွားမယ်။ ကျွန်တော်တို့သတင်းရင်းမြစ်တွေနဲ့တွေ့တဲ့အခါ ကျွန်တော်တို့ဟာရိုးသားရမှာဖြစ်သလို ကျွန်တော်တို့ရဲ့ရပ်တည်ချက်ဟာလည်း ခိုင်မြဲရပါလိမ့်မယ်။ ဒီလိုဆိုရင် တစ်နေ့တော့ လုပ်ငန်းအောင်မြင်ပေါက်ရောက်ရမှာပေါ့။ နောက်ပြီးကျွန်တော်တို့ဟာ ကိုယ့်ငွေကိုသုံးပြီးအလုပ်လုပ်ရဲရမယ်။ ပြင်ပအဖွဲ့အစည်းတွေက အထောက်အပံ့ကို မျှော်ကိုးမနေသင့်ဘူး။ ဘာလို့လဲဆိုတော့ သမိုင်းရဲ့ဖြစ်စဉ်တွေက ကျွန်တော်တို့ အထောက်အပံ့ရမယ့်အချိန်ကို စောင့်နေကြမှာ မဟုတ်လို့ဘဲ။ ကျွန်တော်တို့အနေနဲ့ အလျင်အမြန်လိုက်ပြီးဦးအောင်မှတ်တမ်းတင်လိုက်ကြဖို့လိုတယ်။ ကျွန်တော်တို့ကိုယ့်ငွေကိုစိုက်သုံးလို့ရှိရင် လွတ်လပ်မှုလည်းရှိတယ်။ နောက်ပြီး အလုပ်ပြီးအောင်လည်း တွန်းအားတစ်ခုဖြစ်စေတယ်။ ။

7DAY NEWS JOURNAL

# Current Affairs

Vol.9, No.29 • OCTOBER 7, 2010



Photo NEWS

ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂) ရပ်ကွက်ရှိ မဲရုံတွင် သရုပ်ပြမဲပေးနေသည်ကို အောက်တိုဘာလ ၁ ရက်က တွေ့ရစဉ်။ အဆိုပါမဲရုံ သရုပ်ပြမှုကို ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့်အဖွဲ့ဝင်များ လာရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)

## မဲပေးခွင့်ရှိသူများ ရပ်ဝေးရောက်နေပါက ရောက်ရှိရာမဲဆန္ဒနယ်တွင် မဲပေးနိုင်

ကျော်သီဟ

**ရန်ကုန်၊ စက်တင်ဘာ - ၂၉**

၁၈နှစ်ပြည့်ပြီး မဲပေးခွင့်ရှိသူများမှာ မွေးရပ်ဒေသနှင့် သန်းခေါင်စာရင်းရှိရာတွင် လူမရှိဘဲ၊ အဝေးရောက်နေပါက ရောက်ရှိရာအရပ်ဒေသမှ သက်ဆိုင်ရာ ကော်မရှင်ရုံးများတွင် စာရင်းပေးသွင်း၍ မဲပေးနိုင်ကြောင်း သတင်းရရှိသည်။

သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာကော်မရှင်ရုံးများတွင် အလုပ်ကြောင့်ဖြစ်စေ၊ ခရီးဖြင့်ဖြစ်စေ၊ သန်းခေါင်စာရင်းပါ ရပ်ကွက်၊ ကျေးရွာနှင့် အဝေးရောက်နေသူများအနေဖြင့် မိမိတို့ရောက်ရှိရာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာကော်မရှင်ရုံးများတွင် စာရင်းပေးသွင်းပြီး ၂၀၁၀ နိုဝင်ဘာ ၇ရက်(တနင်္ဂနွေ)နေ့တွင်ကျင်းပမည့် ရွေးကောက်ပွဲတွင် မဲဆန္ဒပေးနိုင်ကြောင်း မဲရုံမှူးတစ်ဦးကပြောသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၀အထွေထွေ ရွေးကောက်ပွဲတွင် မဲပေးခွင့်ရရှိသူများ(အသက် ၁၈နှစ်ပြည့်ပြီးသူများ)စာရင်းကို ၂၀၁၀ စက်တင်ဘာ ၂၀ရက်တွင် စတင်ကြေညာခဲ့သည်။ သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် သက်ဆိုင်ရာမဲဆန္ဒနယ်မြေများတွင်လည်းမဲပေးပိုင်ခွင့်ရှိသူ(အသက် ၁၈နှစ်ပြည့်ပြီးသူ)များအား ကြေညာထားသည်။

၁၈ နှစ်ပြည့်ပြီး မိမိ၏အမည်စာရင်းမပါရှိပါက သက်ဆိုင်ရာ ကော်မရှင်ရုံးတွင် လာရောက်အကြောင်းကြားနိုင်ကြောင်း သတင်းရရှိသည်။

## ပါတီအချို့ မဲရုံကိုယ်စားလှယ်အတွက် မပြင်ဆင်ရသေး

အိဖြူလွင်

**ဘိုကလေး၊ စက်တင်ဘာ - ၂၉**

မဲရုံကိုယ်စားလှယ်များပြုလုပ်ရမည့်တာ ဝန်များကိုပြောကြားရန်အတွက် နိုင်ငံရေးပါတီများအနေဖြင့် ကောင်းစွာ မပြင်ဆင်ရသေးဟု နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်များထံမှသိရသည်။

"မဲရုံကိုယ်စားလှယ် ကိစ္စတွေနဲ့ ပတ်သက်ပြီး နယ်တွေကို သီးသန့်ထပ်ဆင်းရမယ်။ အခုထိ ကိုယ်စားလှယ်လုပ်မယ့်သူတွေ ကို စုနေတုန်းပဲရှိပါသေးတယ်။ သူတို့ကို မဲရုံမှာ လုပ်ရမှာတွေနဲ့ ပတ်သက်ပြီး ဘာမှ မပြောရသေးပါဘူး။ ခုချိန်မှာ ကြိုတင်မဲပေးနေတဲ့သူတွေ၊ ကြောက်နေတဲ့သူတွေရှိရင် လာအကြောင်းကြားဖို့ မှာထားပါသေးတယ်" ဟု မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီမှ ဒု-ဥက္ကဋ္ဌဒေါ်စန္ဒာဦးက ပြောကြားသည်။ရွေးကောက်ပွဲကျင်းပရန် ၃၉ ရက်သာလိုတော့သည့်အချိန်ထိ လွှတ်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည့် သူများမှာ မဲဆွယ်စည်းရုံးရေးကိစ္စများကိုသာ လုပ်နေနိုင်ပြီး၊ မိမိတို့၏ မဲရုံကိုယ်စားလှယ်လောင်းများအား သီးသန့်လေ့ကျင့်ပေးခြင်းများမလုပ်ရသေးဟုဆိုသည်။

ရခိုင်ပြည်နယ် သံတွဲမြို့နယ်မှ ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်များကမူငင်းတို့ကိုယ်စားလှယ်များ၏ ကိုယ်ရေးရာဇဝင် အကျဉ်းယူခြင်းနှင့် ကော်မရှင်သို့တင်ပြခြင်းတို့ကို စတင်ဆောင်ရွက်နေပြီဖြစ်သော်လည်း မဲရုံကိုယ်စားလှယ်လောင်းလုပ်မည့်သူများအနေဖြင့် ယူရမည့်တာဝန်များကိုသေချာစွာ ပြောဆိုထားရခြင်း မရှိသေးကြောင်းသိရသည်။

အချို့လွှတ်တော်ကိုယ်စားလှယ်များကမူ ၎င်းတို့၏ ကိုယ်စားလှယ်များကိုမဲရုံတွင် မဲလာပေးသူ၏ မဲစာရင်းနံပါတ်ကို ကူညီ၍ ရှာပေးရန်သာ ပြောကြားထားပြီး အခြားမည်သည့်အကြောင်းအရာကိုမျှမှာကြားထားခြင်းမရှိဟု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ မြန်မာနိုင်ငံ ရခိုင်အမျိုးသားများအင်အားစုပါတီမှ ကိုယ်စားလှယ်လောင်းများက ပြောကြားသည်။

"ကိုယ်စားလှယ်လောင်းရဲ့ကိုယ်စားလှယ်လုပ်မယ့်သူက သူကိုယ်စားလှယ်လုပ်မယ့်မဲရုံမှာ မဲစာရင်းပါတဲ့သူလည်း ဖြစ်ရမယ်။ သတ်မှတ်ထားတဲ့ ပုံစံအတိုင်းလည်းတင်မယ်ဆိုရင် ဘယ်သူမဆို ကိုယ်စားလှယ် လုပ်လို့ရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အနည်းဆုံးကိုယ်စားလှယ် နှစ်ယောက်ထိထားခွင့်ရှိတယ်။ ဒါပေမဲ့သူတို့မှာ တာဝန်ရယ်လို့မရှိပါဘူး။ စောင့်ကြည့်နေရုံသက်သက်ပါ" ဟု ဘိုကလေးမြို့နယ်ရွေးကောက်ပွဲကော်မရှင်မှ အတွင်းရေးမှူးက ပြောသည်။

## ပြည်ခိုင်ဖြိုးပါတီမှ ရွေးကောက်ပွဲမတိုင်မီ ကြိုတင်မဲစုဆောင်းခြင်းမရှိဟုဆို

ကျော်သီဟ

**ရန်ကုန်၊ စက်တင်ဘာ - ၂၉**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသည် အခြားနိုင်ငံရေးပါတီများနည်းတူ ထောက်ခံမဲရရှိရေးကို လုပ်ဆောင်သွားမည်ဖြစ်ပြီး၊ ရွေးကောက်ပွဲမတိုင်မီ ကြိုတင်ထောက်ခံမဲများကို ရာခိုင်နှုန်းအတိုင်းအတာတစ်ခုအထိရရှိအောင် လုပ်ဆောင်နေသည်ဆိုခြင်းမှာ မမှန်ကန်ကြောင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံများ၏ပြောကြားချက်အရ သိရသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် ကြိုတင်မဲကောက်ခံရန်အစီအစဉ်လုံးဝမရှိကြောင်းနှင့် နိုင်ငံရေးပါတီဖြစ်၍ အခြားနိုင်ငံရေးပါတီများနည်းတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတ်မှတ်ညွှန်ကြားချက်များနှင့် အညီ စည်းရုံးအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင်ကြိုတင်ဆန္ဒမဲ(ထောက်ခံမဲ)ကောက်ခံရန်အစီ အစဉ်လုံးဝမရှိကြောင်း၊ ထို့အပြင် တစ်အိမ်တက်ဆင်း လက်မှတ်များ လိုက်လံရေးထိုးစေခြင်း၊ ရွေး ကောက်ပွဲမတိုင်မီ ကြိုတင်ဆန္ဒမဲ (ထောက်ခံမဲ)များကို ရာခိုင်နှုန်းတစ်ခုအထိ ရရှိအောင်ဆောင်ရွက်သွားမည်ဆိုသည့်အချက်များမှာ မှန်ကန်မှုမရှိကြောင်း ငြင်းဆိုခဲ့သည်။

နိုင်ငံတော်က ပြဋ္ဌာန်းထုတ်ပြန်ထားသည့်ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအပြင် တည်ဆဲဥပဒေများကို တိတိကျကျလိုက်နာသွားမည်ဟု အထက်ပါတာဝန်ရှိ သူများကပြောကြားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ် ၁၁၆၃ နယ်ရှိရာတွင် မဲဆန္ဒနယ် ၁၁၀၀ကျော်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်များကို စာရင်းတင်သွင်းခဲ့ပြီးဖြစ်သည်။ ထိုလွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းတင်သွင်းနိုင်မှုမှာ အခြားပါတီများနှင့်နှိုင်းယှဉ်ပါက လွှတ်တော်ကိုယ်စားလှယ်လောင်းများ အများဆုံးတင်သွင်းထားခြင်းဖြစ်ကြောင်းသိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီအားလုံးအား တန်းတူရည်တူအခွင့်အရေးပေးသွားမည်ဖြစ်ပြီး၊ တရားမျှတ၍ စစ်မှန်သော ဒီမိုကရေစီရွေးကောက်ပွဲအဖြစ် ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

## ပြည်ခိုင်ဖြိုးနှင့် နှစ်ဦးတည်းတွေ့မည့် နေရာများတွင် အနိုင်ရရန်မှန်းဟု တစည ပြော

ငြိမ်းငြိမ်းနိုင်

**ရန်ကုန်၊ စက်တင်ဘာ - ၂၄**

လာမည့်ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်အရေအတွက် ၉၀၀ ကျော်ဖြင့် ဒုတိယအင်အားအကြီးဆုံး ပါတီအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ပြည်ခိုင်ဖြိုးပါတီနှင့် မဟာမိတ်ဖွဲ့ရန် အစီအစဉ်မရှိကြောင်းနှင့် ပါတီ ၃၊ ၄ ခုဆုံသည့်နေရာများမှ လွဲ၍ ပြည်ခိုင်ဖြိုးပါတီနှင့် နှစ်ဦးတည်းပြိုင်ရမည့်မဲဆန္ဒနယ်များတွင် ၎င်းတို့အနိုင်ရရန် မျှော်မှန်းထားကြောင်း ပြောကြားသည်။

ယနေ့ပြုလုပ်သော ယင်းပါတီ ၂၂ နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ် အခမ်းအနားမတိုင်မီ သတင်းထောက်များနှင့် သီးသန့်တွေ့ဆုံရာတွင် ပါတီအထွေထွေအတွင်းရေးမှူး ဦးခင်မောင်ကြီးက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

မဲဆန္ဒနယ်မြေ အပြည့်ဝင်ရောက်ယှဉ်ပြိုင်မည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် မဲဆန္ဒနယ်မြေအားလုံး၏ ၈၀ ရာခိုင်နှုန်းကျော်ဝင်ရောက် ယှဉ်ပြိုင်မည့် တစညပါတီတို့သည် မဲဆန္ဒနယ်မြေတော်တော်များများတွင် နှစ်ဦးတည်းပြိုင်ရမည့် အနေအထားတွင် ရှိနေသည်။

ပါတီတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်များအတွက်မှတ်ပုံတင်ကြေးက စုစုပေါင်းကျပ်သိန်း ၅၀၀၀ နီးပါးရှိရာ ထိုကုန်ကျမှု၏ ထက်ဝက်နီးပါးကို ပါတီက ကျခံခဲ့ပြီး ကိုယ်စားလှယ်များက ကျန်ငွေကြေးကို ကိုယ်တိုင်စိုက်ထုတ်ခဲ့ခြင်း ဖြစ်သည်ဟု ဦးခင်မောင်ကြီးက ပြောသည်။

တစညပါတီက ကိုယ်စားလှယ် ၉၉၀ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကာ ပြည်သူ့လွှတ်တော်တွင် ၂၉၅ ဦး၊ အမျိုးသားလွှတ်တော်တွင် ၁၄၉ ဦး၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်တွင် ၅၃၈ ဦးနှင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော် တိုင်းရင်းသား လူမျိုးမဲဆန္ဒနယ်တွင် ၁၇ ဦးဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။

တစညပါတီသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကိုပြောင်းလဲဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ယခု ၂၀၁၀ ရွေးကောက်ပွဲတွင်ပြည်ခိုင်ဖြိုးပါတီက မဲဆန္ဒနယ်မြေအပြည့်တွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကာ တစညပါတီက ဒုတိယအများဆုံးဖြစ်သည်။ တိုင်းရင်းသားပါတီတစ်ခုဖြစ်သော ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီက တတိယအများဆုံးဖြစ်ကာ အမျိုးသားဒီမိုကရေစီအင်အားစုပါတီက စတုတ္ထအများဆုံးပါတီဖြစ်သည်။

7 DAY NEWS JOURNAL
Vol.9, No.29 · OCTOBER 7, 2010

## မန္တလေးဈေးချိုတော်ကို နိုင်ငံရေးပါတီများ စည်းရုံးရေးအတွက် မျက်စိကျ

**စိုင်းသာအောင်**

**မန္တလေး၊ စက်တင်ဘာ - ၃၀**

အထွေထွေရွေးကောက်ပွဲအတွက် မန္တလေးမြို့တော်စည်ပင်ဧရိယာတွင် နိုင်ငံရေးပါတီရှစ်ခုခန့် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အမျိုးသားဒီမိုကရေစီအင်အားစုပါတီအနေဖြင့် ဈေးချိုတော်ကို ဗဟိုပြုစည်းရုံးလှုပ်ရှားလျက်ရှိကြောင်း အဆိုပါ ပါတီ၏မြို့နယ်စည်းရုံးရေးမှူးတစ်ဦးကပြောသည်။

မန္တလေးမြို့ ဈေးချိုတော်သည်မြန်မာပြည် အနယ်နယ် အရပ်ရပ်မှ ဈေးဝယ်များ၊ ဈေးသည်များ၊ လူမျိုးစုံ၊ တိုင်းရင်းသားပေါင်းစုံလာသောကြောင့်၊ မိမိတို့ပါတီ၏ မူဝါဒများကို စရိတ်ကျဉ်းကျဉ်းဖြင့် တစ်နိုင်ငံလုံးသိအောင် စည်းရုံးဆောင်ရွက်နိုင်ခြင်းကြောင့်၊ ဈေးချိုတော်ဧရိယာကို မိမိတို့ပါတီ၏ အမာခံစည်းရုံးရေးနယ်မြေအဖြစ် ရွေးချယ်သတ်မှတ်ခြင်း ဖြစ်ကြောင်း အဆိုပါ ပါတီမှ စည်းရုံးရေးမှူးက ပြောသည်။

ဈေးချိုတော် ဧရိယာတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ ဝံသာနု NLD ပါတီ၊ ဒီမိုကရက်တစ်ပါတီ (မြန်မာ) တို့ကလည်း ဈေးချိုတော်ဧရိယာကို အလေးပေးစည်းရုံးဆောင်ရွက်လျက်ရှိကြောင်း ဈေးချိုတော်အကျိုးတော်ဆောင်တစ်ဦးက ပြောသည်။ ရွေးကောက်ပွဲကျင်းပရန် တစ်လကျော်ခန့်သာလိုတော့သဖြင့် ဈေးချိုတော်ဧရိယာနှင့် မန္တလေးမြို့ရပ်ကွက်များတွင် နိုင်ငံရေးပါတီများမှ ဟောပြောစည်းရုံးမှုများ၊ ပါတီ၏မူဝါဒများ၊ ကိုယ်စားလှယ်လောင်းများ၏ ကိုယ်ရေးမှတ်တမ်းများကို ဖြန့်ဝေစည်းရုံးလျက်ရှိသည်။

## လွှတ်တော်နေရာ ၁၁၇၁ အတွက် ကိုယ်စားလှယ်ပေါင်း ၃၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်မည်

**အေးမြကျော်**

**နယူးယောက်- စက်တင်ဘာ၃၀**

အထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်နေရာ စုစုပေါင်း ၁၁၇၁ နေရာအတွက် ကိုယ်စားလှယ်လောင်း ၃၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်းက အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံတွင် မိန့်ခွန်းပြောကြားစဉ်ထည့်သွင်းပြောကြားသည်။

ရွေးကောက်ပွဲတွင်နိုင်ငံရေးပါတီပေါင်း ၃၇ ခု ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး လွှတ်တော်နေရာစုစုပေါင်း ၁၁၇၁ နေရာအတွက် ကိုယ်စားလှယ်လောင်း ၃၀၀၀ ကျော်က ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်ဟု ဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည်လက်ရှိကာလတွင် နိုင်ငံရေးပြောင်းလဲမှု၏ အရေးပါသော အဆင့်ကိုဖြတ်သန်းလျက်ရှိပြီး လာမည့်ရွေးကောက်ပွဲတွင်လည်း လွတ်လပ်ပြီး တရားမျှတသောရွေးကောက်ပွဲအဖြစ် ကျင်းပသွားမည်ဟု ထပ်လောင်းပြောကြားခဲ့သည်။ ဝန်ကြီးအနေနှင့် လည်းပဲခူးတိုင်းဒေသကြီးရှိ ဇီးကုန်းမြို့နယ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၂၄ ရက်နံနက်က နယူးယောက်မြို့တွင် ကျင်းပသော အာဆီယံခေါင်းဆောင်များ နံနက်စာစားပွဲနှင့် စီးပွားရေးဆိုင်ရာတွေ့ဆုံပွဲအပြီးတွင် မြန်မာသတင်းထောက်တစ်ဦး၏အမေးကို ပြန်လည်ဖြေကြားခဲ့သည်။

ရွေးကောက်ပွဲအပြီးတွင်ပေါ်ပေါက်လာမည့် အစိုးရအသစ်အနေနှင့်လည်း ကမ္ဘာ့နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မာအောင်ပြုလုပ်ပြီး ကုလသမဂ္ဂနှင့်လည်း ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်သွားမည့် မူဝါဒကိုကိုင်စွဲသွားမည်ဟုမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပခဲ့သော အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် အာဆီယံနိုင်ငံခေါင်းဆောင်များ တက်ရောက်သော အမေရိကန်-အာဆီယံ ဒုတိယအကြိမ်မြောက်အစည်းအဝေးကို စက်တင်ဘာ ၂၄ ရက်က ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးဦးညဏ်ဝင်းနှင့် ကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ကြသည်။

ကိုးကား။ ။နိုင်ငံပိုင်သတင်းစာများ




## ရွေးကောက်ပွဲနှင့်ပတ်သက်၍ ငွေကောက်ခံလျှင် တိုင်ကြားနိုင်

**အားမာန်**

**ရန်ကုန်၊ အောက်တိုဘာ - ၁**

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအပါအဝင် ရပ်ကွက်နှင့်ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များက ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပြည်သူများထံသို့ ငွေကြေးကောက်ခံမှုများရှိပါက တိုင်ကြားနိုင်ပြီး၊ ငွေကောက်ခံသူကို ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

"တစ်နိုင်ငံလုံး အတိုင်းအတာအရ ဒီရွေးကောက်ပွဲနဲ့ပတ်သက်ပြီးတော့မှ ကော်မရှင်အဖွဲ့ဝင်တွေကိုပဲဖြစ်စေ၊ မ. ယ. က၊ ရ. ယ. ကကိုပဲဖြစ်စေ ပြည်သူထံမှ ငွေမကောက်ခံရဘူး။ ကောက်ခံရင် ချက်ချင်းသတင်းပို့။ အဲဒီခေါင်းစဉ်နဲ့ ချက်ချင်းအရေးယူမယ်"ဟု ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူက အောက်တိုဘာ ၁ရက်က ပြောကြားသည်။

ထို့အပြင် ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ တာဝန်ထမ်းဆောင်မည့် မဲရုံဝန်ထမ်းများအနေဖြင့်လည်း နိုဝင်ဘာ ၇ ရက်တွင် မဲရုံအတွင်း၌ လူများကို မဲလာပေးပါဟုပြောခြင်း၊ မည်သူ့ကို မဲထည့်ပါ ဟုပြောခြင်းမျိုး လုံးဝပြုလုပ်မည်မဟုတ်ကြောင်း ၎င်းက ဆိုသည်။

## ရွေးကောက်ပွဲရက်မတိုင်မီ ကြိုတင်မဲများကို ရဲစခန်းငွေတိုက်၌ သိမ်းထားမည်

**အားမာန်**

**ရန်ကုန်၊ အောက်တိုဘာ - ၁**

ကြိုတင်မဲပေးသူများ၏ ဆန္ဒမဲများကို ရွေးကောက်ပွဲရက်မတိုင်မီ သက်ဆိုင်ရာမြို့နယ်၊ ရဲစခန်းများရှိ ငွေတိုက်များတွင် လုံခြုံစွာသိမ်းဆည်းထားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ရဲစခန်း ငွေတိုက်များတွင် သိမ်းထားသော ကြိုတင်မဲများကို ရွေးကောက်ပွဲကျင်းပသော နိုဝင်ဘာ ၇ရက်နေ့တွင်မှ မဲရုံသို့ မဲရုံဝန်ထမ်းနှင့်မဲရုံကိုယ်စားလှယ်များရှေ့တွင် သယ်မည်ဖြစ်သည်ဟုဆိုသည်။ မဲရုံများတွင် ရလဒ်ဖော်ပြသောဇယားမှာ ကြိုတင်မဲအတွက် တစ်ခုနှင့် နိုဝင်ဘာ ၇ ရက်တွင် မဲပေးသူများ၏ ရလဒ်အရ တစ်ခု စုစုပေါင်းနှစ်ခုရှိမည်ဟု ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူကပြောသည်။

"ကြိုတင်မဲက သိပ်ပြီးရှိမှာမဟုတ်ဘူး။ ဥပဒေမှာပါတဲ့အတိုင်းဘောင်ဝင်မှ ကျွန်တော်တို့က လုပ်ပေးမှာ။ ကြိုတင်မဲက သိပ်ပြီးမရှိ နိုင်တဲ့အတွက် ကြိုတင်မဲနဲ့လာပြီး နိုင်ဖို့ ပြုဖို့ အဲဒါကိုအသုံးချလို့မရဘူးလို့ သုံးသပ်တယ်"ဟု အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။

ရွေးကောက်ပွဲကျင်းပသောနေ့တွင် မိမိနှင့်သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပသို့ ခရီးဝေးသွားရောက်ခွင့်ရှိသူများ၊ မဲရုံသို့ ကိုယ်တိုင်လာရောက်ဆန္ဒမဲပေးနိုင်စွမ်းမရှိသော အသက်အရွယ်ကြီးရင့်သူ၊ အနာကြီးရောဂါစွဲကပ်နေသူ၊ နေအိမ်တွင် ရောဂါဝေဒနာပြင်းထန်စွာခံစားနေရသူ ကဲ့သို့သောပုဂ္ဂိုလ်တို့မှာ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲထံတွင် ကြိုအသိပေးကာ ကြိုတင်ဆန္ဒမဲပေးနိုင်သည်။

# မဲပေးခြင်းနှင့် နာဂစ်ဒေသ



ဓာတ်ပုံ- ငြိမ်းငြိမ်းနိုင်

&m လယ်ခေါင်က ဖြောင့်ဖြူးနေသည့် ကွန်ကရစ်လမ်းပေါ်မိုးဖွဲဖွဲအောက်တွင် ပြေးလွှားဆော့ကစားနေကြသည့် ကလေးငယ်များ။

ရွာလယ်လမ်းက လက်ဖက်ရည်ဆိုင်လေးတွင် အေးအေးလူလူထိုင်ကာ စကားဝိုင်းဖွဲ့နေကြသည့် လူငယ်အချို့။ ထို့အတူ ရွာအဝင်က ကွန်ကရစ်နှင့် အခိုင်မာတည်ဆောက်ထားသည့် လှေဆိပ်၊ ကြည်လင်အေးမြနေသည့် သောက်ရေကန်ကြီး၊ ကျောင်းအဖြစ်ဖွင့်လှစ်ထားသည့် ဆိုင်ကလုန်းဒဏ်ခံ အဆောက်အဦနှင့် ဈေးရုံစသည့် အခြေခံဆောက်အဦတို့က ရွာတစ်ရွာ၏ ခမ်းနားမှုကို ပြသနေသည်။

၂၀၀၈ ခုနှစ် မေ ၂ ရက်က တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းကြောင့် လူပေါင်းများစွာ သေကြေပျက်စီးခဲ့ရကာ မြေကြီးသာသာ ကျန်ခဲ့သည့် ဘိုကလေးမြို့နယ်အတွင်းက ဓမ္မသုခကျေးရွာကို ယခုမြင်တွေ့ရခြင်းပင်။ မြင်ကွင်းတွေကလည်း အသစ်၊ နေရာထိုင်ခင်း၊ အသုံးအဆောင် အသစ်၊ အဆောက်အဦတို့ကလည်း အသစ်။ ထိုအသစ်အသစ်များနှင့်အတူ နာဂစ်မုန်တိုင်းတိုက်ခတ်အပြီး သူတို့ဘဝကို ပုံမှန်ရောက်ဖို့ တဖြည်းဖြည်းနှင့် ရုန်းကန်ရွေ့လျားနေကြသည်။

နာဂစ်မုန်တိုင်း တိုက်ခတ်ပြီး စ လွန်ခဲ့သော ၂ နှစ်ကျော်က တိုက်တိုက်ဆိုင်ဆိုင်ပင် နိုင်ငံတစ်ဝန်း ဖွဲ့စည်းပုံအခြေခံဥပဒေကို မဲပေးအတည်ပြုချိန်နှင့် ကြုံတွေ့ခဲ့ကြသည်။ ယခုလည်း သူတို့ပြန်လည်ထူထောင်ရေးကာလ ဖြတ်သန်းနေကြချိန်တွင် နိုင်ငံ၌ နှစ်ပေါင်း ၂၀ ကျော်အတွင်း ကျင်းပမည့် ရွေးကောက်ပွဲကရှိလာပြန်သည်။ သို့သော် သည်တစ်ကြိမ်တွင်မူ ကျန်မြန်မာနိုင်ငံတစ်ဝန်းက ပြည်သူများနည်းတူ တစ်ရက်တည်း တစ်ချိန်တည်းတွင် မဲပေးခွင့်ရရှိကြမည်ဖြစ်သည်။

"ကျွန်တော် အခုမဲပေးမှာ ပထမဆုံးအကြိမ်ပါပဲ။ ပြီးခဲ့တဲ့ အခြေခံဥပဒေပြုဖို့တုန်းက ရွာမှာ နာဂစ်ဖြစ်တော့ ကျွန်တော့်အစ်ကို ရွာလူကြီးပါသေတဲ့ အထဲပါသွားတာ။ ကျွန်တော်တို့အားလုံး ဘုန်းကြီးကျောင်းမှာ နေနေရတဲ့အချိန်မှာ ဆိုတော့ ကျွန်တော်တို့ပဲ လူစာရင်းတွေ စုပြီးပေးလိုက်ကြတာ။ ဆိုတော့ ခုပေးမှာ ပထမဆုံးအတွေ့အကြုံပါပဲ"ဟု ပြောကြားသူက ၁၉၉၀ ရွေးကောက်ပွဲကျင်းပစဉ်က နဝမတန်းသာရှိခဲ့ပြီး၊ ပြီးခဲ့သည့် ဆန္ဒခံယူပွဲတုန်းကလည်း နာဂစ်နှင့်ကြုံနေသည့်အတွက် မဲမပေးခဲ့ရသည့် ဓမ္မသုခကျေးရွာသား မြန်မာစာဘွဲ့ရ လယ်သမား ဦးနေလင်းစိုးက ပြောကြားသည်။

နိုဝင်ဘာ ၇ ရက် ရွေးကောက်ပွဲတွင် ပထမဆုံးအကြိမ်အဖြစ် မဲပေးဖူးကြမည့်များမှာ အသက် ၃၇ နှစ် ဝန်းကျင်များဖြစ်ရာ နှစ်ပေါင်း ၂၀ ကျော်အတွင်း ပထမဆုံးအကြိမ် ကျင်းပမည့် ထိုရွေးကောက်ပွဲသည် အသက် ၃၀ ကျော် ပြည်သူတို့အတွက်ပင် ပထမဆုံး အတွေ့အကြုံဖြစ်နေသည်။

သို့သော်လည်း ဆန္ဒမဲဆိုသည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ၂၆ သန်းကျော်သော ပြည်သူတို့က မဲပေးခဲ့သည်ဆိုသည့် ဆန္ဒခံယူပွဲကော်မရှင်ထုတ်ပြန်ချက်အရ ယခု ၂၀၁၀ ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသည်ဆိုသည့် လူဦးရေ ၂၉ သန်းကျော်နှင့် နှိုင်းယှဉ်တွက်ချက်ကြည့်ပါက ၃ သုံးခန့်သော ပြည်သူတို့သာ မဲပေးခြင်းအတွေ့အကြုံ လုံးဝမရှိသေးဘဲ ယခု ရွေးကောက်ပွဲတွင်မှ မဲပေးခွင့်ရရှိသူများဖြစ်ကြသည်။

မဲဆန္ဒခံယူပွဲကျင်းပချိန်က နာဂစ်မုန်တိုင်းကြောင့် မုန်တိုင်းဒဏ်ခံခဲ့ရသော ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ မြို့နယ်ပေါင်း ၄၇ မြို့နယ်တွင် မဲပေးမည့်ရက်ကို ကျန်ဒေသများထက် ၁၄ ရက်နောက်ကျကာ မဲပေးစေခဲ့သည်။ ထိုဒေသမှ ပြည်သူပေါင်း လေးသန်းကျော်အနက် သုံးသန်းကျော်က ထောက်ခံမဲပေးသည့်အတွက် ထောက်ခံသည့် ရာခိုင်နှုန်းမှာ ၉၂ ဒသမ ၉၃ ရာခိုင်နှုန်းဖြစ်ကြောင်းလည်း ကော်မရှင်က ကြေငြာခဲ့သည်။

နာဂစ်ဒေသခံ အများစုက ဆန္ဒမဲပေးခြင်းနှင့် ရင်းနှီးကျွမ်းဝင်မှုမရှိသေးဟု ပြောကြားကြသော်လည်းမဲပေးခွင့်ရှိသူဦးရေ နှစ်သိန်းတစ်သောင်းကျော်ရှိသည့် ဘိုကလေးမြို့နယ်အတွင်းတွင် နိုင်ငံရေးပါတီ စုစုပေါင်း ၆ ပါတီရှိကာ မြို့နယ်တွင်းရှိ ကျေးရွာပေါင်း ငါးရာကျော်သို့ ယင်းပါတီများအနက် ၄ ပါတီခန့်က မဲဆွယ်စည်းရုံးဟောပြောမှုများ အကြိမ် ၈၀ နှင့် ၉၀ ကြား ပြုလုပ်ပြီးဖြစ်ကြောင်း မြို့နယ်ကော်မရှင်အတွင်းရေးမှူး ဦးမျိုးညွန့်က ပြောသည်။

မဲဆန္ဒရှင်၄သန်းကျော်ရှိသည့် ရန်ကုန်တိုင်း အတွင်းတွင်ပင် ပါတီများဟောပြောခွင့် လျှောက်ထားမှုမှာ ဆယ်ဂဏန်းမျှပင် ရှိသေးကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ထံမှ သိရသည်။

ဘိုကလေးမြို့နယ်အတွင်း လွှတ်တော်သုံးရပ်နှင့် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်တို့တွင် ကိုယ်စားလှယ် ၂၄ ဦးဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကာ ကျေးရွာများတွင် လူထုဟောပြောပွဲ ၁၀ ကြိမ်ကျော် ပြုလုပ်ခဲ့ပြီးပြီဆိုသည့် မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးနေမျိုးဝေက "ဒီဘက်မှာက လူတွေက ခုမှ အထိုင်ပြန်ကျဖို့ ရုန်းကန်နေကြတုန်းဆိုတော့ သူတို့ဆီဝင်ရတာတော့ နည်းနည်းလေး အခက်အခဲရှိပါတယ်။ အထူးသဖြင့် တွေ့ရတာ မဲပေးတာကို သူတို့ မသိကြဘူး။

စာ(၃၇)သို့

**Sidebar Interview**
ဘိုကလေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည့် ဒေါ်စန္ဒာဦးနှင့် အင်တာဗျူးအား စာမျက်နှာ(၃၇)တွင် ဖတ်ရှုရန် >>>



7 DAY NEWS JOURNAL
Vol.9, No.29 · OCTOBER 7, 2010



# ရိုးတစ်ဖက်ခြားပင်လယ်ကြားကပွဲတင်သံ

အိဖြူလွင်၊ မြတ်စုမွန်

အရှေ့ဘက်ခြမ်းတွင် ရိုးမတောင်တန်းနှင့် အနောက်ဘက်ခြမ်းတွင် ကျယ်ပြန့်လှသော ပင်လယ်တို့အကြားတည်ရှိနေသည့် တောင်မြောက်ရှည်လျားသော ပြည်နယ်တစ်ခု။ သူ့အမည်က ကမ္ဘာကျော် ငပလီကမ်းခြေတည်သည့် ရခိုင်ပြည်နယ်ဖြစ်သည်။

တောင်တန်းများကြားတွင်ရှိသောစိမ်းစိုနေသည့် မိုးသစ်တောကြီး၏ မြေလွတ်မြေရိုင်းများ နေရာတော်တော်များများတွင် ခရီးသွားတို့အကြိုက် သာယာသောကမ်းခြေများနှင့် ပင်လယ်မှ ရတနာ၊ ရေထွက်ကုန်သယံဇာတ ပစ္စည်းများကိုပိုင်ဆိုင်ထားသည့် ထိုပြည်နယ်သည်လည်း မြန်မာနိုင်ငံအခြားသော ဒေသများကဲ့သို့ပင် နှစ်ပေါင်း ၂၀အတွင်း ပထမဆုံးကျင်းပမည့် ရွေးကောက်ပွဲနှင့် ကြုံတွေ့ရတော့မည်။

ရိုးမတစ်ဖက်ခြား၊ ပင်လယ်ကာထားသော ဒေသအတွင်းမှ ပြည်နယ်သားတို့တွင် လမ်းပန်းဆက်သွယ်ရေး အနည်းငယ်ခက်ခဲနေသော်လည်း အနည်းဆုံးရေဒီယိုမှတစ်ဆင့် နိုင်ငံရေးဗဟုသုတများတော့ သူတို့တွင်ရှိနေသေးသည်။

သို့ပေမယ့် ဒေသခံတို့က လက်ရှိအခြေအနေတွင်တော့ ပင်လယ်ထွက်ခြင်းနှင့် တောင်ပေါ်တက်ခြင်းတို့ကိုသာ နိုင်ငံရေး အကြောင်းအရာများ ဆွေးနွေးငြင်းခုံနေခြင်းထက် ပို၍နှစ်သက်နေကြသည်ဟု ဆိုနိုင်မည်ဖြစ်သည်။

"ပင်လယ်ဆင်းရင်တော့ အိမ်ကဇနီးပဲ မဲထည့်ရမှာပေါ့။ ကျွန်တော်တို့ကရှင်းတယ်။ နိုင်ငံရေးနဲ့ပတ်သက်ပြီး တစ်ခုမှမလုပ်ဘူး။ အချင်းချင်းပြောဆို ဆွေးနွေးတာလည်းမရှိဘူး။ ပင်လယ်လုပ်တယ်၊ ပြန်တက်လာတယ်၊ ပိုက်ဆံရတယ်၊ သားမယားနဲ့စားမယ် ဒါပဲ။ ဘယ်ကိုမဲထည့်ရမလဲဆိုတာတော့ ခုထိ မစဉ်းစားထားရသေးဘူး" ဟုလုပ်ဖော်ကိုင်ဖက်များနှင့်အတူ ရေဒီယိုကို အမြဲနားထောင်ဖြစ်လေ့ရှိသော ဂွမြို့နယ်၊ မကျေးငူကျေးရွာမှ ကိုမောင်မောင်က သူ့ခံယူချက်ကိုပြောခဲ့သည်။

မကျေးငူရွာမှ အသက် ၄၀ ဝန်းကျင်ရှိ အမျိုးသမီးတစ်ဦးကတော့ "ဟိုတစ်ရက်က ရွာသူကြီးအိမ်ကို တစ်အိမ်တစ်ယောက်ခေါ်တယ်။ သူတို့ဘာတွေပြောလဲ မသိဘူး။ ကျွန်မတို့တော့ ပြန်လာခဲ့တယ်။ စောင့်ရတာကြာလို့ ပျင်းတာနဲ့ ပြန်လာတာ"ဟုမဲဆွယ်စည်းရုံးမှု ဟောပြောပွဲသို့သွားခဲ့သည့် သူ့အတွေ့အကြုံကို ရယ်ကာမောကာ ပြောပြသည်။

ရခိုင်ပြည်နယ်မှ ကမ်းရိုးတန်းတွင်နေထိုင်သော ဒေသခံအများစုသည် ငါး၊ ပုစွန်ဖမ်းခြင်းစသည့် ရေလုပ်ငန်းကို အဓိကထား၍ လုပ်ကိုင်ကြသောသူများသာဖြစ်၍ နေ့စဉ်ပင်လယ်ထွက်ရေးသည်ပင် သူတို့အတွက် အရေးကြီးဆုံးဖြစ်နေသည်။

ရခိုင်ပြည်နယ်သည် အချို့သောပြည်နယ်များနှင့် တိုင်းဒေသကြီးများကဲ့သို့ နိုင်ငံရေးပါတီများ ယှဉ်ပြိုင်မှုများပြားခြင်းမရှိသော ဒေသတစ်ခုဖြစ်သည်။ မြောက်ပိုင်းစစ်တွေမြို့တွင် ပါတီဌာနချုပ် ဖွင့်ထားသော ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ၊ ရန်ကုန်နှင့် စစ်တွေမြို့တို့တွင်ရှိသော မြန်မာနိုင်ငံရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီနှင့် ရန်ကုန်မြို့ရှိ ကမန်အမျိုးသားတိုးတက်ရေးပါတီတို့သည် ဒေသတွင်းယှဉ်ပြိုင်သောတိုင်းရင်းသားပါတီများဖြစ်၍တစ်နိုင်ငံလုံးတွင် ယှဉ်ပြိုင်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီတို့မှအပ အခြားသောနိုင်ငံရေးပါတီများ ယှဉ်ပြိုင်ခြင်းမပြုသည့်ဒေသဖြစ်သည်။

ပြည်နယ်အတွင်းတွင်သာယှဉ်ပြိုင်မည့် ရခိုင်တိုင်းရင်းသား လူမျိုးပါတီ ၃ခုရှိသော်လည်း ထိုပါတီများသည် ပြည်နယ်တစ်ခုလုံးရှိ ဒေသအားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်း မရှိသည့်အတွက် အချို့ဒေသများတွင်မူ ရွေးချယ်စရာပါတီမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီနှစ်ခုသာရှိသည်။

"ရွာမှာ မဲပုံးတစ်ပုံးလာထောင်ရင် အဲဒီတစ်ပုံးကိုပဲ ထည့်လိုက်မယ်။ နှစ်ပုံးလာထောင်ရင် အများပေးတာ လိုက်ပေးလိုက်မယ်။ ဘယ်အစိုးရပဲတက်လာ ကျွန်တော်တို့ဘက်မှာလူညီတယ်။ ထွေထွေထူးထူး ပြောနေစရာမလိုဘူး။ အားလုံးက ဒါလုပ်မယ်ဆိုရင် တစ်ညီတညာတည်း လုပ်လိုက်ကြတာပါပဲ" ဟုကျောက်ချွန်ကျေးရွာမှ ဦးတင်ဝေက သူ၏သဘောထားကို ပွင့်ပွင့်လင်းလင်းပြောပြသည်။

ကမ်းခြေကို အမှီပြု၍ မြို့ရွာများ တည်ထောင်ထားသော၊ စပါးကို ဝမ်းစာအတွက်သာ စိုက်ပျိုးကြသော အဆိုပါဒေသသည် သယံဇာတပစ္စည်းများ ပေါများလှသော်လည်း ဒေသ၏ လမ်းပန်းဆက်သွယ်ရေးနှင့် အခြားသောဖွံ့ဖြိုးတိုးတက်မှုတို့မှာ အချို့သော ဒေသများနှင့် ယှဉ်ပါက နည်းပါးနေသေးသည်ကို တွေ့ရသည်။

ဆန္ဒမဲပေးနိုင်သူ အရေအတွက် ၁၇သိန်းကျော်ရှိသည့် ပြည်နယ်ကြီးတစ်ခုဖြစ်သော ထိုဒေသရှိ မဲဆန္ဒရှင်တို့ကမူ စက်တင်ဘာ ၂၁ရက်ထိ သူတို့ဒေသတွင် ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများကို သေချာစွာမသိကြသေးပေ။ထိုဒေသတွင် ပြုလုပ်သည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများမဲဆွယ်စည်းရုံးမှုများသည်လည်း ပရိသတ် ၅၀မှ ၁၀၀ကြားလောက်ကိုသာ တွေ့ဆုံဟောပြောနိုင်သည့်အခြေအနေမျိုးသာရှိသေးသည် ဟုပါတီလေးခုမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ပြောကြားချက်အရသိရသည်။

ရခိုင်ပြည်နယ် တောင်ပိုင်းရှိသံတွဲခရိုင်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များမှာ ဒေသခံအငြိမ်းစားဝန်ထမ်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များသာဖြစ်သည့်အတွက်ဒေသခံများမှာ လူပုဂ္ဂိုလ်အရသိသော်လည်း မည်သည့်ပါတီအဖွဲ့အစည်းကို ကိုယ်စားပြု၍ ယှဉ်ပြိုင်မည်ဆိုသည်ကို မြို့ပေါ်မှ လူများပင် သေချာစွာမသိရှိကြသေးဟု သိရသည်။

ပါတီများမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ကျေးရွာများသို့ သွားရောက်စည်းရုံးမှုများကို လုပ်ဆောင်နေပြီဖြစ်သော်လည်း လာရောက်နားထောင်သည့် ပရိသတ်အနည်းငယ်သာ ရှိနေခြင်းကြောင့် ဒေသခံ အများစုမှာ ရွေးကောက်ပွဲ ဗဟုသုတနည်းနေသေးခြင်းဖြစ်သည်ဟုသိရသည်။

ဒေသခံအများစုမှာမူ မည်သည့်ကိုယ်စားလှယ်ကို မဲပေးရမည်ထက်၊ မိမိတို့မဲရုံသို့ မဲသွားပေး ဖြစ်၊မဖြစ်ကိုပင် သေချာစွာမပြောနိုင်ကြသေးဟု ဒေသခံတို့၏ ပြောကြားချက်များအရသိရသည်။

လူလတ်ပိုင်းနှင့် လူကြီးပိုင်း အချို့သာ မဲပေးရမည့်ကိစ္စကို စိတ်ဝင်စားတက်ကြွမှုရှိနေကြပြီး၊ လူငယ်အများစုမှာမူ အဝေးသင်တက္ကသိုလ်များ စာမေးပွဲဖြေရက်နှင့်တိုက်နေ၍ နေရပ်ဒေသသို့ အချိန်မီပြန်မရောက်နိုင်သောကြောင့် မဲပေးရန် မသေချာသေးဘဲရှိနေကြသေးသည်။

"ဒေသခံတွေ လိုအပ်တာပြောင်းလဲမှုပဲ" ဟုပြောခဲ့သော တောင်ကုတ်မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်လောင်း၏ စကားအတိုင်းပြောင်းလဲမှုကိုလိုချင်ကြမည်ဟုပြောနိုင်သော ဒေသခံအများစုမှာ အပြောင်းအလဲတွင် စိတ်ဝင်စားမှုနည်းနေသေးပြီး နေ့စဉ်စားဝတ်နေရေးကိုသာ အဓိကထားနေသေးသည်ကိုတော့ သူတို့၏ပြောစကားများအရသိရသည်။

AGD BANK
Asia Green Development Bank Limited
BOD
E-mail, Internet
BOD
BOD Assit
BOD

1. Accountant
Export & Import Internet & Email
2. Computer
Computer Hardware & Networking Graphic Design
CV

MCPA
MCPA Inforithm-Maze
Advance Digital Photography Course
Tel: 652276
Digital Photography
Lens
Studio Lighting and Photo Editing
Creation Art Photography and Composition
Outdoor Shooting Studio (Indoor Shooting)

7DAY NEWS JOURNAL
Vol.9, No.29 · OCTOBER 7, 2010



CHICKEN SOUP

သိပ်မကြာခင်မှာပင်အရှိတရားကို တဖြည်းဖြည်းသဘောပေါက်စပြုလာခဲ့သည်။ ဒါတောင်အပြောင်းအလဲကို မိမိကိုယ်တိုင်အပြည့်အဝလက်ခံနားလည်ပြီဟုကား မဆိုနိုင်သေးပေ။ ဆောင်းဦးရာသီက ဝင်ရောက်လာပြန်သည်။ ကျွန်တော်တို့ကျောင်းဝင်းထဲရှိသစ်ပင်များတွင် သစ်ရွက်များကြွပ်ဆတ်ဝါကျင်လာပြီး မကြာမီ တဖြုတ်ဖြုတ်ကြွေကြပေတော့မည်။

ပြီးခဲ့သည့် ဆောင်းဦးပေါက်ကာလကို ပြန်ပြောင်းသတိရမိသည်။ အဲဒီတုန်းကတော့ ကျွန်တော်တို့တစ်တွေသည်အကောင်းဆုံးမိတ်ဆွေတွေဖြစ်ခဲ့ကြသလို အပြင်းထန်ဆုံးရန်သူပြိုင်ဘက်တွေလည်းဖြစ်ခဲ့ကြသည်။ အတန်းထဲမှာ အဆင့်အမြင့်ဆုံးရဖို့၊ အင်္ဂလိပ်စာဆုရဖို့၊ အနုပညာထူးချွန်ဆုရဖို့ အစရှိသဖြင့် ပြိုင်လို့ရတာတွေအားလုံးမှာပြိုင်ကြသည်။ အဲဒီနေ့တွေတုန်းကတော့ ကျွန်တော်တို့တစ်တွေသည် အနာဂတ်အတွက်၊ မိမိတို့ ရည်မှန်းချက်ပန်းတိုင်တွေအတွက်၊ မိမိတို့အိပ်မက်တွေအတွက် အချင်းချင်း တိုင်ပင်ဆွေးနွေးခေါင်းချင်းလည်းဆိုင်ဖြစ်ခဲ့ကြသည်။ ကျွန်တော်ကတော့ဘဝမှာဘာကိုရွေးချယ်ရမှန်းမသိသေးပေ။ အနီးအနားတွင်ဝိုင်းနေတတ်ကြသော အပေါင်းအသင်းများကလည်း ကျွန်တော့်လိုပင်ကလေးသာသာများဖြစ်ကြသည်။ အဲဒီတုန်းက ကျွန်တော်တို့တစ်တွေ ရှစ်တန်းပဲရှိသေးသည်။ သို့သော်သူကတော့ အသက်ထက်အသိဉာဏ်ကပိုမြင့်သည်ဟု အားလုံးက အထင်ကြီးခြင်းကိုခံရသူဖြစ်သည်။

'ငါကြီးလာရင် ငါ့အစ်ကိုဝမ်းကွဲလိုပဲဟားဗတ်ကိုသွားပြီးဥပဒေပညာသင်မယ်'ဆိုတာမျိုးကို သူမကြာခဏအတန်းထဲတွင်ကြွားပြောပြောတတ်သည်။ အခုကတည်းက အက်စ်အေတီအတွက်လေ့ကျင့်နေပြီဆိုတာမျိုးလည်းပါတတ်သေးသည်။ ဒီလိုအခါမျိုးဆိုရင် ကျွန်တော်တို့အားလုံးက



# လမ်းလွဲတဲ့သူငယ်ချင်း ပြန်လာပါ

အိန်ဂျယ်လင်း

တဝါးဝါးနှင့် လှောင်ရယ်ပစ်လိုက်ကြသည်။ ဟားဗတ်တက်ဖို့အသာထား ကျွန်တော်တို့ကအထက်တန်းတောင် ရောက်ကြသေးတာ မဟုတ်ဘူးမဟုတ်လား။ ဒါပေမဲ့သူကတော့ စိတ်ပျက်ဟန်မပြ။ သူက ကျွန်တော်တို့ထက်ခေါင်းတစ်လုံးသာနေဟန်ရှိတာကတော့ အမှန်ပဲဖြစ်သည်။ ကျွန်တော်တို့အားလုံးက အတန်းပြီးလျှင် အဟော့ဆုံးပါတီတွေတက်ဖို့၊ အဟော့ဆုံးကောင်မလေးတွေကို ချည်းကပ်ဖို့စိတ်ဝင်စားနေချိန်တွင်သူကတော့အဆင့်အကြောင်း၊ အမှတ်အနည်းအများအကြောင်း၊ အနာဂတ်ပညာရေးအကြောင်းစသည်တို့ကိုတွေးတောနေတတ်သူဖြစ်သည်။ အမှတ်နှင့်ပတ်သက်လျှင် သူဘယ်လောက်အထိအကဲပိုသည်ကိုကျွန်တော်မှတ်မိသည်။ သူက တစ်ခါတလေအမှတ်တစ်ရာပြည့်ဖို့ တစ်မှတ်လို ၉၉ ရလျှင်ပင် စိတ်ဆင်းရဲနေတတ်သူဖြစ်သည်။ ထိုအခါမျိုးတွင်ဆရာမထံသွားပြီး သူဘာမှားသလဲဆိုတာသွားမမေးဘဲမနေနိုင်ပေ။ ကျွန်တော့်ကိုလည်းအတင်း အကြပ်အဖော်ခေါ်သဖြင့် ယက်ကန်ယက်ကန်နှင့်လိုက်သွားရတတ်သည်က များသည်။

ဒါက သူ့ရဲ့ပုံစံပင်ဖြစ်သည်။ လူတစ်ယောက် ခဏတွင်းချင်းဘယ်လောက် အပြောင်းအလဲမြန်သွားနိုင်သည်ကို ကျွန်တော်ဆက်ပြောချင်သည်။ဇာတ်လမ်းအစမှာတခြားအတန်းကကောင်ကလေးတွေနှင့်မိတ်ဆွေဖွဲ့မိခြင်းလည်းပါသည်။ သူတို့ကသူ့ကိုပါတီပွဲတစ်ခုသို့ဖိတ်သည်။ ပါတီကတကယ့်အပျံစားပါတီတစ်ခုဖြစ်သည်။ အစတုန်းကဒီပါတီသို့ ကျွန်တော့်ကိုဖိတ်ခြင်းမခံရသဖြင့် ဝမ်းနည်းနေမိသေးသည်။ အခုတော့ဖိတ်ကြားခြင်းမခံရသည်ကိုပင်ကျေးဇူးတင်ရဦးမည်။ အဘယ့်ကြောင့်ဆိုသော်အဖြစ်အပျက်များ အားလုံးမှာထိုပါတီမှအစပြုသောကြောင့်ပင်ဖြစ်လေသည်။

ပါတီပြီးနောက်တစ်နေ့တွင် အရက်ကိုသူစတင်စမ်းသပ်စပြုသည်။ အစတုန်းကတော့ တစ်ငုံစနှစ်ငုံစ၊ နောက်တော့တစ်ခွက်နှစ်ခွက်ကနေ နောက်ဆုံးအဆင့်တွင် တစ်နေ့တစ်လုံးနှုန်းအထိရောက်ရှိလာလေသည်။ အဲဒီတုန်းက ၁၃ နှစ်သားတွေပဲ ရှိကြသေးသည်။ သူအရက်ကိုဘယ်လိုသောက်တတ်နေပြီဟု ကျွန်တော့်ကိုလာပြောသောအခါ နောက်နေတာဟုပင် ထင်မှတ်မိသည်။ ဗော့ဒကါနှင့်ရမ်အရက်များက သူ့ကိုလေထဲမြောက်နေသလိုခံစားမှုမျိုးကိုတစ်နေလုံးအတွက် ဘယ်သို့ဘယ်ပုံပေးစွမ်းနိုင်သည်ဆိုတာမျိုးကို သူပြောသောအခါ တမင်ပျင်းလို့စကားမရှိစကားရှာကြံဖန်လာပြောနေတာပဲဟုသာ ထင်မိသည်။ တစ်ရက်မှာသူအိမ်ကိုလိုက်ပြီးသူနဲ့အရက်သောက်ကြည့်ဖို့ကျွန်တော့်ကိုဖိတ်သည်။ သူခံစားနေကျအရသာမျိုး ကျွန်တော့်ကိုခံစားစေချင်သည်ဟုဆိုသည်။ ကျွန်တော်ကလည်းအရာရာကိုတော်လှန်ပုန်ကန်ချင်သော ဆယ်ကျော်သက်အရွယ်ဆိုတော့ ရင်ခုန်စရာကောင်းမည့်ထိုအလုပ်တစ်ခုကို စမ်းသပ်ကြည့်ရန်သဘောတူလိုက်သည်။ သို့သော်တကယ်တမ်းကျွန်တော်မသောက်ဖြစ်ပါ။ သူ့အိမ်ကို ရောက်သွားပြီးမှကျွန်တော့်အသိစိတ်က အချိန်မီသတိပေးသဖြင့် ကျွန်တော်မသောက်ဖြစ်ခဲ့ပေ။ သူကတော့ဘာမှမပြော။

နောက်မှတ်မိသည်က သူ့သူငယ်ချင်းတစ်ဦးက ဖိတ်သည့်ပါတီသို့သူသွားခဲ့သည်။ အဲဒီညကအတော်ညဉ့်နက်မှသူပြန်ရောက်လာသည်။ ဆရာကနောက်ကျရသည့်အကြောင်းကိုဖြေရှင်းခိုင်းသည်။ သူလိမ်လိုက်ပုံရသည်။ ဆရာကသူ့ကိုပြင်းထန်စွာသတိပေးသည်။ ဆရာကိုသူဘယ်လိုလိမ်လိုက်သည်ကိုကျွန်တော်စိတ်မဝင်စားပေ။ သူ့စကားသံတွေတလေးတပင်ဖြစ်နေတာ၊ သူ့ပါးစပ်က၊ သူ့ထွက်သက်လေကအရက်နံ့တွေရနေတာကို ကျွန်တော်မှတ်မိသည်။ တစ်ခါတလေလမ်းထလျှောက်လျှင်ပင်ယိုင်ခနဲဖြစ်သွားလေ့ရှိသဖြင့်ကျွန်တော်ကတွဲကူကာထိန်းပေးထားရသည်။

ထိုအခြေအနေသို့ရောက်နေသဖြင့်သူနောက်နေတာမဟုတ်မှန်း ကျွန်တော်တို့သိကြလေပြီ။ ဒီပြဿနာကားပေါ့သေးသေးမဟုတ်ပြီ။ သူ၏ထက်မြက်သောဉာဏ်ရည်ဉာဏ်သွေးများလည်းပျောက်ဆုံးကုန်ပြီ။ သူစိတ်ဝင်စားသည်မှာ မူးယစ်သောက်စားဖို့နှင့် ပျော်ပါးပလွှားဖို့ နှစ်ခုတည်းလိုလိုသာဖြစ်နေသည်။ အပြင်ပန်းမှာတော့သူသည်ပျော်ရွှင်နေဟန်ဆောင်ထားရသည်။သူ၏ပုံရိပ်အသစ်ကိုနှစ်သက်သဘောကျလေဟန်ဖမ်းထားသည်။ ဒါပေမဲ့ ဒါကိုကြာကြာ ဟန်ဆောင်နိုင်သည်တော့မဟုတ်ပေ။ အထူးသဖြင့် ကျွန်တော့်ကို ဖြစ်သည်။

သူ့လက်ကောက်ဝတ်ပေါ်တွင် ခပ်နက်နက် ဓားရှရာလိုပြတ်ရှဒဏ်ရာများကိုကျွန်တော်သတိထားမိသွားသည်။ သူကဒါတွေကို အင်္ကျီလက်နှင့်၊ လက်ကောက်ဝေါကွင်းများနှင့်ဖုံးဖို့ကြိုးစားသော်လည်းကျွန်တော်က မြင်ဖြစ်အောင်မြင်သွားခြင်းပင်ဖြစ်သည်။

သူ့စိတ်တွေက ညစ်နွမ်းသည်ထက်ညစ်နွမ်းလာသည်။ နောက်ပိုင်းတွင်အစားအသောက်မမှန်သော ရောဂါစဝင်လာသည်။ သူအိမ်သာထဲသို့မကြာခဏဝင်ပြီး အော့အန်ဖို့ကြိုးစားနေရသည်ကို ကျွန်တော်သတိထားမိသည်။ သူ့ခန္ဓာကိုယ်ကလည်းဝချင်သည့်ဘက်သို့ ပြောင်းလာခဲ့သည်။ သူဝတ်ပုံစားပုံတွေကလည်း အလွန်ခေတ်ဆန်ပြီး မျက်စိရှုပ်စရာတွေဖြစ်လာသည်။

ကျွန်တော်မှတ်မိသေးသည်။ ဟိုအရင်တုန်းကကျွန်တော်သူများတွေလိုပဲဟော့ရှော့ဖြစ်ချင်သည်ဟု သူ့ကိုရင်ဖွင့်တုန်းက "နာမည်ကြီးတယ်ဆိုတာ ဘာမှမဟုတ်ပါဘူးကွာ၊ မင်းအသက်ကြီးလာလို့ အလုပ်လုပ်တဲ့အခါငယ်ငယ်တုန်းက မင်းဘယ်လောက်ဟော့ခဲ့လဲ၊ နာမည်ဘယ်လောက်ကြီးခဲ့လဲဆိုတာတွေကို အခြေခံပြီးအလုပ်ရတာ မဟုတ်ဘူးကွ။ ဒါတွေအားလုံးက ကလေးကလားကိစ္စတွေပါကွာဟု သူပြောခဲ့တာကျွန်တော်မှတ်မိနေသည်။ အခုတော့ကျွန်တော်ကဒီစကားတွေနှင့်သူ့ကိုပြန်ဆုံးမဖို့ကြိုးစားနေရပြီဖြစ်သည်။ သူ့အဆင့်တွေကျနေပြီဖြစ်ကြောင်းကျွန်တော်သတိပေးသောအခါ ဒီခေတ်ကြီးမှာအဆင့်တွေအမှတ်တွေကို ဘယ်သူမှစိတ်ဝင်စားမနေတော့ဘူးဟု သူကဒေါသတကြီးပြန်ပြောခဲ့သည်။ သူနှင့်ကျွန်တော်ဆက်ဆံရေးလည်း တဖြည်းဖြည်းပြတ်တောက်စပြုလာနေသည်။

သူ့မိတ်ဆွေအသစ်ဆိုသူတွေက သူ့ကိုဘယ်လိုဖျက်ဆီးနေမှန်း ကျွန်တော်သိလာသောအခါ သူတို့ကိုပြောင်ဆန့်ကျင်ရန် ကြိုးစားတော့သည်။ နောက်တစ်ခါအရက်သောက်သည်ကိုကျွန်တော်တွေ့ပါက သူ့မိဘတွေကိုရော၊ ဆရာတွေကိုပါတိုင်မည်ဟု သူ့ကိုခြိမ်းခြောက်ရသည်။ သူကအလွန်စိတ်ဆိုးသည်။ ကျွန်တော့်လုပ်ရပ်များသည် သူ့ကိုအသားလွတ် ဒုက္ခရောက်အောင် လုပ်နေသည်များသာဖြစ်ကြောင်း၊ ဒါတွေလုပ်နေလို့ ကျွန်တော်ပျော်စရာကောင်းမည်လည်းမဟုတ်ကြောင်း ကျွန်တော့်ကိုပြန်လှန်တုံ့ပြန်သည်။ နောက်ပိုင်းတွင်သူကျောင်းစပြေးတတ်လာသည်။ ကျွန်တော်ကလည်းလက်ပူးလက်ကြပ်မိပါကသူငယ်ချင်းတွေ ဘာတွေငဲ့ညှာနေမည်မဟုတ်ဘဲ ဆရာများကိုတိုင်ကြားမည်ဖြစ်ကြောင်း သူ့ကိုသတိပေးသည်။ သူကျွန်တော်နှင့်ပတ်သက်သည့် သတင်းမှားများ၊ ကောလာဟလများကိုပင်ကျောင်းတွင်းပြန်ဖြန့်ပြီး ကျွန်တော်အထင်လွဲခံရအောင်၊ ဒုက္ခတွေ့အောင်ကျိုးစားလာသည်။ ကျွန်တော်ကလည်းအလွန်စိတ်ဆိုးသည်။ သူကျွန်တော့်ကိုဒီလိုဆက်ဆံတာ၊ သူပျက်စီးသွားတာ၊ ကျွန်တော်သူ့ကိုမတားလိုက်နိုင်တာ၊ သူဒီလိုဖြစ်အောင်ဝိုင်းလုပ်နေတဲ့ လူတွေရှိတာစသဖြင့်ကျွန်တော်မကြိုက်သော အဖြစ်အပျက်များနှင့်ပတ်သက်ပြီး အလွန်အမင်းစိတ်ဆိုးသည်။ အဲဒီစာသင်နှစ်ကုန်တော့ ကျွန်တော်တို့နှစ်ယောက်စလုံးဆိုးဆိုးဝါးဝါး အဆင့်များနှင့်သာ အောင်ခဲ့ကြသည်။ အံ့သြစရာတော့မဟုတ်ပေ။

နောက်တစ်နှစ် ကျောင်းအပ်ချိန်ရောက်တော့ သူကျွန်တော်တို့ကျောင်းမှာဆက်တက်ဖြစ်တော့မှာမဟုတ်ကြောင်းကြားရသည်။ သူ့မိဘများကလည်းသူပျက်စီးနေတာကိုသိပြီး ဒီအသိုင်းအဝိုင်းနှင့်ခွဲရန်အတွက်သူ့ကို ကျောင်းပြောင်းထားတော့မည်ဖြစ်သည်။ သူ့အတွက်ကျွန်တော်ဝမ်းသာပါသည်။သူနှင့်ခွဲရတော့မည်ဖြစ်၍ ဝမ်းနည်းသလိုတော့ခံစားမိသည်။ ဒီကိစ္စတွေမတိုင်ခင်က ကျွန်တော်တို့ နှစ်ယောက်သည် သိပ်ချစ်သောသူငယ်ချင်းတွေ ဖြစ်ခဲ့ကြသည်ပဲ။ နောက်နှစ်ကျောင်းစတက်ချိန်တွင်ကျရောက်သောကျွန်တော့်မွေးနေ့တွင် ကတ်ပြားကလေးတစ်ခုသူလက်ဆောင်လာပေးသည်။ ဒီအပေါင်းအသင်းဆိုးတွေနှင့်ကွဲကွာရတာ သူ့အတွက်ကောင်းသွားသည်ဟုကျွန်တော်ယုံကြည်နေသည်။သူ့လက်ဆောင်ကိုလက်ခံပြီး"ကျေးဇူးတင်ပါတယ်"ဟုသာ ပြောမိသည်။ တခြားလည်း သူ့ကိုဘာပြောရမှန်းတကယ်မသိပေ။

"ငါ့အတွက် တကယ်သူငယ်ချင်းကောင်းပီသတဲ့အတွက် မင်းကို ကျေးဇူးတင်ပါတယ်"ဟုကတ်ပြားထဲတွင်ရေးထားသည်။

ဒီစာကြောင်းကလေးကိုကျွန်တော်ခဏခဏထုတ်ဖတ်မိသည်။ နောက်ဆုံးမနေနိုင်တော့ဘဲ တယ်လီဖုန်းကိုကောက်ကိုင်ကာသူ့ဆီဖုန်းစဆက်သည်။ ကျွန်တော်တို့ခဏတဖြုတ်စကားစမြည်ပြောဖြစ်ကြသည်။ တခဏချင်းတွင်းမှာပင်ကျွန်တော်တို့အချင်းချင်းကြားကမိတ်ဆွေရေးရင်းစိတ်ဓာတ်များပြန်လည်အသက်ဝင်လာသည်ဟုထင်လိုက်သည်။ သူ့အသံကလည်း ကျွန်တော် နောက်ဆုံးကြားခဲ့စဉ်တုန်းကထက် အများကြီးပိုကြည်လင်ပြီးပျော်ရွှင်တက်ကြွနေပုံရသည်။ သူနှင့် ကျွန်တော်တစ်ကျောင်းတည်းအတူမတက်ရတော့သည်ကလွဲ၍ သူ့ဘဝလမ်းကြောင်းအမှန် ပြန်ရောက်သွားသဖြင့်ကျွန်တော် ဝမ်းသာပျော်ရွှင်နေပါသည်။ သူ့ပတ်ဝန်းကျင်အသစ်၊ ကျောင်းအသစ်တွင် သူ၏နေရာမှန်ကိုအမြန်ဆုံးပြန်လည်ရှာဖွေတွေ့ရှိလိမ့်မည်ဟုကျွန်တော်ဆုတောင်းပေးနေသည်။ သူ့အိပ်မက်တွေအရင်လို အားကောင်းမောင်းသန်ပြန်ဖြစ်လာပါစေဟုလည်း ကျွန်တော်မျှော်လင့်သည်။ မျှော်လင့်ချက်တွေ အတိုင်းလည်းဆုပ်ကိုင်အောင်မြင်နိုင်ပါစေကြောင်း ကျွန်တော်ဆုတောင်းပေးထားသည်။ ဆောင်းဦးရောက်ပြန်ပြီး ကျောင်းဝင်းထဲရှိ သစ်ပင်ကြီးငယ်တို့အားလုံးတွင်အရွက်များရော်နွမ်းခြောက်သွေ့ပြီးကြွေကျဖို့တာစူနေကြသည်။ ဒီဆောင်းဦးတွင် သူ့အတွက်ပျော်ရွှင်လှပပါစေဟု ကျွန်တော်သတိတရဆုတောင်းပေးလိုက်ပါသည်။

*Ref: 'A Fallen Friend Gets Back Up' by Carol Wong*

7 DAY NEWS JOURNAL
Vol.9, No.29 • OCTOBER 7, 2010

# အားလုံး ဝိုင်းဝန်းစဥ်းစားပေးကြပါ

ခင်သန္တာ

**ကျွန်မ** တို့လူမျိုးသည် စေတနာ၊ သဒ္ဓါတရား အလွန်ထက်သန်သော လူမျိုးများဖြစ်ကြသည်။ ပေးကမ်းစွန့်ကြဲခြင်းအမှု၌ ဝါသနာထုံကြသည်။ အလှူအတန်းလုပ်ရာတွင်လည်း ရက်ရောကြသည်။ ထို့ကြောင့်သည်ပင် မြန်မာကို ကမ္ဘာက သဘောကောင်းသော လူမျိုးအဖြစ် အသိအမှတ်ပြုကြသည်။ ဂုဏ်ယူဖွယ်တစ်ရပ်ဖြစ်ပါသည်။ သို့သော် ကျွန်မတို့နိုင်ငံတွင် ပေးကမ်းစွန့်ကြဲသူများ၍ထင့် အလှူခံပုဂ္ဂိုလ်လည်း အလွန်များပြား၍နေပါသည်။ ဘယ်လောက်များပြားနေပါသလဲဆိုလျှင် ခရီးသွားပြည်သူ၊ လူအများစိတ်အနှောင့်အယှက်ဖြစ်သည်ထိဖြစ်ပါသည်။ ကျွန်မကိုယ်တွေ့ဖြစ်ပါသည်။



ကျွန်မသည် ခရီးသွားရခြင်းကို အလွန်နှစ်သက်သော သူဖြစ်ပါသည်။ ကျွန်မ၏ သဘောထားမှာ မြန်မာပြည်တွင်နေထိုင်ပြီး မြန်မာပြည်နေရာ အနှံ့အပြားသို့ ရောက်ဖူးသင့်သည် ထင်ပါသည်။ ထို့ကြောင့်ကျွန်မတို့ မိသားစုတစ်နှစ်တစ်ကြိမ် ခရီးထွက်လေ့ရှိပါသည်။ ကျွန်မသမီး ဒီဇင်ဘာကျောင်းပိတ်ရက်သို့ ရောက်တိုင်း ကျွန်မကလည်း သင်တန်းပိတ်၊ အမျိုးသားကိုလည်း ရုံးမှခွင့်ယူခိုင်း၍ ကျွန်မတို့ မိသားစုခရီးထွက်ကြသည်။ ထိုသို့ ခရီးသွားနိုင်ရန် ကျွန်မမှာတစ်နှစ်ပတ်လုံး ခြိုးခြိုးခြံခြံစုဆောင်းရပါသည်။ ခရီးစရိတ်၊ စားသောက်စရိတ်၊ ဟိုတယ်ခနှင့်ကိုယ်မရောက်ဖူးသေးသော ဒေသတွင် ကားငှားစရိတ်များအတွက်ပါ ထည့်သွင်းစဉ်းစား၍ ကျွန်မမှာ ပိုက်ဆံစုရပါတော့သည်။ မိသားစုအတူ ခရီးထွက်ခြင်းသည် အလုပ်တာဝန်များကြောင့် မေ့လျော့နေသော ချစ်ခင်မှုနှင့် နွေးထွေးမှုများကို ပြန်ရစေသည်ဟု ကျွန်မထင်ပါသည်။

မှတ်မှတ်ရရ ရှမ်းပြည်နယ်သို့သွားရန် ရွေးချယ်သောနှစ်က ဖြစ်ပါသည်။ အင်းလေးသို့ အလာလမ်းတွင်ညောင်ရွှေမှအထွက် စက်လှေပေါ်သို့ မတက်ခင်လမ်းတစ်လျှောက်စင်ရော်စာရောင်းနေသော ကလေးများ ဝိုင်းအုံလာကြပါသည်။ ကျွန်မတို့နှင့် အတူပါလာသော ကျွန်မသင်တန်းသူ လင်မယားနှစ်ယောက်က စင်ရော်စာများ ဝယ်ကြပါသည်။ ထိုအခါ ကျန်သောကလေးများကလည်း သူတို့ဆီကလည်းမျှဝယ်ကြရန် ပြောသဖြင့် ကျွန်မက ကျန်သောကလေးများထံမှစင်ရော်စာဝယ်လိုက်ပါသည်။ တစ်ခါခပ်လှမ်းလှမ်းမှာ ရှိနေသော စင်ရော်စာရောင်းသော နောက်တစ်ဖွဲ့မှာ ပြေးလာကြ၍ သူတို့ထံမှလည်း ဝယ်ရန်ကျွန်မတို့နားသို့ ရောက်လာပါတော့သည်။ ကျွန်မတို့မှာလည်း ဝယ်ထားပြီးသော စင်ရော်စာများမှာ တော်တော်များပြီဖြစ်တဲ့အတွက် ထပ်မဝယ်လိုတော့ပါ။ ကျွန်မတို့အဖွဲ့ လမ်းပင်လျှောက်လို့မရအောင် ဝိုင်းအုံပိတ်လိုက်ကြပါသည်။ နောက်ဆုံး စက်လှေမောင်းသမား အကူအညီနှင့်မှ ကျွန်မတို့ စက်လှေပေါ်သို့ တက်လို့ရပါသည်။

ကျွန်မတို့ မိသားစုအင်းလေး၏ ညအလှကို ရှုစားနိုင်ရန် အင်းထဲတွင် တစ်ညအိပ်ခဲ့ကြသည်။ အင်းထဲကို နေ့ခင်းဘက်ရောက်ပြီး ညနေဘက်တွင် ကျွန်မတို့မိသားစု ဂျီအိုင်စီဟိုတယ်မှ စက်လှေငှား၍ ပတ်ဝန်းကျင်ရှုခင်းများကိုကြည့်ရန် ထွက်ခဲ့ကြပါသည်။ ဖောင်တော်ဦးဘုရားဖူးပြီးအပြန် အမှတ်တရလက်ဆောင်များဝယ်ရန်ဈေးတန်းဘက်သို့ ထွက်ခဲ့ကြပါသည်။ ထိုနေရာတွင်လည်း ဈေးပင်မေး၍မရဘဲ အတင်းသာဝယ်ခိုင်းနေသဖြင့်ကျွန်မစိတ်ပျက်ပြီးဘာမှမဝယ်ဘဲ ပြန်ထွက်ခဲ့ပါသည်။ နိုင်ငံခြားသူ တစ်ယောက်ကို ဝိုင်းနေချိန်ဖြစ်၍ ကျွန်မတို့လွယ်ကူစွာ ထိုနေရာမှ ထွက်ခွင့်ရခြင်းဖြစ်ပါသည်။ ကောင်းရောင်း၊ ကောင်းဝယ်ဈေးရောင်းစားခြင်းသည် သမ္မာအာဇီဝ ဖြစ်ပါသည်။ သို့သော် ခားပြတိုက်သကဲ့သို့ ဝယ်သူစိတ်ညစ်ညူးအောင် မလုပ်သင့်ဟု ထင်ပါသည်။

ထိုဆိုင်မှအထွက် စက်လှေပေါ်သို့ မတက်ခင် လမ်းတစ်လျှောက်တွင် တောင်းရမ်းနေသော ကလေးများကို တွေ့ရသည်။ ကျွန်မတို့နောက်သို့ လိုက်လာ၍ ပိုက်ဆံတောင်းကြပါသည်။ ကျွန်မသည် ပိုက်ဆံတောင်းသော ကလေးများကို ဘယ်သောအခါမှ ပိုက်ဆံပေးလေ့မရှိပါ။ လွယ်လွယ်ကူကူရသွားလျှင် သူတို့လေးတွေ၏ အစွမ်းအစ တုံးသွားမည်စိုး၍ ဖြစ်ပါသည်။ ကျွန်မခေါင်းခါပြသော်လည်း ကျွန်မနောက်သို့ လျှောက်လိုက်၍ တတွတ်တွတ် ပိုက်ဆံတောင်းနေသောကြောင့် စိတ်အနှောင့်အယှက်ဖြစ်မိပါသည်။

ကျွန်မ စက်လှေပေါ်သို့ တက်ခါနီးအချိန်တွင် ၁၂ နှစ်အရွယ် ကလေးတစ်ယောက်သည် သူပိုက်ဆံမရမှာ သေချာသလောက်ဖြစ်သည်ကို သိ၍ထင်ပါသည် "အန်တီ သမီးကို ပိုက်ဆံပေးခဲ့ပါ" ဟုပြောပြီး ကျွန်မလွယ်ထားသော ဆလင်းဘက်ကို လှမ်းဆွဲလိုက်ပါသည်။ ကျွန်မသည် ရေမကူးတတ်သည့်အပြင် ရေကိုလည်းကြောက်ပါသည်။ အဲဒီကလေး ကျွန်မအိတ်ကို လှမ်းဆွဲလိုက်ချိန်တွင် ကျွန်မ၏ခြေတစ်ဖက်သည် စက်လှေပေါ်သို့ ရောက်နေပြီဖြစ်ပါသည်။ ကျွန်မ လန့်သွားပြီး အဲဒီကလေးကို လက်ပြန်ရိုက်လိုက်မိပါသည်။ အဲဒီကလေးသည် မထင်မှတ်ထားသော ကျွန်မ၏ အပြုအမူကြောင့် လန့်သွားပုံရပါသည်။

ကျွန်မလည်း ကိုယ့်အပြုအမူကြောင့် ကိုယ့်ဘာသာကိုယ် ရှက်မိပါသည်။ မရည်ရွယ်ဘဲ ရေကြောက်သောစိတ်ကြောင့်လန့်၍ လုပ်လိုက်မိခြင်းဖြစ်ပါသည်။ နိုင်ငံခြားသား ဧည့်သည်များလည်း ကျွန်မတို့ကို ကြည့်နေကြပါသည်။ သူ့စကားပြန်က ဘယ်လိုဘာသာပြန်ပြောလိုက်မည် ကျွန်မ မသိပါ။ ဈေးရောင်းနေသော အမျိုးသမီးတစ်ယောက်က ကျွန်မကို ဝင်တောင်းပန်ပေးပါသည်။ ကျွန်မလည်း ထိုကလေးကို ပြန်တောင်းပန်လိုက်ပါသည်။ ကျွန်မစိတ်မကောင်းဖြစ်သွားပြီး သူတောင်းသော ပိုက်ဆံပေးခဲ့ဖို့ပင် စဉ်းစားလိုက်ပါသေးသည်။ သို့သော် နောက်လူများကိုလည်း ထိုကဲ့သို့လိုက်လုပ်လျှင် ပိုက်ဆံပေးခဲ့သည်ဟု ထင်ကာ တောင်းနည်းအသစ်ရသွားမည်စိုး၍ ကျွန်မမပေးဖြစ်ခဲ့ပါ။

အပြန်လမ်းတစ်လျှောက် စက်လှေပေါ်တွင် ကျွန်မတွေးမိတိုင်း စိတ်မကောင်းဖြစ်ရပါသည်။ ကျွန်မ မိသားစုလည်း စိတ်အနှောင့်အယှက်ဖြစ်စွာ ငြိမ်ပြီးလိုက်ပါလာကြပါသည်။ အခုတွေ့ရသော ပိုက်ဆံတောင်းသည့် ကလေးများထက်စာလျှင် ညောင်ရွှေတွင် စင်ရော်စာ အတင်းလိုက်ရောင်းနေသော ကလေးများက ကိုယ့်ခွန်အားကို သုံးသေး၍ တော်ဦးမည်ထင်ပါသည်။ ကျွန်မမှာ ဒီခရီးစဉ်ကို လာနိုင်လာရန်အတွက် တစ်နှစ်ပတ်လုံး ပိုက်ဆံစုခဲ့ရပါသည်။ စိတ်ရော လူပါ အပန်းပြေချင်၍၊ ဒေသန္တရ ဗဟုသုတရလို၍ ဖြစ်ပါသည်။ သို့သော် ကျွန်မမှာ စိတ်ရောလူပါ အပန်းမပြေခဲ့ပါ။ ကျွန်မစိတ်ကူးယဉ်ခဲ့သည့် ခရီးစဉ်လေးအပြည့်အဝ မအောင်မြင်ခဲ့ပါ။

ကျွန်မတို့ ရန်ကုန်လိုင်းကားများ ပေါ်တွင်လည်း ပိုက်ဆံလိုက်တောင်းနေသော ကလေးများ အလွန်များပြားလာပါသည်။ ပိုက်ဆံတောင်းပုံမှာ အဆင့်မြင့်လှသည်၊ စကားတစ်လုံးမှ ပြောစရာမလို၊ သူတို့ပြောလိုသော ပိုက်ဆံတောင်းရခြင်းအကြောင်းကို ကွန်ပျူတာစာစီထားသော စာရွက်များဖြင့် ခရီးသည်များထံ လိုက်ပေးခြင်းဖြစ်သည်။ ပြီးလျှင် ပိုက်ဆံနှင့်အတူ ပေးထားသော စာရွက်များပါ လိုက်သိမ်းကြပါသည်။ ထိုစာရွက်များကို သူတို့အား မည်သူမျှ အလကားလုပ်ပေးမည်မထင်ပါ။ ကျွန်မသာ သူတို့လာအပ်သော ဆိုင်ရှင်ဖြစ်ပါက ထိုစာရွက်များကို ရိုက်ပေးလိုက်မည်မဟုတ်ဟု တွေးနေမိပါသည်။

တစ်နေ့ ကျွန်မသင်တန်းသူ တစ်ယောက် သင်တန်းသို့လာရင်း ကားပေါ်တွင် ထိုစာရွက်အပေးခံရပါသည်။ သူက ခေါင်းခါပြသောအခါပိုက်ဆံတောင်းသော ကလေးက သူ့ပေါင်ပေါ်သို့ စာရွက်ကို တင်ခဲ့ပါသည်။ စာရွက်က ကိုင်မထားသဖြင့် ပေါင်ပေါ်မှ ကားကြမ်းပြင်သို့ လျှော့ကျသွားပါသည်။ ထိုအချင်းအရာမြင်လိုက်သောပိုက်ဆံတောင်းသည့် ကလေးမလေးသည်နားမခံသာအောင် ရုန့်ရင်းကြမ်းတမ်းစွာ ကျွန်မသင်တန်းသူကို ဆဲပါတော့သည်။ "အစ်မရယ် ရှက်လိုက်တာ ပြန်လည်းမပြောရဲဘူး။ ကားပေါ်ကလူတွေကလည်း အဲဒီ ကောင်မလေးကို ဘာမှမပြောကြဘူး" လို့ သင်တန်းရောက်မှ ရင်ဖွင့်ပါတော့သည်။

*စာ(၄၀) သို့*

## JOKE

### မိန်းမချစ်ဆေး(၃)

၁။ "Hi!" လို့ နှုတ်ဆက်ဖို့သက်သက် နေ့လယ်ဘက်ဖုန်းဆက်ပါ။
၂။ ဟိုနားဒီနားသွားရင် သူမလက်ကိုကိုင်ဖို့သတိရပါ။
၃။ ရှေ့လာမယ့် တနင်္ဂနွေနေ့ မိန်းမဘယ်ပါတီပွဲသွားမှာလဲ သိနေပါစေ။
၄။ သူမစိတ် ကသိကအောက်ဖြစ်လာကြောင်းပြောရင် ထိုင်နားထောင်ပေးပါ။
၅။ နေ့လယ်နေ့ခင်း တစ်ရေးတစ်မောအိပ်ပါစေ။
၆။ မိန်းမအိပ်နေတုန်း အဝတ်တွေလျှော်ထားလိုက်ပါ။ လှမ်းပါ။ မီးပူတိုက်ပါ။
၇။ တစ်ခါတစ်ခါ သင်တို့နှစ်ယောက်ငယ်ငယ်တုန်းက ပုံတွေထုတ်ပြီးစားမြုံ့ပြန်ပါ။
၈။ မီးဖိုချောင်အတွက် လိုအပ်တာတွေဝယ်လာပါ။
၉။ ထမင်းစားပြီး စားပွဲခုံရှင်းပါ။
၁၀။ညအိပ်ခါနီး နှိပ်ပေးပါ။ (ခြေထောက်၊ ပခုံး၊ လက်၊ ဘယ်နေရာဖြစ်ဖြစ်ပါ)

### ဘောလုံးစည်းကမ်းများ

ကျောင်းဘောလုံးပွဲ ဗိုလ်လုပွဲမတိုင်မီ အသင်းနည်းပြဆရာက ကျောင်းသားဘောလုံးသမားများကို စည်းကမ်းချက်များ ရှင်းပြနေသည်။ "အသင်းစိတ်ဓာတ်ဆိုတာ မင်းတို့သိတယ်မဟုတ်လား။ အသင်းရှုံးနေသည်ဖြစ်စေ၊ နိုင်နေသည်ဖြစ်စေ စည်းစည်းလုံးလုံးရှိရမယ်။ ဒိုင်လူကြီးကမှားပြီးဆုံးဖြတ်မိရင်တောင် လက်ခံရမယ်။ စောဒကမတက်ရဘူး။ ရိုင်းရိုင်းပြပြမပြောရဘူး။ နားလည်လား။ တပည့်တို့"

ကျောင်းသားအားလုံးက နားလည်ကြောင်း ခေါင်းညိတ်ကြသည်။

"ကဲ ဒါဆိုကောင်းပြီ။ အဲဒီဘောလုံးစည်းကမ်းတွေကို ဘောလုံးပွဲကြည့်ဖို့ရောက်နေတဲ့ မင်းတို့အမေတွေ၊ အဖေတွေကို သွားရှင်းပြလှည့်"ဟု နည်းပြဆရာက ပြောလိုက်၏။

အယ်ဒီတာချုပ်- သောင်းစုငြိမ်း။ အမှုဆောင်အယ်ဒီတာများ- အားမာန်၊ ငြိမ်းငြိမ်းနိုင်။ စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ - စောစည်သူမိုး၊ သတင်းအယ်ဒီတာများ- အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ အကြီးတန်းသတင်းထောက်- မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ နိုင်ငံတကာသတင်းဘာသာပြန်- ရဲမင်း၊ ကျော်မျိုးဦး။ စာပြင်အယ်ဒီတာ- လုထွင့်ဦး။ သတင်းထောက်များ- သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းဌေး၊ အေးသူစံ။ နေပြည်တော်သတင်းထောက်- ထူးသန့်။ နယ်သတင်းထောက်များ- စိုင်းသာအောင်၊ မျိုးမင်းဦး၊ စောရန်နိုင်၊ သတင်းထောက်လှမြင့်၊ ဆန်းညွန့်(ရေနံချောင်း)၊ အင်မိုင်ခါ၊ မျိုးဇော်၊ မောင်ကံ၊ ရဲပန်ဇင်၊ ကျော်ထွန်း။ သုတေသန- အောင်အောင်။ စာမျက်နှာဖွဲ့စည်းမှု- ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ ကွန်ပျူတာစာစီ- စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ သရုပ်ဖော်- စိုးသော်တာ။ ဓာတ်ပုံသတင်းထောက်- အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ ပြင်ပဆက်သွယ်ရေး- သက်ပိုင်ဌေး။ လိုဂိုဒီဇိုင်း- ကျောက်ဆည်။ ဘဏ္ဍာရေး- ကလျာအောင်။ ကြော်ငြာတာဝန်ခံ- မိုးပပ၊ လင်းလင်းဦး။ ထုတ်ဝေသူ- ဦးမျိုးလှိုင်အောင်။ ပုံနှိပ်စက်- သုဝဏ္ဏသီဂီပုံနှိပ်တိုက်။ ဖလင်- Sunn Colour Separation. စောင်ရေ- ၁,၀၀၀။ ရောင်းဈေး- ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၈၊ ၂၄၃ ၅၄၂၊ ၃၈၆၄၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm ၊

# Business

7 DAY NEWS JOURNAL

Vol.9, No.29 · OCTOBER 7, 2010


## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၃၂၁ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၂၅ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၃. ၁၉ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၆၈၉၅ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၄. ၃၅ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၃၁၂၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၃၀. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၈၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၁၆ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၉၂၀. ၀၀ | ရူးပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၁၉,၄၈၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၁. ၀၂၀၅ | ဒေါ်လာ | (ကနေဒါ) |
| ၁ဒေါ်လာ | ၁. ၃၄၃၇ | ဒေါ်လာ | (နယူးဇီလန်) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၃၁၇. ၈၀၀ |
| ရေနံစိမ်း | စည် | ၈၃. ၇၅၀ |
| ငွေ | ၁ အောင်စ | ၂၂. ၀၆၀ |
| ကြေးနီ | ပေါင် | ၃၆၉. ၀၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၇၉၇ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၀ ခုနှစ် အောက်တိုဘာ ၂ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

# မြန်မာ့ရာဘာအရည်အသွေးညံ့၍တရုတ်ဈေးကွက်ကိုသာ အားကိုးနေရ



**ပြည်သိမ်း**

**ရန်ကုန်၊ စက်တင်ဘာ – ၂၉**

ပြည်တွင်းရာဘာဈေးနှုန်း အပြောင်းအလဲမှာ တရုတ်နိုင်ငံမှ ဝယ်ယူမှုအပေါ်တွင် မှီခိုနေရကြောင်း ရာဘာစိုက်ပျိုးထုတ်လုပ်သူ လုပ်ငန်းရှင်များထံမှ သတင်းရရှိသည်။

ပြည်တွင်း၌ ထုတ်လုပ်သည့် ရာဘာများသည် အရည်အသွေးပိုင်းတွင် အားနည်းချက်များရှိခြင်းကြောင့် အခြားရာဘာကုန်ကြမ်းအသုံးများသည့်နိုင်ငံများသို့ ဦးစားပေးတင်ပို့နိုင်ခြင်းမရှိကြောင်း မြန်မာနိုင်ငံ ရာဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ အတွင်းရေးမှူးဦးခိုင်မြင့်ကရှင်းပြသည်။

ယင်းကြောင့် မြန်မာနိုင်ငံမှ ထွက်ရှိသည့်ရာဘာ ၇၀ ရာခိုင်နှုန်းသည် တရုတ်ဈေးကွက်ကိုသာ မှီခိုနေရသည်။ ဩဂုတ်လက တရုတ်နိုင်ငံမှ ဝယ်လိုအားလျော့ချမှုကြောင့် ပြည်တွင်းဈေးကွက်တွင် ရာဘာသည် တစ်ပေါင်လျှင် ကျပ် ၁၀၀၀ ဝန်းကျင်သို့ ကျဆင်းခဲ့သည်။

"ပြီးခဲ့တဲ့လက တရုတ်နိုင်ငံအစိုးရက အရန်ရာဘာတန်နှစ်သိန်းကို လုပ်ငန်းရှင်တွေကိုထုတ်ရောင်းပေးတယ်။ ဟိုဘက်က ဝယ်လက်က ဈေးကိုလျှော့ဝယ်တယ်။ ပြည်တွင်းပို့သူတွေကလည်းရာဘာသစ်ထွက်လာတော့မှာဖြစ်တာကြောင့် အများကြီးလှောင်မထားနိုင်ဘူး"ဟု ပြည်ပသို့ရာဘာတင်ပို့သူ လုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်၌ ပြည်ပပို့ကုန်ရငွေတန်ဖိုးကျဆင်းမှုကလည်း ရာဘာတင်ပို့မှုများအပေါ် ရိုက်ခတ်ခဲ့သည်။

မြန်မာ့ရာဘာသည် ၂၀၁၀ ဘဏ္ဍာရေးနှစ်စတွင် တစ်ပေါင်လျှင် အနိမ့်ဆုံး ၁,၂၅၀ ကျပ်ဝန်းကျင်ရှိရာမှ လက်ရှိအချိန်တွင် တစ်ပေါင်လျှင် ၁,၁၀၀ ကျပ်အထိ ဈေးကျလာသည်။ ထို့အပြင် လာနီညာရာသီဥတုကြောင့် မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးရွာနေသည့်အတွက် ပုဂ္ဂလိကရာဘာခြံကြီးများသည် ရာဘာအစေးခြစ်မှုကို မပြုလုပ်သေးကြောင်း ဘီးလင်းမြို့နယ်မှ ရာဘာခြံရှင်တစ်ဦးကပြောသည်။

"ပုံမှန်ဆိုရင် ဒီလတွေမှာ ရာဘာအစေးက စ ခြစ်နေပြီ။ ဒီနှစ်တော့ မိုးမပြတ်သေးတဲ့အတွက် ခြံအနည်းအကျဉ်းပဲစသေးတယ်။ တစ်လကျော်လောက်တော့ နောက်ကျမယ်ထင်တယ်"ဟု အထက်ပါခြံပိုင်ရှင်ကရှင်းပြသည်။

ပြည်တွင်းဈေးကွက်၌ ယခုကဲ့သို့ဈေးနှုန်းကျဆင်းနေသော်လည်း ကမ္ဘာ့ဈေးကွက်၌ ရာဘာဈေးသည် တဖြည်းဖြည်းမြင့်တက်နေကြောင်းသိရသည်။ ယခုနှစ်စပိုင်းတွင် တစ်တန်လျှင် ကန်ဒေါ်လာ ၃,၂၀၀ ဝန်းကျင်ရှိသော ရာဘာသည် ယခုအချိန်၌ အနိမ့်ဆုံး ကန်ဒေါ်လာ ၃,၅၀၀ အထိဈေးမြင့်တက်လာကြောင်း အတွင်းရေးမှူးဦးခိုင်မြင့်ကပြောကြားသည်။

# ကုန်ကြမ်းအဝင်များ၍ မြေပဲဆီဈေးကျ

**ဖြိုး၊ သိမ့်သိမ့်စိုး**

**မန္တလေး၊ စက်တင်ဘာ – ၂၉**

မန္တလေးတွင် ယခုတစ်ပတ်အတွင်း နယ်အသီးသီးမှ ဝင်ရောက်လာသော မြေပဲအသစ်များကြောင့် ပဲဆီလက်လီဈေး တစ်ပိဿာလျှင် ကျပ်သုံးရာဝန်းကျင်ကျသွားကြောင်း၊ မန္တလေးကုန်စည်ဒိုင်ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စက်တင်ဘာလကုန်ပိုင်းမှာ မြေပဲဆန်အသစ်ပေါ်သောအချိန်ဖြစ်ပြီး နွားထိုးကြီး၊ တောင်တွင်းကြီး၊ မကွေး၊ ရေနံချောင်း၊ ကျောက်ပန်းတောင်း၊ နတ်မောက်၊ ပြည်၊ ပျော်ဘွယ်၊ မြင်းခြံစသောနယ်များမှ မြေပဲဆန်အသစ်များ မန္တလေးဈေးကွက်သို့ အဝင်များလာသည်။ အချို့နယ်များမှလာသော မြေပဲဆန်အသစ်များသည် မိုးကြောင့်အစိုဓာတ်ရရှိနေပြီး အရည်အသွေးညံ့သွားကာ ဆီကြိတ်ရာတွင် အနံ့ပါနိုင်သောကြောင့် ကုန်သည်အများစုက မလှောင်ဘဲ အမြန်ထုတ်ရောင်းနေကြသောကြောင့် ကုန်အဝင်များကာ ဈေးကျနေခြင်းဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။

"ကုန်ကြမ်းပေါပြီး ကုန်ချောသိပ်မရောင်းကြတဲ့အတွက် ဈေးကျတာဖြစ်တယ်" ဟုမန္တလေးဆီစက်ပိုင်တစ်ဦးက ပြောသည်။ ပဲဆီဈေး စက်တင်ဘာလနောက်ဆုံးပတ်တွင် လက်လီဈေး တစ်ပိဿာလျှင် ၂၉၀၀ ကျပ်မှ ၃၃၀၀ ကျပ်ကြားတွင် ရှိပြီး ယခင်က ပဲဆီသန့် တစ်ပိဿာလျှင် ၃၅၀၀ မှ ၃၆၀၀ ရှိခဲ့သည်။

ရန်ကုန်ဈေးကွက်တွင်လည်း ပဲဆီဈေးနှုန်းမှာလည်း တစ်ပိဿာလျှင် ၅၀၀ ကျပ်ထိ ဈေးနှုန်းများ ကျဆင်းလာခဲ့ကြောင်းဈေးကွက်ကျွမ်းကျင်သော ဆီလုပ်ငန်းရှင်များက ပြောသည်။

ဘုရင့်နောင်ဈေးကွက်တွင် မြေပဲဆံ ဈေးနှုန်းများမှာ ဩဂုတ်လကုန်ပိုင်းတွင် တစ်ပိဿာလျှင် ၁၈၀၀ ကျပ်ဝန်းကျင်မှ ယခု ၁၄၅၀ ကျပ်ထိ ဈေးနှုန်းကျဆင်းခဲ့၍ ယခုကဲ့သို့ ဆီဈေးနှုန်းများကျဆင်းလာခြင်းဖြစ်သည်ဟု ဆီလုပ်ငန်းရှင်များက ပြောသည်။

"ပဲအသစ်ပေါ်တဲ့အချိန်ဆို ပုံမှန်အားဖြင့်လည်း ဈေးကျတတ်တယ်။ ဒီနှစ်က ဈေးကျတာတော့ များတယ်" ဟု ဆီအရောင်းအဝယ်ပြုလုပ်နေသူတစ်ဦးကပြောကြားသည်။

မြေပဲဆန်ဈေးနှုန်းများ ကျဆင်းခြင်းကြောင့် စက်တင်ဘာလဆန်းပိုင်းတွင် တစ်ပိဿာ ၄၂၀၀ ကျပ်ရှိခဲ့သော ပဲဆီမှာ ယခု ၃၄၀၀ ကျပ်ထိဈေးနှုန်းများ ကျဆင်းလာခဲ့ကြောင်း သိရသည်။

"ဆောင်းအရှိန်ရောက်ရှိတာကြောင့် ပဲဆီဈေးကသိပ်တော့ မကျနိုင်လောက်ပါဘူး" ဟု ဆီစက်နှင့် ပွဲရုံလုပ်ငန်းပိုင်ရှင် တစ်ဦးကပြောသည်။ ပဲဖတ်ဈေးမှာ တစ်ပိဿာလျှင် ၈၈၀ ကျပ်ခန့်ရှိပြီး မွေးမြူရေးလုပ်ငန်းသုံးအစာအဖြစ် ဝယ်ယူကြသည်။ မြေပဲဆန်ဈေးကွက်တွင် နွားထိုးကြီးနှင့် တောင်တွင်းကြီးမှလာသော ဆီဆန်မှာ အရည်အသွေးအကောင်းဆုံးဖြစ်ပြီး တစ်ပိဿာလျှင် ၁၆၁၀ ခန့်ရှိရာ လုံးဆန်ပြန်ရောင်းသူများသာဝယ်ယူကြသည်ဟု သိရသည်။

မကွေးမြေပဲဆီကြိတ်သည့် စက်သမားအများစု ဝယ်ယူကြပြီး တစ်ပိဿာလျှင် ၁၄၅၀ ကျပ်မှ ၁၅၂၅ ကျပ်ကြားတွင်ရှိသည်။ နှမ်းဆီ (သန့်) ဈေးသည် တစ်ပိဿာလျှင် ၂၆၀၀ ကျပ်ခန့်ရှိပြီး စားအုန်းဆီဈေးမှာ အပြောင်းအလဲသိပ်မရှိကြောင်းစုံ စမ်းသိရသည်။







7DAY NEWS JOURNAL
Vol.9, No.29 • OCTOBER 7, 2010

# စင်ကာပူရင်းနှီးမြှုပ်နှံမှုပါဝင်သော ရူဘီမတ်စူပါမားကက် အောက်တိုဘာ ၉ရက် ဖွင့်ရန်စီစဉ်

**သန်းဌေး**

**ရန်ကုန်၊ စက်တင်ဘာ – ၂၈**

စင်ကာပူနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုပါဝင်သောဆိုင်များ၊ မြဝတီထရေးဒင်းလီမိတက်နှင့် ကုမ္ပဏီသုံးခုအကျိုးတူဖက်စပ်လုပ်ကိုင်သော ရန်ကုန်ရူဘီမတ်စူပါမားကက်ကို အောက်တိုဘာ ၉ ရက်တွင် ဖွင့်လှစ်ရန်စီစဉ်နေကြောင်း မြဝတီထရေးဒင်းလီမိတက်မှ ဒုတိယမန်နေဂျင်းဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီးနေဝင်း(ငြိမ်း)ကပြောကြားသည်။

“ကိုးလ၊ ဆယ်လလောက်အချိန်ယူခဲ့ရလို့ သတ်မှတ်ချိန်ထက် နောက်ကျပြီးမှ ဖွင့်လှစ်နိုင်မှာပါ”ဟု ရူဘီမတ်၏ မန်နေဂျင်းဒါရိုက်တာလည်းဖြစ်သူ အဆိုပါပုဂ္ဂိုလ်က စက်တင်ဘာ ၂၈ရက်တွင်ပြောကြားသည်။

လွန်ခဲ့သော ၃၈နှစ်ခန့်က တည်ဆောက်ခဲ့သည့် ထိုအဆောက်အအုံလက်ရာများမှာ ခေတ်မမီတော့၍ ကန်ဒေါ်လာနှစ်သန်းအကုန်အကျခံကာ အကြီးစားပြင်ဆင်မွမ်းမံခဲ့သည်ဟုဆိုသည်။ ကားရပ်နားရန်နေရာအတွက်လည်း မီးရထားဝန်ကြီးဌာနမှ ရန်ကုန်ဘူတာကြီးမြေနေရာကို ငှားရမ်းခွင့်တင်ပြီး ပြင်ဆင်ခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

“ကုန်တိုက် ၁၊ စင်ကာပူကုန်တိုက်၊ ကုန်သွယ်/လယ်ယာရုံး အဲဒီလို အမျိုးမျိုးခေါ်ခဲ့တဲ့ အဲဒီရုံးကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးအရ ဝယ်ယူခဲ့ပြီး၊ ရူဘီမတ် ရန်ကုန်ဖွင့်ဖို့ဆောင်ရွက်ခဲ့တာ အခက်အခဲများစွာကိုကျော်ဖြတ်ခဲ့ရပါတယ်”ဟု ရူဘီမတ်၏ မန်နေဂျင်းဒါရိုက်တာက ယနေ့ကျင်းပသော စာနယ်ဇင်းမိတ်ဆက်ပွဲတွင်ပြောကြားသည်။

ယခုဖွင့်လှစ်ရန်စီစဉ်နေသော ရူဘီမတ်(ရန်ကုန်)မှာ ၁၉၉၉ ဧပြီ ၁ ရက်ကဖွင့်လှစ်ခဲ့သော ရန်ကုန်-မန္တလေးလမ်းပေါ်ရှိ ရူဘီမတ်(မန္တလေး)၏ ဆိုင်ခွဲဖြစ်သည်။ ဆက်လက်၍လည်း မြန်မာနိုင်ငံ၏ ပထမဆုံး လက်ကားဆိုင်ကို မကြာမီထပ်မံဖွင့်လှစ်ရန် စီစဉ်နေကြောင်း ၎င်းကထုတ်ဖော်ပြောဆိုသည်။

အဆိုပါငါးထပ်အဆောက်အအုံ၌ မြေညီထပ်တွင် အအေးပေးထားသော အစားအသောက်များရောင်းချကာ၊ ပထမထပ်တွင် ဖန်စီပစ္စည်းပေါင်းစုံနှင့် ဒုတိယထပ်တွင် မီးဖိုချောင်းသုံးပစ္စည်း၊ ပရိဘောဂများပါဝင်သည်။ တတိယထပ်တစ်ထပ်လုံး၌ အိုင်တီပစ္စည်းစုံခင်းကျင်းရောင်းချမည်ဖြစ်သည်။ အပေါ်ဆုံးထပ်တွင် ကလေးကစားကွင်းနှင့် မုန့်ဆိုင်များပါဝင်မည်ဖြစ်ကြောင်းသိရှိရသည်။

“ဝန်ထမ်းလေးရာကျော်ရှိတဲ့ ရူဘီမတ်မဖြစ်ပေါ်ခင် လေး၊ ငါးလကတည်းက သင်တန်းတွေကို ပြည်တွင်းရော စင်ကာပူဆရာတွေနဲ့ပါသင်ပေးခဲ့တယ်”ဟု တာဝန်ရှိသူတစ်ဦးကလည်း ပြောသည်။

ရူဘီမတ်သည် စတုရန်းပေ ငါးသောင်းကျော်ရှိသော ငါးထပ်အဆောက်အအုံကြီးဖြစ်သော်လည်း ပန်းဆိုးတန်းခုံးကျော်တံတားက ကွယ်နေသောကြောင့် အလျား ၁၂၅ပေ × အနံ ၁၃ ပေရှိ အယ်လ်အီးဒီ စခရင်တစ်ခုကို အဆိုပါပန်းဆိုးတန်းခုံးကျော်တွင်တပ်ဆင်ကာ အဝင်အဝမှ်ဦးအဖြစ်စီမံထားရကြောင်း ၎င်းကပြောသည်။

“တစ်နေ့ ဆယ်နာရီပြမယ်။ နှစ်နာရီနားမယ်။ ကြော်ငြာထည့်ချင်ရင် ဆယ်စက္ကန့်ကို ငါးရာကျပ်နှုန်းနဲ့ တစ်နေ့အတွက် စက္ကန့် ၁၂၀ စာ တစ်ပတ်စာ အစီအစဉ်ဆွဲပြီး ကြော်ငြာပေးမယ်”ဟု ၎င်းကပြောသည်။ အိုင်တီပစ္စည်းများရောင်းချမှုပါဝင်သောကြောင့် ၎င်းရူဘီမတ်တွင် Free Wifi Zone ပါဝင်ကြောင်းစုံစမ်းသိရှိရသည်။ ယနေ့စက်တင်ဘာ ၃၀ရက်နေ့ လယ်၃နာရီခန့်တွင် အဆိုပါ ရူဘီမတ်စူပါမားကက်အား တတိယထပ်ရှိ အိုင်တီဆိုင်များမပါဝင်ဘဲ ပဏာမစတင်ဖွင့်လှစ်ရောင်းချနေပြီဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ စုံစမ်းသိရှိရသည်။



ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)




# မွေးမြူရေးလုပ်ငန်းမှ လျှာထားဝင်ငွေရရှိရန် တစ်လ ကန်ဒေါ်လာ လေးသန်းဖိုးတင်ပို့ရန်လို

**သဇင်ထွေး**

**ရန်ကုန်၊ စက်တင်ဘာ – ၂၇**

မွေးမြူရေးလုပ်ငန်းမှ လျာထားချက်ဝင်ငွေပြည့်မီရန်တစ်လလျှင် အမေရိကန်ဒေါ်လာ ၄ သန်း တင်ပို့နိုင်ရန်လိုအပ်ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးပြောသည်။

ဧပြီလမှဩဂုတ်လအထိ အမေရိကန်ဒေါ်လာ ၁၅ သန်းတင်ပို့ခဲ့ပြီး တစ်လလျှင်ဒေါ်လာ ၃ သန်းသာရရှိနေ၍ လျာထားချက်ပြည့်မီရန်လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

“မွေးမြူရေးလုပ်ငန်းကနေ အမေရိကန်ဒေါ်လာသန်း၅၀ရရှိဖို့ လျာထားတယ်။ လျာထားချက်ပြည့်မီဖို့ဆိုပုံမှန်အတိုင်းလေးသွားနေလို့မရဘူး။ ပြည့်မီဖို့ဆိုတစ်လ ဒေါ်လာ ၄ သန်းလောက် တင်ပို့နိုင်ရမယ်။ ဒါမှပြည့်မီမယ်။ မွေးမြူရေးနဲ့ အသားတိုးလိုအပ်ချက်၊ ပြည်ပပို့ကုန် လုပ်ငန်းမှာ အမယ်သစ်တင်ပို့ နိုင်ဖို့ကြိုးစားသွားရမယ်။ နိုင်ငံတော်ဘက်ကလည်း အသားတိုး မွေးမြူရေးကြက်ဖူလုံဖို့အတွက် ပြည်ပကမျိုးဥတင်သွင်းခွင့်လည်းပြုထားတယ်။ ပြည်ပပို့ကုန်အသစ်ဖြစ်တဲ့ အေးခဲထားတဲ့ အမဲသားတွေကိုတင်ပို့နေပြီး ဒါကြောင့်လုပ်ငန်းရှင်တွေ အနေနဲ့အသားကဏ္ဍ ပိုမိုတိုးတက်အောင်မြင်အောင်ဆောင် ရွက်သွားစေချင်တယ်။ အသားကဏ္ဍဟာနိုင်ငံတော်ရဲ့ တတိယနေရာကိုရောက်နေပါပြီ” ဟု ဒေါက်တာအောင်ကြီးကပြောကြားသည်။

မွေးမြူရေးကဏ္ဍမှ ၂၀၀၈-၂၀၀၉ ပြည်ပတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၈ သန်းတင်ပို့ခဲ့ပြီး လျာထားချက်မပြည့်မီခဲ့ကြောင်းသိ ရသည်။


မွေးမြူရေးဖွံ့ဖြိုးတိုးတက် စေရန်နေပြည်တော်တွင်မွေးမြူရေးဇုန် ၇ နှစ်ခုရှိကာဧကနှစ်သောင်းထပ်မံတိုးချဲ့ရန် ဆောင်ရွက်နေကြောင်းသိရသည်။

“အသားကဏ္ဍနဲ့ပတ်သက်ပြီးလျာထားချက်ကတော့အလှမ်းမဝေးတော့ဘူး။ လက်ရှိက ပြည်ပတင်ပို့မှုမှာဈေးနှုန်း အောက်ကျနေတဲ့အတွက် တင်ပို့မှုလျော့နည်းတာပါ။ လုပ်ငန်းရှင်တွေအနေနဲ့ အသားတင်ပို့မှုလုပ်တော့မယ်ဆိုဌာနကို သေးစိတ်တင်ပြပါ။ စည်းမျဉ်းစည်းကမ်းတွေကိုလည်း လိုက်နာပါ။ ဒါမှလျာထားချက်ပြည့်မီအောင်မြင်မှာပါ” ဟု ဒေါက်တာအောင်ကြီးကဆက်လက်ပြောကြားသည်။

7DAY NEWS JOURNAL
Vol.9, No.29 · OCTOBER 7, 2010

7DAY BOOK REVIEW

# အချစ်ပန်းကား နုပျိုဆဲနှင့် မဂ္ဂဇင်းဝတ္ထုရှည်များ



"ဆရာမြသန်းတင့်က စာဖတ်သူသည်ကျောက်တူးသမားနှင့်တူသည်ဟု ပြောဖူးပါသည်။ ကျောက်တူးသမားများသည် မမြင်ရသောကျောက်ကိုမှန်းဆကာ တူးရသည်ဖြစ်၍ ကျောက်တူးသည်ဆိုတိုင်း ကျောက်မျက်ကောင်းတွေကိုချည်းရတတ်သည် မဟုတ်ပါ။ ကျောက်ဖြုန်း၊ ကျောက်ဖွဲများကိုလည်း ရတတ်ကြပါသည်တဲ့။ ကျောက်တူးသမားက ကျောက်ကောင်းလေးတစ်ပွင့်ရလျှင် ဝမ်းသာရသလို စာဖတ်သူကလည်း စာကောင်းလေးတစ်ပုဒ် ဖတ်ရလျှင် ဝမ်းသာပီတိ ဖြစ်ရသည်ဟု ဆိုပါသည်" ဟု စာရေးဆရာမ မစန္ဒာ၏ အမှာစာနှင့်အတူ စာရေးဆရာမနန်းနွယ်နွယ်၏ အချစ်ပန်းကား နုပျိုဆဲနှင့်မဂ္ဂဇင်းဝတ္ထုရှည်များ ဆိုသည့်ဝတ္ထုရှည်စုစည်းမှု စာအုပ်လေးတစ်အုပ် စာဖတ်သူတို့ထံ ရောက်ရှိလာပါတော့မည်။

ဆရာမ မစန္ဒာက အထက်ပါအတိုင်း ဆရာမြသန်းတင့်၏ စကားကို ကိုးကား၍ အမှာစာရေးပေးခဲ့သကဲ့သို့ မဂ္ဂဇင်းဝတ္ထုရှည် ရှစ်ပုဒ်ဖြင့် ဖွဲ့စည်းထားသော ယင်းစာအုပ်ကလေးအား " ယခုဤစာအုပ်ကို လက်ဝယ်ကိုင်ထားသော စာဖတ်သူအား ကျွန်မသတင်းကောင်းလေး ပေးလိုပါသည်။

သင်၏လက်ထဲတွင် ကျောက်ကောင်းလေးရှစ်ပွင့် အသင့်ရှိနေသည်ဟု အလေးအနက်ပြောလိုပါသည်" ဆိုကာ ယင်းစာအုပ်ကလေးအား ထပ်ဆင့်အာမခံပေးထားပါသည်။ ဆရာမ မစန္ဒာ အာမခံပေးသကဲ့ပင် ဤစာအုပ်တွင် ပါဝင်သည့်ကျောက်လေးရှစ်ပွင့်မှာ အမှန်တကယ်ပင် စာဖတ်သူအားရသကောင်းများ ပေးစွမ်းနိုင်မည့် စာကောင်းရှစ်ပုဒ်ကျောက်ကောင်းရှစ်ပွင့်ပင်ဖြစ်ပါသည်။

စာအုပ်တွင် ပါဝင်သည့် ဝတ္ထုရှည် ရှစ်ပုဒ်၌ စာရေးသူက လူမှုအသိုင်းအဝိုင်းတွင် ဖြစ်ပျက်လေ့ရှိသည့် အဖြစ်အပျက်များအား စာရေးခြင်းအတတ်ပညာနှင့် ဝတ္ထုရှည်အဖြစ် လှလှပပ ဖွဲ့သီထားသည်ကိုတွေ့ရသည်။

သို့သော် စာရေးသူသည် သူ၏ဇာတ်အိမ်ဖွဲ့ရာနောက်ခံများအား များသောအားဖြင့် အစိုးရအရာရှိကြီး၊ ပညာတတ်ကြီး၊တပ်မတော်မှ အရပ်ဘက်သို့ ပြောင်းရွှေ့အမှုထမ်းသည့် အရာရှိကြီး စသည့် အထက်တန်းလွှာ ပုဂ္ဂိုလ်များအား အခြေခံ၍ ဇာတ်အိမ်ဖွဲ့ထားသည်ကို တွေ့ရသည်။

သို့သော် စာရေးသူနန်းနွယ်နွယ်သည်ရေးလိုက်သည့် စာတိုင်းတွင် လောကအကြောင်း၊ လူ့အသိုင်းအဝိုင်းအကြောင်းများအား အပေါ်ယံမဟုတ် အတွင်းကျကျ ဖွဲ့သီထားသည်ကိုတွေ့ရသဖြင့် စာပေတန်ဖိုးရှိသော ရသစာအုပ်ကောင်းတစ်အုပ်ဖြစ်မည်မှာအသေအချာပင်ဖြစ်ပါသည်။

အဆိုပါအချစ်ပန်းကား နုပျိုဆဲနှင့်မဂ္ဂဇင်းဝတ္ထုရှည်များစာအုပ်ကို ဇင်ရတနာစာပေမှ ထုတ်ဝေပြီး၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၉၄၀၉၅၀ နှင့် စာမူခွင့်ပြုချက်အမှတ် ၅၀၀၅၈၃၀၅၁၀ တို့ဖြင့် ထုတ်ဝေလိုက်ပြီး တန်ဖိုးမှာ တစ်ထောင့်နှစ်ရာကျပ်ဖြစ်သည်။

## Knowledge

### eBay မှာ လေလံတင်ရောင်းတဲ့ ထူးထူးဆန်းဆန်းပစ္စည်းတွေကို သိသလား

eBay တွင်လေလံတင်ရောင်းချသည့် ထူးထူးဆန်းဆန်းပစ္စည်း ၁၀ မျိုးကို www.PigJockey.com ဝက်ဘ်ဆိုက်တွင် စာရင်းပြုစုထားသည်။

၁။ ဩစတြေးလျတွင် နေထိုင်သော ဗြိတိသျှလူမျိုးတစ်ဦးက ၎င်း၏ဇနီးသည်နှင့်ကွာရှင်းပြီးနောက် အိမ်၊ ကား၊ ရေပေါ်စီးဆိုင်ကယ်၊ အလုပ်၊ မိတ်ဆွေများအပါအဝင် ၎င်း၏တစ်ဘဝလုံးအား အမေရိကန်ဒေါ်လာ ၂၉၂၀၀၀ ဖြင့် လေလံတင်ရောင်းချထားသည်။

၂။ တစ္ဆေသရဲတစ်ကောင်ထည့်သွင်းထားသည့် ရေကရားကို အမေရိကန်ဒေါ်လာ ၅၀၉၂၂ ဖြင့်လေလံတင်ထားသည်။

၃။ အမေရိကန်တစ်ဦးက သူ၏အသည်းကို လေလံတင်ရောင်းချခဲ့ရာ လေလံစာရင်းမှ မထုတ်ခင်အထိ အမေရိကန်ဒေါ်လာ ၅ ဒသမ ၇ သန်းအထိ ဈေးရရှိခဲ့သည်။

၄။ အသက် ၁၈ နှစ်ရှိ ဗြိတိသျှမိန်းကလေးတစ်ဦးကလည်း သူမ၏အပျိုစင်ဘဝကိုလေလံတင်ခဲ့သည်။

၅။ နှစ်ပေါင်း ၁၀ နှစ်ကြာ သက်တမ်းရှိစားလက်စချိစ်ဆင်းဒဝစ်ကို လေလံတင်ထားရာ အမေရိကန်ဒေါ်လာ ၁၃၅၀ ရရှိခဲ့သည်။

၆။ အမေရိကန်ပြည်ထောင်စု အီလီနွိုက်ပြည်နယ်ပုံစံပြောင်းဖူးမုန့်ကို လေလံတင်ထားရာ အမေရိကန်ဒေါ်လာ ၁၃၅၀ ရရှိခဲ့သည်။

၇။ ဘုရင်တနေးစပီးယားဝါးထားပြီးသား ပီကေကိုအမေရိကန်ဒေါ်လာ ၁၄၀၀၀ ဖြင့်လေလံတင်ထားသည်။

၈။ ကွမ်းသီးဂေါ်ဖီထုပ်(ဂေါ်ဖီထုပ်ပေါက်စ) တစ်ခုကို အမေရိကန်ဒေါ်လာ ၁၅၁ ဖြင့်လေလံတင်ထားသည်။

၉။ ၁၀ နှစ်အရွယ်မြေးက စိတ်မရှည်စရာကောင်းသော်လည်း ပွေ့ဖက်ချင်စရာကောင်းသည့် အဘွားကို လေလံစာရင်းတွင် တင်ထားသည်။

၁၀။ အမေရိကန်တစ်ဦးက သူ၏နဖူးတွင်ကြော်ငြာကပ်ခွင့်ကို ရက် ၃၀ ကြာလေလံတင်ခဲ့သည်။

—Source: Reader's Digest

# တစ်ပတ်တာကံကြမ္မာ

**အောက် တို ဘာ ၇ ရက် မှ ၁၃ ရက် အထိ**

### ARIES မိဿရာသီဖွား (မတ်၂၁ - ဧပြီ၂၀)

ထူးခြားသောအပြောင်းအလဲနှင့်တိုးတက်မှုများ တွဲဖက်ဖြစ်ပေါ်မည်။ ခက်ခဲသောပြဿနာများဖြေရှင်းနိုင်မည်။ ရင်းနှီးသောသူများနှင့် စကားများရမည်။ အရပ်ဝေးနှင့်တိုက်ရိုက်ဆက်ဆံလုပ်ကိုင်သောလုပ်ငန်းများ အကျိုးပေးမည်။ ပစ္စည်းပျောက်တတ်သည်။ အပျော်အပါးဘက်သို့ စိတ်ယိုင်မည်။ မိသားစုကျန်းမာရေး အညံ့ရှိမည်။ ယာဉ်၊ ကားတိုက်ခိုက်မှု အန္တရာယ်သတိရှိရမည်။ နားအူနားကိုက်ဖြစ်တတ်သည်။

### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁ - မေ၂၁)

အနှောင့်အယှက်၊ အတိုက်အခံများနှင့် ထိပ်တိုက်တွေ့ပြီး အဆင်ပြေသွားမည်။ လုပ်ကိုင်လိုက်သည့်ကိစ္စမှန်သမျှတွင် အတားအဆီးကြုံမည်။ အထင်လွဲမှုအချို့ လိုက်လံဖြေရှင်းရမည်။ ကိုယ်တိုင်အတွက် ဆောင်ရွက်လိုက်သည့်ကိစ္စများတွင် ခက်ခဲကြန့်ကြာမှုရှိမည်။ တစ်ပါးသူအတွက် ဆောင်ရွက်မှုများသည်ကား ပြေပြေပြစ်ပြစ်ချောချောမောမောရှိမည်။ သူတစ်ပါးပြဿနာများကို ငွေကုန်ခံ ဆောင်ရွက်ရမည်။

### GEMINI မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

အဘက်ဘက်မှကောင်းသည်။ အောင်မြင်အဆင်ပြေမည်။ ရည်မှန်းထားသလောက် ထွန်းပေါက်မည်။ အပြိုင်အဆိုင်ကြားမှတိုးတက်မည်။ ရှိရင်းစွဲအနေအထားမှ ပိုမိုမြင့်သောအနေအထားသို့ ကူးပြောင်းတိုးတက်မည်။ မမျှော်လင့် မထင်မှတ်ထားသောကံအခွင့်အလမ်းကောင်းများရရှိမည်။ အရေးကြီးသောဆုံးဖြတ်ချက်များချမှတ်ရမည်။ လူမျိုးခြား၊ ကပြားစပ်သောသူများနှင့်ပတ်သက်၍ အကျိုးကောင်းရမည်။

### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

အနှောင့်အယှက်ပေးမည့်သူများ၊ လှည့်စားလိမ်ညာမည့်သူများ၊ ဒုက္ခပေးမည့်သူများ ဝိုင်းပတ်လည်နေသည်။ ဆက်ဆံနေသောပတ်ဝန်းကျင်မှသူများကြောင့် ပြဿနာများဖြစ်တတ်သည်။ ကိုယ်တိုင်ဆုံးဖြတ်ချက်အပေါ် အခိုင်အမာရပ်တည်သင့်သောကာလဖြစ်သည်။ ရွေးချယ်ထားသည့်လမ်းကြောင်းအပေါ်၌ မဆုတ်မနစ်ရှေ့တိုးဆောင်ရွက်သင့်သည်။ ပိုင်ပိုင်နိုင်နိုင်တွက်ဆထားသည်များ အနှောင့်အယှက်ကြုံမည်။

### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃ - ဩဂုတ်၂၃)

ချက်ချင်းလုပ်၍ လက်ငင်းအကျိုးရှိနိုင်သောကာလဖြစ်သည်။ ဝေဖန်သူမည်မျှရှိစေ ဦးတည်ချက်မပြောင်းသင့်။ ကိုယ်ပိုင်စိတ်ကူးအကြံဉာဏ်များဖြင့် ပေါက်ပေါက်ရောက်ရောက်ဆောင်ရွက်နိုင်မည်။ လွန်ခဲ့သောနှစ်များက ဆောင်ရွက်ထားခဲ့သည့်လုပ်ငန်းများမှ အကျိုးအမြတ်များရရှိမည်။ ပြန့်ကျဲနေသောစီးပွားရေး ပြန်လည်စုစည်းနိုင်မည်။ အကြွေးတောင်း၍ရမည်။ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများ သတိနှင့်ကိုင်တွယ်ပါ။

### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄ - စက်တင်ဘာ၂၂)

အဘက်ဘက်မှ အောင်မြင်သောအနေအထားရှိသည်။ စိတ်ကူးသစ်များကို လက်တွေ့အကောင်အထည်ဖော်နိုင်မည်။ ဖြစ်နိုင်စွမ်းမရှိတော့ဟူ၍ စိတ်နှလုံးဒုန်းဒုန်းချကာ ရပ်တန့်ထားသည့်ကိစ္စများ ပြန်လည်ဆောင်ရွက်ရန်အခွင့်အရေးရလာမည်။ အများအယွင်းကြုံပြီး ငွေကုန်တတ်သည်။ ကိုယ်တိုင်၏ကျန်းမာရေးတွင်အညံ့ကြုံမည်။ မရွှေ့ပြောင်းလိုသောနေရာများသို့ ရွှေ့ပြောင်းရတတ်သည်။

### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃ - အောက်တိုဘာ၂၃)

ဆန္ဒရည်ရွယ်ချက်မြင့်မြင့်မားမားထားလေ အကျိုးရှိလေဖြစ်မည်။ အခက်အခဲအားလုံးကိုကျော်လွှား၍ တိုးတက်မှု၊ အောင်မြင်မှုရရှိမည်။ ငွေကြေးအဖတ်မတင်လင့်ကစား အကျိုးရှိသောငွေကြေးသုံးစွဲရခြင်းမျိုးဖြစ်မည်။ သူတစ်ပါးအတွက် ကြားဝင်တာဝန်ယူပေးရခြင်းမျိုးကြုံမည်။ အများကိစ္စ၊ အဖွဲ့အစည်းကိစ္စများပါဝင်ပတ်သက်ရမည်။ ကြီးမားသောအန္တရာယ်မရှိပါ။

### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄ - နိုဝင်ဘာ၂၂)

မကုန်မကျအပျောက်အရှများမည်။ အခက်အခဲကြားမှ တိုးတက်မှုရှာဖွေရမည်။ ရုတ်ခြည်းဖြေရှင်းရန်ခက်ခဲသောပြဿနာများဖြေရှင်းရမည်။ အလွန်စိတ်ရှည်ရမည်။ စာရင်းဇယားများကို သတိနှင့်ဆက်ဆံပါ။ ပူးတွဲလုပ်သောသူများ ဒုက္ခပေးတတ်သည်။ မိမိဦးတည်ဆောင်ရွက်ရာလမ်းကြောင်းတွင် အနှောင့်အယှက်ပေးသူများနှင့်ကြုံတွေ့ရမည်။ တစ်ပါးသူကတိကိုလည်း မယုံစားသင့်။

### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃ - ဒီဇင်ဘာ၂၁)

ကိုယ်ပိုင်အစွမ်းအစနှင့်တိုးတက်မှုများရရှိမည်။ လူမျိုးခြားအကျိုးပေးမည်။ မူလလုပ်ကိုင်ဖူးခြင်းမရှိသောလုပ်ငန်းများကိုဆောင်ရွက်နိုင်မည်။ အယူအဆ၊ သဘာဝ၊ ရှုမြင်သုံးသပ်ပုံမတူ။ ခြားနားသောသူများနှင့် လုပ်ငန်းတွဲဖက်လုပ်ကိုင်ရမည်။ ပြတ်တောက်နေသောအဆက်အသွယ်များနှင့်ပြန်လည်ချိတ်ဆက်ရမည်။ မိသားစုဆွေမျိုးဝန်းကျင်တွင် ကျန်းမာရေးအညံ့ရှိသည်။

### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂ - ဇန်နဝါရီ၂၀)

သူတစ်ပါးအတွက် အချိန်ကုန်ခံ၊ ငွေကုန်ခံပြီး အလုပ်ပိုများဆောင်ရွက်နေရမည်။ မိမိစေတနာအပေါ် အသိအမှတ်မပြုသောသူများနှင့်တွေ့တတ်သည်။ ပစ္စည်းအပျောက်အရှသတိရှိရမည်။ စီမံကိန်းချပြီးလုပ်ငန်းများလုပ်၍မရ။ အရာရာသတိနှင့်ဆောင်ရွက်ပါ။ တစ်ပါးသူထံမှရရှိသောသတင်းစကားများကို အခြေတည်ပြီး အလုပ်ကိစ္စများ ဆောင်ရွက်ရန်မသင့်။ အိမ်ထောင်သည်များ သားသမီးကံပေါ်မည်။

### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁ - ဖေဖော်ဝါရီ၁၈)

လက်လွှတ်ထားသည်များ လက်ဝယ်ပြန်လည်ရရှိမည်။ ခက်ခဲသောပြဿနာများ ပြေလည်အောင်ဖြေရှင်းနိုင်မည်။ ကာလအတန်ကြာ နှောင့်နှေးနေသောကိစ္စများပြီးမြောက်သွားမည်။ ရုတ်တရက် စိတ်ကူးပြီးလုပ်ကိုင်သောကိစ္စများမှ ထင်ရှားသောအောင်မြင်မှုကိုဖြစ်စေမည်။ မိသားစုအတွင်း ပြည်ပနိုင်ငံခြားခရီးနှင့်ပတ်သက်သောကံကောင်းမည်။ ရင်းနှီးသောသူများနှင့် စကားများရတတ်သည်။

### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉ - မတ်၂၀)

အခက်အခဲများဖြေရှင်းနိုင်မည်။ စိတ်ရှုပ်စရာများ အေးချမ်းသွားမည်။ လမ်းသစ်ထွင်ပြီး ဆောင်ရွက်သောကိစ္စများအောင်မြင်မည်။ ပြဿနာများဖြေရှင်းနိုင်မည်။ အိမ်တွင်းရေးအနည်းငယ်အညံ့ရှိသည်။ စာရွက်စာတမ်းများ လက်မှတ်ရေးထိုးခြင်းများသတိရှိပါ။ အရေးကြီးသောမှတ်ပုံတင်၊ လိုင်စင်ပျောက်တတ်သည်။ မိမိပိုင်ပစ္စည်းများအထားအသိုသတိရှိပါ။ မိသားစုတွင်လူလိမ်ပွဲစားစကားများယုံစား၍နစ်နာတတ်သည်။

7DAY NEWS JOURNAL
Vol.9, No.29 • OCTOBER 7, 2010

# အင်တာနက်လွတ်လပ်မှုကို ပတ်တုပ်ရန်ကြိုးစားနေသော အမေရိကန်

ကြည်နေဝင်းမင်း




အမေရိကန်ဖယ်ဒရယ် ရဲအရာရှိများနှင့် အမျိုးသားလုံခြုံရေးအရာရှိများသည် အင်တာနက်အသုံးပြုခြင်းအတွက် အောက်ခြေသိမ်း ပြုပြင်ပြောင်းလဲထားသော စည်းမျဉ်းအသစ်များ ချမှတ်ရန် ပြင်ဆင်နေကြသည်။ ၎င်းတို့၏ အကြောင်းပြချက်မှာ လူအများအပြားသည် တယ်လီဖုန်းအစား အင်တာနက်မှ ဆက်သွယ်မှုပိုမိုပြုလုပ်လာကြသဖြင့် ရာဇဝတ်မှုနှင့် အကြမ်းဖက်မသင်္ကာသူများအပေါ် ကြားဖြတ်ဖမ်းယူထောက်လှမ်းရေး ၎င်းတို့၏စွမ်းရည် အမှောင်ကျလာသောကြောင့်ဟူ၍ ဖြစ်သည်။

အခြေခံအားဖြင့် ယင်းမသင်္ကာသူများအပေါ် ကြားဖြတ်ဖမ်းယူထောက်လှမ်းရေး ပြုလုပ်ရန် အမိန့်ပေးခံရပါက ဆက်သွယ်ရေးလုပ်ငန်းများအနေဖြင့် ၎င်းတို့အပေါ်ခြေရာခံနိုင်ရေး နည်းပညာအားဖြင့် စွမ်းဆောင်ရည်ရှိရန် အမေရိကန်အရာရှိများက အလိုရှိကြသည်။ လျှို့ဝှက်ကုတ်နံပါတ်များခံ၍ ရေးသားထားသော သတင်းစကားများကိုပါ ကြားမှဖြတ်၍ဖမ်းယူ၊ အထုပ်ဖြေနိုင်ရေးကို အရာရှိများက လိုလားကြသည်။ ၎င်းသတ်မှတ်ချက်များအား လိုက်နာရေးအတွက် အီးမေးလ်များကို ကုတ်နံပါတ်များဖြင့် ရေးသားပို့လွှတ်ခွင့်ပေးသော Blackberry၊ လူမှုရေးဝက်ဘ်ဆိုက် Facebook နှင့်သုံးစွဲသူ အချင်းချင်းတိုက်ရိုက်ဆက်သွယ်နိုင်သော Skype ဆော့ဖ်ဝဲစနစ်များပါ အကျုံးဝင်မည်ဖြစ်သည်။

၎င်းဥပဒေမူကြမ်းကို လာမည့်နှစ်တွင် လွှတ်တော်အမတ်များအား ချပြရန် အိုဘားမားအစိုးရက စီစဉ်နေရာ ယင်းမှနေ၍ လုံခြုံရေးလိုအပ်ချက်နှင့် ကိုယ်ပိုင်လွတ်လပ်မှု အကာအကွယ်ပေးရေး၊ တီထွင်ဖန်တီးမှု အားပေးရေး၊ ရပ်တည်ချက်နှစ်ရပ်ကြားမှ မျှတတဖြစ်ရန် မည်သို့ ပြုလုပ်မည်နည်းဆိုသည်နှင့် ပတ်သက်၍ အသစ်တစ်ဖန် မေးခွန်းထုတ်စရာများ ပေါ်ထွက်လာသည်။ တစ်ကမ္ဘာလုံးမှ အမျိုးသားလုံခြုံရေးဌာနများသည်လည်း အလားတူပြဿနာများနှင့် ရင်ဆိုင်နေရသောကြောင့် အမေရိကန်၏ ဥပဒေသည် တစ်ကမ္ဘာလုံးအတွက် စံနမူနာဖြစ်လာနိုင်သည်။

အင်တာနက်ပေါ်လစီအုပ်စုတစ်စုဖြစ်သော ဒီမိုကရေစီနှင့် နည်းပညာစင်တာ၏ ဒုတိယဥက္ကဋ္ဌဂျိမ်းအိတ်စ်ဒန်ဆီကမူ ယင်းဥပဒေကြမ်းကြောင့် ကြီးမားသော ရှုပ်ထွေးမှုများ ပေါ်ထွက်လာနိုင်ကြောင်းနှင့် အင်တာနက်တော်လှန်ရေး၏ အခြေခံအုတ်မြစ်များကိုပါ စိန်ခေါ်နိုင်ကြောင်း ပြောကြားသည်။ "အင်တာနက်ရဲ့ တစ်မူထူးခြားစွာ တည်ဆောက်ထားပုံကို အသုံးချပြီးပေးနေတဲ့ ဝန်ဆောင်မှုတွေ ပြန်လည်ပုံဖော်တည်ဆောက်ရေး အခွင့်အာဏာကိုသူတို့က တောင်းဆိုနေတာပါ" ဟု၎င်းကပြောကြားသည်။ "သူတို့ကနာရီတွေကို နောက်ပြန်လှည့်ပြီးအင်တာနက် လုပ်ငန်းတွေကို တယ်လီဖုန်းစနစ်တွေ အလုပ်လုပ်ခဲ့ရသလို လည်ပတ်စေချင်တာပါ" ဟုဒီမိုကရေစီနှင့် နည်းပညာစင်တာဒုတိယဥက္ကဋ္ဌက ဆက်လက်ပြောကြားပါသည်။

သို့သော် ဥပဒေလိုက်နာမှု အကောင်အထည်ဖော်ရေး ရဲအရာရှိများကမူ ယင်းသို့သော ညွှန်ကြားချက် ထုတ်ပြန်ခြင်းမှာ ကျိုးကြောင်းဆီလျော်ပြီး ၎င်းတို့၏ စုံစမ်းစစ်ဆေးနိုင်မှု အင်အားများ လျော့ပါးလာခြင်းကို ကာကွယ်ရန် မဖြစ်မနေလိုအပ်ကြောင်း ပြောကြားကြသည်။




"ကျွန်တော်တို့က ဥပဒေနဲ့ အညီကြားဖြတ် စုံစမ်းတာမျိုးတွေ အကြောင်းပြောနေတာပါ" ဟု ဖယ်ဒရယ်စုံစမ်းထောက်လှမ်းရေးဗျူရို (FBI) အထွေထွေအတိုင်ပင်ခံဗာလာရီအီးကာပရိုနီက ပြောပါသည်။ "ကျွန်တော်တို့က ဩဇာအာဏာချဲ့ထွင်ဖို့ ပြောနေတာမဟုတ်ပါဘူး။ ကျွန်တော်တို့မှာ လက်ရှိ ရှိပြီးသား အခွင့်အာဏာကိုပဲပြည်သူလူထုနဲ့ အမျိုးသားလုံခြုံရေးအတွက် အကောင်အထည်ဖော်ဖို့၊ ဒါကို ဆက်လက်ထိန်းသိမ်းနိုင်ဖို့ ကျွန်တော်တို့က ပြောနေတာပါ" ဟု အက်ဖ်ဘီအိုင်အတိုင်ပင်ခံက ပြောကြားသည်။

ပြောင်းလဲလာသော ဆက်သွယ်ရေးနည်းပညာများကြောင့် ၎င်းတို့၏ စောင့်ကြည့်ထောက်လှမ်းနိုင်သော စွမ်းရည်များ ထိခိုက်နိုင်ကြောင်းကို စုံစမ်းထောက်လှမ်းရေး အရာရှိများ စိုးရိမ်နေသည်မှာ ကြာပြီဖြစ်သည်။ မကြာသေးမီလများအတွင်း အက်ဖ်ဘီအိုင်အရာရှိများ၊ တရားရေးဌာန၊ အမျိုးသားလုံခြုံရေး အေဂျင်စီ၊ အိမ်ဖြူတော်နှင့် အခြားသက်ဆိုင်ရာအေဂျင်စီများမှ အရာရှိများသည် ၎င်းပြဿနာအတွက် အဖြေရှာရန် ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ သို့သော်အရေးကြီးသော အစိတ်အပိုင်းများတွင် သဘောတူညီမှု မရရှိသေးကြောင်း ၎င်းတိုင်ပင်ဆွေးနွေးမှုများနှင့် နီးစပ်သူများက ပြောကြားကြသည်။

သို့သော် ယင်းဥပဒေကြမ်းကို၎င်းတို့က ကျယ်ကျယ်ပြန့်ပြန့် အသုံးချလိုပြီး နိုင်ငံခြားတွင် ဆာဗာများထားရှိ ဝန်ဆောင်မှုပေးသော Research in Motion ကဲ့သို့ ကုမ္ပဏီများကိုပါ ဥပဒေနှင့် အကျုံးဝင်စေလိုသည်။ ၎င်းကုမ္ပဏီမှာ ကနေဒါနိုင်ငံတွင် Blackberry တံဆိပ် ဖုန်းစသည့် အသုံးအဆောင်များထုတ်လုပ်သည့် ကုမ္ပဏီဖြစ်သည်။ Blackberry ကုမ္ပဏီမှာ မကြာသေးမီလများအတွင်း သတင်းစာသားများကို လျှို့ဝှက်သင်္ကေတများဖြင့် ရေးသားဝန်ဆောင်မှုပေးခြင်းအပေါ် အစိုးရဌာနများက စောင့်ကြည့်လေ့လာမှု မပြုနိုင်ခြင်းနှင့် ပတ်သက်၍ ဒူဘိုင်း၊ အိန္ဒိယနိုင်ငံအစိုးရများနှင့် ပဋိပက္ခဖြစ်ခဲ့သော ကုမ္ပဏီဖြစ်သည်။

အမေရိကန်နိုင်ငံတွင် တယ်လီဖုန်းကုမ္ပဏီများနှင့် လိုင်းကျယ်ကွန်ရက် လုပ်ငန်းများသည် ကြားဖြတ် ဖမ်းယူစုံစမ်းရေးစွမ်းဆောင်ရည်များ ထူထောင်ရန် ဥပဒေအရ လိုအပ်သည်။ ယင်းဥပဒေအား ၁၉၉၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး "တရားဥပဒေလိုက်နာမှု အကောင်အထည်ဖော်ရေး ဆက်သွယ်ရေးလုပ်ငန်းက အကူအညီပေးရေးဥပဒေ" ဟု ခေါ်တွင်သည်။ ၎င်းဥပဒေမှာ ပုံမှန်ကြေးနီဝါယာကြိုးဖုန်းစနစ်မှ ဒစ်ဂျစ်တယ်ကွန်ရက်နှင့် ဆဲလ်ဖုန်းစနစ်များဆီသို့ ကူးပြောင်းသွားချိန်တွင် အစိုးရအနေဖြင့် ဆက်လက်စောင့်ကြည့် ထောက်လှမ်းနိုင်စွမ်းရှိရန် ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်သည်။

မကြာခဏဆိုသလို အစိုးရစုံစမ်းစစ်ဆေးရေး သမားများသည် တယ်လီဖုန်းကွန်ရက်ကုမ္ပဏီတစ်ခုက အသုံးပြုသော စက်ခလုတ်ခုံမှနေ၍ ဆက်သွယ်မှုများကိုကြားဖြတ်နားထောင်နိုင်ကြသည်။ သို့သော် တစ်ခါတစ်ရံတွင် ၎င်းတို့၏ ပစ်မှတ်တစ်ခုက ၎င်း၏ကွန်ပျူတာနှင့် ဆာဗာများကြားတွင် လျှို့ဝှက်သင်္ကေတများဖြင့် ဖုံးကွယ်ဝန်ဆောင်မှုကို အသုံးပြုသောအခါ စုံစမ်းစစ်ဆေးသူများကယင်းဝန်ဆောင်မှုပေးသော ကုမ္ပဏီအား လျှို့ဝှက်သင်္ကေတများကို ပြန်ဖော်ထားသော ရိုးရိုးစာသားကိုပံ့ပိုးပေးရန် အမိန့်စာထုတ်ပြန်ရသည်။

ဖုန်းကုမ္ပဏီများကဲ့သို့ပင် ဆက်သွယ်ရေး ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများသည်လည်း ကြားဖြတ်ထောက်လှမ်းရေး အမိန့်များကို လိုက်နာရသည်။ သို့သော် ၁၉၉၄ ခုနှစ် ဥပဒေအရမူ အကျုံးမဝင်ပေ။ ထို့အတွက် အချို့ကကြားဖြတ်ထောက်လှမ်းရေး ပြုလုပ်နိုင်ရန် ပြင်ဆင်ထားကြသော်လည်း အချို့ကုမ္ပဏီများကမူ ကြားဖြတ်ထောက်လှမ်းရေး အမိန့်များရောက်လာမှသာ ယင်းစနစ်များကို ထူထောင်ကြသည်။ အက်ဖ်ဘီအိုင်၏ နည်းပညာဌာနခွဲသည် ယမန်နှစ်က ၎င်းဆက်သွယ်ရေးကုမ္ပဏီများအား နည်းပညာ အကူအညီပေးရေးအတွက် ကန်ဒေါ်လာ ၉ ဒသမ ၇၅ သန်းသုံးစွဲခဲ့သည်။ ၂၀၁၀ ခုနှစ် ဘတ်ဂျက်တွင်လည်း ၎င်း၏အီလက်ထရွန်နစ် စောင့်ကြည့်ထောက်လှမ်းရေး စွမ်းဆောင်ရည် တိုးတက်ရေး အတွက် ဒေါ်လာ ၉ သန်းသုံးစွဲရန် အက်ဖ်ဘီအိုင်က လျာထားသည်။ ယင်းမှာ 'အမှောင်ကျသွားခြင်းအစီအစဉ်' (Going Dark Program)အတွက် သုံးစွဲရန်ဟု အက်ဖ်ဘီအိုင်က ဆိုပါသည်။

*—Ref: NY Times*





**Sidebar Interview**

## ဘိုကလေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည့် မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီဒု-ဥက္ကဋ္ဌ အထက်တန်းရှေ့နေဒေါ်စန္ဒာဦးအား ၎င်းပြုလုပ်ခဲ့သည့် လူထုဟောပြောပွဲများမှ အတွေ့အကြုံနှင့် ပါတီကချပြမည့်မူဝါဒ၊ ပြည်သူများ၏အပ်ချက်နှင့်ပတ်သက်ပြီး မေးမြန်းထားခြင်းကို ဖော်ပြလိုက်ပါသည်။

ငြိမ်းငြိမ်းနိုင်၊ အိဖြူလွင်

**ပါတီစည်းရုံးရေး ဟောပြောပွဲတွေလုပ်တာ ဘယ်နကြိမ်ရှိနေပြီလဲ။**

အများကြီးတော့ မလိုက်ဖြစ်သေးဘူး။ ရုံးတစ်ဖက်လည်းရှိနေလို့ ခုနစ်ကြိမ်လောက်ပဲ ရှိသေးတယ်။

**မဲပေးမယ့်သူတွေကို ဘာကို အဓိကထားပြီး ပြောလဲ။ ပါတီရဲ့ မူဝါဒတွေကို ဘယ်လိုချပြလဲ။**

အစ်မ အရွေးခံရလို့ လွှတ်တော်ကိုရောက်ရင် ပါတီက တင်သွင်းမယ့် ဥပဒေမူကြမ်း ၅၂ ချက်ရှိတယ်။ ဒီထဲကမှ အကြမ်းအားဖြင့် ရှင်းပြတာက အစ်မတို့အခု ဘိုကလေးမြို့နယ်မှာ တောင်သူလယ်သမားတွေနဲ့ပဲ ဆက်စပ်တာများတယ်။ ဒါကြောင့်တောင်သူလယ်သမားကိစ္စကို အဓိကပြောဖြစ်တာများတယ်။ လယ်ယာမြေဆက်စပ် ရေလုပ်ငန်းဥပဒေရယ်၊ နောက်လယ်ယာမြေပုဂ္ဂလိက၊ နောက်တစ်ခုက ကလေးသူငယ်တွေ ကာကွယ်စောင့်ရှောက်မှုဥပဒေရယ် ဒါတွေပြောဖြစ်တယ်။

**အစ်မက ဥပဒေပညာရှင်ဖြစ်နေတဲ့အတွက် ဒီဥပဒေတွေကို ရွာက လူတွေနားလည်အောင် ဘယ်လိုရှင်းပြဖြစ်လဲ။ ဒီဥပဒေတွေက သူတို့အတွက်ဘယ်လောက်အရေးကြီးလဲ။**

အစ်မတို့ နိုင်ငံက လယ်ယာမြေနိုင်ငံပိုင် ဥပဒေလေ။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာတော့ ဒါက အဆင်ပြေတယ်။ ပြေတယ်ဆိုတာက လယ်သမားတွေကိုငွေထုတ်ချေးတယ်။ အတိုးနည်းနည်းနဲ့ချေးပြီးတော့ စပါးပေါ်တဲ့အခါမှ ကာလတန်ဖိုးနဲ့ ပြန်ဝယ်တယ်။ အဲဒီတော့ လယ်သမားတွေက အဆင်ပြေတယ်။ အခုချိန်မှာတော့ နာဂစ်လည်းဖြစ်ပြီးတဲ့အတွက် လယ်သမားတွေမှာပိုက်ဆံလည်းမရှိဘူး။ ဘာမှမရှိဘူး။ လယ်ပဲရှိတယ်။ အဲဒီတော့ အရင်းအနှီးလိုတယ်။ အခု ဘိုကလေးမြို့နယ်မှာ လယ်ယာမြေဧက ၅၀ ပိုင်တဲ့လယ်သမားက ၅၀ လုံးကို မလုပ်နိုင်ဘူး။ လယ်ယာမြေပုဂ္ဂလိကက လက်ကိုင်ထားခွင့်ဥပဒေသာ အစ်မတို့လွှတ်တော်မှာ တင်သွင်းနိုင်လို့ လက်ခံလို့အတည်ဖြစ်ရင် လယ်သမားတွေက အရင်းအနှီးလုပ်လို့ရတယ်။ ကျန်တဲ့ဧက ၄၀ ကိုပြည့်အောင် စိုက်နိုင်တယ်။ ဒါဆိုနိုင်ငံတော်အတွက်လည်း လယ်ယာမြေပလပ်တာတွေ ဘာတွေ မရှိတော့ဘူး။ စပါးတွေကြွက်ကိုက်တယ်ဆိုတာ ခုလိုလယ်ယာမြေအပြည့်မစိုက်နိုင်လို့ဖြစ်တာ။ နောက်တစ်ခုက လက်ရှိဖြစ်နေတဲ့ လယ်ယာမြေမှုခင်းတွေဆိုရင်လည်း ပိုင်ပိုင်နိုင်နိုင် ရောင်းချနိုင်ခွင့်၊ လက်ဝယ်



ထားခွင့်တွေမရှိလို့ဖြစ်တာ။ အစ်မတို့ ဘိုကလေးမြို့နယ်မှာဆိုရင် မြေယာအမှုတွေ အများကြီးဖြစ်တာ။ အဲဒါကြောင့် လယ်ယာမြေနိုင်ငံပိုင်ဥပဒေကနေ ပုဂ္ဂလိကလက်ကိုင်ထားခွင့် ဥပဒေသာပြောင်းနိုင်ခဲ့မယ်ဆိုရင် လယ်သမားတွေအတွက် အများကြီးအကျိုးရှိမယ်။ ဒါကိုလည်း သူတို့ကိုမေးတယ်။ သဘောတူသလားဆိုတော့ သူတို့ကလည်း သဘောတူပါတယ်လို့ တုံ့ပြန်တယ်။

**အဲဒီလယ်ယာကိစ္စအပြင် နောက်ထပ် ဘယ်လိုမူဝါဒမျိုးတွေ ရွာသားတွေအတွက်ချပြပါသေးလဲ။**

လယ်ယာမြေနှင့် ရေလုပ်ငန်းဆက်စပ်ဥပဒေပေါ့။ လယ်ကချောင်းတွေ၊မြစ်တွေနဲ့ ဆက်စပ်တယ်။ တောမှာ ဈေးမရှိတဲ့အတွက် လယ်သမားတွေက လယ်ထဲမှာပဲ ကွင်းတားပိုက်နဲ့ထောင်ပြီး ငါး၊ ပုစွန်ကို ဖမ်းစားရတယ်။ ကွင်းတားပိုက်ကိုထောင်ရင်း ဆက်စပ်နေတဲ့ချောင်းက အင်းဂရန်ပိုင်ရှင်က ငါးလုပ်ငန်းဦးစီးကို အကြောင်းကြားပြီး အရေးယူလို့ရတယ်။ ဒါဆို လယ်သမားက ဥပဒေပုဒ်မ ၂၄ (ခ)နဲ့ အနိမ့်ဆုံးထောင်ဒဏ်တစ်လအရေးယူခံရမယ်။ နောက်တစ်ခုက ချောင်းနဲ့ လယ်ကြားက တမံတွေရှိတယ်။ လယ်သမားက အောင်ရေဖမ်းတဲ့အခါမှာ တမံကို ပိတ်ထားရတယ်။ ဒီအချိန်မှာ ချောင်းသမားက တမံကဆင်းလာမယ့် ပုစွန်ကို လိုချင်တဲ့အတွက် တမံကိုချိုးတယ်။ အဲဒီချောင်းသမားနဲ့ လယ်သမားက အမြဲတမ်း ပြဿနာဖြစ်ရတယ်။ ဒါကြောင့် လယ်ယာမြေနဲ့ ရေလုပ်ငန်း ဆက်စပ်ဥပဒေလွှတ်တော်မှာ တင်သွင်းမယ်ဆိုတဲ့နေရာမှာ လယ်သမားကလည်း အောင်ရေဖမ်းလို့ရအောင်၊ ငါး၊ ပုစွန်တွေ လွတ်လွတ်လပ်လပ် ဖမ်းစားခွင့်ရှိအောင်၊ ချောင်းသမားကလည်း မနစ်နာရအောင်ပါ။

**ဒီလိုဥပဒေတွေကို ပြင်ဆင်ဖို့ဆိုတာ ဒေသရဲ့တကယ့်လိုအပ်ချက်ကြောင့်လား။ ခေတ်နဲ့ မလျော်ညီတော့လို့လား။ တကယ်ပဲဒီဥပဒေတွေကိုပြင်ရင် လွယ်လွယ်ကူကူနဲ့ ဖြစ်နိုင်မှာလား။**

ပြင်ဖို့က ခေတ်နဲ့မညီတော့လို့ ပြင်ရမှာပါ။ အစ်မတို့က လွှတ်တော်ကိုရောက်တာနဲ့ ဒီဥပဒေတွေ ပြင်ဖို့တင်သွင်းမှာပါ။ ပြင်လို့ရမရဆိုတာကတော့ တက်လာမယ့် လွှတ်တော်ကိုယ်စားလှယ် ထက်ဝက်ကျော်က မဲပေးရင် ရမှာပေါ့။ ဒီထက်ဝက်ကျော်က ထောက်ခံဖို့ကိုလည်း စည်းရုံးရမှာပါ။

**ဒီဒေသက နာဂစ်ဒေသဖြစ်နေတဲ့အတွက် ဒီရွာကလူတွေ လိုအပ်တာက ဘာဖြစ်နိုင်မလဲ။ ဘယ်လိုကတိမျိုးတွေပေးနိုင်ရင် အစ်မအတွက် မဲတွေ ပိုရဖို့ဖြစ်နိုင်မလဲ။**

လွှတ်တော်မှာ အမတ်ဖြစ်ချင်တယ်။ ဒါပေမဲ့ အစ်မကို မဲပေးပါလို့တော့ အခုအချိန်ထိ မပြောဖြစ်သေးဘူး။ လွှတ်တော်ကိုရောက်ရင် လုပ်ပေးနိုင်တာတွေ ပြောပါတယ်။ ပါတီကနေ ငွေချေးတာမျိုးလည်း မလုပ်ပေးနိုင်ဘူး။ သူတို့တွေ နိုင်ငံရေးအသိနည်းတဲ့အတွက် ပါတီတိုင်းက လာပြီး မဲဆွယ်တာမျိုး ကြုံရတဲ့အခါ ဘယ်ကိုယ်စားလှယ်လောင်းက ဘာတွေလုပ်ပေးနိုင်မယ်ဆိုတာတွေကိုသိဖို့နဲ့ သူတို့ရဲ့ မဲတစ်ပြားက အရေးကြီးတဲ့အတွက် ပါတီရဲ့မူဝါဒတွေ ကိုယ်စားလှယ်လောင်းတွေရဲ့ အကြောင်းတွေကို လေ့လာပါလို့ ပြောဖြစ်ပါတယ်။

**ဟောပြောပွဲခုနစ်ကြိမ်လောက်လုပ်ပြီးသွားပြီဆိုတော့ ဒေသခံတွေဆီက ဘယ်လိုတုံ့ပြန်မှုတွေကြားရလဲ။ သူတို့အဓိက ဘာလို့အပ်တယ်ထင်လဲ။**

အဓိကက လယ်သမားတွေအနေနဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေလုပ်ဖို့ ချေးငွေရဖို့၊ အလုပ်အကိုင်အခွင့်အလမ်းတွေရဖို့၊ ကျောင်းသားတွေ ကျောင်းထားနိုင်ဖို့ လိုတယ်။ ရွာတိုင်းမှာ အလယ်တန်းနဲ့ အထက်ကျောင်းမရှိတဲ့အတွက် ကလေးတွေစာဆက်သင်နိုင်ဖို့ ပြဿနာရှိတယ်။

**ဒါဆိုရင် သူတို့လိုအပ်ချက်နဲ့ အစ်မတို့ပါတီရဲ့ဥပဒေပြုပြင်ရေးမူဝါဒတွေက တစ်ထပ်တည်းရောကျရဲ့လား။**

တစ်ထပ်တည်း ကျမကျတော့ ပြောလို့မရဘူး။ ဒီဥပဒေပြုပြင်ရေးတွေက သူတို့လိုချင်တာတွေဖြစ်ဖို့ အဓိက လမ်းကြောင်းတွေပဲ။ အဲဒါကိုတော့ သူတို့နားလည်အောင် ပြောပြရမှာပေါ့။

**အမျိုးသမီး ကိုယ်စားလောင်းအနေနဲ့ ဘာတွေအခက်အခဲ ရှိပါသလဲ။**

အခက်အခဲ မရှိဘူးလို့ ထင်ပါတယ်။ ဟောပြောပွဲတစ်ခုမှာ အမျိုးသားရော၊ အမျိုးသမီးပါ ပါရင် ကိုယ့်ကို ပိုအာရုံစိုက်သလားလို့။ အမျိုးသမီးတွေ ဒီလိုလုပ်တယ်ဆိုတာကို ပိုသဘောကျတယ်ဆိုတာမျိုးပေါ့။ ကျွန်မအထင်ပါ။

## စာမျက်နှာ(၂၉) - မဲပေးခြင်းနှင့် နာဂစ်ဒေသမှ

အဲဒါကို အဓိကရှင်းပြနေရတယ်။ ကိုယ့်ပါတီ မူဝါဒတွေပြောတာထက် ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်ကိုမြင်ဖူးအောင် ပြတာတို့၊ အဲဒီထဲက အချက်လေးတွေထုတ်ပြပြီး မေးလိုက်၊ ရှင်းပြလိုက်ပေါ့” ဟု ၎င်း၏လူထုတွေ့ဆုံပွဲအတွေ့အကြုံကို ပြောပြသည်။

ဘိုကလေးမြို့နယ် အမျိုးသားလွှတ်တော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ခေတ်သစ်ပြည်သူ့ပါတီမှ ဒေါ်ရီရီစံက “ဘိုကလေးမြို့ပေါ်မှာ ဟောပြောပွဲက တစ်ကြိမ်ပဲ လုပ်ရသေးတယ်။ ရွာတွေကိုတော့ ကိုယ်စားလှယ်လောင်းတွေ ဆင်းနေကြပြီ။ ပါတီရဲ့ မူဝါဒအရ ငွေပေးပြီး မစည်းရုံးပါဘူး။ တောင်သူလယ်သမားတွေကိစ္စကို ဦးစားပေးပြီးပြောဖြစ်ပါတယ်” ဟု ပြောဆိုသည်။

ကျေးရွာများတွင် နိုင်ငံရေးပါတီများ ဟောပြောပွဲပြုလုပ်လေ့ရှိသည့် နေရာမှာ ကျေးရွာဗီဒီယိုရုံနှင့် နေအိမ်ခြံဝင်းများအတွင်း ဖြစ်ကြောင်း ဒေသခံပါတီများထံမှ သိရသည်။

ဓမ္မသုခရွာသား ဦးနေလင်းစိုးက “ကျွန်တော်တို့ဆီကို ပါတီတွေဝင်လာတာတော့ရှိပါတယ်။ ပြည်ခိုင်ဖြိုး၊ တစည၊ မတူကွဲပြားတို့လာတယ်။ ဟောပြောတာမျိုး မလုပ်သေးဘူးဗျ။ ကျွန်တော်တို့က အဲဒီလိုမျိုးလာစေချင်တယ်။ ခုက လူတွေက ဘာမှန်းကိုမှ မသိသေးတာ။ ကျွန်တော်တို့လိုချင်တာကတော့ ပါတီတွေအကြောင်းထားလိုက်၊ ဘယ်ပါတီတွေရှိတယ်၊ ဘယ်လိုမဲပေးလို့ရတယ်ဆိုတာလောက် ဗဟုသုတလေးလာပြောစေချင်တာ”ဟု သူထင်မြင်ချက်ကို သုံးသပ်ပြောကြားသည်။

နိုင်ငံရေးပါတီနှစ်ခုက ဟောပြောပွဲနှစ်ခု လာလုပ်သွားပြီဆိုသည့် ကွမ်းသီးချောင်းကျေးရွာမှ အသက် ၆၈ နှစ်အရွယ် လယ်ပိုင်ရှင်ဒေါ်ခင်အေးက “ဟိုရက်က ရွာထဲက ဘုန်းကြီးကျောင်းမှာ လာလုပ်သွားတာရှိတယ်။ သွားနားမထောင်ပါဘူး။ နောက်တစ်ခု ဗီဒီယိုရုံမှာလုပ်တာက အိမ်ကနေကြားနေရတာပဲ။ လော်နဲ့ ပြောနေတာလေ” ဟု သူမနေအိမ်သို့ သွားရောက်တွေ့ ဆုံစဉ်ဖြေကြားခဲ့သည်။

နာဂစ်အပြီး ဆန္ဒမဲပေးခြင်းနှင့်ပတ်သက်ပြီး သူမအား ဆက်လက်မေးမြန်းရာ “အော်. . . မဲဖောက်တာလား။ မရလိုက်ပါဘူး။ အိမ်မှာ ထောက်ပံ့ရေးရတာဆိုလို့ ပလတ်စတစ်ပုံး နှစ်ပုံးနဲ့



ဓာတ်ပုံ- ငြိမ်းငြိမ်းနိုင်

အစားအသောက်ဝေတုန်းက ရလိုက်တာလေးပဲရှိပါတယ်။ လယ်ရှင်တွေဆိုတော့ မပေးဘူးလေ” ဟု လယ် ၃၁ ဧကပိုင်ဆိုင်သည့် ဒေါ်ခင်အေးက မဲပေးခြင်းကို မဲဖောက်ခြင်းနှင့် လွဲမှားနားလည်ကာ ဖြေကြားနေသည်။

ထို့ကြောင့် နိုင်ငံရေးနှင့်ပတ်သက်သည့် နာဂစ်အပြီး ဆန္ဒမဲပေးခြင်းကို မေးခြင်းဖြစ်ကြောင်း ထပ်မံရှင်းပြသည့်အခါ “အဲဒါလား၊ မသိလိုက်ပါဘူး။ မိသားစုသုံးယောက်ကလည်း ရေထဲပါသွား၊ လူတွေလည်း အဲဒီအချိန်မှာအော်ပြီး ဘာမှန်းကိုမသိတော့လေ။ မသိပါဘူး” ဟု ထပ်မံဖြေကြားသည်။

ဘိုကလေးမြို့က စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကမူ နိုင်ငံရေးပါတီများနှင့်ပတ်သက်ပြီး ပြောကြားရာတွင် “မြို့ပေါ်မှာတော့ ဘာမှလုပ်တာ မရှိသေးပါဘူး။ လူတွေလည်း သိပ်မသိကြဘူး။ ငွေချေးမယ်ဆိုတာတွေတော့ ကြားနေရတာပဲ။ ဘယ်သူ့လက်ထဲမှ မရောက်သေးဘူး။ မိတ်ဆွေတစ်ယောက်က ပြောတယ်။ သူတို့အိမ်မှာ အိမ်သား ၆ ယောက်ရှိတယ်။ တစ်ယောက် တစ်သောင်းပေးမယ်ဆိုလို့ကတော့ ပေးတဲ့လူထည့်မှာတဲ့”ဟု မြို့ပေါ်က အခြေအနေကို ရှင်းပြသည်။

နာဂစ်ဖြစ်ပွားချိန်က ထိုဒေသအတွင်း ပြည်တွင်း၊ ပြည်ပလူမှုရေးအဖွဲ့အစည်းပေါင်း ၃၀ ကျော်ရှိခဲ့သော်လည်း လွန်ခဲ့သည့် ၉ လခန့်ကပင် တဖြည်းဖြည်းလျော့နည်းကျဆင်းလာရာ ယခုအဖွဲ့အစည်း ၃၊ ၄ ခုခန့်သာရှိတော့ကြောင်း ဒေသအာဏာပိုင်အဖွဲ့အစည်းထံမှ သိရသည်။

“နာဂစ်ပြီးသွားတာ ကြာပြီဆိုပေမယ့် ခုအားလုံးအဆင်ပြေပြီလို့ ပြောလို့မရသေးပါဘူး။ လမ်းတံတားတွေကတော့ အရင်ကထက် ကောင်းသွားပြီ။ ခုဆိုင်ကလုန်းဒဏ်ခံ အဆောက်အဦလိုမျိုးကြီးတွေ ဆောက်ပေးတာ။ ဈေးရုံတွေ ဆောက်ပေးတာ။ ဒါ သေသွားတဲ့လူတွေရင်းပြီး ကျွန်တော်တို့ ရနေတာပါ။ သူတို့ ကျေးဇူးတွေပေါ့” ဟု ဓမ္မသုခရွာသား ဦးအောင်သက်လွင်က ပြောသည်။

ပြီးခဲ့သည့် စက်တင်ဘာလအတွင်းကမှ ဘိုကလေးမြို့နယ်တွင် ပါတီရုံးသွားရောက်ဖွင့်လှစ်ခဲ့သည့် အမျိုးသားနိုင်ငံရေး မဟာမိတ်အဖွဲ့ချုပ်မှ ဘိုကလေးမြို့နယ် အမျိုးသားလွှတ်တော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဦးအုန်းလွင်က “အဲဒီဒေသက နာဂစ်ဒေသဖြစ်တဲ့အတွက် တခြားဒေသက လူတွေနဲ့တော့ မတူတာအမှန်ပဲ။ မဲထည့်ရင် ဘာဖြစ်မှာလည်းဆိုပြီးမေးကြတယ်။ အဲဒီအခါ မာတင်လူသာကင်းပြောတဲ့ စကားကိုပြောပြတယ်။ မရှိဆင်းရဲသားကို ငွေတစ်ပြားပေးရုံနဲ့ သူတို့ဘဝတွေ ပြောင်းမသွားနိုင်ဘူး။ ခုက အစိုးရတစ်ရပ်ပြောင်းဖို့လုပ်နေတာ။ ဒါကြောင့် မဲပေးကြဖို့ သူတို့ကိုပြောဖြစ်တယ်” ဟု သူ့ဟောပြောပွဲအတွေ့အကြုံကို ပြောပြသည်။

ရွေးကောက်ပွဲတွင် မဲပေးရန် အစီအစဉ်ရှိမရှိ မေးမြန်းကြည့်ရာ အချို့က မဲပေးရန်သွားကြမည်ဟု ဆိုကြပြီး အများစုကတော့ မသိသေးပါဟု ဖြေကြသည်။

ကြီးချောင်းကြီးကျေးရွာက အငြိမ်းစားကျောင်းဆရာတစ်ဦးကတော့ “မဲသွားပေးမှာပေါ့။ ဟိုဘက်ရွာမှာ သွားပေးရမယ်ထင်တယ်။ ကျွန်တော်ကတော့ နိုင်မယ့် ပါတီပဲပေးဖြစ်မယ်။ ပြည်ခိုင်ဖြိုးပေါ့” ဟု ဆိုသည်။

ဓမ္မသုခကျေးရွာ၊ ကြီးချောင်းကြီးကျေးရွာနှင့် ကွမ်းသီးချောင်းကျေးရွာ ဒေသတစ်ဝိုက်က ဒေသခံများအချို့နှင့် တွေ့ဆုံရာတွင် ကျေးရွာများ အခြေအနေကို ပြောပြကြရင်း ရွာသူရွာသားများ၏ တုံ့ပြန်မှုကို သူတို့ပြောပြသည်က တစ်ထပ်တည်းနီးပါးဖြစ်သည်။

“ဘယ်အဖွဲ့အစည်းပဲ လာလာ၊ ဘာပေးမှာလည်း အရင် မေးတယ်။ နိုင်ငံရေးပါတီတွေ ဘာတွေ နားမလည်ဘူး။ ဦးလေးတို့ ပါတီမဲပေးရင် ဘာပေးမှာလဲပဲ ထမေးမှာပဲ သေချာတယ်” ဟူ၍ပင်။

# Commodity Watch

7 DAY NEWS JOURNAL
Vol.9, No.29 · OCTOBER 7, 2010

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 2.8 (E 5500) Processor | 61,800 |
| Intel P4 Core 2 Duo 2.93 (E 7500) (775)Processor | 109,300 |
| Intel P4 Core 2 Quad 2.66 GHz (Q9400) (775)Processor | 187,200 |
| Intel P4 Core i3 2.93 GHz (530) (1156)Processor | 106,400 |
| Intel P4 Core i7 2.8 Ghz (860)(1156)Processor | 278,400 |
| **Motherboard** | |
| MSI G31TM-P21(775) Motherboard | 49,400 |
| MSI G41 M-P33 (775) Motherboard | 59,900 |
| MSI P43- C51 (775) Motherboard | 78,800 |
| MSI P55A-GD65 (1156) Motherboard | 173,800 |
| ASUS P7H55D- M Pro (775) Motherboard | 115,000 |
| ASUS P7P55-LX (1156) Motherboard | 111,200 |
| ASUS P5P43 TD/USB3 (775) Motherboard | 102,600 |
| ASUS P5G41T-MLX (775) Motherboard | 59,900 |
| Gigabyte H57M-USB3 (1156) Motherboard | 132,000 |
| Gigabyte H55M-USB3 (1156) Motherboard | 122,500 |
| **Memory** | |
| 1 GB DDR2 (800) Kingston Memory | 22,800 |
| 2 GB DDR2 (800) Kingston Memory | 39,000 |
| 2 GB DDR3 (1333) Kingston Memory | 39,300 |
| **Harddisk** | |
| 250 GB Seagate SATA | 37,000 |
| 500GB Seagate SATA | 41,800 |
| **PCI Express Card** | |
| MS R5570-MD 1GB DDR3 1GB PCI Express Card | 92,200 |
| MSI N 220GT-MD1GB OC/D3 1GB PCI Express Card | 79,800 |
| MSI R5750-PM-2D 1GB PCI Express Card | 149,200 |
| ASUS EAH 5450 1GB PCI Express Card | 67,500 |
| ASUS EAH 5750 Formula 1GB PCI Express Card | 159,600 |
| ASUS EAH 4350 512 MB PCI Express Card | 42,800 |
| Gigabyte Geforce 250-1GI 1GB PCI Express Card | 137,700 |
| Gigabyte Geforce 240D3-1GDDR31GB PCI Express Card | 104,500 |
| **Memory Stick** | |
| Memory Stick Kingston 4GB | 10,000 |
| Memory Stick Kingston 8GB | 18,000 |
| Memory Stick Kingston 16GB | 31,500 |
| Memory Stick Toshiba 8GB | 17,000 |
| Memory Stick Toshiba 16GB | 36,000 |
| Memory Stick HP 8GB | 20,000 |
| Memory Stick HP 4GB | 13,000 |
| Memory Stick Xporter 2GB | 8,000 |
| Memory Stick Trandscend 4GB | 11,000 |
| Memory Stick Adata 4GB | 12,500 |
| **UPS** | |
| SVC (600VA) | 29,000 |
| Power Pro (650VA) | 36,500 |
| Allways (650VA) | 33,000 |
| STAR (650 VA) | 30,400 |
| STAR (650 VA) LCD Display | 36,100 |
| Orient (650 VA) | 36,100 |
| Orient (1.2KVA) | 61,800 |
| **DVD Writer** | |
| Sony (SATA) | 30,400 |
| ASUS (SATA) | 31,400 |
| **အိတ်ဆောင်တိပ်ပြကအဘိဓာန်** | 210,000 |

Technoland ဆိုင်မှ အောက်တိုဘာ(၁) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Dual Core 2.3Ghz 1GB DDR2,320GB HDD,14.0″ | 465,000 |
| Intel Corei3 2.27Ghz 2GB DDR3,320GB HDD,14.0″ | 534,000 |
| **Apple** | |
| Intel Core2Duo 2.26Ghz 2GB DDR3,250GB HDD,13.3″ | 980,000 |
| **Asus** | |
| Intel Core2Duo 2.1Ghz 2GB DDR3,320 GB HDD,14.0″ | 658,000 |
| **Dell** | |
| Intel Corei5 2.4Ghz 2GB DDR3,320GB HDD,14.0″ | 990,000 |
| **Fujitsu** | |
| Intel Corei3 2.27Ghz 4GB DDR3,500GB HDD,15.6″ | 871,600 |
| **MSI** | |
| Intel Corei3 2.13Ghz 2GB DDR3,320GB HDD,14.0″ | 668,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| SamSung(LCD) | 22-350 | 235,000 |
| LG(LCD) | 22LH15R | 230,000 |
| Sony (LCD) | 22BH300 | 290,000 |
| Toshiba | LZE 21-28 | 130,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 28,000 |
| EVD(sukura) | DVK75 | 35,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 35,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 195,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 295,000 |
| Panasonic | NR.BT222 | 300,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာအောက်တိုဘာ(၁)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၃၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (ယိုးဒယား TPI) | တစ်အိတ် | ၅,၀၀၀ |
| ဘိလပ်မြေ (Blue Lion) | တစ်အိတ် | ၄,၉၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၈၃ |
| အုတ် (ကုန်းအုတ်- ဒုတိယတန်းစား) | တစ်လုံး | ၇၀ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၇၆ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၁၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၅၀၀ |
| သဲ (အနု) | တစ်ကျင်း | ၅,၀၀၀ |
| ကျောက် | တစ်ကျင်း | ၅၅,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle (0.3mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle (0.312mm) | ၁ ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4 angle (0.34mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle (0.346mm) | ၁ ပေ | ၁,၁၀၀ |
| ကာလာစတီးအမိုးပြား 4 angle (0.42mm) | ၁ ပေ | ၁,၄၀၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၄၉၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၀၅ |
| ရိုးရိုးသွပ်မိုးပြား (ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၆၉၅ |
| ရိုးရိုးသွပ်မိုးပြား (ဆင် 6/7/8) | ၁ ပေနှုန်း | ၃၅၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၉၅၀ |

အထက်ပါဈေးနှုန်းများမှာ အောက်တိုဘာ(၁)ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၁၂,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၃၀၀-၄၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၄၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၈၀၀-၁,၀၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၂၀၀ |
| ခရမ်းသီး | ၁ လုံး | ၂၀-၆၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၃,၀၀၀-၃,၅၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁,၂၀၀-၁,၆၀၀ |
| ငရုတ်သီး(ပိန်) | ၁ ပိဿာ | ၈၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၂,၄၀၀-၂,၈၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၂,၀၀၀-၂,၂၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ အောက်တိုဘာ(၁) ရက်က ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၈၀၀-၁,၂၅၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၈၀၀-၁,၂၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၅၀၀-၇၅၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၁၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၈၀၀ |
| ဆား | တစ်ထုပ် | ၁၀၀-၁၂၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၃၅၀-၄၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၃,၅၀၀-၄,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၇၀၀- ၁,၈၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၁,၅၀၀-၁,၆၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀-၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၆၈၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၆၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၄၀၀- ၁,၅၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၅,၀၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၅,၀၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၄,၂၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၆၀၀-၂,၄၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၆၀၀-၂,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၃,၀၀၀-၁၆,၀၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၈,၀၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၆,၀၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၅၀၀-၃,၃၀၀ |
| ငါးတန်(မွေးမြူရေး) | ၁ ပိဿာ | ၁,၃၀၀-၂,၂၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၅၀၀-၂,၀၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၀၀၀-၈,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၅၀၀-၄,၂၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၁,၅၀၀-၅,၀၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၂၀၀-၂,၅၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၀၀၀-၃,၀၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၃၀၀-၁,၈၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၅,၀၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်ပြောင်တုပ် | ၁ ပိဿာ | ၁၀,၀၀၀-၂၀,၀၀၀ |
| ပုစွန်တုပ်ကြီး | ၁ ပိဿာ | ၁၀,၀၀၀-၂၀,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၅၀၀ |

စက်တင်ဘာ(၃၀)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆ | ၅က | ၁၅၅ |
| စူဇူကီး ဝက်ဂွန် $R^{+}$ | - | ၁ဂ | ၂၂၀ |
| စူဇူကီး ဝက်ဂွန် $R^{+}$ | | စတိ | ၂၇၀ |
| စူဇူကီး $R^{-}$ (2 Way) | - | စတိ | ၁၄၀ |
| ဟိုင်းလပ်ဆဖ် | ၉၄ | ၃ဂ | ၈၅၀ |
| စူပါဆလွန်း | ၉၀ | ၄ဂ | ၃၀၀-၃၁၀ |
| မတ်ခ်တူး(ဒီဇယ်) | ၉၅/၉၆နယ်စပ်သွင်း | ၄ဂ | ၅၀၀ |
| ရွှေငါး | ၂၀၀၂ | ၄ဂ | ၈၅၀-၉၀၀ |
| | ၂၀၀၄ | ၄ဂ | ၁,၀၀၀ စွန်းစွန်း |
| တိုယိုတာလီမိတက် | ၉၀ | ၄ဂ | ၃၅၀-၃၇၀ |
| ပါဂျဲရို | ၉၆/၉၇ | ၄ဂ | ၁,၀၀၀ |

အောက်တိုဘာ(၁)ရက်က ရန်ကုန်မြို့ရှိကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများအပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီ ဆိုင်များမှ ဈေးနှုန်းများ

| | Sep(25) | Sep(26) | Sep(27) | Sep(28) | Sep(29) | Sep(30) | Oct(1) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၂,၈၀၀ | ၂,၈၀၀ | ၂,၉၀၀ | ၂,၈၀၀ | ၂,၉၀၀ | ၂,၉၀၀ | ၂,၉၀၀ |
| Octane ဒီဇယ် | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ |
| Premier ဒီဇယ် | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ |

7 DAY NEWS JOURNAL
Vol.9, No.29 • OCTOBER 7, 2010

# "ပါရမီရှင်၊ ဝါသနာရှင် သစ်လွင်မောင်မယ်များကို ကြိုဆိုပါသည်

(စန္ဒာခင်)

၂၀၁၀ ခုနှစ်၊ ဇွန်လ(၁၃)ရက်နေ့က မြန်မာနိုင်ငံတစ်ဝန်း စာစစ်ဌာနအားလုံး၏ တက္ကသိုလ်ဝင်တန်းအောင်စာရင်းများ ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ နှစ်စဉ်နှစ်တိုင်းတက္ကသိုလ်ဝင်တန်းစာမေးပွဲကို အောင်မြင်သူပေါင်းမှာ တစ်သိန်းခွဲ၊ နှစ်သိန်းဝန်းကျင်ရှိကြောင်း သိရှိရသည်။ အောင်စာရင်းတွေသိရှိပြီးသည့်နောက်မကြာခင်မှာ တက္ကသိုလ်ဝင်ခွင့်တွေကိုလျှောက်ထားရတော့မည်။ တက္ကသိုလ်ဝင်ခွင့်ကို ရွေးချယ်လျှောက်ထားရာတွင် အများစုမှာရရှိသောအမှတ်ပေါ်တွင်အခြေခံ၍စဉ်စားရွေးချယ်ကြသည်။ အမှတ်အမြင့်ဆုံးသတ်မှတ်ထားသည့် တက္ကသိုလ်ကိုဝင်ခွင့်မရခဲ့သော်လည်းမိမိ၏ရမှတ်ပေါ်မူတည်ကာဝင်နိုင်သော အခြားတက္ကသိုလ်ကိုရွေးချယ်၍လျှောက်ကြပြန်သည်။ဤကဲ့သို့ စဉ်းစားရွေးချယ်မှုသည်သားသမီးအပေါ်စေတနာလွန်သောမိဘများအစဉ်အလာတစ်ခုကဲ့သို့ဖြစ်နေသည်။

အမှန်အားဖြင့်ကျောင်းသားတစ်ဦး၏ တက္ကသိုလ်ဘာသာရပ်ရွေးချယ်မှုသည် ကာယကံရှင်၏ ပင်ကိုယ်ဗီဇ၊ ပါရမီ၊ ဝါသနာ စသည့်အခြေခံအချက်အလက်များကိုမူတည်၍ စဉ်းစားသင့်ပါသည်။ လူတစ်ယောက်၏ စိတ်ပါဝင်စားမှုသည် ဗီဇ၊ ပါရမီ၊ ဝါသနာတို့နှင့် တိုက်ရိုက်ပတ်သက်နေသည်။ စိတ်ပါဝင်စားမှုဆိုရာတွင် စိတ်ပါမှုဝင်စားနိုင်သည်ဆိုသောသဘောတရားကို ဖော်ပြနေပါသည်။ လူတစ်ယောက်၏ အောင်မြင်မှု၊ ကျော်ကြားမှု၊ ထူးချွန်မှုတို့သည် ကံကောင်းထောက်မ၍ရရှိလာခြင်းမဟုတ်ပါ။ ၎င်း၏စိတ်ပါဝင်စားမှုနှင့် ကြိုးစားအားထုတ်မှု အတိမ်အနက်ကြောင့် ရရှိခံစားရခြင်းဖြစ်သည်။ စိတ်ပါဝင်စားမှုနက်ရှိုင်းသလောက် အောင်မြင်မှု၊ ထူးချွန်မှုပေါက်မြောက်မှုတို့သည်လည်း အထွဋ်အထိပ်သို့ ရောက်နိုင်ပေသည်။ လူတစ်ယောက်၏ စိတ်ပါမှု (Interest) နှင့် ဝင်စားမှု (Concentration)တို့သည် ၎င်း၏ရွေးချယ်သည့် ဘာသာရပ်နှင့် လုပ်ငန်းအောင်မြင်မှုအတွက် အဓိကမဏ္ဍိုင်တွေဖြစ်နေသည်။ စိတ်ပါဝင်စားမှုမရှိသော ဘာသာရပ်တစ်ခုကို ရွေးချယ်မိသော ကျောင်းသားတစ်ယောက်သည် အချိန်တန်လျှင်ဘွဲ့ရသွားမည်။ ပြီးလျှင် ဘာသာရပ်နှင့်မသက်ဆိုင်သော အသက်မွေးဝမ်းကြောင်းတစ်ခုကို ရွေးချယ်၍ဘဝကိုပုံဖော်သွားမည်။ ဤသို့ဆိုလျှင် အဆိုပါကျောင်းသားအတွက် တက္ကသိုလ်ပညာလာရောက်သင်ကြားမှုသည်အချိန်ကုန်၊ငွေကုန်ဖြစ်သွားပြီး ဘဝအတွက်ရာနှုန်းပြည့်အထောက်အကူမဖြစ်ဟုအကြမ်းဖျင်းသုံးသပ်၍ရနိုင်သည်။ အကယ်၍သာအဆိုပါကျောင်းသား၏ ဗီဇ၊ ပါရမီ၊ ဝါသနာအပေါ်အခြေခံရွေးချယ်ခဲ့ပါကဘွဲ့ရပြီးနောက်ပညာရပ်ကို အသုံးချသွားနိုင်ပေမည်။ထိုသို့အသုံးချနေရင်းဆင့်ကဲဆင့်ကဲ လေ့လာဆည်းပူးခြင်းဖြင့် ဘွဲ့ဒီဂရီရရှိခဲ့သူဘဝမှ ဘာသာရပ်ကျွမ်းကျင်သူပညာရှင်၊ ပညာတတ်တစ်ဦးအဖြစ် ထူးချွန်ပြောင်မြောက်စွာပေါ်ထွက်လာနိုင်သည်။

ထို့ကြောင့် ဘာသာရပ်ရွေးချယ်မှု မမှန်ကန်ခဲ့ပါကတစ်ဘဝလုံးအတွက် ဆုံးရှုံးနစ်နာမှုဖြစ်ရပေမည်။ ရွေးချယ်မှုမှန်ကန်ခြင်းဆိုသည်မှာ ကာယကံရှင်၏ ပင်ကိုယ်ဗီဇနှင့်ကိုက်ညီသောဘာသာရပ်ကို ရွေးချယ်နိုင်ခြင်းကိုဆိုလိုပါသည်။ယခုအခါတွင် အချို့သောရွေးချယ်နေမှုများသည် ရရှိသောအမှတ်ကိုသာအခြေခံ၍ စဉ်းစားဆုံးဖြတ်နေကြခြင်းဖြင့် ပင်ကိုယ်ဗီဇ၊ ပါရမီနှင့် မွေးရာပါတန်ဖိုးများကို မျက်ကွယ်ပြုရာရောက်နေပါသည်။ ကျောင်းသားများ၏ ရွေးချယ်မှုအပေါ်မိဘများက လွှမ်းမိုးထားသည်ကိုလည်းတွေ့မြင်ကြားသိနေရပါသည်။ မိဘများသည်သားသမီးများ၏ ဘာသာရပ်ရွေးချယ်မှုကိစ္စတွင် ရမှတ်နှင့်ပတ်ဝန်းကျင်အထင်အမြင်ကြီးမှုကိုသာ အလေးပေးစဉ်းစားနေကြပေသည်။ ဤသို့ဖြစ်နေရခြင်းမှာ သားသမီး၏ ပင်ကိုယ်ဗီဇ၊ ပါရမီ၊ ဝါသနာကိုလျစ်လျူပြုခြင်း၊ ပတ်ဝန်းကျင်၏ အထင်ကြီးမှုကိုခံလိုခြင်း၊ သားသမီး၏ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုနှင့်အခြေခံသဘာဝကိုမလေ့လာခြင်းတို့ကြောင့် ဖြစ်ရသည်ဟုသုံးသပ်မိပါသည်။

မိမိလုံးဝ ဝါသနာမပါသော ဘာသာရပ်ကို မိဘကရွေးချယ်ပေးသဖြင့် မလွန်ဆန်နိုင်ဘဲသင်ယူနေရသော ကျောင်းသားများလည်း ရှိနေပါသည်။ သို့ဖြစ်၍ကျောင်းတက်နေစဉ်တွင်လည်း ကျောင်းစာတွင် မပျော်မွေ့၊ ဘွဲ့ရသောအခါတွင်လည်း လုပ်ငန်းခွင်ရွေးချယ်မှုနှင့် အသက်မွေးမှုလုပ်ငန်းတို့သည် မဆီမလျော်ဖြစ်သွားကြပါသည်။ ဆေးပညာဖြင့်ဘွဲ့ရခဲ့သော်လည်း ရုပ်ရှင်၊ ဂီတလုပ်ငန်းဖြင့် အသက်မွေးနေသူများ၊ အင်ဂျင်နီယာဖြင့် ဘွဲ့ရခဲ့သော်လည်း ပန်းချီ၊ ကာတွန်းရေးဆွဲနေသူများစသဖြင့် ဘွဲ့ဒီဂရီနှင့် အသက်မွေးမှု သီးခြားစီဖြစ်နေသော လူငယ်၊ လူလတ်၊ လူကြီးအများအပြားကို နေရာအနှံ့တွင်တွေ့မြင်နေရပါသည်။ ဤကဲ့သို့ ဟပ်စပ်မှုမရှိသော ပညာသင်ကြားမှုသည် သက်ဆိုင်ရာကျောင်းသားအပေါ် ထိခိုက်ရုံမက တိုင်းပြည်အတွက်ပါဆုံးရှုံးမှုများဖြစ်ပေါ်လာနိုင်ပါသည်။ တက္ကသိုလ်၊ကောလိပ်ဆိုသည်မှာ ကျောင်းသားလူငယ်များအတွက် ဘဝလုံခြုံမှုရှိစေမည့်အသိပညာ၊ အတတ်ပညာ၊ လူမှုပညာတို့ကို ဖြည့်ဆည်းလမ်းညွှန်ပေးသောနေရာဖြစ်ပါသည်။

ယခုအခါတွင် မြန်မာနိုင်ငံ၌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ကြီးတစ်ခုအား ၁၉၉၃ ခုနှစ်က စတင်၍ ရန်ကုန်မြို့တွင် တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။ တက္ကသိုလ်၏သက်တမ်းရလာသည်နှင့်အမျှ အရည်အသွေးမီဘွဲ့ရများကို ပိုမို၍မွေးထုတ်လာနိုင်ပြီဖြစ်ပါသည်။ "မြန်မာ့သုခုမအနုပညာ တိုးတက်ပြန့်ပွားရေးနှင့် ထူးချွန်သောအနုပညာရှင်များ ပေါ်ထွန်းရေးတို့အတွက် သုတေသနနှင့်လေ့ကျင့်ပျိုးထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်" ဟူသောရည်မှန်းချက်နှင့်အညီ ၂၀၀၁ ခုနှစ်တွင်မန္တလေးမြို့၌ထပ်မံဖွင့်လှစ်ခဲ့ပါသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များတွင် ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပုဟူ၍ အထူးပြုဘာသာရပ်(၄)ခု သင်ကြားပေးလျက်ရှိပါသည်။ ၂၀၀၇ ခုနှစ်မှစတင်၍ ရုပ်ရှင်နှင့်ပြဇာတ်ပညာအထူးပြုဘာသာရပ်ကို အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)တွင် တိုးချဲ့သင်ကြားပေးလျက်ရှိပါသည်။ စာပေဘာသာရပ်များအနေဖြင့် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သိပ္ပံ၊ ပထဝီဝင်၊ သင်္ချာ၊ သမိုင်း၊ မြန်မာ့ယဉ်ကျေးမှုသမိုင်း၊ ရှေးဟောင်းသုတေသနပညာ၊ ရသပညာ၊ အရှေ့တိုင်းပညာစသည့် ဘာသာရပ်များကို သင်ကြားပေးလျက်ရှိပါသည်။ အထူးပြုပညာဌာနများတွင် သီးခြားအသေးစိတ်သင်ကြားပေးသော ဘာသာရပ်များထပ်မံပါရှိပါသည်။ ဥပမာအားဖြင့် ပန်းချီအထူးပြုပညာဌာနတွင် ပန်းချီနည်းပညာ၊ မြန်မာ့ရိုးရာပန်းချီ၊ ပန်းချီခန္ဓာဗေဒ၊ ဒီဇိုင်း (ကွန်ပျူတာအသုံးပြုပုံဆွဲနည်းပညာ)၊ ပန်းချီပညာသမိုင်း၊ ရသပန်းချီ၊ အခြေခံပုံဆွဲပညာ၊ လုပ်ငန်းပန်းချီ စသည့်အပိုင်းအလိုက်၊ ကဏ္ဍအလိုက် ခွဲခြား၍သင်ကြားပေးပါသည်။ အလားတူဂီတအထူးပြုပညာဌာန၊ သဘင် အထူးပြုပညာဌာန၊ ပန်းပုအထူးပြုပညာဌာန၊ ရုပ်ရှင်နှင့်ပြဇာတ်အထူးပြုပညာဌာနစသည်တို့တွင်လည်း အသေးစိတ်အထူးပြုသင်ကြားပေးလျက်ရှိပါသည်။

ဝိဇ္ဇာဘွဲ့ရရှိသည်အထိ (၃)နှစ် သတ်မှတ်ထားပြီး ဝိဇ္ဇာဂုဏ်ထူးဘွဲ့ဆိုပါက (၄)နှစ်သတ်မှတ်ထားပါသည်။ ဝိဇ္ဇာဘွဲ့အပြင် ဒီပလိုမာသင်တန်းများ၊ ဘွဲ့လွန်ဒီပလိုမာသင်တန်းများကိုလည်း ဖွင့်လှစ်ပို့ချလျက်ရှိပါသည်။ တက္ကသိုလ်ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်နှင့် ကိုက်ညီသူများအား ဝင်ခွင့်စိစစ်ရေးအဖွဲ့က တစ်ဦးချင်းတွေ့ဆုံဆွေးနွေးပြီး အနုပညာပင်ကိုယ်အရည်အသွေး၊ အနုပညာဗီဇနှင့် ဝါသနာတို့အပေါ်မူတည်၍ စိစစ်ရွေးချယ်ပါသည်။

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန်စဉ်းစားနေသော ကျောင်းသားကျောင်းသူများအနက်မှ အနုပညာဗီဇရှိသူ၊ ဝါသနာပါရှိသူများကို အဓိကထား၍သတင်းအချက်အလက်များ ဖြန့်ဝေခြင်းဖြစ်ပါသည်။ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်သည် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)တွင် တည်ရှိပြီး (၅၂)ဧက ကျယ်ဝန်းသောမြေပေါ်တွင် စာသင်ဆောင်များ၊ လက်တွေ့ခန်းများနှင့် စတူဒီယိုစသဖြင့် စနစ်တကျဖွဲ့စည်းတည်ဆောက်ထားပါသည်။ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)သည် ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံဘုရားအနီးတွင်တည်ရှိပြီး အကျယ်အဝန်း (၄၁)ဧကခန့်ရှိပါသည်။ အနုပညာဘာသာရပ်များကို နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများ၊ နည်းပညာများ၊ သင်ကြားမှုအထောက်အကူပစ္စည်းများနှင့်ပညာရှင်ဆရာ၊ ဆရာမများက သင်ကြားပို့ချလျက်ရှိပါသည်။ ရိုးရာအနုပညာများကို ဖော်ထုတ်သင်ကြားနေသကဲ့သို့ နိုင်ငံတကာ အနုပညာဘာသာရပ်များကိုလည်း ဆရာများကို ပြည်ပတက္ကသိုလ်များသို့မဟာဘွဲ့နှင့်ဒေါက်တာဘွဲ့များအတွက်စေလွှတ်သင်ကြားစေပြီး ပြန်လည်သင်ကြားပေးလျက်ရှိပါသည်။

နိုင်ငံတကာတွင် အနုပညာရှင်များ၏ စွမ်းအား၊ တန်ဖိုးနှင့်အခန်းကဏ္ဍသည် လွန်စွာရှေ့တန်းရောက်လာလျက်ရှိပါသည်။ ဥပမာ ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းဆိုပါက ကြီးမားသောစီးပွားရေးဈေးကွက်ကြီးကိုရရှိထားပြီး လူမျိုးအားလုံး၏ အာရုံကိုလွှမ်းမိုးထားနိုင်ကြောင်း မြင်တွေ့နေရပါသည်။ ကမ္ဘာတစ်ဝန်းတွင် ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ဖြစ်လာသဖြင့် အနုပညာဖန်တီးမှုများအတွက် ဖြန့်ချိရေးကိစ္စသည်လွန်ခဲ့သော ခေတ်ကာလများကဲ့သို့မခဲယဉ်းတော့ပါ။ မိနစ်ပိုင်းအတွင်း ဖြန့်ချိနိုင်သော မီဒီယာနည်းပညာများပေါ်ပေါက်လာပြီဖြစ်ပါသည်။ နိုင်ငံတကာတွင်နေ့စဉ်နှင့်အမျှ အရှိန်အဟုန်နှင့် တိုးတက်ဖွံ့ဖြိုးနေသည့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့်အရေးအရာအားလုံးတွင် အနုပညာရှင်များ၏ အခန်းကဏ္ဍသည် အဓိကကျလျက်ရှိပြီး အရေးပါနေကြောင်းတွေ့မြင်နေရပါသည်။ တစ်ကမ္ဘာလုံးက စိတ်ဝင်စားလှသော ကမ္ဘာ့ဖလားဘောလုံးပွဲ၏ ဖွင့်ပွဲတွင်လည်း အဆို၊ အက၊ အနုပညာရှင်များ၏ အခန်းကဏ္ဍသည် အရေးပါလျက်ရှိနေပါသည်။

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသော ကျောင်းသားများ၏မိဘများကိုလည်း ဘာသာရပ်ရွေးချယ်မှုနှင့်ပတ်သက်၍ အကြံပြုလိုပါသည်။ မိမိကလေး၏ ဗီဇနှင့်ပါရမီသည် အနုပညာဖက်တွင် ထူးခြားထက်သန်နေပါက အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်သို့ ပို့ဆောင်ပေးရန်တာဝန်ရှိပါသည်။ ပါရမီရှင်များကို နိုင်ငံကျော်၊ ကမ္ဘာကျော်အနုပညာရှင်များအဖြစ်သို့ရောက်ရှိသွားနိုင်စေရန် စနစ်တကျပြုစုပျိုးထောင်နေသောနေရာရပ်ဝန်းသို့ ပို့ဆောင်ပေးရန်လိုအပ်ပါသည်။ အနုပညာဗီဇပါရှိသောကလေးတစ်ဦးအား အောင်မြင်ထူးချွန်သော အနုပညာရှင်တစ်ဦး ဖြစ်လာစေရန် စနစ်တကျအားထုတ်ကြိုးပမ်းနိုင်သော အခွင့်အရေးများ ရှိနေပြီဖြစ်ပါသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များမှ ပါရမီရှင်၊ ဝါသနာရှင်သစ်လွင်မောင်မယ်များကို နွေးထွေးစွာဖြင့်လက်ကမ်းကြိုဆိုလျက်ရှိပါကြောင်း အသိပေးတိုက်တွန်းအပ်ပါသည်။ ။

## စာ(၃၂) အားလုံးဝိုင်းဝန်းစဉ်းစားပေးကြပါ မှ

ကျွန်မတို့နားက ဈေးကြီးတစ်ဈေးတွင် ယောဂီဝတ်စုံ အထက်အောက်ဝမ်းဆက်ဝတ်၍ပိုက်ဆံလိုက်တောင်းနေသော အသက်ငါးဆယ်ကျော်လောက် အမျိုးသားကြီးတစ်ယောက်ရှိပါသည်။ သူ့ကို ပိုက်ဆံပေးသောသူများအား 'အဘလိုသူတော်ကောင်းကို ပိုက်ဆံထည့်တဲ့သူတွေ နိဗ္ဗာန်ရောက်လိမ့်မယ်။ သူတော်ကောင်းကို ပစ်ထားတဲ့သူတွေကတော့ ငရဲကျကြလိမ့်မယ်' ဟု ပြောလေ့ရှိပါသည်။ ပြီးလျှင် ဈေးအနီးက အရက်ဆိုင်သို့ ပေါ်ပေါ်တင်တင်ပင် အရက်ဝင်သောက်ပါတော့သည်။ နောက်ဆုံး ဈေးဝယ်သူ မိန်းကလေးတစ်ယောက်ကို မူးမူးနှင့် မဖွယ်မရာ လုပ်တော့မှ ဈေးသည်များက မောင်းထုတ်လိုက်ကြပါသည်။

ကျွန်မတော့ ပိုက်ဆံပေးသော သူများကိုသာ အပြစ်တင်ချင်ပါတော့သည်။ ကျွန်မတို့နိုင်ငံတွင် ကိုယ်ကာယကိုသုံး၍သော်လည်းကောင်း၊ ဉာဏ်ကိုသုံး၍သော်လည်းကောင်း တစ်ဝမ်းတစ်ခါးဝရုံတော့ ရှာဖွေစားသောက်နိုင်ပါသည်။ တောင်းစားသလောက်တော့ သက်သောင့်သက်သာ မဖြစ်နိုင်ဘူးပေါ့။ လွယ်လွယ်ကူကူတောင်း၍ရသောကြောင့်သာ ပုံစံမျိုးစုံဖြင့် ပိုက်ဆံတောင်းသောသူများ များပြားလာခြင်းဖြစ်သည်။ ပိုက်ဆံထည့်မည့်သူတစ်ယောက်မှမရှိပါက ထိုတောင်းစားသောသူများသည် အငတ်နေကြမည်တော့မဟုတ်ပါ။ ရရာ အလုပ်တစ်ခုခုတော့ လုပ်ကြမည်သာဖြစ်ပါသည်။ ဤသို့ တောင်းရမ်းသောသူများကို ပေးကမ်းစွန့်ကြဲခြင်းသည် ကုသိုလ်ကောင်းမှုဟု အများစုက ယူဆထားကြပါသည်။ ကျွန်မအမြင်တော့ဖြင့် ဤသည်မှာ ကုသိုလ်ကောင်းမှုလည်း မဟုတ်ပါ၊ ကိုယ့်အမျိုးသားချင်း အစွမ်းအစတုံးအောင် လုပ်ပေးနေကြခြင်းပင်ဖြစ်သည်။

ကထိန်ရာသီတွင်လည်း အလှူခံအတုအယောင်များ အလွန်ပေါပါသည်။ မနှစ်က ကထိန်ရာသီတွင် ကျွန်မတို့ရပ်ကွက်သို့ ဆိုက်ကားနှင့် အလှူလာခံသော အဖွဲ့မှ အသက်အရွယ်ကြီးသော လူကြီးတစ်ယောက်သည် ဘုရားစာများကို တတ်သလောက်မှတ်သလောက်ရွတ်ဖတ်ပြီး လောကစံရှစ်ပါးကို မိုက်နှင့်အော်ပြော ရှင်းပြနေသည်မှာ 'ယသောအယသော ရတဲ့အခါလည်းရတယ်၊ မရတဲ့အခါလည်း မရဘူးပေါ့ဗျာ' ဟူ၍ ဖြစ်ပါသည်။ ထိုအဖွဲ့မှ အမျိုးသမီးအချို့ ကျွန်မအိမ်သို့ အလှူလာခံပါသည်။ကျွန်မသည် အများနေထိုင်သောရပ်ကွက်တွင်နေထိုင်၍ ကထိန်ကာလလည်းဖြစ်သောကြောင့်အများနည်းတူအလှူငွေ ထည့်ရပါမည်။ အလှူငွေ ဘယ်လောက်ထည့်ရမလဲဟု ကျွန်မမေးသောအခါ 'အစ်မတို့စေတနာရှိသလောက်သာထည့်ပါ'တဲ့ 'တတ်နိုင်သလောက်ထည့်ပါလို့ ပြောပါရှင်၊ မထည့်နိုင်လို့ မထည့်ရင် စေတနာမရှိသလိုဖြစ်နေမှာပေါ့'ဟု ကျွန်မမှာအကြားမတော်၍ စကားပြင်ပေးနေမိပါသည်။

ကျွန်မတို့နိုင်ငံ၏ အထင်ကရနေရာများကို စိတ်ဝင်စားသော ပြည်ပခရီးသွားများ များပြားလာပါသည်။ ထိုအထင်ကရ နေရာတိုင်းတွင် တောင်းရမ်းနေသောသူများလည်း အများအပြားရှိနေပါသည်။ ထိုကိစ္စသည် ကျွန်မတို့နှင့် တိုက်ရိုက်မသက်ဆိုင်ဟု မှတ်ထင်နေပြီး အမှတ်တမဲ့ပင် နေခဲ့ကြပါသည်။ ကျွန်မတို့ အားလုံး ထိုကိစ္စကိုဖြေရှင်းရန် နည်းတစ်ခုခုတော့ ရှိဖို့လိုပြီထင်ပါသည်။ ဘယ်လိုဖြေရှင်းသင့်သည်ကိုတော့ ကျွန်မလည်းမသိပါ။ အစိုးရနှင့်အဖွဲ့အစည်းများအပါအဝင် ကျွန်မတို့အားလုံးတွင် တာဝန်ရှိသည်ဟုခံစားမိပါသည်။ ကျွန်မတို့ လူမျိုးအကျိုးအတွက် အားမလို အားမရဖြစ်မိသမျှ စုစည်းတင်ပြခြင်းဖြစ်ပါသည်။ စာဖတ်သူတို့ ကြုံတွေ့ခဲ့သမျှနှင့်ပေါင်းစပ်ပြီး ဝိုင်းဝန်းစဉ်းစားပေးစေချင်ပါသည်။ ။

Environment
7 DAY NEWS JOURNAL
Vol.9, No.29 · OCTOBER 7, 2010

# ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးနှစ် မအောင်မြင်

**အေးမြကျော်**

**နယူးယောက်၊ စက်တင်ဘာ-၂၂**

နိုင်ငံတကာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနှစ်အဖြစ် သတ်မှတ်ထားသော ၂၀၁၀ပြည့်နှစ်တွင် ဇီဝမျိုးစုံမျိုးကွဲများ သဘာဝမှ လျော့နည်းပျောက်ကွယ်တော့မည့်အရေးကို ထိရောက်စွာ ကိုင်တွယ်နိုင်ခဲ့ခြင်း မရှိကြောင်း ကုလသမဂ္ဂအထွေထွေညီလာခံတွင် အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက ပြောကြားခဲ့သည်။

"သဘာဝတရားကနေ သဘာဝအရင်းအမြစ်တွေ လျော့နည်းပျောက်ကွယ်သွားတာကိုခွင့်ပြုနေရတာဟာ ပြတင်းပေါက်ကနေ ပိုက်ဆံတွေလွှင့်ပစ်နေရတာနဲ့ ဆင်တူပါတယ်"ဟု မစ္စတာဘန်ကီမွန်းက ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂအထွေထွေညီလာခံတွင် မိန့်ခွန်းပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့သည်။

ယနေ့ကမ္ဘာပေါ်တွင် အပင်နှင့် တိရစ္ဆာန်မျိုးစိတ်ပေါင်း ၁၇၀၀၀ နီးပါးသည် ဆက်လက်မထိန်းသိမ်းပါက မျိုးသုဉ်းပျောက်ကွယ်တော့မည့်အန္တရာယ်နှင့် ရင်ဆိုင်နေရပြီး အချို့သော မျိုးစိတ်များမှာလည်း ရှားပါးမျိုးစိတ်စာရင်းတွင် ထည့်သွင်းရသည့်နှုန်းမှာလည်း တစ်နေ့တခြားများပြားလာနေကြောင်း ကုလသမဂ္ဂဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က ထုတ်ပြန်သည်။ ၂၀၁၀ပြည့်နှစ်သည် ကမ္ဘာလုံးဆိုင်ရာ နိုင်ငံတကာ ဇီဝမျိုးစုံကွဲနှစ် (International Biodiversity year) အဖြစ် သတ်မှတ်ထားသော နှစ်တစ်နှစ်ဖြစ်သည်။ *Ref:UN*



*ဓာတ်ပုံ- ဂါးဒီးယန်း*

# ဘုန်းတော်ကြီးသင်ကျောင်းများသို့ သဘာဝပတ်ဝန်းကျင်အကြောင်း လိုက်လံသင်ကြားပေးမည်ဆို

**အိမြူမွန်**

**ရန်ကုန်၊ စက်တင်ဘာ-၂၈**

မြန်မာလူငယ်များအဖွဲ့ (Myanmar Youth in Action) က ဘုန်းတော်ကြီးသင်ကျောင်းများနှင့် ခရစ်ယာန်ပညာသင်ကျောင်းများတွင် သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်၍ အငယ်စားပညာပေးမှု (Small Education)အဖြစ်ငါးလအကြာ သင်ကြားပေးမည်ဖြစ်ကြောင်း ယင်းအဖွဲ့မှ အဖွဲ့ဝင် မတင်မြတ်ထက်ကပြောသည်။ ဘာသာရေးအဖွဲ့အစည်းများက ဖွင့်လှစ်ထားသည့်ကျောင်းများရှိ အသက် ၁၀ နှစ်မှ ၁၅ နှစ်အရွယ် ကျောင်းသား၊ ကျောင်းသူများအား သင်ကြားပေးမည်ဖြစ်ကြောင်း၊ ပိတ်ရက်နှစ်ရက်တွင် ရန်ကုန်မြို့အတွင်းရှိကျောင်းများတွင် သင်ကြားဟောပြောပေးမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

အဖွဲ့တွင် အဖွဲ့ဝင်ပေါင်း ၂၅ ယောက်ရှိပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ပထမဦးဆုံးအကြိမ် သင်ကြားပေးခြင်းဖြစ်သည်ဟုဆိုသည်။ သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်၍ ပလတ်စတစ်၏ဆိုးကျိုးများနှင့်သစ်ပင်များ၏ ကောင်းကျိုးများ၊ ရေနှင့်လေထုညစ်ညမ်းခြင်းများဖြစ်ပေါ်လာမှုနှင့် ဆိုးကျိုးများ၊ ကလေးငယ်များနားလည်နိုင်မည့် အကြောင်းအရာများကို သင်ကြားပေးမည်ဖြစ်ကြောင်း၊ ယင်းအပြင် ကလေးငယ်များ၏ တစ်ကိုယ်ရေကျန်းမာရေးနှင့်ပတ်သက်၍လည်း ဟောပြောမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

"ကိုယ့်ပိုက်ဆံကိုယ်စိုက်ထုတ်ပြီး လုပ်ပေးမှာပါ။ သင်ကြား ဟောပြောရေးနဲ့ပတ်သက်ပြီး ကလေးတွေနားလည်လွယ်အောင် အစီအစဉ်တွေ ရေးနေတယ်" ဟုလည်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။ ကျောင်းအရောက် မိုဘိုင်းသင်ကြားခြင်းကို အောက်တိုဘာလတွင် စတင်သင်ကြားပေးမည်ဟု သိရသည်။



Tourism

7 DAY NEWS JOURNAL

Vol.9, No.29 · OCTOBER 7, 2010

# 'အခုထိကတော့ ထိုင်းနိုင်ငံသားတွေက အများဆုံးပေါ့။ တရုတ်၊ တရုတ် (တိုင်ပေ) နဲ့ ကိုရီးယားတွေလည်း များပါတယ်'

## မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်အသင်း အတွင်းရေးမှူးနှင့်တွေ့ဆုံခြင်း

သူရအောင်ထက်

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဝင်ရောက်လာသည့် ကမ္ဘာလှည့်ခရီးသွား စာရင်းအရဆိုလျှင် လအလိုက်တက်လာသည်ကိုပြနေသည်။ ဧည့်သည်အဝင်နည်းသော Low Season ဟု သတ်မှတ်ထားသည့် မေလမှစ၍ပင် ယမန်နှစ်ကထက်ပိုများခဲ့သည်။

ကိန်းဂဏန်းများအရ ဆို ၂၀၀၉မေလထက် ၂၀၁၀ မေလမှာ ၂၆ ဒသမ ၉၁ ရာခိုင်နှုန်း ၂၀၀၉ ဇွန်လထက် ၂၀၁၀ ဇွန်လ မှာ ၂၆ ဒသမ ၁၇ ရာခိုင်နှုန်း၊ ဇူလိုင်လဆိုလျှင်လည်း ၄၆ ဒသမ ၇၀ ရာခိုင်နှုန်းနှင့် ဩဂုတ်လတွင် ၆၆၃၁ ဦးပိုမိုဝင်ရောက်ခဲ့သည်။

ယခုဆိုလျှင် ဧည့်သည်ဝင်ရောက်မှုများသော ခရီးသွားရာသီ (High Season)ရောက်ရှိတော့မည်။ သို့သော် စက်တင်ဘာလဆန်းမှစ၍ ဆိုက်ရောက်ပြည်ဝင်ခွင့်အား ရပ်ဆိုင်းထားခဲ့သဖြင့် ခရီးသွားရာသီတွင် ခရီးသည်ဝင်ရောက်မှုအခြေအနေများအား သိရှိစေရန် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၏ ပြောရေးဆိုခွင့်ရှိသူအတွင်းရေးမှူးဦးတင်ထွန်းအောင်နှင့် တွေ့ဆုံမေးမြန်းထားသည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

♦ **လက်ရှိရရှိထားတဲ့ ဘွတ်ကင်တွေအရ လာမယ့် အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလတွေမှာမနှစ်ကထက် ဧည့်သည်ဝင်ရောက်မှုပိုလာနိုင်ပါသလား။**

Trend (အလားအလာ)အရရော၊ ကုမ္ပဏီတွေအနေနဲ့ ရထားတဲ့ ဘွတ်ကင်အရရော ၂၀၁၀ ကများမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ၂၀၀၉ နောက်ပိုင်းကစပြီး သိသိသာသာ တိုးတိုးလာတာ ၂၀ ရာခိုင်နှုန်း တိုးလိုက် ၂၅ ရာခိုင်နှုန်း ၄၀ ရာခိုင်နှုန်းစသဖြင့် တစ်လစီတစ်လစီတိုးလာခဲ့တာ ဒီပွင့်လင်းရာသီမှာလည်း တိုးမှာပဲ။

♦ **ဘယ်နိုင်ငံက ခရီးသွားတွေအများဆုံးတိုးလာပါသလဲ။**

ဥရောပဘက်က Inquire (စုံစမ်းမှု)တွေလည်းများလာတယ်။ ဥရောပသားတွေတိုးလာပါတယ်။ အခုထိကတော့ ထိုင်းနိုင်ငံသားတွေကအများဆုံးပေါ့။ တရုတ်၊ တရုတ်(တိုင်ပေ)နဲ့ကိုရီးယားတွေလည်း များပါတယ်။

♦ **ဆိုက်ရောက်ပြည်ဝင်ခွင့်ကို ယာယီရပ်ဆိုင်းထားတော့ မြန်မာပြည်ကိုလာလည်မယ့် ဧည့်သည်တွေ ဘယ်လိုပုံစံနဲ့ ဗီဇာရယူနိုင်သလဲ။**

ကြိုတင်ပြင်ဆင်တဲ့ ဆိုက်ရောက်ဗီဇာပါ။ ၁၀ ရက်လောက်တော့ကြိုပြီးတော့လျှောက်ရတယ်။ လျှောက်ပြီးတော့ ခွင့်ပြုချက်ရရင် လျှောက်ပေးတဲ့ကုမ္ပဏီက ပါမစ်ကို ဧည့်သည်နဲ့လေကြောင်းလိုင်းကို ပို့ပေးရတယ်။ ဗီဇာမဟုတ်ဘူးနော်။ Visa on Arrival လုပ်ရန်အတွက် ခွင့်ပြုချက်နော်။အဲဒီလို အစီအစဉ်နဲ့လာလို့ရတယ်။

♦ **အဲဒီလို ကြိုတင်ပြင်ဆင်တဲ့ ဆိုက်ရောက်ဗီဇာက ဘယ်နိုင်ငံသားမဆိုလုပ်လို့ရပါသလား။**

နံပါတ်တစ်ဦးစားပေးက သံရုံးမရှိသော နိုင်ငံသားများ၊ဥပမာ စပိန်မှာမရှိဘူး။ ပေါ်တူဂီမှာမရှိဘူး။ နံပါတ်နှစ်က သံရုံးရှိသော နိုင်ငံသားဖြစ်သော်လည်း သံရုံးမရှိတဲ့နိုင်ငံမှာ အလုပ်လုပ်နေရင်း ရတဲ့အားလပ်ရက်ကို မြန်မာပြည်လာလည်ချင်သူတွေ။ ဒီဟာမျိုး ခွင့်ပေးပါတယ်။

♦ **ဆိုက်ရောက်ဗီဇာနဲ့ လာတဲ့ဧည့်သည်တွေတုန်းက သက်တမ်းထပ်တိုးလို့မရဘူးသိထားပါတယ်။ အခု ကြိုတင်ပြင်ဆင်တဲ့ ဆိုက်ရောက်ဗီဇာနဲ့ လာတဲ့သူတွေကိုသက်တမ်းတိုးချင်လို့ ရပါသလား။ ဒဏ်ကြေးပေးပြီး နေလို့ရပါသေးလား။**

သက်တမ်းတိုးလို့မရဘူးဆိုတဲ့မူနဲ့ပဲရှိနေပါတယ်။ မနေဖို့တိုက်တွန်းပါတယ်။ ၂၈ ရက်ခွင့်ပြုထားတယ်။ ၂၈ ရက်ဘောင်အတွင်းမှာ ခရီးစဉ်ဆွဲရမယ်။ မကျော်စေချင်ဘူး။ လုပ်ရမယ့်သဘောပဲ။

♦ **မနှစ်က ခရီးသွားရာသီမှာရော ဒီနှစ် ဆိုက်ရောက်ဗီဇာ ပေးတဲ့အချိန်မှာရော FIT တွေများခဲ့တယ်လို့ ကြားသိရပါတယ်။ အခုလာမယ့် ခရီးသွားရာသီမှာရော FIT နဲ့ Pakage က ဘယ်သူပိုများနိုင်ပါသလဲ။**

Visa On Arrival ကနေ Pre Arrange ment ပြောင်းသွားတော့ အလွယ်တကူရဖို့တော့မလွယ်တော့ဘူး။ FIT တွေ အတွက်ပေါ့။ ဒါပေမဲ့ FIT တွေက မိမိနိုင်ငံမှာရှိတဲ့သံရုံးမှာ ဗီဇာယူပြီးလာလို့ရတယ်။ ဘန်ကောက်တို့စင်ကာပူတို့မှာယူလည်းရပါတယ်။

♦ **ဘယ်ကာလက ဘွတ်ကင်ပိုများပါသလဲ။**

အခုအောက်တိုဘာမှာ လာမယ့်သူတွေရှိတယ်။ ပေါ်တူဂီတို့ အစုရေးတို့လာဖို့ရှိတယ်။ ရွေးကောက်ပွဲနောက်ပိုင်းမှာလည်း နယ်သာလန်တို့လာဖို့ရှိတယ်။ ရွေး ကောက်ပွဲက မြန်မာနိုင်ငံမှာတော့ထူးကဲဖြစ်စဉ်တစ်ခုပဲ။ တစ်ကမ္ဘာလုံးက ဧည့်သည်တွေအတွက်ကတော့ Part of the Life ပဲ။ သူ့အလုပ်သူလုပ်ကြရတဲ့သဘောပဲ။

♦ **ဒါဆိုရင် ဒီနှစ်နိုဝင်ဘာမှာရော မနှစ်က နိုဝင်ဘာမှာလို အခန်းမလောက်တာတို့ Tour Guide မလောက်တာတို့ ဖြစ်နိုင်သလား။**

ဖြစ်နိုင်တာပေါ့။ နိုဝင်ဘာမှာက ကျောက်ပွဲလည်း ရှိသေးတယ်။ အဲဒီမှာအများကြီးဆုံကြရဦးမှာ။

♦ **ရွေးကောက်ပွဲပြီးတဲ့နောက်ပိုင်းမှာ မြန်မာပြည်ရဲ့ ခရီးသွားလုပ်ငန်းဟာ တိုးတက်လာနိုင်ပါသလား။**

ရှေ့ကိုမျှော်ကြည့်မယ်ဆိုရင် ၂၀၀၉ နှစ်ဦးပိုင်းကနေ ၂၀၀၉ နှစ်နှောင်းပိုင်းမှာ ၃၀ ရာခိုင်နှုန်းတက်လာတယ်။ ၂၀၀၉ နှစ်နှောင်းပိုင်းကနေ ၂၀၁၀ နှစ်ဦးပိုင်းမှာလည်း၃၀ရာခိုင်နှုန်းတိုးလာတယ်။ ဒါဆိုရင် Trend အရ ၂၀၁၀ နှစ်နှောင်းပိုင်းမှာလည်း တိုးလာမှာပဲ။ ဒီအာဆီယံဒေသ တစ်ခုလုံးကိုကြည့်မယ်ဆိုရင်ထိုင်းမှာ တစ်နှစ်ကို ၁၅ သန်း၊ မလေးမှာ ၁၇ သန်း၊ လာအိုမှာ တစ်သန်းကျော်၊ ဗီယက်နမ်မှာ ၄ သန်း၊ ကမ္ဘောဒီးယားမှာ ၂ သန်းဝင်နေပြီး မြန်မာနိုင်ငံ သမိုင်းတစ်လျှောက်လုံးမှာ ၂၀၀၆ ခုနှစ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကဝင်တာနှစ်သိန်းခြောက်သောင်း ဒါအမြင့်ဆုံးပဲ။ ဒါကိုကြည့်ရင် ရှေ့အလားအလာအများကြီးရှိတယ်။ ခရီးသွားတယ်ဆိုတာက အခုတစ်ကမ္ဘာလုံးမှာ Life Style ဖြစ်လာပြီ။မြန်မာတွေတောင် တစ်နှစ်တစ်ခါတော့ခရီးထွက်လာကြပြီ။ ဒါကြောင့် မြန်မာနိုင်ငံသည်လည်း တစ်စတစ်စတက်လာမှာပဲ။

♦ **အခုလိုဖြေပေးတာ ကျေးဇူးအများကြီး တင်ပါတယ်။**



*မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော ထိုင်းခရီးသွားအဖွဲ့တစ်ဖွဲ့ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တွေ့ရစဉ်။ ဓာတ်ပုံ- ဂျေမောင်မောင်(အမရပူရ)*



The Cartoon 1000




















7DAY NEWS JOURNAL
Vol.9, No.29 · OCTOBER 7, 2010



# ဓနသဟာယ အားကစားပြိုင်ပွဲလုံခြုံရေးအတွက် မျောက်များကို အစောင့်ချထား

**ဒေလီ၊ စက်တင်ဘာ - ၂၉**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တော် အာဏာပိုင်များသည် ဓနသဟာယအားကစားပြိုင်ပွဲ ကျင်းပစဉ်အတွင်းမျောက်လွှဲကျော်များ ကစားကွင်းများအနီး လာရောက်ခြင်းကိုကာကွယ်နိုင်ရန် မျက်နှာမည်း လန်ဂါမျောက်မျိုးများအား အစောင့်အဖြစ် ချထားရကြောင်း သိရသည်။ သတင်းများ၏ အဆိုအရယခုအခါအိန္ဒိယ၏ မြို့တော် ဒေလီတွင် ကစားကွင်းအချို့၌ အဆိုပါမျောက် အနည်းဆုံး ၁၀ ကောင်ခန့်ကို အစောင့်ချထားကြောင်းဆိုသည်။ ဒေလီအာဏာပိုင်များသည် မျောက်လွှဲကျော်များကိုခြောက်လှန့်ရာတွင် အသုံးပြုရန်အတွက် ထိုသို့ လန်ဂါမျောက်ကြီး ၂၈ ကောင်ကို ထိန်းသိမ်းထားပြီး နောက်ထပ် ၁၀ ကောင်ခန့်ကိုလည်း ရာဂျစသန်ပြည်နယ်မှအသင့်ယူဆောင်ထားကြောင်း သိရသည်။

ဒေလီတွင် အထူးသဖြင့် အစိုးရရုံးများ၊ အဆောက်အအုံများတွင် မျောက်များကိုတွေ့ရလေ့ရှိပြီး ယင်းမှာ အများပြည်သူအတွက် စိတ်အနှောင့်အယှက်ဖြစ်စရာတစ်ခု ဖြစ်နေသည်။ လန်ဂါမျောက်များသည် အမြီးရှည်၍ အမည်းရောင်မျက်နှာနှင့် မျောက်ကြီးမျိုးဖြစ်ပြီး ၎င်းတို့ကို အခြားမျောက်များနှင့် မျောက်လွှဲကျော်များ နှင်ထုတ်ရန်အတွက် စနစ်တကျ မွေးမြူလေ့ကျင့်ထားခြင်းဖြစ်သည်။ ဒေသခံအာဏာပိုင်တစ်ဦးကလည်း အေအက်ဖ်ပီသတင်းသို့ မြို့တော်တွင် မျောက်များပေါများစွာရှိနေခြင်းသည် လက်ဝှေ့ပြိုင်ပွဲနှင့် ဟော်ကီပြိုင်ပွဲများကျင်းပရာ ကစားကွင်းများကို နှောင့်ယှက်စေနိုင်ကြောင်း၊ ကစားကွင်းနှစ်ကွင်းစီကို လန်ဂါမျောက်လေးကောင်နှုန်း ထားကာစောင့်ကြပ်စေပြီး အရန်အဖြစ်နှစ်ကောင်စီ ထားရှိသွားမည်ဖြစ်ကြောင်း ပြောသည်။ အိန္ဒိယမြို့တော်တွင် ယခုကဲ့သို့ မျောက်များပေါများ နေရခြင်းမှာ ဒေသခံများက မျောက်များသည် ရှားပါးတန်ဖိုးရှိသည့် ဘာသာရေးဆိုင်ရာ သတ္တဝါဖြစ်သည်ဟုခံယူပြီး သတ်ဖြတ်ခြင်းမပြုကြခြင်းကြောင့် ဖြစ်သည်ဟု သတင်းကဆိုသည်။

*—Ref: BBC*






## အာရှစီးပွားတိုးတက်မှုနှုန်း ယခုနှစ်တွင် ၈ ဒသမ ၂ ရာခိုင်နှုန်း ရှိမည်ခန့်မှန်း

**ဟောင်ကောင်၊ စက်တင်ဘာ - ၂၈**

အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ)သည် ယခုနှစ်အတွက် အာရှဒေသတစ်ခုလုံးစီးပွားရေးတိုးတက်နှုန်းကို ပြီးခဲ့သည့်ဧပြီလက ခန့်မှန်းချက် ၇ ဒသမ ၅ ရာခိုင်နှုန်းထက် တိုးမြှင့်ကာ ၈ ဒသမ ၂ ရာခိုင်နှုန်းအထိ ပိုမိုခန့်မှန်းလိုက်ကြောင်း သိရသည်။ မနီလာမြို့တော်အခြေစိုက် အေဒီဘီဘဏ်က ယခုကဲ့သို့အာရှစီးပွားရေး တိုးတက်ခန့်မှန်းရာတွင် ဂျပန်နိုင်ငံကိုမူ ထည့်သွင်းခြင်းမပြုဘဲ ဒေသတွင်းဖွံ့ဖြိုးဆဲနှင့် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံသစ်စုစုပေါင်း ၄၄ နိုင်ငံကို လွှမ်းခြုံခန့်မှန်းခြင်းဖြစ်ကြောင်း ဆိုထားသည်။

ဘဏ်၏ထုတ်ပြန်ချက်၌ "အားလုံးလွှမ်းခြုံကြည့်လျှင် အာရှ၏စီးပွားရေးနာလန်ထမှုမှာ ပိုမိုကောင်းမွန်လာသည်။ အစိုးရများ၏ ဘဏ္ဍာရေးနှိုးဆွမှုကြောင့် စားသုံးသူများနှင့် စီးပွားရေးလုပ်ငန်းများတွင် ငွေသုံးစွဲမှုပိုလာ၍ ဘဏ္ဍာရေးအကျပ်အတည်းမှ နာလန်ထလာခဲ့သည်" ဟုဖော်ပြထားသည်။

အေဒီဘီသည် နိုင်ငံတစ်ခုချင်းအလိုက် စီးပွားရေးများကို ခန့်မှန်းရာတွင်မူ တရုတ်ကို တိုးတက်မှု ၉ ဒသမ ၆ ရာခိုင်နှုန်းရှိမည်ဟုလည်းကောင်း၊ ဟောင်ကောင်မှာ ၅ ဒသမ ၈ ရာခိုင်နှုန်း၊ တောင်ကိုရီးယားနှင့် တရုတ်တိုင်ပေတို့မှာ ၆ ရာခိုင်နှုန်းနှင့် ၇ ဒသ မ ၇ ရာခိုင်နှုန်းအထိ အသီးသီးရှိနိုင်ကြောင်း ခန့်မှန်းထားသည်။ သို့သော် အာရှဖွံ့ဖြိုးရေးဘဏ်က အမေရိကန်၊ ဥရောပနှင့် ဂျပန်ကဲ့သို့သော အဓိကနိုင်ငံကြီးများတွင် စီးပွားရေးပြန်လည်ကောင်းမွန်ရန် အရှိန်ယူနေရပြီး အားနည်းချက်များရှိနေဆဲဖြစ်ကြောင်း သတိပေးထားသည်။

ဘဏ်က "တစ်ကမ္ဘာလုံးစီးပွားရေးနာလန်ပြန်ထမှုတွင် အန္တရာယ်များရှိနေဆဲ၊ နှစ်ထပ်ကွမ်းစီးပွားရေးကျဆင်းမှု ဖြစ်နိုင်ခြေမှာ အဓိက စက်မှုအင်အားကြီးစီးပွားရေးနိုင်ငံကြီးများတွင် ကျန်ရစ်နေဆဲ" ဟု ဖော်ပြခဲ့သည်။

ဘဏ်၏ခန့်မှန်းချက်တွင် ယမန်နှစ်ကထက် နှစ်ဆခန့်တက်လာကြသည်မှာ ဖိလစ်ပိုင်နှင့် စင်ကာပူတို့ဖြစ်ကြသည်။ ဘဏ်ကဖိလစ်ပိုင်သည် ယခင်က ခန့်မှန်းထားချက် ၃ ဒသမ ၈ ရာခိုင်နှုန်းကိုကျော်လွန်ကာ စီးပွားရေးတိုးတက်မှုနှုန်း ၆ ဒသမ ၂ ရာခိုင်နှုန်းရမည်ဟုလည်းကောင်း၊ စင်ကာပူသည် ယခင်ခန့်မှန်းချက် ၆ ဒ သမ ၃ ရာ ခိုင်နှုန်းကိုကျော်ကာ ၁၄ ရာခိုင်နှုန်းအထိရှိလာမည်ဟုလည်း ကောင်းခန့်မှန်းထားသည်။

*—Ref: Telegraph*

7DAY NEWS JOURNAL
Vol.9, No.29 • OCTOBER 7, 2010

# ကျွန်တော်က အကြမ်းဖက်သမားတွေနဲ့ မစေ့စပ်တတ်ဘူး

## ကိုလံဘီယာသမ္မတ ဟွမ်မန်နျူရယ်လ်ဆန်းတိုစ်နှင့် တွေ့ဆုံခြင်း



ကျော်မျိုး

ကိုလံဘီယာ သမ္မတဟွမ်မန်နျူရယ်ဆန်းတိုစ်ဟာ မကြာသေးမီကပဲ ၂၀၁၀ ကုလသမဂ္ဂ အထွေထွေ ညီလာခံတက်ရောက်ဖို့ နယူးယောက်မြို့တော်ကို ရောက်ရှိလာခဲ့ပါတယ်။ ကိုလံဘီယာဟာ ယခုအချိန်မှာ ပြည်တွင်းသူပုန်တပ်ဖွဲ့ တစ်ခုဖြစ်တဲ့ ကိုလံဘီယာတော်လှန်ရေး လက်နက်ကိုင်အဖွဲ့ (the Revolutionary Armed Forces of Colombia/ FARC) ရဲ့ထိပ်တန်းခေါင်းဆောင် မိုနိုဂျိုဂျိုင်းကိုလည်းပြောက်ကျားတပ်ဖွဲ့ဝင် ၂၀ နဲ့အတူ အသေဖမ်းဆီးရမိထားပါတယ်။ ကိုလံဘီယာအစိုးရအတွက်တော့ ဒါဟာ ၂၀၀၀ ပြည့်နှစ်ကစလို့ အမေရိကန်ရဲ့ အကူအညီ ဒေါ်လာငါးဘီလီယံကျော်နဲ့ ဆောင်ရွက်နေတဲ့ မူးယစ်ဆေးနဲ့ဆက်စပ်တဲ့ ပုန်ကန်အုံကြွမှုတွေကိုနှိမ်နင်းရေး Plan Colombia စီမံကိန်းရဲ့ နောက်ဆုံး အောင်မြင်မှုတစ်ခုလည်း ဖြစ်ခဲ့ပါတယ်။ ကိုလံဘီယာ သူပုန်တပ်ဖွဲ့ FARC ဟာ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းကစလို့ အင်အားကောင်းလာခဲ့ပြီး အဖွဲ့ဝင် ၈၀၀၀ ခန့်အထိ ရှိလာတယ်လို့ သိရပါတယ်။ ဒါပေမဲ့ ကိုလံဘီယာအစိုးရတပ်ဖွဲ့တွေဟာ သူပုန်အရေအတွက် ပိုမိုများပြားစေသယောင်ထင်မှတ်စေဖို့ ၎င်းတို့ရဲ့ စစ်ဆင်မှုတွေမှာ သေဆုံးခဲ့ရတဲ့ အရပ်သားတွေကိုလည်း သူပုန်တပ်ဖွဲ့ဝတ်စုံတွေ ပြောင်းလဲဝတ်ဆင်ပေးကာ စာရင်းပြခဲ့တာတွေ ရှိတယ်လို့လည်း စွပ်စွဲမှုတွေ ရှိခဲ့ပါတယ်။ ဒါကြောင့် နယူးယောက်ကိုရောက်ရှိလာတဲ့ သမ္မတဆန်းတိုစ်ကို တိုင်းမ်မဂ္ဂဇင်းက FARC အကြောင်း၊ ဗင်နီဇွဲလား သမ္မတ ဟူဂိုချားဗက်ဇ်အကြောင်းနဲ့ လက်တင်အမေရိကရဲ့ လက်ရှိအခြေအနေစတာတွေကို မေးမြန်းထားခဲ့ပါတယ်။

မိုနိုဂျိုဂျိုင်းကို အသေဖမ်းမိနိုင်တာဟာ ကိုလံဘီယာအတွက် ဘာ့ကြောင့် အရေးပါနေရပါသလဲ။

ဒါဟာ FRAC နဲ့ကျွန်တော်တို့ရင်ဆိုင်ရသမျှမှာ အရေးအပါဆုံး၊ အပြင်းထန်ဆုံး တိုက်ခိုက်နိုင်မှုပါပဲ။ ဒီလူက ဒဏ္ဍာရီတစ်ခုလိုဖြစ်လာနေတာပါ။ သူက သူပုန်တပ်ဖွဲ့ရဲ့ စစ်ရေးခေါင်းဆောင်လည်းဖြစ်တယ်။ အဖွဲ့မှာ စည်းကမ်းပိုင်းကို ကိုင်တွယ်သူလည်းဖြစ်တယ်။ သိပ်ရက်စက်၊ မာကျောတဲ့သူပါ။ ဒီလိုလူတစ်ယောက်ကို ဖမ်းမိတာထက် ပိုအရေးကြီးတဲ့အချက်က ကျွန်တော်တို့ဟာ ဒီတိုက်ခိုက်မှုကြောင့် FARC ရဲ့နှလုံးသားကို၊ ဗဟိုချက်ကို တိုက်ခိုက်နိုင်ခဲ့တာပါပဲ။ အဲဒီလိုဖြစ်ပျက်ခဲ့ပုံဟာ ဘယ်လောက်အရေးပါတယ်ဆိုတဲ့ နမူနာတစ်ခုကို ကျွန်တော်ပြောပြပါ့မယ်။ တခြားသူပုန်တစ်ဦးဖြစ်တဲ့ ရာအူးလ်ရေးယတ်စ်ကို အီကွေဒေါမှာ ကျွန်တော်တို့ ဖမ်းမိတုန်းကလည်း ကွန်ပျူတာသုံးလုံးနဲ့ အချက်အလက်တွေ သိုလှောင်ထားတဲ့ ကွန်ပျူတာ memory drives ရှစ်ခုကျွန်တော်တို့ သိမ်းဆည်းရမိခဲ့တယ်။ ဒီတစ်ကြိမ်မှာတော့ မိုနိုဂျိုဂျိုင်းကို အသေဖမ်းမိစဉ် သူတို့ရဲ့ကွန်ပျူတာ ၁၂ လုံးနဲ့ memroy drive အခု ၆၀ ကျွန်တော်တို့ သိမ်းမိတယ်။ ဒါ့ကြောင့် FARC ရဲ့ လှုပ်ရှားမှုတွေနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို ကျွန်တော်တို့ ထပ်ရှာတွေ့နိုင်မယ်လို့ ထင်မိပါတယ်။ ဒါတွေအားလုံးဟာ သူပုန်တွေရဲ့ ဇာတ်သိမ်းအတွက်အစပဲလို့ ကျွန်တော်ထင်ပါတယ်။

မက္ကဆီကို နိုင်ငံဆိုရင်လည်း မူးယစ်ဆေးဆက်နွယ်တဲ့ ပုန်ကန်မှုတွေနဲ့ နှစ်ပေါင်းများစွာ ရင်ဆိုင်လာရတာဆိုတော့ ဒီနိုင်ငံတွေဟာလည်း ကိုလံဘီယာရဲ့အတွေ့အကြုံကနေ ဘယ်လိုသင်ခန်းစာတွေ ရနိုင်မလဲ။

ကျွန်တော်က အကြမ်းဖက်သမားတွေနဲ့ မစေ့စပ်တတ်ဘူး။ သူတို့ကို နှိမ်နင်းရင် ပြတ်ပြတ်သားသား အချက်ပြရမှာပါ။ အရင်ဆုံး ဓားစာခံဖမ်းထားတဲ့လူတွေကို လွှတ်ရမယ်။ ပြီးတော့ အကြမ်းဖက်လှုပ်ရှားမှုတွေကို နှိပ်ကွပ်ရမယ်။ အဲဒီနောက်မှ ကျွန်တော်တို့ စကားပြောဆို ဆွေးနွေးနိုင်မှာပါ။ သူတို့အဲဒီလိုမှ မလုပ်ဘူးဆိုရင်တော့ ကျွန်တော်တို့ ဖိအားဆက်ပေးရပါမယ်။ ကျွန်တော်ကာကွယ်ရေးဝန်ကြီး ဖြစ်တဲ့အချိန်လွန်ခဲ့တဲ့လေးနှစ် ကစလို့ကျွန်တော်



တို့ပေါ်လစီ တစ်ခုချမှတ်ထားပါတယ်။ ပြောက်ကျားတွေကို တောထဲဝင် နှိမ်နင်းဖို့၊ ပြီးတော့ လယ်သမားတွေကိုလည်း သူတို့စိုက်နေတဲ့ မူးယစ်ဆေးပင်တွေ အစားကိုကာတွေ ပြောင်းစိုက်ဖို့အတွက် ပြင်ဆင်ပေးဖို့ပါ။ ဒါမှ သာလယ်သမားတွေရဲ့ သဘောထားကိုလည်း ပြောင်းလဲနိုင်မှာဖြစ်တယ်။ အဲဒါဆိုရင် FARC တပ်ဖွဲ့တွေ သူတို့နယ်ထဲပြန်ရောက်လာရင် ငြင်းပယ်ခံရမှာပါ။

လက်တင်အမေရိကမှာ ဆိုရင် ချီလီမှာ၊ ပီရူးမှာ၊ အာဂျင်တီးနားမှာပုန်ကန်မှုတွေကို တန်ပြန်နှိမ်နင်းရေး မဟာဗျူဟာ တွေရှိခဲ့ကြပါတယ်။ ဒါတွေကိုလည်း နည်းပြင်းထန်တယ်လို့ ရှုမြင်ကြတာရှိပါတယ်။ သမ္မတကြီးတို့ရဲ့ *Plan Colombia* စီမံကိန်းကိုရောသမိုင်းမှာ ဘယ်လိုမြင်ကြမလဲလို့ ထင်ပါသလဲ။

ကျွန်တော်တို့ရဲ့ ဒီစီမံကိန်းကိုတော့ အအောင်မြင်ဆုံး၊ နိုင်ငံခြားရေးပေါ်လစီအရ နှစ်နိုင်ငံ ပူးတွဲဆောင်ရွက်လုပ်တဲ့ အဓိကစီမံကိန်းတစ်ခုအဖြစ် မြင်ကြမယ်လို့ ပြောချင်ပါတယ်။ ကိုလံဘီယာဟာလွန်ခဲ့တဲ့ ၁၀ နှစ်ကတော့ ယိုယွင်းနိုင်ငံ failed state တစ်ခုဖြစ်ခဲ့တယ်။ ဒါပေမဲ့ ဒီနေ့မှာတော့ အားကောင်းတဲ့ ဒီမိုကရေစီနိုင်ငံတစ်ခုဖြစ်လာနေပြီ။ ဒီထက်တော့ ပိုကောင်းအောင်လုပ်နိုင်မှာ မဟုတ်တော့ဘူး။ Plan Colombia စီမံကိန်းရဲ့ အောင်မြင်မှုကို ဒီနေ့ကိုလံဘီယာရဲ့ နေရာတကာမှာ ခင်ဗျားမြင်နိုင်ပါတယ်။ ဒီအတွက် ကျွန်တော်တို့ ဂုဏ်ယူနေပါတယ်။

ဗင်နီဇွဲလား သမ္မတဟူဂိုချားဗက်ဇ်နဲ့ သမ္မတကြီးရဲ့ ဆက်ဆံရေးကရော ဘယ်လိုရှိပါသလဲ။ လက်တင်အမေရိကရဲ့ လက်ဝဲတွေနဲ့ ဆက်ဆံရတာ ဘယ်လိုနေပါသလဲ။

ကျွန်တော့်ရဲ့ သမ္မတ မဲဆွယ်စည်းရုံးရေးကာလမှာလည်း ကျွန်တော်ပြောခဲ့တာ ရှိပါတယ်။ နားထောင်ကြပါတယ်။ ကျွန်တော်ဟာတိုင်းပြည် ခေါင်းဆောင်တစ်ဦးအနေနဲ့ တာဝန်ယူတော့မှာပါ။ ဒါ့ကြောင့် လက်ကမ်းပေးကြပါလို့" ကျွန်တော်ပြောခဲ့တယ်။ သူ (ချာဗက်ဇ်) ကလည်းအပြုသဘောဆောင်ပြီး အဖြေပေးခဲ့ပါတယ်။ ကျွန်တော်သူ့ကိုပြောခဲ့တယ်။ "ကျွန်တော်ဟာ ခင်ဗျားလုပ်သလိုမျိုး လုပ်ဖို့ခင်ဗျားရဲ့ ဆွဲဆောင်မှုကိုခံမှာမဟုတ်သလို၊ ခင်ဗျားကိုလည်း ကျွန်တော်လုပ်သလို လုပ်ဖို့ ဆွဲဆောင်မှာမဟုတ်ဘူး။ ဒါပေမဲ့ ကျွန်တော်တို့ကြားက ကွဲပြားမှုတွေကိုတော့ တန်ဖိုးထားကြပါစို့" လို့ဆိုခဲ့ပါတယ်။ ဒါဟာကျွန်တော်တို့လုပ်ဆောင်နေတာ ဖြစ်ပြီး၊ သဘောတူထားတဲ့ မှန်ကန်တဲ့လမ်းကြောင်းပဲဖြစ်ပါတယ်။ အဲဒီမတိုင်ခင်ကတော့ အခြေအနေက ဆိုးဝါးခဲ့ပါတယ်။ ဥပမာဆိုရရင် သူတို့ဆီမှာ ငွေဖောင်းပွမှုနှုန်း ၃၀ ရာခိုင်နှုန်းကျော်ရှိခဲ့ပြီး အစားအစာလုံလောက်မှု မရှိခဲ့ဘူး။ ကျွန်တော်တို့မှာက စားကုန်တွေ အပြည့် အဝပိုလျှံနေခဲ့တယ်။ ဒါ့ကြောင့် ထောက်ပံ့ခဲ့ပါတယ်။ ကျွန်တော်ဟာ အစဉ်အလာ စဉ်းစားပုံမျိုးဖြစ်တဲ့ လက်ဝဲ၊ လက်ယာကွဲပြားမှု အပေါ်အခြေခံ စဉ်းစားသူတစ်ဦးမဟုတ်ပါဘူး။ ကျူးဘားဟာလည်း အခုဆို ဗီယက်နမ်လို လမ်းကြောင်းမျိုးကို သွားနေတယ်လို့ ကျွန်တော်မြင်ပါတယ်။ စီးပွားရေးအရ လွတ်လပ်၊ လစ်ဘရယ်ဆန်မှုနဲ့ တစ်ပါတီအုပ်ချုပ်မှုပုံစံကို ပေါင်းစပ်တာမျိုးပေါ့လေ။

သမ္မတကြီးရဲ့ အရင်ကိုလံဘီယာ သမ္မတဟောင်းကတော့ အမေရိကန်ကွန်ဂရက်ဆီကနေ ကုန်သွယ်ရေးလွတ်လပ်မှုသဘောတူညီချက်မရခဲ့လို့ စိတ်ပျက်ခဲ့ရပါတယ်။ ဒီအချက်အပေါ် သမ္မတကြီးရဲ့ အမြင်တွေကိုပြောပေးပါဦး။

ဒီကိစ္စကတော့ ကွန်ဂရက်ရဲ့ လက်ထဲမှာပဲ ရှိပါတယ်။ အမေရိကန်အစိုးရဟာ ကျွန်တော်တို့အတွက်ဒီကိစ္စဟာ အရေးကြီးမှန်းကောင်းကောင်းသိပါတယ်။ ကနေ့ကာလမှာဆို ကျွန်တော်တို့ရဲ့ ကုန်စည်တွေဟာ အမေရိကန်ဈေးကွက်ထဲကို အကောက်ခွန်မဲ့အနေနဲ့ ဝင်နေပြီး တော်တော်လေးယှဉ်ပြိုင်မှုမကျတဲ့ အခြေအနေမျိုးဖြစ်နေပါတယ်။ ဒီအချိန်မှာ ခင်ဗျားတို့ရဲ့ ထုတ်ကုန်တွေကတော့ ကျွန်တော်တို့ ဈေးကွက်ထဲ အခွန်စည်းကြပ်ပြီး ဝင်လာနေတယ်။ ဒါ့ကြောင့် လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီချက်ကို ငြင်းနေတာ ခင်ဗျားတို့ဘက်ကပဲဖြစ်ပါတယ်။ ဒါဟာအမေရိကန်ဘက်က လိုချင်နေတာဆိုရင် အဓိပ္ပာယ်မရှိပါဘူး။ ကျွန်တော်တို့လိုချင်တာကအထောက်အပံ့ခံ ဘဝနဲ့နေရမယ့်အစား ပိုမိုရင့်ကျက်တဲ့ တန်းတူရည်တူ ဆက်ဆံရေးမျိုးဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ဒီဒေသအတွင်းမှာ ပိုအရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်နေချင်ပါတယ်။

ကိုလံဘီယာဟာ လက်တင်အမေရိကမှာ ပြီးခဲ့တဲ့ ၂ နှစ်အတွင်း တတိယအရေးပါဆုံးနိုင်ငံဖြစ်လာခဲ့ပါတယ်။ မကြာခင်ကျွန်တော်တို့ အာဂျင်တီးနားကို ကျော်ဖြတ်နိုင်တော့မှာပါ။ ကိုလံဘီယာဟာအမေရိကန်နဲ့ အဓိကမဟာမိတ်တစ်ဦးဖြစ်တဲ့ အစဉ်အလာကို ရရှိထားပါတယ်။ အမေရိကန်နဲ့တွဲပြီး ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စလိုမျိုးတွေမှာ ကျွန်တော်တို့လုပ်နိုင်ပါတယ်။ မူးယစ်ဆေးကူးသန်းရောင်းဝယ်မှုနဲ့ အကြမ်းဖက်မှု နှိမ်နင်းရေးကိစ္စတွေအပြင် ပြည်သူတွေအတွက် လူမှုရေးဆိုင်ရာကိစ္စကိုလည်း ပထမဦးစားပေးအဖြစ်ထားပြီး ကျွန်တော်တို့လုပ်ဆောင်ချင်ပါတယ်။

*—Ref: AP, Q;A Colombia's President onFARC, Chavez and Free Trade*

7DAY NEWS JOURNAL

# Entertainment

Vol.9, No.29 · OCTOBER 7, 2010

## သက်ြန်မတိုင်မီ တစ်ကိုယ်တော်ခွေ ထွက်ရှိရန်ကြိုးပမ်းနေသည့် စိုးပြည့်သဇင်

**အေးသူ**

**ရန်ကုန်၊ စက်တင်ဘာ - ၃၀**

ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကားများ ဆက်တိုက်ရိုက်ကူးဖြစ်နေသော သရုပ်ဆောင်စိုးပြည့်သဇင်သည် သူမ၏တစ်ကိုယ်တော်စီးရီးသစ်ကို လာမည့် သင်္ကြန်ကာလမတိုင်မီ ထွက်ရှိနိုင်ရန်စီစဉ်နေကြောင်း 'မိုးညအိပ်မက်မြူ' ဇာတ်ကား အထူးပွဲပြသသည့်အခမ်းအနားတွင် ပြောကြားသည်။


"တစ်ကိုယ်တော်ခွေက စလုပ်နေပါပြီ။ သင်္ကြန်မတိုင်ခင် ထုတ်ဖို့တော့ စိုးပြည့်စီစဉ်နေပါတယ်။ ဂီတပုံစံကိုတော့ စိုးပြည့်နဲ့ လိုက်ဖက်တဲ့ပုံစံလေးတွေကိုပဲ အများဆုံးရွေးချယ်ထားပါတယ်။ ပေါ့ပ်ဂီတပုံစံတွေလည်းပါပါတယ်။ Trend တစ်ခုရယ်လို့တော့ မရှိပါဘူး။ ဂီတပုံစံအစုံပါအောင်လုပ်မှာပါ။ ရုပ်ရှင်ပဲဖြစ်ဖြစ် ဂီတပဲဖြစ်ဖြစ်ကိုယ်လုပ်တဲ့အလုပ်အပေါ်ကို အကောင်းဆုံးဖြစ်အောင် လုပ်သွားမှာပါ။ အောင်မြင်တာမအောင်မြင်တာက ကုသိုလ်ကံပေါ့" ဟု စိုးပြည့်သဇင်ကပြောကြားသည်။

စိုးပြည့်သဇင်သည် 'မိုးညအိပ်မက်မြူ' ဇာတ်ကားတွင် ချမ်းသာကြွယ်ဝသူသူဌေးသမီး ထားအဖြစ် သရုပ်ဆောင်ထားပြီး အထူးပွဲပြသသည့်နေ့တွင် မြန်မာဆန်ဆန်ဝတ်စုံလေးဖြင့် ပွဲတက်လာသဖြင့်လုံလုံခြုံခြုံဝတ်လေ့ရှိသည့်သူမ၏ ပွဲတက်ဝတ်စုံကို မေးမြန်းရာ "လူတိုင်းကတော့ ကိုယ်ကြိုက်တဲ့ဝတ်စုံကိုဝတ်ကြတာပေါ့။ မြန်မာဆန်ဆန်ပုံစံချည်းပဲ ကြိုက်လို့ဝတ်ဖြစ်တာတော့မဟုတ်ပါဘူး။ ဒီပရက်ရှိုးပွဲမှာ ဒါရိုက်တာ မကြည်ဖြူက သရုပ်ဆောင်တွေကို မြန်မာဆန်ဆန်ပုံစံလေးနဲ့မြင်ချင်ပါတယ်လို့တောင်းဆိုထားလို့ဝတ်ဖြစ်ပါတယ်"ဟု ဖြေကြားသည်။

သူမသည် ယခုနှစ်အတွင်း မင်းထုတ်လုပ်ရေးအတွက်ဒရာမာ ရုပ်ရှင်ကားကြီးတစ်ကားနှင့် လူစွမ်းကောင်းရုပ်ရှင်ထုတ်လုပ်ရေးအတွက် ရုပ်ရှင်ကားကြီး တစ်ကားရိုက်ကူးရန် အစီအစဉ်ရှိကြောင်းသိရသည်။



ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)



## ချစ်သူကို သဝန်တိုနေတဲ့ ခရစ်စတင်စတီးဝပ်

နယူးယောက်၊ စက်တင်ဘာ - ၂၈

ငယ်ငယ်ရွယ်ရွယ်နှင့် နာမည် ကျော်မင်းသမီး တစ်လက်ဖြစ်လာသောခရစ်စတင်စတီးဝပ်သည် ယခုအခါ သူမ၏ ချစ်သူရောဘတ်ပတ်တီဆန်အားအခြားမင်းသမီးတစ်ဦးဖြစ်သည့်အမ်မာဝပ်ဆန်ကလိုက်မည်ကို စိုးရိမ်နေကြောင်းသိရသည်။ ဗြိတိန် Heat မဂ္ဂဇင်း၏ သတင်းဖော်ပြချက်တစ်ခုအရ အသက် ၂၀အရွယ်ရှိ ခရစ်စတင်စတီးဝပ်သည် ရောဘတ်အပေါ် သဝန်တိုလျက်ရှိကြောင်း နီးစပ်သူတစ်ဦး၏ အဆိုကို ကိုးကား၍ ဖော်ပြထားသည်။

ယင်းပုဂ္ဂိုလ်က "အခြားမိန်းကလေးတွေလိုပါပဲ။ ခရစ်စတင်းဟာလည်း သိပ်သဝန်တိုတတ်ပြီး၊ ပိုင်ဆိုင်ချင်စိတ်များပါတယ်။ သူ့စိတ်ထဲမှာ အမ်မာကို ခြိမ်းခြောက် မှုတစ်ခုအဖြစ်မြင်နေပါတယ်" ဟုပြောသည်။ ထို့ပြင် ၎င်းက ရောဘတ်ပတ်တီဆန်သည် ယခင်ကလည်း အမ်မာကို လှသည်ဟုချီးကျူးခဲ့ခြင်း၊ အမ်မာကိုယ်တိုင်မှာ လည်းဗြိတိသျှမိန်းကလေး ဖြစ်နေသည့်အတွက် ခရစ်စတင်သည် ၎င်းတို့နီးစပ်သွားမည်ကို စိုးရိမ်နေခြင်းဖြစ်ကြောင်းဆိုသည်။ အမ်မာဝပ်တ်ဆန်နှင့် ရောဘတ်ပတ်တီဆန်တို့သည် ၂၀၀၅ ခုနှစ်က ဖြန့်ချိသည့် Harry Porter and the Goblet of Fire ဇာတ်ကားတွင်အတူတူပါဝင်ခဲ့ဖူးသည်။ —Ref: Showbizspy



## အာရှ သီချင်းပွဲတော်မှာ ပါဝင်မယ့် ရိန်း၊ Kara နဲ့ 2AM

**အေးမြကျော်**

ဆိုးလ်၊ အောက်တိုဘာ - ၁

မကြာမီကျင်းပတော့မည့် အာရှသီချင်းပွဲတော် (ASF) တွင် တောင်ကိုရီးယားမှ နာမည်ကြီးအဆိုတော် ဂီတအဖွဲ့များစွာ ပါဝင်ဖျော်ဖြေရန် လျာထားပြီး ထိုအထဲတွင် ရိန်း၊ မိန်းကလေးအဆိုတော်အဖွဲ့ ကာရာနှင့် အမျိုးသားအဆိုတော်အဖွဲ့ တူးအေအမ်တို့နှင့် ထိုင်ဝမ်အဆိုတော် Film တို့လည်း ပါဝင်မည်ဖြစ်သည်။

၎င်းတို့ကို ပွဲတော်တွင် ဒုတိယအသားပေး ဖျော်ဖြေသူများအဖြစ်ပွဲကျင်းပသူများကလျာထားကြပြီး ပထမဆုံးရှေ့ထွက်ဖျော်ဖြေမည့်သူများစာရင်းတွင်မူ ကိုရီးယားအဆိုတော် BOA၊ တရုတ်အဆိုတော် ဂျိန်းဇိုင်နှင့် ထိုင်ဝမ်တားဂျိခန်နှင့် မလေးရှားအဆိုတော်လစ်ဦးတို့ကို ထည့်သွင်းထားသည်။

ထိုအာရှသီချင်းပွဲတော် ဖြစ်မြောက်ရေးဥက္ကဌ အဖြစ်ဂျက်ကီချန်းက ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကမ္ဘာ့ကလေးများ ရန်ပုံငွေအဖွဲ့၏ သံတမန်ဖြစ်သော လီမင်ဟိုကလည်း သီချင်းပွဲတော်တွင် အာရှဒေသမှ အဆိုတော်များ အနုပညာရှင်များ ပိုမိုပါဝင်လာအောင်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အဆိုပါ အာရှသီချင်းပွဲတော်ကို ကမ္ဘာ့ကလေးများရန်ပုံငွေအဖွဲ့က စီစဉ်ကျင်းပပြီး ရရှိသောဝင်ငွေများကို ပါကစ္စတန်နိုင်ငံမှ ကလေးများအတွက် လှူဒါန်း သွားမည်ဖြစ်သည်။

—Ref: Hancinema

မန္တလေးတက္ကသိုလ်ကြီးရဲ့ယနေ့ခေတ်ပုံရိပ်တွေကိုမြင်တွေ့ချိန်မှာ သူမဖြတ်သန်းခဲ့ရတဲ့ယခင်မန္တလေးတက္ကသိုလ်ရဲ့အငွေ့အသက်တွေကိုလွမ်းစိတ်၊ ဂုဏ်ပြုစိတ်နဲ့ရေးဖြစ်ခဲ့တယ်ဆိုတဲ့စာရေးဆရာမခင်ခင်ထူးရဲ့ "ပန်းကြာဝတ်မှုန်" ဝတ္ထုကို ချင်းတွင်းရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ စင်ရော်မောင်မောင်က နိုင်းနိုင်း၊ သက်မွန်မြင့်တို့နဲ့ စတင်ရိုက်ကူးတော့မှာပါ။ ဒီကားကို ထုတ်လုပ်တဲ့ချင်းတွင်းထုတ်လုပ်ရေးဟာ မန္တလေးတက္ကသိုလ်ကျောင်းဆင်းညီအစ်မသုံးယောက်ပူးပေါင်းလုပ်ကိုင်တဲ့ထုတ်လုပ်ရေးဖြစ်ပြီး ပါဝင်တဲ့သရုပ်ဆောင်များကိုလည်း သူမတို့ကိုယ်တိုင်ကြိုက်နစ်သက်လို့ ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ဇာတ်ကားကန်တော့ပွဲနေ့က ထုတ်လုပ်သူတစ်ဦးဖြစ်တဲ့ ဒေါ်အေးစုကြည်က ပြောခဲ့ပါတယ်။ ပန်းကြာဝတ်မှုန်ရဲ့အဓိကဇာတ်ရုပ်များဖြစ်တဲ့ အောင်နိုင်သူနဲ့ သီရိမေတို့ဖြစ်လာမယ့် နိုင်းနိုင်းနဲ့ သက်မွန်မြင့်တို့နှင့် မေးမြန်းဖြစ်ခဲ့တာတွေထဲက အချို့ကို ကောက်နုတ်ဖော်ပြလိုက်ပါတယ်။



ဓာတ်ပုံ - အေးသူ

## အောင်နိုင်သူ၊ သီရိမေ (သို့မဟုတ်) နိုင်းနိုင်း၊ သက်မွန်မြင့်

**တို့နှင့်တွေ့ဆုံခြင်း** အေးသူ

### ဒီကားကိုကြည့်လိုက်ရင် တကသိုလ်တက်ဖူးတဲ့လူရော မတက်ဖူးတဲ့လူရော ခံစားမှုတစ်ခုခုဖြစ်လိမ့်မယ်လို့မျှော်လင့်ပါတယ်။

နိုင်းနိုင်း(အောင်နိုင်သူ)

**ဒီကားမှာ နူးညံ့ သိမ်မွေ့ပြီး စိတ်ဓာတ်ကြံ့ခိုင်သူ ရှမ်းအမျိုးသား အောင်နိုင်သူအဖြစ် သရုပ်ဆောင်ဖို့ ဘာတွေ ကြိုတင်ပြင်ဆင်ထားပြီးပါပြီလဲ။**

အဓိကကတော့ သရုပ်ဆောင်ပိုင်းအနေနဲ့ဆိုရင် သူက နူးညံ့တယ်။ သူဖြစ်ချင်တာကို တော်ရုံတန်ရုံပြောတတ်တဲ့လူမျိုးမဟုတ်ဘူး။ စာပေနဲ့ ဂီတ၊ ကဗျာကို ဝါသနာပါတယ်။ အနုပညာကိုလည်း ချစ်မြတ်နိုးတဲ့လူငယ်တစ်ယောက်ဆိုတဲ့ကာရိုက်တာက ကျွန်တော် ခါတိုင်းရိုက်ခဲ့ဖူးနေကျခပ်ဆင်ဆင်ပုံစံတွေရှိခဲ့ပါတယ်။ တစ်ခုရှိတာက ၁၉၈၀ ခုနှစ် နောက်ခံဆိုတော့ ကိုယ်နဲ့မကွာရှိမယ့်အသုံးအဆောင်ပစ္စည်းတွေ၊ ဝတ်ရမယ့်အဝတ်အစားတွေအကုန်လုံးကို ဂရုစိုက်ရမယ်။ အဲဒီအတွက်ကိုလည်း ဒါရိုက်တာနဲ့ တိုင်ပင်ပြီး တော့ကျွန်တော်စီစဉ်ရမယ်။

စာ(၄၉)သို့

### အဓိကက ကဗျာရွတ်တဲ့နေရာပါ။ စိတ်ပူတာ အဲဒီတစ်ခုပဲရှိပါတယ်။

သက်မွန်မြင့်(သီရိမေ)

**ဒီကားမှာ နူးညံ့တဲ့၊ စာပေဂီတကို ချစ်တဲ့ အညာဆန်တဲ့ မြန်မာအမျိုးသမီးသီရိမေဇာတ်ကောင်အတွက်ရယ်၊ နောက်ပြီး ၁၉၈၀ ပြည့်နှစ်ဆိုတဲ့ခေတ်ကာလကို ပုံဖော်ဖို့ပြင်ဆင်ထားတဲ့ သက်မွန်ရဲ့အစီအစဉ်လေးကို သိချင်ပါတယ်။**

၁၉၈၀ ဝန်းကျင်ဆိုတော့ အဲဒီဘက်ခေတ်အဝတ်အစားတွေကို ပြန်လေ့လာရတာပေါ့။ ဒါရိုက်တာလည်းပြောပြတယ်။ နောက် ဦးမောင်ကလိုချင်တဲ့ အရောင်တွေ သက်မွန်ဝတ်မယ့် အရောင်တွေကိုပြောပြပါတယ်။

**နူးညံ့တဲ့မြန်မာအမျိုးသမီးတစ်ယောက်ဖြစ်ဖို့ သက်မွန်ရဲ့ မျက်နှာ အနေအထားနဲ့ လိုက်လျောညီ ထွေဖြစ်အောင် ဘာတွေလေ့လာပြင်ဆင်နေပါသလဲ။**

သက်မွန်တို့က ကာရိုက်တာတစ်ခုရလာပြီဆိုရင် အဲဒီကာရိုက်တာကိုပီပြင်အောင်အတတ်နိုင်ဆုံး ကြိုးစားရပါတယ်။

စာ(၄၉)သို့



ဓာတ်ပုံ - အေးသူ

7DAY NEWS JOURNAL
Vol.9, No.29 • OCTOBER 7, 2010

## နွဲ့ယဉ်ဝင်း၏ "သီချင်းမရှိရင်အချစ်မရှိ ၄၅ နှစ်ခရီး" အတွက် သီချင်း ၁၃ပုဒ်ရိုက်ကူး



**အေးသူ**

**ရန်ကုန်၊စက်တင်ဘာ - ၂၁**

တေးသံရှင်နွဲ့ယဉ်ဝင်း၏ 'သီချင်းမရှိရင်အချစ်မရှိ . . ၄၅ နှစ်ခရီး' လိုက်ဖ်ရှိုးအတွက် စက်တင်ဘာလ ၂၁ ရက်က မြန်မာအင်ဖိုတက်တွင် တေးသီချင်း ၁၃ပုဒ်ကို သီဆိုရိုက်ကူးခဲ့သည်။

"ကျွန်မရဲ့ဂီတ နှစ် ၄၀ ခရီးကို အမ်တီဗီပုံစံရိုက်ခဲ့ပြီး ဒီတစ်ခါတော့ ပရိသတ်ကြီး အမြင်ဆန်းအောင် ၄၅ နှစ်ခရီးကို လိုက်ဖ်ရှိုးပုံစံလေး ရိုက်ထားပါတယ်။ စုံတွဲအဆိုတွေအနေနဲ့ ဘိုဖြူနဲ့စိုးပိုင်တို့နဲ့ တွဲဆိုထားပါတယ်" ဟု နွဲ့ယဉ်ဝင်းက ပြောကြားသည်။

ယခုလိုက်ဖ်ရှိုးတွင် မိရွှေသဲ၊ မနဲ့မောင်၊ အင်းလျားလမ်းက အကြော်ဆိုင်၊ ပန်းကမ္ဘာမျှော်စင်၊ ချစ်သူတို့ဘဝဝယ်၊ မျှော်လင့်နေတုန်းပျို့ဖုန်းလှမ်းခဲ့ပါ၊ ဒီအချိန်ကစ၊ ပြန်ပြောင်းလို့ရမလားတို့ကို တစ်ကိုယ်တော်သီဆိုခဲ့ပြီး အချိန်က ၂၄ နာရီ ကို စိုးပိုင်၊ 'ဒေါသစိတ်ကလေး ၃၆၀ မိနစ်' ကိုသံသာဝင်း၊ ချယ်ရီပန်းလေးအသည်ပေးမယ်ကို ဘိုဖြူတို့နှင့် တွဲဖက်သီဆိုခဲ့သည်။ အချို့သီချင်းများတွင် ယူရေနီယမ်အကအဖွဲ့၊ မြန်မာအက ယဉ်ကျေးမှု အဖွဲ့တို့က ပါဝင်အားဖြည့်ထားသည်ကို တွေ့ရသည်။ ယခုလိုက်ဖ်ရှိုးကို ဒါရိုက်တာရဲမြင့်သူရိုက်ကူးပြီး ကင်မရာမင်းသုံးပေါင်နှင့် ကိုတင့်ဆန်းတို့ကရိုက်ကူးထားကာကိုစိုးမင်းထွန်းက အသံဖမ်းထားကြောင်း သိရသည်။ လိုက်ဖ်ရှိုး ရိုက်ကူးရေးခေတ္တနားချိန်များတွင် ရင်ဂို၊ ဂျီလတ်၊ ကာကာ စသူတို့က တေးသီချင်းများဖျော်ဖြေခဲ့ကြသည်။

## လူငယ်သုံးဦးဖန်တီးမှုဖြင့် "ပြီးပြည့်စုံခြင်း၏ အခြားတစ်ဖက်" ဒီဗီဒီရိုက်ကူးမည်

**အေးသူ**

**ရန်ကုန်၊ အောက်တိုဘာ ၂**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် ဒါရိုက်တာသင်တန်း တက်ရောက်ခဲ့သော လူငယ်သုံးဦးဖွဲ့စည်းထားသည့် ပါနိုရားမားထုတ်လုပ်ရေးမှ 'ပြီးပြည့်စုံခြင်း၏ အခြားတစ်ဖက်' အမည်ရှိ ဒီဗီဒီဇာတ်ကားကို သရုပ်ဆောင်အင်အားများစွာဖြင့် ရိုက်ကူးမည်ဖြစ်ကြောင်း ဇာတ်ကား ကန်တော့ပွဲပေးသည့်အခမ်းအနားတွင် တွဲဖက်ဒါရိုက်တာ ဖူဂျီက ပြောကြားသည်။ ယင်းဇာတ်ကားသည် သရုပ်ဆောင်ကောင်းခန့် ရေးသားသည့် ဇာတ်လမ်းကို မြမြင့်မိုရ်ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာမျိုးဇော်အောင်က ရိုက်ကူးမည်ဖြစ်သည်။ သရုပ်ဆောင်များအဖြစ် ကောင်းခန့်၊ ညီထွဋ်ခေါင်၊ အိန္ဒြာကျော်ဇင်၊ ပြေဇင်၊ ကျော်ဇောဟိန်း၊ ညီညီမင်းထက်၊ စိုးမိုးကြည်၊ ဝင့်ဒါလီ၊ သဲနော်ဇာနှင့်ခြူးသက်နွယ်နှင့် သရုပ်ဆောင်များစွာပါဝင်သည်။ "ဒီကားက တခြားဇာတ်လမ်းတွေနဲ့မတူဘဲ တစ်မျိုးတစ်ဘာသာထူးခြားတယ်။ ကာရိုက်တာလည်းစုံတယ်။ သွားတဲ့ Trend လည်းကောင်းတယ်။ ဒါကြောင့်တင်ပြပုံကိုအကောင်းဆုံးလုပ်သွားဖို့ စဉ်းစားထားပါတယ်" ဟု ဒါရိုက်တာမျိုးဇော်အောင်က ပြောသည်။






7 DAY NEWS JOURNAL
Vol.9, No.29 · OCTOBER 7, 2010



## စာ(၄၇)သက်မွန်မြင့်နှင့်အင်တာဗျူး မှ

အငြိမ်ဆိုရင်လည်း လုံးဝကိုငြိမ်ကျသွားအောင် ပြင်ဆင်ရပါတယ်။အသွက်ဆိုရင်လည်းအသွက်ပုံစံဖြစ်အောင်လုပ်ရတာပေါ့။ စကားနည်းတာ၊ အနေအေးတာကျတော့ ဘုရားပေးတဲ့ဆုပေါ့နော်။ ဒါလည်း ပရိသတ်တွေဆီက ပြန်ကြားရတာပါ။ သက်မွန် မျက်နှာကအေးတယ်။ စကားနည်းတယ်ဆိုတာကြောင့်သီရိမေဇာတ်ကောင်နဲ့တော့အံကိုက်ပဲလို့ထင်ပါတယ်။

**ဒရာမာအငြိမ်ရိုက်တာနည်းတဲ့ သက်မွန် ဒီကားကြီးရိုက်ရတဲ့ အပေါ်မှာ ဖြစ်ပေါ်တဲ့စိတ်ခံစား ချက်ကိုလည်းသိချင်ပါတယ်။**

သက်မွန်အကောင်းဆုံးကြိုးစားသွားဖို့ ပြင်ဆင်ထားပါတယ်။ အငြိမ်ကာရိုက်တာရိုက်တာလည်း နည်းတယ်လေ။ ဒီလိုပုံစံလေး မရိုက်ရတာလည်း ကြာပြီဆိုတော့ အရမ်းရိုက်ချင်ပါတယ်။

**သီရိမေဖြစ်ဖို့ စိတ်ပိုင်းဆိုင်ရာမှာ မုဒ်ဝင်ဖို့ ကြိုတင်လေ့ကျင့်ထားတာမျိုး ရောရှိပါသလား။**

သက်မွန်တို့ကြိုတင်ပြင်ဆင်ရတယ်ဆိုတာ အဝတ်အစားလောက်ပဲ ကြိုတင်ပြင်ဆင်ရတာပါ။ စိတ်တွေကျတော့ တခြား ကားတွေလည်းရိုက်နေတဲ့အတွက် ဇာတ်တစ်ဇာတ်ကိုဖတ်ကြည့်တဲ့ အချိန်မှာတော့ အဲဒီဇာတ်ကောင်ရဲ့စိတ်ရှိပါတယ်။ တခြားကား ရိုက်နေတဲ့အချိန်မှာတော့ သူ့ဇာတ်အတိုင်းပဲ ခံစားရတာပေါ့။

**ပန်းကြာဝတ်မှုန်ဇာတ်ကားဟာ သက်မွန်အတွက် ဘယ်လိုထူးခြားမှုတွေ ရှိနိုင်မလဲ။**

အတတ်နိုင်ဆုံးအကောင်းဆုံးဖြစ်အောင်ကြိုးစားသွားမှာပါ။ ဒီကားကိုကြည့်လိုက်တာနဲ့ သက်မွန်မြင့်ဟာ သီရိမေဆိုတဲ့ ကာရိုက်တာ ဝင်တယ်ဆိုတဲ့အသံလေးတွေ ကြားချင်ပါတယ်။

**ဂီတနဲ့စာပေကိုမြတ်နိုးတဲ့သီရိမေဖြစ်ဖို့ရော ဘယ်လိုလေ့လာမှုတွေ လုပ်ဖြစ်ပါမလဲ။**

ဝတ္ထုထဲမှာတင် ကဗျာတော်တော်များများပါပါတယ်။ သီချင်းတွေအတွက်ကလည်း သက်မွန်က သီချင်းတွေကို နားထောင်တာ အရမ်းဝါသနာပါတော့ နီးစပ်မှုရှိပါတယ်။ အဓိကက ကဗျာရွတ်တဲ့နေရာပါ။ စိတ်ပူတာ အဲဒီတစ်ခုပဲရှိပါတယ်။

**ဒီကားမှာ အရင်ကလျာထားတဲ့ သရုပ်ဆောင်တွေရှိခဲ့ဖူးတော့ အခု သက်မွန်သရုပ်ဆောင်ရတော့မယ့် အပေါ်အမြင်လေးကရော။**

အဲဒါက သက်မွန်ကို ဘာမှမထိရောက်စေပါဘူး။ သက်မွန်နဲ့လည်း ဘာမှ မဆိုင်ပါဘူး။



**အေးသူ**

■အဆိုတော်ရေဗက္ကဝင်းသည် အမေရိကားဖျော်ဖြေရေးခရီးစဉ်မှ စက်တင်ဘာလ၁၆ရက်နေ့က ပြန်လည်ရောက်ရှိခဲ့ပြီး ဖျော်ဖြေရန်ပွဲ သုံးပွဲကျန်ရှိသေးသော်လည်း ရန်ကုန်တွင် အရေးကြီးကိစ္စရှိသောကြောင့် ပြန်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

■City Mart ၏ လုပ်ငန်းခွဲတစ်ခုဖြစ်သော Premium Food Service Product အရောင်းခန်းမဖွင့်ပွဲကို စက်တင်ဘာလ ၂၅ရက်နေ့က ၄င်းခန်းမတည်ရှိရာ အမှတ် ၁-၃၊ အောင်ဆန်းကွင်း(မြောက်ဘက်ခြမ်း)၊ ချိုးဖြူလမ်းတွင် ကျင်းပခဲ့ပြီး ယင်းလုပ်ငန်းသည် ဟိုတယ်၊ စားသောက်ဆိုင်၊ မုန့်ဖုတ်ဆိုင်နှင့် ကော်ဖီဆိုင်လုပ်ငန်းများအတွက် စားသောက်ကုန်အမျိုးမျိုးနှင့် စားသောက်ဆိုင်သုံးပစ္စည်းတို့ကို ရောင်းချပေးသည့်လုပ်ငန်းဖြစ်ကြောင်း သိရသည်။

■မြန်မာသံအဆိုရှင် အိအိချွန်၏ 'ဦးလေးကြီး' တေးစီးရီးမိတ်ဆက်ပွဲကို စက်တင်ဘာလ ၂၈ရက်နေ့၊ မွန်းလွဲ ၂နာရီက စီးတီးစတားဟိုတယ်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

■ဒါရိုက်တာမီးပွားရိုက်ကူးပြီး မြင့်မြတ်၊ စိုးမြတ်နန္ဒာ၊ ခိုင်သင်းကြည်နှင့် ပန်းဖြူတို့ သရုပ်ဆောင်ထားသော 'အာတာပူစီ' ဗီဒီယိုဇာတ်ကားကို စက်တင်ဘာလကုန်ပိုင်းက ရန်ကုန်မြို့တွင် ရိုက်ကူးလျက်ရှိကြောင်း သိရသည်။

## တကသိုလ်ဘုန်းနိုင်၏ ရသစုံ ဂနဝင်မြောက် ဝတ္ထုကို ရိုက်ကူးထားသော "မိုးညအိပ်မက်မြူ" ရုပ်ရှင်ကားကြီး အောက်တိုဘာ ၈ ရက်တွင် ရုံတင်မည်

**အေးသူ**

**ရန်ကုန်၊ စက်တင်ဘာ – ၃၀**



ကွယ်လွန်သူ စာရေးဆရာကြီး တက္ကသိုလ်ဘုန်းနိုင်၏ရသစုံဂန္ထဝင်မြောက်ဝတ္ထုကြီးကို ဒါရိုက်တာကြည်ဖြူသျှင် ပြန်လည်ဖန်တီးထားသော 'မိုးညအိပ်မက်မြူ' ရုပ်ရှင်ဇာတ်ကားကြီးကို အောက်တိုဘာလ ၈ရက်တွင် အဆင့်မြင့်ရုပ်ရှင်ရုံများ၌ စတင်ပြသမည်ဖြစ်ကြောင်း ထုတ်လုပ်သူမဟာထွန်းထုတ်လုပ်ရေးကပြောသည်။

ခေတ်တစ်ခေတ်ကို ကိုယ်စားပြုပြီး မေတ္တာတရား၏ အတိမ်အနက်ကိုညွှန်းပြုထားသည့် အငြိမ့်သဘင်နောက်ခံ ဘဝသရုပ်ဖော်ဇာတ်ကားဖြစ်ပြီး ယခုနှစ်အတွင်း 'အတိတ်ရဲ့အရိပ်' ဇာတ်ကားပြီးနောက်ဒုတိယမြောက်ရုံတင်သောဒရာမာဇာတ်ကားကြီးလည်းဖြစ်သည်။ ၁၉၅၁ ခုနှစ်ခန့်ကို အခြေခံရိုက်ကူးထားခြင်းဖြစ်ပြီး ပေါင်းတည်မြို့သို့ အလည်ရောက်ရှိလာသော ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနမှ ကထိက ဒေါက်တာမသက်ရီသည် သူမတည်းခိုရသည့်အိမ်ကြီးမှာ ခမ်းနားလွန်းသော်လည်း သရဲခြောက်ပြီး မကျွတ်လွတ်သေးသော မောင်မြင့်ဝေ ဝိညာဉ်ရှိနေသည်ဟု အိမ်ခံများကပြောဆိုခြင်းကို ခေတ်ပညာတတ်ပီပီ မယုံကြည်ဘဲစူးစမ်းရာမှ မောင်ညိုမှိုင်းနှင့်ဆုံတွေ့ခဲ့ရပြီး စိတ်ဝေဒနာသည်ဖြစ်သူ မောင်ညိုမှိုင်း၏ အတိတ်ဘဝဖြတ်သန်းခဲ့ရသော စိတ်ဒဏ်ရာများကို သိရှိလာခဲ့သည်။ တူဖြစ်သူ မောင်ညိုမှိုင်း၏ စိတ်ဝေဒနာကို ကုစားရန် မသက်ရီကို ဦးလေးဦးမင်းခိုင်က ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ပြီး မောင်ညိုမှိုင်းမှာ မသက်ရီကို ဘဝဟောင်းမှ အစ်မဟုသံယောဇဉ်တွယ်ရာမှကိုသစ္စာ၊ မောင်မြင့်ဝေ ဘဝများကို တစ်စွန်းတစ်စသိရှိလာရာမှ စိတ်ဝေဒနာကိုကုစားပေးပုံတို့ကို ဂီတ၊ သဘင်အငြိမ့်တို့ဖြင့် စိတ်ဝင်စားဖွယ်တင်ဆက်ထားသည်။

ယင်းဇာတ်ကားတွင် နာမည်သုံးမျိုးနှင့် စိတ်ဝေဒနာသည်အဖြစ်နေတိုး၊ ဒေါက်တာမသက်ရီအဖြစ် မိုးဟေကို၊ အငြိမ့်မင်းသမီးချစ်သက်နွယ်အဖြစ် သင်ဇာဝင့်ကျော်နှင့် ချမ်းသာကြွယ်ဝသူ သူဌေးသမီး ထားအဖြစ် စိုးပြည့်သဇင်တို့ကသရုပ်ဆောင်ထားသည်။

## စာ(၄၇)နိုင်းနိုင်းနှင့်အင်တာဗျူး မှ

**အဝတ်အစား၊ အသုံးအဆောင် ပိုင်းနဲ့ပတ်သက်တဲ့ အချက်အ လက်တွေကို ဘယ်လိုပုံစံနဲ့ စု ဆောင်းနေပါသလဲ။**

၁၉၈၀ ပြည့်နှစ်ဝန်းကျင်က ကျောင်းတက်ခဲ့တဲ့ကျောင်းသားတွေကို ကျွန်တော်မေးမြန်းကြည့်ပါတယ်။ ရှပ်အင်္ကျီနဲ့ ဂျင်းဘောင်းဘီက တော်တော်များများအဝတ်များကြတယ်လို့သိရတယ်။ ဂျင်းဆိုရင် အခုပြန်ခေတ်စားနေတဲ့ အောက်ရှူးပုံစံလေးတွေပေါ့။ ဒါပေမဲ့ကျွန်တော်က အေးအေးဆေးဆေးကာရိုက်တာဖြစ်တဲ့အတွက် ဂျင်းဘောင်းဘီမဝတ်တော့ဘူး။ ပုဆိုးနဲ့ ၁၉၈၀ခေတ်တုန်းက စတိုင်ပင်ဘောင်းဘီဒေါက်ပြောက်တွေပဲ ဝတ်ဖြစ်ပါမယ်။

**ဂီတနဲ့စာပေကို မြတ်နိုးတန်ဖိုးထားလေ့လာသူတစ်ယောက်အဖြစ် သရုပ်ဆောင်ရမယ်ဆိုတော့ ဇာတ်ဝင်ခန်းတွေမှာပီပြင်ဖို့ ဘာ တွေသင်ယူဖြစ်နေပါသလဲ။**

ဒီကားမှာ ကျွန်တော်စောင်းတီးရမယ်ဆိုတော့ စောင်းတီးတာနဲ့ပတ်သက်ပြီးလေ့လာချင်တယ်လို့ ဒါရိုက်တာကို ပြောထားပါတယ်။ အပြည့်အစုံမတီးနိုင်ရင်တောင်မှ တကယ့်အခြေခံနည်းကျကျလေး တီးတတ်ဖို့ ပြောထားပါတယ်။

**ဒီဝတ္ထုကိုဖတ်ပြီးပါပြီလား။ ဖတ်ပြီး တယ်ဆိုရင် စာဖတ်သူတစ်ဦး အနေနဲ့ ဘယ်လိုခံစားမိပါသလဲ။**

ဖတ်ပြီးပါပြီ။ အရမ်းကိုနူးညံ့ပါတယ်။ ဖတ်ဖူးတဲ့ လူတော်တော်များများလည်း ကြိုက်ကြတယ်လို့ကြားပါတယ်။ ဒီဝတ္ထုကိုဖတ်လိုက်တဲ့ အချိန်မှာကျောင်းတတ်တုန်းက ဖီလင်ကိုပြန်ခံစားရတယ်လို့ ပြောကြပါတယ်။

**ဒီကားကိုကြည့်ပြီး တက္ကသိုလ်ဆိုတဲ့အဓိပ္ပာယ်ကိုဘယ်လောက်ထိ ပုံဖော်နိုင်မယ်လို့ထင်ပါသလဲ။**

ကျွန်တော်ကတော့ အရင်ခေတ်ကနဲ့ ဒီခေတ်ကို ယှဉ်မပြတတ်ပါဘူး။ ကျောင်းတက်ပြီးဘယ်လို ပျော်ခဲ့ရတယ်ဆိုတာ ကျွန်တော်လည်းစာတွေဖတ်ပြီးတော့ပဲ သိရတာ။ မကြုံခဲ့ရဖူးဘူး။ ပုံဖော်တဲ့အခါ ဟိုဘက်ခေတ်ပုံစံဆိုတော့ ဒါရိုက်တာဘယ်လိုပုံဖော်မလဲပဲ ရှိပါတယ်။ ဒီကားကိုကြည့်လိုက်ရင် တက္ကသိုလ်တက်ဖူးတဲ့လူရော မတက်ဖူးတဲ့လူရော ခံစားမှုတစ်ခုခုဖြစ်လိမ့်မယ်လို့မျှော်လင့်ပါတယ်။


## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Wall Street: Money Never Sleeps | 20th Century | ၁၉,၀၀၀,၀၀၀ | ၁ |
| ၂။ | Legend of the Guardians: The Owls of Ga'Hoole | Warner Bros. | ၁၆,၃၃၅,၀၀၀ | ၁ |
| ၃။ | The Town | Warner Bros. | ၄၉,၁၁၇,၀၀၀ | ၂ |
| ၄။ | Easy A | Sony Pictures: | ၃၂,၈၁၄,၀၀၀ | ၂ |
| ၅။ | You Again | N/A | ၈,၃၀၀,၀၀၀ | ၁ |
| ၆။ | Devil | Universal Pic: | ၂၁,၇၃၃,၀၀၀ | ၂ |
| ၇။ | Resident Evil: Afterlife | Sony Pictures | ၅၂,၀၁၉,၀၀၀ | ၃ |
| ၈။ | Alpha and Omega | Lionsgate | ၁၅,၁၃၀,၀၀၀ | ၃ |
| ၉။ | Takers | Sony Pictures | ၅၄,၉၁၃,၀၀၀ | ၅ |
| ၁၀။ | Inception | Warner Bros: | ၂၈၇,၀၅၁,၀၀၀ | ၁၁ |

## Movie Review

### Lonviction




၁၉၈၃ ခုနှစ်တွင် Kenny အား လူသတ်မှုဖြင့် ထောင်ဒဏ်တစ်သက်တစ်ကျွန်းချမှတ်လိုက်သောအခါသူ၏ ညီမ Anne က Kenny အနေဖြင့် လူသတ်မှု မကျူးလွန်ခဲ့ကြောင်းကို သက်သေပြရန်ကြိုးစားသည်။ ထိုသို့သက်သေပြနိုင်ရန်အတွက် ကလေးနှစ်ယောက်မိခင် Anne သည်အထက်တန်းကျောင်းပြန်တက်၊ ထိုမှ ကောလိပ်ဆက်တက်ပြီး နောက်ဆုံးတွင် ဥပဒေဘွဲ့ရရှိအောင် ကြိုးစားရသည်။ ၎င်းနောက်တွင်မှ ၎င်း၏ အခင်ဆုံးသူငယ်ချင်း Rice၏ အကူအညီဖြင့် သူမတို့မြို့ငယ်လေးမှ ရဲမေ Nancy စုဆောင်းခဲ့သောမသင်္ကာဖွယ်ရာ အထောက်အထားများကို ပြန်လည်တူးဖော် ပြီး ၁၈ နှစ်ကြာပြီးနောက် သူမ၏ အစ်ကိုတွင် အပြစ်မရှိကြောင်း DNA အထောက်အထားဖြင့် သက်သေပြသောအခါ . . . ။

တကယ့်အဖြစ်အပျက်အပေါ် အခြေခံထားသော ဒရာမာဇာတ်ကားတွင် Hilary Swank, Minnie Driver, Sam Rockwellတို့ဦးဆောင်ပါဝင်သည်။ ဒါရိုက်တာ Tony Goldwyn ကရိုက်ကူးထားပြီး Hilary Swank တို့အဖွဲ့ကပင်ထုတ်လုပ်ထားသည့် ဇာတ်ကားကို အောက်တိုဘာလ ၁၅ ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။

Sports
7 DAY NEWS JOURNAL
Vol.9, No.29 · OCTOBER 7, 2010

# မျိုးဆက်သစ်လူငယ်ဘောလုံးသမားများပေါ်ထွက်ရန် သက်တမ်းအလိုက်ဘောလုံးပွဲတော် ကျင်းပမည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ အောက်တိုဘာ - ၂**

အသင်းပေါင်း တစ်ရာကျော် ပါဝင်ယှဉ်ပြိုင်မည့် အသက် ၆ နှစ်မှ ၁၂ နှစ်အရွယ်ကြား ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်လူငယ်လေးများအတွက် အခြေခံအဆင့်ဘောလုံးပွဲတော်ကို အောက်တိုဘာလတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။


ပြိုင်ပွဲဝင်မည့် လူငယ်ကစားသမားများ။

အဆိုပါဘောလုံးပွဲတော်သည်ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၊ အာရှဘောလုံးအဖွဲ့ချုပ် (AFC) တို့၏ စီစဉ်ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF) မှပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

၎င်းပွဲတော်၏ ပထမအဆင့်ပြိုင်ပွဲအဖြစ် အမှတ် (၃)၊ အခြေခံပညာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ အခြေခံပညာကျောင်းများ မြို့နယ်ပေါင်းစုံ ခရိုင်အဆင့် ဘောလုံးပွဲတော်အား အောက်တိုဘာလ ၂၅ ရက်မှ ၂၉ ရက်အထိ သတ်မှတ်ထားသည့် အားကစားကွင်းများ၌ ကျင်းပသွားမည်ဖြစ်သည်။ မြို့နယ် ၄၃ မြို့နယ်မှ အသက် ၁၀ နှစ်အောက် (အမျိုးသား) အသင်း ၄၃ သင်း၊ အသက် ၁၂ နှစ်အောက် (အမျိုးသား) ၄၃ သင်း၊ အသက် ၁၂ အောက် (အမျိုးသမီး) ၁၆ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲမှ တက်ရောက်လာသည့် အသက် ၁၀ နှစ်အောက်နှင့် ၁၂ နှစ်အောက် (အမျိုးသား) ၂၄ သင်းစီနှင့် အသက် ၁၂ နှစ်အောက် (အမျိုးသမီး) ၁၆ သင်းတို့သည် နောက်ဆုံးအဆင့် ပြိုင်ပွဲအဖြစ်နိုဝင်ဘာ ၃ ရက်မှ ၄ ရက်အထိဆက်လက် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

၎င်းဘောလုံးပွဲတော် အတွက် နည်းပြသင်တန်းအား အောက်တိုဘာလ ၃၀ ရက်မှ နိုဝင်ဘာလ ၂ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။ အဆိုပါပွဲတော်အတွက် အကြိုဆွေးနွေးပွဲအခမ်းအနားအား စက်တင်ဘာ ၂၈ ရက်မှ ၂၉ ရက်၌ကျင်းပပြုလုပ်ခဲ့ပြီး၊ ဖီဖာ၊ မြန်မာဘောလုံးအဖွဲ့ချုပ်၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ MNL အသင်းများ၊ စပွန်ဆာပေးနိုင်သည့်ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

“ဒီပွဲတော်ကို AFC က ကြီးမှူးကျင်းပခဲ့တဲ့ လူငယ်ဘောလုံးပြိုင်ပွဲများရဲ့ ပုံစံအတိုင်း ဘောလုံးသမားအားလုံး ပါဝင်ကစားခြင်း၊ အခြေခံကျွမ်းကျင်မှု စစ်ဆေးခြင်း၊ သန့်ရှင်းစွာကစားမှုကို ဦးစားပေးခြင်းစတဲ့ အခြေခံအချက်တွေနဲ့ အနိုင်အရှုံးကို ဦးစားမပေးတဲ့ ပုံစံနဲ့ကျင်းပသွားမှာပါ။ ဒီပွဲတော်ကနေ မျိုးဆက်သစ်လူငယ်ကစားသမားတွေကိုလည်း ရွေးချယ်ကြည့်ရှုသွားမှာပါ” ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) နည်းစနစ်ဒါရိုက်တာ ဦးစိုးမြင့်လွင်ကပြောသည်။

“နှစ်စဉ်ကျောင်းတွင်း သက်တမ်းအလိုက် ပြိုင်ပွဲတွေကတော့ ၂၀၀၁ ခုနှစ်လောက်က စလုပ်နေတာပါ။ ခုလို ဖီဖာစီစဉ်ညွှန်ကြားမှုနဲ့ပြုလုပ်တာကတော့ ဒီနှစ်ပထမဆုံးအကြိမ်ပါ” ဟုအမှတ် (၃) အခြေခံပညာ ဦးစီးဌာန၊ ကာယဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ဘောလုံးပွဲတော်အစီအစဉ်ကို နှစ်စဉ်ပြုလုပ်သွားရန်ရှိပြီး နောက်နှစ်ပြိုင်ပွဲများတွင်အသင်းအရေအတွက် ပိုမိုများပြားစွာဖြင့် ကျင်းပသွားရန်ရှိကြောင်း သတင်းရရှိသည်။

# ရှုံးထွက်ပြိုင်ပွဲတွင်ဆောက်သမ်းမြန်မာက မကွေးအားဖြတ်ကျော် အကြိုဗိုလ်လုပွဲရောက်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ စက်တင်ဘာ - ၂၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖလား MFF Max Cement Cup ရှုံးထွက်ပြိုင်ပွဲ၏ ပထမကွာတားဖိုင်နယ်ပွဲစဉ်တွင် ဆောက်သမ်းမြန်မာအသင်းက မကွေးအသင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားကြောင်း သိရသည်။

စက်တင်ဘာလ ၂၉ ရက်က သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သောအဆိုပါပွဲစဉ်၌ ပုံမှန်ပွဲကစားချိန် မိနစ် ၉၀ တွင် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျနေသောကြောင့် အချိန်ပိုဆက်လက် ယှဉ်ပြိုင်ခဲ့ရသည်။ အချိန်ပို၌လည်း ထပ်မံ ဂိုးမသွင်းနိုင်ကြသောကြောင့် ပယ်နယ်တီအဆုံးအဖြတ်ယူခဲ့ရာ ဆောက်သမ်းမြန်မာအသင်းက ပယ်နယ်တီ လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။


ဆောက်သမ်းမြန်မာနှင့်နေပြည်တော်တို့ ယှဉ်ပြိုင်စဉ်။
ဓာတ်ပုံ- အောင်အောင်

အဆိုပါ ပွဲစဉ်သည် MFF Cup ရှုံးထွက်ဖလားပြိုင်ပွဲတစ်လျှောက်ပထမဆုံးအချိန်ပိုနှင့် ပယ်နယ်တီအဆုံးအဖြတ်ယူရသည့်ပွဲဖြစ်ခဲ့ပြီး ဆောက်သမ်းမြန်မာအသင်းသည် အကြိုဗိုလ်လုပွဲစဉ်တွင် ဇေယျာရွှေမြေနှင့် ဒယ်လ်တာ ကွာတားဖိုင်နယ်ပွဲစဉ်ဗိုလ်လုပွဲစဉ်မှ အနိုင်ရသည့်အသင်းနှင့်ယှဉ် ပြိုင်ကစားရမည်ဖြစ်သည်။

MFF Cup ရှုံးထွက်ပြိုင်ပွဲ၏ ဒုတိယကွာတားဖိုင်နယ်ပွဲစဉ် အဖြစ် ကမ္ဘောဇအသင်းနှင့် ကာကွယ်ရေးအသင်းတို့သည် အောက်တိုဘာလ ၆ ရက် ညနေ သုံးနာရီခွဲအချိန်တွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။



# ပထမအကြိမ် ဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲကျင်းပမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ စက်တင်ဘာ-၂၉**
တစ်နိုင်ငံလုံးမှ ဖူဆယ်ဘောလုံးအသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည့် ပထမအကြိမ် ဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲကို ရန်ကုန်မြို့၌ မကြာမီကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဖူဆယ်ကော်မတီဥက္ကဋ္ဌ ဦးရဲထွဋ်တင်က ပြောသည်။

"ဒီဖိတ်ခေါ်ပြိုင်ပွဲကို နိုဝင်ဘာလလယ်လောက်မှာ ကျင်းပဖို့ စီစဉ်နေပါပြီ။ အခြားပြည်နယ်တိုင်းဒေသတွေက အသင်းတွေကိုလည်း ဖိတ်ခေါ်ထားပါတယ်။ အရင်က ကိုယ့်ဒေသတွေမှာပဲ ပြိုင်ပွဲလုပ်ဖြစ်ကြပေမယ့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လုပ်တာကတော့ ဒါပထမဆုံးအကြိမ်ပါ။ ပြိုင်ပွဲဝင်အသင်း ၆၀ က ၁၀၀ ကြား ဝင်ရောက်ယှဉ်ပြိုင်ကြမယ်လို့ ခန့်မှန်းထားပါတယ်" ဟု ဦးရဲထွဋ်တင်က ပြောသည်။

ယခုပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ အလားအလာရှိသည့် မျိုးဆက်သစ် ဖူဆယ်အားကစားသမားများပေါ်ထွက်လာစေရေးအတွက်ဖြစ်ပြီး၊ ပြိုင်ပွဲမှ ပဏာမကစားသမားများ ရွေးချယ်ကာ မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရန် ရည်ရွယ်ကြောင်း ၎င်းကဆက်ပြောသည်။

"လက်ရွေးစင်အသင်းအတွက် နိုင်ငံခြားက နည်းပြဆရာတစ်ဦးကိုလည်း မကြာမီ ခေါ်ယူသွားမှာပါ။ အီရန်နိုင်ငံက ဖြစ်ဖို့များပါတယ်။ ဒီပြိုင်ပွဲ မတိုင်ခင်သူရောက်လာပြီး ပြိုင်ပွဲကနေ ပဏာမလက်ရွေးစင်အားကစားသမားတွေ ရွေးချယ်သွားမှာပါ" ဟု ဦးရဲထွဋ်တင်က ပြောသည်။

မြန်မာဖူဆယ်လက်ရွေးစင်အသင်းသည် ၂၀၁၁ ဆီးဂိမ်းပြိုင်ပွဲ၊ အာဆီယံဖလားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာ ဖိတ်ခေါ်ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။


ဓာတ်ပုံ- အောင်အောင်

# အာရှအဆင့်ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဆုတံဆိပ်များစွာမျှော်မှန်းထားဟုဆို

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ စက်တင်ဘာ-၂၈**
လာမည့် (၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲအမျိုးအစားတိုင်း၌ ဆုတံဆိပ်မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဦးကျော်ဇင်မိုးက ပြောသည်။



တရုတ်နိုင်ငံတွင် နိုဝင်ဘာ ၁၂ ရက်မှ ၂၇ ရက်အထိ ကျင်းပမည့် အဆိုပါ ပြိုင်ပွဲ၏ ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ ပြိုင်ပွဲအမျိုးအစားသုံးမျိုး ထည့်သွင်းကျင်းပမည်ဖြစ်သော်လည်း ပြိုင်ပွဲဝင်နိုင်ငံတစ်နိုင်ငံလျှင် ပြိုင်ပွဲအမျိုးအစား နှစ်မျိုးသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

မြန်မာပိုက်ကျော်ခြင်းအဖွဲ့သည် အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲနှင့် သုံးယောက်တွဲပွဲစဉ်များတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အသင်းလိုက်ပွဲစဉ်များကို ယှဉ်ပြိုင်မည်မဟုတ်ကြောင်း သိရသည်။

"နှစ်ယောက်တွဲပြိုင်ပွဲတွေမှာတော့ ရွှေမှန်းထားပါတယ်။ ဝင်ပြိုင်တဲ့ပြိုင်ပွဲ အမျိုးအစားတိုင်းတော့ဆုတံဆိပ်မှန်းထားပါတယ်။ ထိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ကိုရီးယားအပ အဝင် အိမ်ရှင် တရုတ်နိုင်ငံနဲ့ အဓိက ယှဉ်ပြိုင်ရမှာပါ"ဟု ဦးကျော်ဇင်မိုးက ပြောသည်။

ပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအားကစားသမား ၁၃ ဦးအား အပြီးသတ်ရွေးချယ်ကာ လေ့ကျင့်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ မြန်မာပိုက်ကျော်ခြင်းအဖွဲ့သည် ပြီးခဲ့သည့် (၁၅) ကြိမ်မြောက်အာရှအားကစားပြိုင်ပွဲတွင် ငွေ ၂ ခု၊ ကြေး ၃ ခု ရရှိခဲ့ကြောင်း သိရသည်။

# မုံရွာဘောလုံးကွင်း မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲကျင်းပရန် အသင့်ဖြစ်ပြီဟုဆို

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ စက်တင်ဘာ-၂၉**
၂၀၁၀ မြန်မာနေရှင်နယ်လိဂ်အမှတ်ပေးပြိုင်ပွဲ၏ ပွဲစဉ်များအားလက်ခံကျင်းပရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ဇေယျာရွှေမြေအသင်း(မုံရွာ)တာဝန်ရှိသူတစ်ဦးက ပြောသည်။

"မုံရွာ (ပြည်သူ့အားကစားကွင်း) အခြေအနေကတော့ ပြင်ဆင်မှု ရာနှုန်းပြည့်နီးပါး ပြီးစီးနေပါပြီ။ တောင်ဘက် ပွဲကြည့်စင်တစ်ခုလည်း ထပ်ဆောက်ထားပါတယ်။ ရုပ်သံနဲ့အသံလွှင့်ဖို့ မှန်ခန်း နှစ်ခန်းလည်း ထပ်လုပ်ထားပါတယ်။ ပရိသတ်ကတော့ တစ်သောင်းကျော်လောက်ကြည့်ရှုနိုင်မှာပါ" ဟု ဇေယျာရွှေမြေအသင်း(မုံရွာ)၏ တိုင်းတာဝန်အရာရှိ ဦးသန်းညွှန့်ရွှေက ပြောသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်(အမ်အက်ဖ်အက်ဖ်) သည် အမ်အင်န်အယ်လ် ၂၀၁၀ ဒုတိယအကျော့ပွဲစဉ်များအား ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့များတွင် ကျင်းပလျက်ရှိပြီး၊ ဇေယျာရွှေမြေအသင်း၏ အိမ်ကွင်း(မုံရွာကွင်း)တွင်လည်း အောက်တိုဘာ ၉ ရက်မှစတင်၍ တစ်ပတ်လျှင် တစ်ပွဲနှုန်းဖြင့် ငါးပွဲကျင်းပသွားမည်ဖြစ်သည်။

"မုံရွာကွင်းအခြေအနေကို အဖွဲ့ချုပ်ကလည်း သွားရောက်စစ်ဆေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ပွဲစဉ်ဇယားရေးဆွဲထားတဲ့အတိုင်း ဇေယျာရွှေမြေအသင်းရဲ့ နောက်ဆုံးငါးပွဲကို ကျင်းပသွားမှာပါ" ဟု အမ်အက်ဖ်အက်ဖ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဇေယျာရွှေမြေအသင်းသည် ၎င်းတို့၏ အိမ်ကွင်း ပထမဆုံးပွဲစဉ်အဖြစ် အောက်တိုဘာ ၉ ရက်တွင် မနောမြေအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အဆိုပါပွဲစဉ်မတိုင်မီ ကွင်းဖွင့်ပွဲပြုလုပ်သွားမည်ဖြစ်ရာ အဆိုတော်များနှင့် သရုပ်ဆောင်များ၏ ဖျော်ဖြေမှုများ ပါဝင်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် အဆိုပါ ပွဲစဉ်အား ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသနိုင်ရန် အမ်အက်ဖ်အက်ဖ်မှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# အမျိုးသားတံခွန်စိုက်အလေးမပြိုင်ပွဲ အောက်တိုဘာလလယ်တွင်ကျင်းပမည်

**ဗိုလ်ဗိုလ်ဝင်း**

ရန်ကုန်၊ စက်တင်ဘာ-၂၉
(၄၂)ကြိမ်မြောက်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အလေးမပြိုင်ပွဲနှင့် ၂၀၁၀ ပြည့်နှစ် အမျိုးသားတံခွန်စိုက်အလေးမပြိုင်ပွဲကို အောက်တိုဘာ ၁၅ ရက်မှ ၁၇ ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသွားမည်ဟု သတင်းရရှိသည်။

အဆိုပါ ပြိုင်ပွဲများ၌ အမျိုးသားကိုယ်အလေးချိန်တန်း ၆ တန်းနှင့် အမျိုးသမီးကိုယ်အလေးချိန်တန်း ၅ တန်းထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး၊ ပြည်နယ်နှင့်တိုင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်မှ သတ်မှတ်ထားသော (ခ)အဆင့်နှင့် (ဂ)အဆင့်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

အမျိုးသားတံခွန်စိုက် ပြိုင်ပွဲ၌မူ (က)အဆင့်ကစားသမားများသာ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး၊ ထိုကဲ့သို့ပြိုင်ပွဲဝင် အရည်အချင်းအား ခွဲခြားထားခြင်းမှာ ပြည်နယ်နှင့် တိုင်းပြိုင်ပွဲမှ လူငယ်မျိုးဆက်သစ်အားကစားသမားများ ပိုမိုပေါ်ထွက်လာစေရန်နှင့် အခွင့်အရေးရရှိရန်ဖြစ်ကြောင်း မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အမျိုးသားတံခွန်စိုက်ပြိုင်ပွဲသို့ ပြည်နယ်တိုင်းအသင်းများသာမက ဝန်ကြီးဌာနအသင်းများ၊ ပြင်ပကလပ်အသင်းများလည်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရပြီး၊ ပြိုင်ပွဲဝင်များသည် မြန်မာနိုင်ငံအလေးအဖွဲ့ချုပ် ဖုန်း-၃၈၈၁၆၀ သို့ အောက်တိုဘာ ၈ ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းရမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲများမှ လက်ရည်ကောင်း၍ အလားအလာရှိသည့် ကစားသမားများအား နိုင်ငံတကာပြိုင်ပွဲများအတွက် ရည်ရွယ်၍အဖွဲ့ချုပ်၌ စခန်းသွင်းလေ့ကျင့်သွားမည်ဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူက ဆက်လက်ပြောကြားသည်။


LUX
စွဲမက်စေမယ့် ဖြူစင်ဝင်းပမှု
LUX
White Impress
LUX
အသစ်
လပ်စ် ဝိုက်အင်ပရက်စ်
ပိုမိုဖြူဝင်းတဲ့ အသားအရေအတွက်
မိုက်ခရိုခရစ်(စ်)တဲလ်၊ ပိုးစာပင်အဆီအနှစ်နှင့် ပျားရည်တို့ ပေါင်းစပ်ပါဝင်သည့်
Triple Action System ကြောင့် လပ်စ် ဝိုက်အင်ပရက်စ်သည်
သင့်အသားအရေကို စွဲမက်ဖွယ်ကောင်းအောင် ပိုမိုဖြူစင်ဝင်းပစေပါသည်။

7 DAY NEWS JOURNAL
Vol.9, No.29 · OCTOBER 7, 2010

# ဂျာမနီက ကြွေးကျန်စစ်လျော်ကြေးများ ပေးဆပ်လိုက်၍ပထမကမ္ဘာစစ်တရားဝင်ပြီးဆုံး

**ဘာလင်၊ စက်တင်ဘာ - ၂၈**

ဂျာမနီအစိုးရသည် ပထမကမ္ဘာစစ်ပြီးနောက် ဘယ်လ်ဂျီယံ၊ ပြင်သစ်နှင့် မဟာမိတ်တပ်ဖွဲ့များအား ဗာဆိုင်းစာချုပ်အရ စစ်လျော်ကြေးပေးရန် ကြွေးကျန်ပေါင် ၅၉ ဒသမ ၅ သန်းကို မကြာသေးမီကပေးဆောင်လိုက်သဖြင့် ပထမကမ္ဘာစစ်ပွဲသည် နှစ်ပေါင်း ၉၂ နှစ်အကြာတွင် တရားဝင်ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း သိရသည်။ အဆိုပါစစ်လျော်ကြေးများ၏ စုစုပေါင်းပမာဏမှာ မူလက ဂျာမန်မတ်ငွေ ၂၂၆ ဘီလီယံ ရှိခဲ့ရာ နောက်ပိုင်းတွင်လျှော့ချပေးခဲ့ရာ မတ်ငွေ ၁၃၂ ဘီလီယံအထိ ရှိခဲ့ပြီး ထိုခေတ်တန်ကြေး ပေါင်ငွေ ၂၂ ဘီလီယံခန့်ရှိသည်။ သို့သော် ထိုစစ်လျော်ကြေးများကို နာဇီအာဏာရှင်ဟစ်တလာက မပေးဆောင်ဘဲထားခဲ့သည်။

ဂျာမန်သတင်းစာ Bild ကလည်းဂျာမနီ၏ ယခုကဲ့သို့ ပထမကမ္ဘာစစ်ကြွေးကျန် စစ်လျော်ကြေးများပေးဆပ်မှုကို "ပထမကမ္ဘာစစ်တရားဝင်ပြီးခြင်း၊ ဘဏ္ဍာရေးအရ အဆုံးသတ်ခြင်း"ဟုဆိုသည်။ ယခုစစ်လျော်ကြေးငွေအများစုကို စစ်ကြောင့် ထိခိုက်သေဆုံးခဲ့ရသူများ၊ ပင်စင်လစာရန်ပုံငွေများ၊ ဗာဆိုင်းစာချုပ်အရ သဘောတူညီလုပ်ဆောင်ခဲ့သည့် ကော်ပိုရေးရှင်းများထံသို့ ပေးအပ်သွားမည်ဟု သိရသည်။

ယခုကဲ့သို့ စစ်လျော်ကြေးများပေးရန် တောင်းဆိုသည့် နိုင်ငံများထဲတွင် ပြင်သစ်ပြည်မှာ အဓိကနိုင်ငံဖြစ်ပြီး ၎င်းတို့သည် စစ်ကြောင့် ပျက်စီးဆုံးရှုံးမှုအများဆုံးဖြစ်ခဲ့ကြောင်း သိရသည်။ ပထမကမ္ဘာစစ်ပွဲတွင် စစ်သားပေါင်း ၁၀ သန်းနီးပါးခန့် သေဆုံးခဲ့ရကြောင်း သိရသည်။

—*Ref: Telegraph*

# ၂၀၀၉ ခုနှစ်အတွင်း လူသန်းပေါင်း တစ်ထောင် အစားအစာဝယ်ယူရန် ရုန်းကန်ခဲ့ရ



**ပရင့်စတန်၊ စက်တင်ဘာ - ၃၀**

၂၀၀၉ ခုနှစ်အတွင်း၌ ကမ္ဘာတစ်ဝန်းနိုင်ငံပေါင်း ၁၁၃ နိုင်ငံမှ ခန့်မှန်းခြေလူသန်းပေါင်း ၁၀၀၀ ခန့်သည် အစားအစာဝယ်ယူရန် ငွေကြေးမတတ်နိုင်ခဲ့ကြောင်း ၎င်းတို့ထံမှ အများစုမှာ ဆာဟာရတစ်ပိုင်းအာဖရိက ဒေသမှဖြစ်ကြောင်း စစ်တမ်းတစ်ရပ်က ဖော်ပြသည်။

နိုင်ငံပေါင်း ၁၁၃ နိုင်ငံတွင် ပြုလုပ်ခဲ့သော ဂယ်လပ်စစ်တမ်းအရအရွယ်ရောက်ပြီးသူ ၂၆ ရာခိုင်နှုန်းသည် ယမန်နှစ်အတွင်း ၎င်းတို့မိသားစုအတွက် အစားအစာဝယ်ယူရန် တစ်ခါတစ်ရံ ရုန်းကန်ခဲ့ရကြောင်း ဖြေကြားကြသည်။

အဆိုးဆုံးမှာ ဆာဟာရတစ်ပိုင်းအာဖရိကတွင် ဖြစ်ပြီး လူကြီး ၁၀ ဦးတွင် ၄ ဦးက အစားအစာအတွက် ငွေကြေးတတ်နိုင်ရန် ရုန်းကန်ခဲ့ရသည်ဟု ဖြေကြားကြသည်။

ဥရောပမှ ဖြေကြားသူ ၁၃ ရာခိုင်နှုန်းကလည်း ၂၀၀၉ ခုနှစ်အတွင်းတစ်ခါတစ်ရံ အစားအစာဝယ်ယူရေး ရုန်းကန်ခဲ့ရသည်ဟု ပြောကြားပြီး အရှေ့အလယ်ပိုင်းနှင့်မြောက်အာဖရိကတွင်မူ ယင်းသို့ ဖြေကြားသူ ၁၅ ရာခိုင်နှုန်းရှိသည်။ သို့သော် အချို့နိုင်ငံများတွင်ယင်းရာခိုင်နှုန်းမှာ မြင့်မားလာပြီး အစားအစာအတွက် တစ်ခါတစ်ခါ ငွေကြေးမတတ်နိုင်ဟုဆိုသူမှာ ယီမင်တွင် ၄၅ ရာခိုင်နှုန်း၊ ပါလက်စတိုင်းတွင် ၄၂ ရာခိုင်နှုန်း၊ ရိုမေးနီးယားတွင် ၄၀ ရာခိုင်နှုန်း၊ တူရကီတွင် ၃၇ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ရုရှား၊ အိန္ဒိယ၊ တရုတ်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၁၀ မှ အသက် ၁၅ နှစ်နှင့်အထက် အရွယ်ရောက်ပြီး သူများကို တယ်လီဖုန်းဖြင့် မေးမြန်းခြင်း သို့မဟုတ်လူတွေ့မေးမြန်း၍ ယခုစစ်တမ်းအား ကောက်ယူခဲ့ခြင်းဖြစ်သည်။

—*Ref: UPI*

# အမေရိကန်များကြား ဘာသာရေးဗဟုသုတတွင် ဘုရားမဲ့ဝါဒီများနှင့် ဂျူးများ ထိပ်ဆုံး ရှိနေ

**ဒါးလတ်စ်၊ စက်တင်ဘာ - ၂၈**

အမေရိကန်နိုင်ငံမှ သုတေသနအဖွဲ့အစည်းတစ်ခုဖြစ်သော Pew သုတေသနစင်တာသည် အမေရိကန်လူမျိုးများကြား ဘာသာရေးဗဟုသုတဆိုင်ရာ စစ်တမ်းတစ်ခုကောက်ယူခဲ့ရာ ဘုရားမဲ့ဝါဒီများနှင့် ဂျူးဘာသာဝင်များသည်စစ်တမ်းတွင် ဘာသာရေးအသိပညာအမြင့်ဆုံးနေရာ၌ ရှိခဲ့သည်။ ထိုသုတေသနစင်တာသည် ဘာသာရေးနှင့် လူမှုဘဝအကြောင်း ဆွေးနွေးပွဲတစ်ခုပြုလုပ်ကာ အမေရိကန်တို့၏ ဘာသာရေးဗဟုသုတကို ခန့်မှန်းနိုင်ရန် မေးခွန်းများမေး၍ ဖြေဆိုစေခဲ့သည်။

စင်တာက "ပျမ်းမျှအားဖြင့်တော့ ဒီစစ်တမ်းမှာမေးတဲ့ ဘာသာရေးဗဟုသုတဆိုင်ရာ မေးခွန်း ၃၂ ခုမှာ ၁၆ ခုကို မှန်မှန်ကန်ကန်ဖြေဆိုနိုင်ကြပါတယ်။ ဘုရားမဲ့ဝါဒီတွေ၊ ဂျူးတွေဟာ ဗဟုသုတအရာထိပ်ဆုံးအဆင့်ရှိနေကြပြီး ပရိုတက်စတင့်တွေက မေးခွန်း ၁၆ ခုနဲ့ ကတ်သလစ်ဘာသာဝင်တွေက ပျမ်းမျှမေးခွန်း ၁၄ ဒသမ ၇ ခုခန့်ကို မှန်ကန်စွာဖြေဆိုနိုင်ပါတယ်"ဟုပြောသည်။

သမ္မာကျမ်းနှင့် ခရစ်ယန်ဖြစ်ခြင်းသဘောကို မေးမြန်းရာတွင် ရမှတ်အများဆုံးဖြစ်ပြီး ဂျူးများ၊ ဘုရားမဲ့ဝါဒီများမှာ ဗုဒ္ဓဝါဒ၊ ဟိန္ဒူဝါဒစသော အခြားယုံကြည်မှုအကြောင်းများကို သိရှိနားလည်မှု အမြင့်ဆုံးဖြစ်ကြောင်း သိရသည်။

ဝါရှင်တန်အခြေစိုက် Pew သုတေသနစင်တာက အမေရိကဟာ နိုင်ငံတွေထဲမှာ ဘာသာရေးအစုံလင်ဆုံးနိုင်ငံဖြစ်ပါတယ်။ ဒီစစ်တမ်းကပြသနေတာကတော့ အမေရိကန်တွေဟာ သူတို့ရဲ့ကိုးကွယ်ယုံကြည်မှုအပါအဝင် အခြားဘာသာရေး အစဉ်အလာတွေရဲ့ ကျင့်သုံးပုံ၊ သမိုင်း၊ ဗဟုသုတတွေကို ကောင်းကောင်း မသိကြဘူးဆိုတာပါပဲ"ဟု သုတေသနတွင် ဖော်ပြသည်။

—*Ref: Reuters*

**စစ်တမ်းတွင် ဖော်ပြချက်အချို့**

- ကတ်သလစ်ဘာသာဝင် ၁၀ ဦးတွင် ၄ ဦးမှာ ဘုရားကျောင်းကသင်ကြားသော ပေါင်မုန့်နှင့် ဝိုင်ဆိုသည်မှာ ခရစ်တော်၏ အသားနှင့်အသွေးကို ကိုယ်စားပြုသည်ဟု မသိကြ။
- ပရိုတက်စတင့် ဘာသာဝင်ထက်ဝက်ခန့်မှာ မာတင်လူသာသည် ပရိုတက်စတင့် ဘာသာရေးပြောင်းလဲမှုကို ဖြစ်ပေါ်စေခဲ့မှန်း တိကျစွာမသိ။
- လူ ၅၄ ရာခိုင်နှုန်းကသာ ကိုရန်ကျမ်းသည် အစ္စလာမ်ဘာသာရေးကျမ်းဟု မှန်ကန်စွာပြောဆို။




7DAY NEWS JOURNAL
Vol.9, No.29 · OCTOBER 7, 2010

## ထိန်းသိမ်းထားသော ဂျပန်နိုင်ငံသား ၄ ဦးအနက် ၃ ဦးအား ဂျပန်လွှတ်ပေး

**ရှီလျာဟွမ်း၊ စက်တင်ဘာ - ၂၉**

စစ်ရေးဇုန်တစ်ခုအား ဗီဒီယိုရိုက်ခဲ့သည်ဟု စွပ်စွဲခံရ၍ ထိန်းသိမ်းထားသော ဂျပန်နိုင်ငံသား ၄ ဦးအနက် ၃ ဦးအား တရုတ်နိုင်ငံက လွှတ်ပေးလိုက်ကြောင်း အရာရှိများက ပြောကြားသည်။

တရုတ်နိုင်ငံ ဥပဒေအား ချိုးဖောက်ခဲ့ကြောင်း ဝန်ခံခဲ့ပြီး ၎င်းတို့အမှားအတွက် နောင်တရမှုပြသခဲ့ပြီးနောက် ၎င်းတို့ ၃ ဦးအား လွှတ်ပေးလိုက်ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံ ဆင်ဟွာသတင်းက ဖော်ပြသည်။

စတုတ္ထမြောက် ထိန်းသိမ်းခံထားရသူ ဆာဒါတာကာဟာရှိကိုမှု တရုတ်စစ်ဘက်ဇုန်အား အခွင့်မရှိဝင်ရောက်ခဲ့ခြင်းအတွက် နေအိမ်အကျယ်ချုပ်ဖြင့် ဆက်လက်ထိန်းသိမ်းထားသည်။ ထိုအတောအတွင်းမှာပင် တရားမဝင် ဗီဒီယိုရိုက်သည်ဆိုခြင်းကိုလည်း စုံစမ်းစစ်ဆေးမှုများပြုလုပ်နေကြောင်း သိရသည်။

ဟီဘေးခရိုင်ဒေသကြီး ရှီလျာဟွမ်ပြည်နယ်လုံခြုံရေးအာဏာပိုင်များက ဂျပန်နိုင်ငံသား ၄ ဦးအား ထိန်းသိမ်းထားကြောင်း စက်တင်ဘာလ ၂၃ ရက်က ကြေညာခဲ့သည်။

*—Ref: UPI*

## ခြိုးခြံချွေတာမှု အစီအစဉ်အပေါ်ကန့်ကွက်ဆန္ဒပြမှုများကို ရင်ဆိုင်ရန် ဘရပ်ဆဲလ်ပြင်ဆင်




**ဘရပ်ဆဲလ်၊ စက်တင်ဘာ - ၂၉**

ဥရောပသမဂ္ဂနိုင်ငံ အများအပြားမှ ထောင်ပေါင်းများစွာသော ဆန္ဒပြသူများသည် အစိုးရအများအပြားကချမှတ်ထားသော ခြိုးခြံချွေတာမှု အစီအစဉ်များကို ကန့်ကွက်ဆန္ဒပြသည့် အနေဖြင့် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် ကန့်ကွက်ချီတက်ပွဲပြုလုပ်ရန်ပြင်ဆင်နေကြောင်း သိရသည်။

၎င်းကန့်ကွက်ဆန္ဒပြမှုသည် နှစ်ပေါင်းများစွာအတွင်း အကြီးမားဆုံးချီတက်ဆန္ဒပြပွဲဖြစ်မည်ဟု ဥရောပကုန်သွယ်ရေးသမဂ္ဂအဖွဲ့ချုပ်က ပြောကြားသည်။ ဘဏ်သမားများနှင့် ငွေကြေးရောင်းဝယ်သူများကြောင့် ဖြစ်ပေါ်လာသော ဒုက္ခသုက္ခများကို ဥရောပသမဂ္ဂ အလုပ်သမားများက အများဆုံးခံစားရကြောင်း ကုန်သွယ်ရေးသမဂ္ဂက ပြောသည်။


လျှော့ချဖြတ်တောက်မှုများအတွက် စပိန်နိုင်ငံတွင် အထွေထွေသပိတ်တစ်ရပ်ပြုလုပ်မည်ဟု မျှော်လင့်ရပြီး အခြားအီးယူနိုင်ငံများတွင်လည်းကန့်ကွက်မှုများ ပြုလုပ်ရန် စီစဉ်နေကြသည်။

အဖွဲ့ဝင် ၂၇ နိုင်ငံပါဝင်သော ဥရောပသမဂ္ဂမှ နိုင်ငံအများအပြားသည် တရိပ်ရိပ်မြင့်တက်နေသော နိုင်ငံ့ကြွေးမြီများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် လုပ်ခလစာများလျှော့ချ ဖြတ်တောက်မှုများ၊ ပင်စင်လစာလျှော့ချခြင်းများနှင့် အလုပ်နေရာလျှော့ချခြင်းများဖြင့် အရေးယူကိုင်တွယ်နေရသည်။

ဂရိနှင့် အိုင်ယာလန်နိုင်ငံတို့တွင် အလုပ်လက်မဲ့နှုန်းမှာ ဆယ်စုနှစ်အတွင်း အမြင့်ဆုံးနှုန်းသို့ရောက်ရှိနေပြီး စပိန်နိုင်ငံတွင် အလုပ်လက်မဲ့နှုန်းမှာ ၃ နှစ်အတွင်း နှစ်ဆရှိလာသည်။ ဗြိတိန်တွင် အစိုးရအသုံးစရိတ်ကို ၂၅ ရာခိုင်နှုန်းလျှော့ချရန်စီစဉ်နေသည်။ ပြင်သစ်နိုင်ငံ၌လည်း ပင်စင်ယူသည့်အနိမ့်ဆုံး အသက်အရွယ်ကို တိုးမြှင့်ရန်စီစဉ်နေခြင်းအတွက် ဒေါသတကြီးကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။

*—Ref: BBC*



## တရားမျှတသော ရွေးကောက်ပွဲများဖြစ်ပေါ်ရေး ယူကရိန်းသမတ ကတိပေး

**ကိဗ်၊ စက်တင်ဘာ - ၂၉**

အောက်တိုဘာလကုန်ပိုင်းတွင် ကျင်းပရန် စီစဉ်ထားသော ယူကရိန်းနိုင်ငံ၏ ဒေသဆိုင်ရာ ရွေးကောက်ပွဲများ လွတ်လပ်မှုရှိရန် အတတ်နိုင်ဆုံး ကြိုးစားသွားမည်ဟုယူကရိန်းသမ္မတ ဗစ်တာယာနူကိုဗစ်ချ်က ကတိပြုပြောကြားကြောင်း သမ္မတရုံးသတင်းထုတ်ပြန်ရေးဌာနက ပြောကြားသည်။

ယူကရိန်းနိုင်ငံ မြို့တော် ကိဗ်မြို့တွင် ရွေးကောက်ပွဲစောင့်ကြည့်ရေး ကိုယ်စားလှယ်များ PACE အဖွဲ့နှင့် တွေ့ဆုံရာတွင် ယူကရိန်းသမ္မတက ယင်းသို့ပြောကြားခြင်းဖြစ်သည်။ PACE အဖွဲ့နှင့်တွေ့ဆုံဆွေးနွေးမှုအတွင်း အောက်တိုဘာလ ၃၁ ရက်တွင် ပြုလုပ်မည့် ရွေးကောက်ပွဲအတွက် ပြင်ဆင်နေမှု အကြောင်းကိုလည်း ဆွေးနွေးခဲ့သည်။



"သေချာတာကတော့ ဒီရွေးကောက်ပွဲတွေကို မြင်သာထင်သာရှိဖို့နဲ့ ဒီမိုကရေစီ နည်းကျဖို့ ကျွန်တော်တို့ အထူးစိတ်ဝင်စားပါတယ်။ ဒီလိုဖြစ်ဖို့ကိုလည်း ကျွန်တော်အကောင်းဆုံး ကြိုးစားနေပါတယ်" ဟုမစ္စတာယာနူကိုဗစ်ချ် အားကိုးကား၍ ကြေညာချက်ကဖော်ပြသည်။ ထို့အတွက် ဒေသခံရွေးကောက်ပွဲများ ဥပဒေသစ်ကို ပြုစုရေးဆွဲနေကြောင်း၊ ယင်းဥပဒေမှာ ဒေသခံရွေးကောက်ပွဲများတွင်နိုင်ငံအတွင်းရှိ နိုင်ငံရေးအင်အားစုများအားလုံး အညီအမျှပါဝင်ရွေးကောက်ခံနိုင်ရန် ဖြစ်ကြောင်း၊ ယူကရိန်းသမ္မတက ဆက်လက်ပြောကြားသည်ဟု သိရသည်။

ထို့အပြင် ရွေးကောက်ပွဲ မဲဆွယ်ပွဲများတွင် ဥပဒေချိုးဖောက်ခြင်းမရှိစေရန်လည်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲမတိုင်မီ ရုပ်မြင်သံကြားနှင့် ရေဒီယိုလိုင်းသစ်များကိုလည်း တည်ထောင်သွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ထို့အပြင်ရွေးကောက်ပွဲအား လေ့လာရန် ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OSCE) မှကိုယ်စားလှယ်များအား ဖိတ်ကြားထားကြောင်း သိရသည်။

*—Ref: RIA Novosti*


## ကင်ဂျုံအီလ်၏သားအား အရေးပါသောရာထူးများတွင် ခန့်အပ်

ဆိုးလ်၊ စက်တင်ဘာ - ၂၉

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီလ်၏ အငယ်ဆုံးသားအားလက်ရှိအာဏာရပါတီ၏ အရေးပါသော ပါတီရာထူးနှစ်နေရာတွင် ခန့်အပ်ခဲ့ရာ ယင်းမှာ တဖြည်းဖြည်း အာဏာလွှဲပြောင်းရေးအတွက်ပြင်ဆင်မှုဟု ကျယ်ကျယ်ပြန့်ပြန့် ရှုမြင်ကြကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ခေါင်းဆောင် ကင်ဂျုံအီလ်၏သား ကင်ဂျုံအန်အား ဗဟိုစစ်ကော်မရှင်၏ ဒုတိယဥက္ကဋ္ဌအဖြစ် ခန့်အပ်ခဲ့ပြီး အာဏာရအလုပ်သမားပါတီ ဗဟိုကော်မတီသို့လည်း ခန့်အပ်လိုက်ကြောင်း မြောက်ကိုရီးယားအစိုးရ သတင်းဌာနက ထုတ်ပြန်သည်။

ကျန်းမာရေးချို့တဲ့နေသည်ဟုခန့်မှန်းရသော ခေါင်းဆောင် ကင်ဂျုံအီလ်ကိုမူ ပါတီခေါင်းဆောင်ပြန်လည် ရွေးကောက်တင်မြှောက်ခဲ့ကြောင်း သိရသည်။ အာဏာရပါတီ၏ အစည်းအဝေးကို နှစ်ပေါင်း ၃၀ အတွင်း ပထမဦးဆုံးအကြိမ် ပြန်လည်ခေါ်ယူခဲ့ခြင်းဖြစ်သည်။



ယင်းသို့ ရာထူးတိုးမြှင့်ခြင်း၏သိသာထင်ရှားမှုမှာ ရှင်းရှင်းလင်းလင်း မရှိသေးကြောင်း၊ အမေရိကန်က ပြောကြားပြီး အပြောင်းအလဲများကို အနီးကပ်စောင့်ကြည့်နေကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ပီဂျေခရိုလီကပြောကြားသည်။

တရုတ်သမ္မတ ဟူကျင်တောင်က အောင်မြင်သော ပါတီကွန်ဖရင့်အတွက် ချီးကျူးဂုဏ်ပြုကြောင်း သဝဏ်လွှာကို မစ္စတာကင်ဂျုံအီလ်ထံ ပေးပို့ခဲ့သော်လည်း ကင်ဂျုံအန်၏ ရာထူးတိုးမြှင့်ခြင်းအကြောင်းကို မဖော်ပြခဲ့ပေ။ တရုတ်နိုင်ငံသည် ၎င်းတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးအား မဟာဗျူဟာမြောက် အမြင့်နေရာမှ ရေရှည်ရှုမျှော်၍ ကိုင်တွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ *—Ref: BBC*



7 DAY NEWS JOURNAL

# International

Vol.9, No.29 • OCTOBER 7, 2010

## နေတိုးထောက်ပံ့ရေးယာဉ်တန်း ပါကစ္စတန်တွင် တတိယအကြိမ် တိုက်ခိုက်ခံရ



**အစ္စလာမာဘတ်၊ အောက်တိုဘာ- ၄**

အာဖဂန်နစ္စတန်ရှိ နေတိုးနှင့် အမေရိကန်တပ်ဖွဲ့ဝင်များအတွက် ရေနံများသယ်ဆောင်လာသော ဆီတင်ယာဉ်အနည်းဆုံး အစီး ၂၀ ခန့်ပါဝင်သော ယာဉ်တန်းအား စစ်သွေးကြွများဟု ယူဆရသူများက တိုက်ခိုက်ခဲ့ပြီး မီးတင်ရှို့ခဲ့ကြောင်းသိရသည်။

ယင်းမှာ ပါကစ္စတန်နိုင်ငံတွင် ၃ ရက်အတွင်း သုံးကြိမ်မြောက်အဖြစ်တိုက်ခိုက်ခံရခြင်းဖြစ်သည်။

ယခင်ရက်သတ္တပတ်အတွင်း ရဟတ်ယာဉ်တစ်စီး၏ တိုက်ခိုက်မှုကြောင့် ပါကစ္စတန်တပ်ဖွဲ့ဝင် ၃ ဦးသေဆုံးခဲ့ခြင်းကို ကန့်ကွက်သည့်အနေဖြင့် ပါကစ္စတန်အာဏာပိုင်များက နယ်စပ်လမ်းကြောင်းကို ယာယီပိတ်ထား၍ ယာဉ်တန်းကို ရပ်နားထားရာမှ ယခုတိုက်ခိုက်မှု ပေါ်ထွက်လာခြင်းဖြစ်သည်။ ယင်းသို့ နယ်စပ်လမ်းကြောင်းပိတ်ထားခြင်းကြောင့် ဝါရှင်တန်နှင့် အစ္စလာမ်မာဘတ်ကြားတွင် တင်းမာမှုများ မြင့်တက်လျက်ရှိရာ ယခုတိုက်ခိုက်မှုကြောင့် အခြေအနေပိုဆိုးလာနိုင်ကြောင်း အေပီသတင်းက ဖော်ပြသည်။

တိုက်ခိုက်မှုကြောင့် လူ သုံးဦးသေဆုံးသွားကြောင်း ရဲအရာရှိ အူမာဟာရက်ကပြောကြားပြီး၊ ယခုတိုက်ခိုက်မှုအတွက် ၎င်းက 'အကြမ်းဖက်သမား'များကို အပြစ်တင်သည်။ တိုက်ခိုက်မှုများပြုလုပ်ပြီးနောက် မီးရှို့ခဲ့ကြခြင်းဖြစ်သည်။

ယာဉ်တန်းမှာ နာမည်ကျော် ခိုင်ဘာတောင်ကြားလမ်းအား ဖြတ်သန်းရန် တော်ခန်နယ်စပ်ဝင်ပေါက်သို့ အသွားလမ်းပေါ်တွင် ရပ်နားထားစဉ် တိုက်ခိုက်ခံရခြင်းဖြစ်သည်။ အာဖဂန်နစ္စတန်သို့ အခြားဝင်ပေါက် ချားမန်းကိုမူ ဖွင့်လှစ်ထားကြောင်း သိရသည်။

*—Ref:AP*

## ဘရာဇီးသမ္မတရွေးကောက်ပွဲ ဒုတိယအကျော့ မဲခွဲဆုံးဖြတ်ရမည်

**ဆာအိုပိုလို၊ အောက်တိုဘာ-၄**







အောက်တိုဘာလ ၃ ရက်က ပြုလုပ်ခဲ့သည့် ဘရာဇီးနိုင်ငံ သမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတလူလာဒါဆေးပ်ဗား ထောက်ခံမှုပေးထားသော မစ္စဒီလ်မာရူးဆက်ဖ်သည် မဲအများဆုံးဖြင့် ပထမနေရာရရှိခဲ့သော်လည်း မဲအရေအတွက် ထက်ဝက်ကျော်မရရှိခဲ့သဖြင့် ဒုတိယအကျော့ ထိပ်တိုက်မဲခွဲမှုဖြင့် ရပ်တည်ရမည်ဖြစ်ကြောင်း သိရသည်။

ယင်းမှာ လူမှုကိစ္စရပ်များအပေါ် သူမ၏ အမြင်နှင့် ခြစားမှုပြဿနာတစ်ရပ်နှင့်ပတ်သက်၍ အချို့မဲဆန္ဒရှင်များ၏ သဘောထားများပြောင်းလဲသွားခြင်းကြောင့်ဟု ရိုက်တာသတင်းကဖော်ပြသည်။

လက်ရှိဘရာဇီးသမ္မတ လူလာဒါဆေးပ်ဗားက ၎င်း၏အောင်မြင်သောစီးပွားရေးပေါ်လစီများကို ဆက်လက်အကောင်အထည်ဖော်နိုင်ရန် ယခင်မှာ့ခ်ဝါဒီပြောက်ကြားသူပုန် မစ္စရူးဆက်ဖ်အား ၎င်း၏ ဆက်ခံမည့်သူအဖြစ် ရွေးချယ်ခဲ့သည်။

ဆန္ဒမဲပေါင်း ၉၉ ရာခိုင်နှုန်း ရေတွက်ပြီးချိန်တွင် မစ္စရူးဆက်ဖ်သည် ၄၆ ဒသမ ၇ ရာခိုင်နှုန်းမဲရရှိသော်လည်း ရွေးကောက်ပွဲ အနိုင်ရရန်လိုအပ်သော မဲ ၅၀ ရာခိုင်နှုန်းမရရှိခဲ့ပေ။ **စာ(၄၅)သို့**

## ဥရောပ–အာရှ ထိပ်သီးဆွေးနွေးပွဲ၌ စီးပွားရေးအဓိကထား ဆွေးနွေးမည်

**ဘရပ်ဆဲလ်၊ အောက်တိုဘာ-၄**

ဥရောပနှင့် အာရှခေါင်းဆောင်များသည် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် ၃ ရက်ကြာမြင့်မည့် ထိပ်သီးဆွေးနွေးပွဲကျင်းပနေကြကြောင်းသိရသည်။ ၎င်းထိပ်သီးဆွေးနွေးပွဲအတွင်း နှစ်ဖက်ခေါင်းဆောင်များသည် ကမ္ဘာ့ဘဏ္ဍာရေးစျေးကွက်များအား စည်းမျဉ်းစည်းကမ်းများဖြင့် ထိန်းချုပ်ရေးအဖြေရှာကြမည်ဖြစ်ကြောင်း အေပီသတင်းက ဖော်ပြသည်။ သို့သော်လည်း အစည်းအဝေးသည် စျေးကွက်ကန့်သတ်မှုများနှင့် ကုန်သွယ်ရေးပိုငွေပြမှု ပြဿနာများလည်း ရင်ဆိုင်ရနိုင်ကြောင်း သိရသည်။

နှစ်ရက်ကြာပြုလုပ်မည့် အာရှ-ဥရောပ ASEM ထိပ်သီးဆွေးနွေးပွဲကို အောက်တိုဘာလ ၄ ရက်တွင်စတင်ပြီး နောက်တစ်ရက်တွင် ဥရောပ-တရုတ်၊ ဥရောပ-တောင်ကိုရီးယား နှစ်ဖက်တွေ့ဆုံမှုများ ပြုလုပ်ကြမည်ဖြစ်သည်။

တရုတ်ဝန်ကြီးချုပ်ဝမ်ကြားပေါင်က ဂရိနိုင်ငံသို့ရောက်ရှိလည်ပတ်စဉ်တွင် ၅ နှစ်အတွင်း ကုန်သွယ်ရေးကို နှစ်ဆတိုးမြှင့်မည်ဖြစ်ကြောင်းနှင့် နိုင်ငံတကာစျေးကွက်ကို နိုင်ငံပြန်လည် ဝင်ရောက်လာပါက ဂရိနိုင်ငံ၏ ဘွန်းများကို ဝယ်ယူသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဥရောပသမဂ္ဂသည် တရုတ်နိုင်ငံ၏ အကြီးမားဆုံးကုန်သွယ်ဖက်ဖြစ်ကြောင်း၊ နှစ်ဖက်ဆက်ဆံရေးသည် ယခင်က မထင်မှတ်သော အဆင့်သို့ရောက်ရှိလာခဲ့ပြီး နှစ်ဦးနှစ်ဖက်အနေဖြင့် အစားထိုးမရသော လက်တွဲဖော်များဖြစ်သည်ဟု ပြောကြားသည်။ *—Ref:AP*



## ချီလီမိုင်းလုပ်သားများကို ကယ်တင်ရေး တိုးတက်မှုရှိဟုဆို

**ဆန်ဂျို့စ်၊ စက်တင်ဘာ - ၃၀**

မြေအောက်ပေပေါင်း ၂၃၀၀ တွင်ပိတ်မိနေသော ချီလီမိုင်းလုပ်သားများအား ကယ်ဆယ်ရေးအတွက် တွင်းတူးခြင်းလုပ်ငန်းများသည် မြန်မြန်ဆန်ဆန်တိုးတက်နေပြီး မိုင်းလုပ်သားများအား မူလကမျှော်မှန်းထားသည့်အချိန်ထက်စော၍ ကယ်ဆယ်နိုင်ရန် အလားအလာကောင်းနေသည်။

ကယ်ဆယ်ရေးတွင်းတူးစက်တစ်လုံးသည် ၂၄ နာရီအတွင်းမှာ ပင်ကျောက်သားမြေအား ထွင်းဖောက်၍ ၁၆၄ ပေ ဖောက်ထွင်းနိုင်ခဲ့ကြောင်း အကြီးတန်းအရာရှိတစ်ဦးဖြစ်သူ ရီနီအဂူလာက ဘီဘီစီသတင်းဌာနသို့ ပြောကြားသည်။ **စာ(၄၅)သို့**

